လူတိုင်းပွားများနိုင်သော

# ဗုဒ္ဓါနုဿတိဘာဝနာ သိကောင်းစရာအဖြာဖြာ


ဆရာကြီးဦးအေးနိုင် (ဓမ္မာစရိယ၊ ဘီအေ)

အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ(ရွှေတံဆိပ်ရ)

အဋ္ဌကထာပြန်အကျော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ

အငြိမ်းစား လ/ထညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန

အကြံပေးပုဂ္ဂိုလ်၊ သာသနာရေးဝန်ကြီးဌာန



၄၃

ကျေးဇူးရှင်နှစ်ဖက်သောမိဘများဖြစ်ကြသည့်
ဦးအေးနိုင်–ဒေါ်အေးသိန်း၊ ဦးစံညွန့်–ဒေါ်အေးသီ
တို့ကို
အမှူးထား၍
သားသမီးမြေးများဖြစ်ကြသော
မောင်ဝေလင်းနိုင်(ခ)မောင်ကျော်ဇော
မခင်စန္ဒာအေး
မြေး ပိတိ(ခ)ရွှေယမင်းတို့က
နိဗ္ဗာန်ကိုရည်မှန်း၍လှူဒါန်းပါသည်။
(နိဗ္ဗာနပစ္စယော ဟောတု)
အမြွတ်ဆုံးဝမ္မဒါန

# ဗုဒ္ဓါနုဿတိဘာဝနာ
# သိကောင်းစရာအဖြာဖြာ

ဓမ္မာစရိယဦးအေးနိုင်(ဘီအေ)

# တအုပ်မှတ်တမ်း

၂၀၀၄–ခုနှစ်၊ မတ်လ

အုပ်ရေ–၁၀၀၀

ပထမအကြိမ်

တန်ဖိုး–ဓမ္မဒါန

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနအတွက်
ဦးရှိန်ဘီး (မြဲ–၀၆၇၅၉) ဝင်းလိုက်မိတ်ပုံနှိပ်တိုက်
ပင်မရေတပ်စက်မှုလက်မှုတပ်၊ အောက်ပုဇွန်တောင်လမ်း၊
သန်လျက်စွန်း၊ ဗိုလ်တထောင်မြို့နယ်တွင်ရိုက်နှိပ်၍
ညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်–၀၃၈၄၃/၀၂၄၀၅)က
ထုတ်ဝေသည်။

# မာတိကာ


နိဒါန်း ၉

မိတ်ဆက်လွှာ ၁၁

**အခန်း ( ၁ )**

ဗုဒ္ဓါနုဿတိဘာဝနာ ၁၃

- ဘုရားရှိခိုးခြင်းနှင့်ဗုဒ္ဓါနုဿတိဘာဝနာ ၁၄
- ဗုဒ္ဓါနုဿတိဘာဝနာဖြစ်သောရှေးအကျဆုံးဘုရားရှိခိုး ၁၆
- ဝိပဿနာနှင့်ဗုဒ္ဓါနုဿတိဘာဝနာ ၁၉
- ယောဂီပုဂ္ဂိုလ်တိုင်းလေးစားရသည့် ဗုဒ္ဓါနုဿတိဘာဝနာ ၂၀
- ကာဠီသူဌေးသမီး ၂၂

**အခန်း ( ၂ )**

ဘုရားရှင်၏ဂုဏ်တော်ကျေးဇူးတော်များ ၂၇

- ရူပကာယဂုဏ်တော် ၂၈
- ရူပကာယဂုဏ်တော်ကိုဖူးမြင်ရ၍ကျွတ်တန်းဝင်သွားကြသူများ ၂၉
- ပေါက္ခရသာတိပုဏ္ဏားကြီး ၃၀
- ဗြဟ္မာယုပုဏ္ဏားကြီး ၃၀
- ဗာဝရီရသေ့ကြီး ၃၃
- ဝေဒပါရဂူသေလဆရာကြီး ၃၄
- ကျက်သရေဘုန်းဟုန်ရှိုးကျူးမကုန် ၃၅
- ဖူးမြော်၍မဝပုံရူပကာယဂုဏ် ၃၆
- ကြည်ညိုဖွယ်ရာအမူအရာအဖြာဖြာ ၃၈
- ဆွမ်းခံကြွပုံကြည်ညိုဖွယ်အစုံစုံ ၄၂
- မျက်စိဂုဏ် နားဂုဏ် ကုသိုလ်ဟုန် ၄၄

- ကျက်သရေမျိုးစုံသာလွန်ပုံ ၄၇
- ဆည်းပူးခဲ့စုံ ကုသိုလ်ဟုန် စုပြုံအကျိုးပေး ၄၈


## အခန်း ( ၃ )


နာမကာယဂုဏ်တော် ၅၁
- ဝိသုဒ္ဓိခုနစ်ပါး ရထားခုနစ်စီး ၅၁
- မြတ်စွာဘုရား၏ ဝိသုဒ္ဓိခုနစ်ပါး ၅၂
- ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး ၅၇
- ဝေသာရဇ္ဇ ဉာဏ်တော်လေးပါး ၆၁
- အသာဓာရဏဉာဏ်တော်ခြောက်ပါး ၆၄
- ဒသဗလဉာဏ်တော်ဆယ်ပါး ၆၉
- ဉာဏ်တော်ဆယ်ပါးကိုအသုံးပြုတော်မူပုံ ၈၃
- အာဝေဏိကဂုဏ်တော်တစ်ဆယ့်ရှစ်ပါး ၈၅


## အခန်း ( ၄ )


ကျင့်မြတ်သုံးဖြာစရိယာ ၈၇
- ဘုရားဖြစ်လာ စရိယာနစ်ဖြာ ၉၀
- မြတ်ဗုဒ္ဓ၏လောကတ္ထစရိယ ၉၁
- မြတ်ဗုဒ္ဓ၏ဉာတတ္ထစရိယ ၉၆
- အလုပ်လုပ်ရာ၌ အတုမရှိပုဂ္ဂိုလ်မြတ်ကြီး ၁၀၁
- ကြည်ညိုဖွယ်ရာကိစ္စငါးဖြာ ၁၀၂
- ပုရေဘတ္တကိစ္စ (နံနက်ခင်းလုပ်ငန်းစဉ်) ၁၀၃
- ပစ္ဆာဘတ္တကိစ္စ (မွန်းလွဲပိုင်းလုပ်ငန်းများ) ၁၀၅
- ပုရိမယာမကိစ္စ (ညဦးယံလုပ်ငန်းများ) ၁၀၆
- မဇ္ဈိမယာမကိစ္စ (မိုးသောက်ယံလုပ်ငန်းစဉ်) ၁၀၇
- မြတ်ဗုဒ္ဓ၏ ဂုဏ်တော်အ၀၀ အသချေယျ ၁၀၉

## အခန်း ( ၅ )

ဗုဒ္ဓါနုဿတိဘာဝနာပွားနည်း ၁၁၇
- ဗုဒ္ဓါနုဿတိဘာဝနာဆိုသည်မှာ ၁၁၇
- ဤဘာဝနာနှင့် ဥပစာရသမာဓိ ၁၁၈
- ဂုဏ်တော်ကိုးပါး ပါဠိအနက် ၁၂၀
- ဆိတ်ငြိမ်ရာကိုရွေးချယ်သတ်မှတ်ရခြင်း ၁၂၃
- သီလခံယူဆောက်တည်ရခြင်း ၁၂၃
- ခန္ဓာကိုယ်ကိုလှူဒါန်းရခြင်း ၁၂၄
- စနစ်တကျထိုင်ရခြင်း ၁၂၅
- ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းခြင်း ၁၂၆
- နေ့စဉ်အချိန်မှန် ကြိုးစားအားထုတ်ရခြင်း ၁၂၇
- သမထမှ ဝိပဿနာသို့ ၁၂၈
- အရှင်အာနန္ဒာ၏ ဗုဒ္ဓါနုဿတိပွားများနည်း ၁၂၉
- လက်တွေ့ဂုဏ်တော်ပွားများနည်း ၁၃၁
- အရဟံဂုဏ်တော်ပွားများနည်း ၁၃၂
- ပုတီးလွတ်ဂုဏ်တော်စုံပွားနည်း ၁၃၃
- အရ–ဟံ ဂုဏ်တော်ပွားနည်း ၁၃၈
- ပုတီးလွတ်ပွားနည်း ၁၃၉
- အ–ရဟံ ဂုဏ်တော်ပွားနည်း ၁၄၀
- ပုတီးလွတ်ပွားနည်း ၁၄၁
- ဗုဒ္ဓါနုဿတိဘာဝနာ၏ စွမ်းအင်များ ၁၄၂
- သမထမှ ဝိပဿနာသို့ (ဖုဿဒေဝမထေရ်) ၁၄၃
- မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးနည်း ၁၄၅

**အခန်း ( ၆ )**

ဗုဒ္ဓါနုဿတိပွားများရကျိုးများ ၁၄၉
- ပဒုမုတ္တရဘုရားရှင်ဟောကြားသောအကျိုးများ ၁၅၁
- အနုဿတိဌာနစသော သုတ်များလာအကျိုးများ ၁၅၂
- ဝိသုဒ္ဓိမဂ်လာအကျိုးများ ၁၅၃
- ထေရထေရီပါဠိအဋ္ဌကထာလာအကျိုးများ ၁၅၅
- နဂါးဘေးမှလွတ်သည့်အလမ္ပာယ်ဆရာ ၁၅၆
- ဖုတ်ဘေးမှလွတ်သည့်ကုန်သည်ကြီး ၁၅၇
- ရေပေါ်လျှောက်နိုင်သောမင်းမိဖုရားများ ၁၅၉
- ခြေတစ်လှမ်းကုဋေတစ်သန်းတန်သောသူဌေးကြီး ၁၆၂
- မီးမလောင်သည့်မိဖုရားကြီး ၁၆၇
- ဘီလူးဘေးမှလွတ်ခဲ့သည့်မိစ္ဆာဒိဋ္ဌိလုလင် ၁၆၇
- ဘုရား၌ကြည်ညိုရုံမျှဖြင့် နတ်ပြည်ရောက်သူမဋ္ဌကုဏ္ဍလီ ၁၇၁

**အခန်း ( ၇ )**

မြန်မာနိုင်ငံမှကိုယ်တွေ့ဝတ္ထုများ ၁၈၁
- ဘေးအမျိုးမျိုးမှလွတ်လာသူဦးအောင်ညိန်း ၁၈၁
- ရောဂါဘေးနှင့် သေဘေးမှလွတ်မြောက်သူ ၁၈၈
- မိဖုရားစောလုံ၏ ဗုဒ္ဓါနုဿတိစွမ်းအင် ၁၉၁

**အခန်း ( ၈ )**

ဂုဏ်တော်အကျိုးများ ၁၉၇
- ဂုဏ်တော်တစ်ပါးစီ၏ အကျိုးများ ၁၉၇
- ဆောင်ပုဒ်တေးထပ်ကဗျာ ၁၉၉
- ဂုဏ်တော်များကို အခါနှင့်ပွားများရကျိုးလင်္ကာ ၁၉၉
- နိဂုံး ၂၀၀

# နိဒါန်း

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည် 'ဣတိပိ သော ဘဂဝါ' စသည်ဖြင့် ဘုရားဂုဏ်တော်များကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ရခဲ့ကြ၏။ သို့သော် 'ဘုရားဂုဏ်တော် ဘယ်နှပါးရှိသလဲ၊ ရေတွက်ပြစမ်းပါ' ဟုဆိုလျှင် အချို့လူလတ်ပိုင်း များပင် အတော်ခဲယဉ်းစွာရေတွက်ရသည်ကို မကြာခဏတွေ့ရ၏။ ဂုဏ်တော်များ၏အဓိပ္ပာယ်နှင့်ပတ်သက်၍မူ တစ်ပါး၊ နှစ်ပါး၏အဓိပ္ပာယ် အတိုမျှကိုပင် သိသူအလွန်ရှားနေ၏။ ပါဠိသက်သက်ရရုံမျှဖြင့် ဘုရားကို မည်သို့မျှ ကြည်ညိုတတ်မည်မဟုတ်ပါ။

ဂုဏ်တော်ပါဠိ၏အနက်အဓိပ္ပာယ်ကို မြန်မာလိုသိပါမှ ဘုရားရှင်ကို ကြည်ညိုတတ်မည်။ ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်များကို ကောင်းစွာသိပြီး ဘုရားရှင်ကိုကြည်ညိုမှ မိမိဆောက်တည်ထားသော သရဏဂုံသည် ဖြူစင်အားကောင်းမည်၊ ခိုင်မာမည်၊ အစွမ်းထက်မြက် မည်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း မိမိတို့ကိုးကွယ်နေသော မြတ်ဗုဒ္ဓ၏ဂုဏ်တော်ကိုးပါးကို အနက်အဓိပ္ပာယ်နှင့်တကွ သိရမည် ဖြစ်၏၊ သိစေချင်၏။

ယခုခေတ်၌ လူကြီးလူငယ် လူရွယ်လူလတ်တို့သည် စေတီ ပုထိုး ဇရပ်တန်ဆောင်း သိမ်ကျောင်းတို့၌ စိတ်ပုတီးကိုင်ပြီး ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများနေကြသည်ကို တွေ့နေရ၏။ ထိုပုဂ္ဂိုလ်များမှာ 'အရဟံ၊ အရဟံ' စသည်ဖြင့် မနားတမ်း ပါဠိချည်းသက်သက်ကို ရွတ်ဆိုနေကြရာ သူတို့၏ရွတ်ဆိုမှုမှာ မန္တန်ရွတ်နေသူများနှင့်တူနေ၏။

အမှန်မှာ ဗုဒ္ဓါနုဿတိသမထဘာဝနာသည် ဂုဏ်တော်၏ အဓိပ္ပာယ်ကို စိတ်ဖြင့်သာအောက်မေ့ပွားများရသည့် ဘာဝနာမျိုးဖြစ်၏။ ဂုဏ်တော်၏အဓိပ္ပာယ်ကို မြန်မာလိုမသိ၍ ဂုဏ်တော်ကို မအောက်မေ့

နိုင်ဘဲ ရွတ်ဆိုနေရုံမျှဖြင့် ဗုဒ္ဓါနုဿတိဘာဝနာစစ်စစ်ဖြစ်ဖို့ ခဲယဉ်း၏။ သို့ဖြစ်၍ ပါဠိနှင့်အနက်တွဲဖက်ပြီး ဂုဏ်တော်များ၏အဓိပ္ပာယ်ကို ဖြည်းဖြည်းချင်း ဆင်ခြင်အောက်မေ့ပွားများမှ ဗုဒ္ဓါနုဿတိဘာဝနာ စစ်စစ်ဖြစ်ကြောင်းကို ထိုပုဂ္ဂိုလ်တို့အား သိစေချင်ပါ၏။

ဗုဒ္ဓါနုဿတိဘာဝနာစစ်စစ်ကား လောကီလောကုတ္တရာနှစ်မျိုးလုံး၌ တန်ခိုးစွမ်းအင် အကျိုးအာနိသင်ကြီးမားလှ၏။ 'သမထဘာဝနာကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ဗုဒ္ဓါနုဿတိဘာဝနာသည် အမြတ်ဆုံးဖြစ်၏၊ အတုမဲ့ဖြစ်၏။ ဤဘာဝနာကိုပွားများလျှင် ပွားများသူ၏ စိတ်အလိုဆန္ဒ အကြံအစည်ဟူသမျှ အားလုံးပြည့်စုံမည်'ဟု ပဒုမုတ္တရ ရှင်တော်ဘုရား ဟောကြားထား၏။ ဤအတိုင်း အကျိုးတရားများ ခံစားနိုင်ကြရအောင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အား ဗုဒ္ဓါနုဿတိဘာဝနာကို ဗုဒ္ဓနည်းကျကျ အားထုတ်တတ်စေချင်၏။

ထို့ပြင် ဘုရားဂုဏ်တော်များပါရှိသည့်ဘုရားရှိခိုးများကို ဂုဏ်တော် အပေါင်းကို ထုတ်ဖော်ချီးကျူး၍ ကြည်နူးသောစိတ်အစဉ်ဖြင့် ဆင်ခြင်အောက်မေ့ရှိခိုးသူတို့မှာလည်း ဗုဒ္ဓါနုဿတိဘာဝနာစစ်စစ်ဖြစ်နိုင်ပါ၏။ အထူးသဖြင့် ကျေးဇူးရှင်ကိုးသဲလေးထပ်ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ပကိဏ္ဏကနမက္ကာရအစီခွေ ယကြီးခေါ် ဘုရားရှိခိုးကြီးမှာ ဘုရားဂုဏ်တော်များစုံလှ၏။ စာရေးသူတို့ ငယ်စဉ်ကတည်းက ရ၍ ရှိခိုးခဲ့သော ဘုရားရှိခိုးကြီးဖြစ်၏။

တစ်ချိန်က စာရေးဆရာဒါရိုက်တာဆရာကြီးဦးသုခနှင့် စကားလက်ဆုံကျခဲ့ရာ ထိုဘုရားရှိခိုးကြီးအကြောင်းရောက်သွား၏။ ဆရာကြီးက 'သူ ကလေးဘဝကပင် ဘုရားရှိခိုးကြီးကိုရခဲ့ရာ ရသည့်အချိန်မှစ၍ နေ့စဉ် ထိုဘုရားရှိခိုးကြီးဖြင့် ဘုရားရှိခိုးခဲ့သည်မှာ ယခုအချိန်အထိဖြစ်သည်။ ကျွန်တော်ရဲ့စာရေးဆရာဘဝ၊ ဒါရိုက်တာဘဝတို့၌ အောင်မြင်မှုများရခဲ့သည်မှာ ထိုဘုရားရှိခိုးကြီးဖြင့် နှစ်ပေါင်းများစွာ ဘုရားရှိခိုးခဲ့သည့် ဗုဒ္ဓါနုဿတိဘာဝနာ၏တန်ခိုးစွမ်းအင်အာနိသင်ဖြစ်မည်ဟု

ယုံကြည်သည်။ ယုံကြည်သည့်အတိုင်း အများပြည်သူတို့ ရှိခိုးနိုင်ကြရန် ဘုရားရှိခိုးစာအုပ်ကလေးများရိုက်နှိပ်ကာ စာအုပ်ပေါင်း ထောင်ပေါင်း များစွာ တိုင်းပြည်သို့ဓမ္မဒါနပြုနေပါသည်' ဟု အားပါးတရပြောကြားခဲ့ သည်ကို နာကြားခဲ့ရဖူး၏။

ဆရာကြီး၏ပြောကြားချက်သည် 'ဤဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလျှင် ပွားများသူ၏စိတ်အလိုဆန္ဒ အကြံအစည်ဟူသမျှ အားလုံး ပြည့်ဝအောင်မြင်ရမည်' ဟူသော ပဒုမုတ္တရဘုရားဟောနှင့်ညီညွတ် သဖြင့် အမှန်စင်စစ် ယုံကြည်ရမည့်အချက်များဖြစ်ပေသည်။

ဤသည်တို့မှာ 'ဤဗုဒ္ဓါနုဿတိဘာဝနာစာအုပ်' ကို စီရင်ရေးသား ဖြစ်အောင်ဖန်တီးပေးသော အကြောင်းရင်းနိဒါန်းပင်ဖြစ်ပါသည်။

**မိတ်ဆက်လွှာ**

ဤစာအုပ်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းနိဒါန်းကို တင်ပြပြီး သည့်နောက် စာဖတ်ပရိသတ်များအား ဤစာအုပ်နှင့် မိတ်ဆက်ပေးလို ပါသေးသည်။

ဤစာအုပ်တွင် အခန်း(၇)ခန်းပါရှိရာ အခန်း(၁)မှ (၄) အထိ တို့တွင် ဗုဒ္ဓါနုဿတိဘာဝနာနှင့်ပတ်သက်၍ မှတ်သားဖွယ်၊ အဓိပ္ပာယ် အကျယ်နှင့် မြတ်ဗုဒ္ဓဘုရားရှင်၏ ရူပကာယဂုဏ်တော်၊ နာမကာယဂုဏ် တော် စသောဂုဏ်တော်အသွယ်သွယ်တို့ကို ဂုဏ်ရသမြောက်အောင် စာပန်းချီခြယ်ထားရာ စာရှုသူများမှာ ဖတ်ရှု၍မဝနိုင်အောင် ဗုဒ္ဓရှင်တော် မြတ်ဘုရားအား သဒ္ဓါကြည်စိတ်များ တဖွားဖွားဖြစ်ပွားလာပါလိမ့်မည်။

မှန်ပါသည်။ ဘုရားရှင်၏ အရဟံ- စသောဂုဏ်တော်များကို မအောက်မေ့မပွားများမီ မိမိတို့ကိုးကွယ်နေသော ဘုရားရှင်အပေါ်၌ ကြည်ညိုစိတ်များဖြစ်ပေါ်ထားမှ မိမိတို့ပွားများစီးဖြန်းသော ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းသည် ပို၍အင်အားရှိ၏။ ပို၍တည်ငြိမ်၏။ ပါမောဇ္ဇ (ရွှင်လန်းခြင်း)၊ ပီတိ(ဝမ်းသာခြင်း)၊ ပဿဒ္ဓိ(ကိုယ်စိတ်ငြိမ်းအေးခြင်း) စသည်တို့ဖြစ်လွယ်၏။ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာပွားများနည်း

(အခန်း-၅)ကို မလေ့လာမပွားများမီ အဆိုပါ ရှေ့ပိုင်း အခန်းလေးခန်းကို ထပ်တလဲလဲဖတ်ကြားပြီး ဘုရားရှင်ကိုကြည်ညိုပါဦးဟု မှာကြားလို၏။

အခန်း(၅)၌ ဗုဒ္ဓါနုဿတိဘာဝနာစစ်စစ်ဖြစ်အောင် ပွားများပုံ ပွားများနည်းများကို ကျမ်းဂန်လာသည့်အတိုင်း စနစ်တကျဖော်ပြထားသည်ကိုလေ့လာဖတ်ရှုရပါလိမ့်မည်။ အထူးသဖြင့် ဓမ္မပဒအဋ္ဌကထာလာ အရှင်အာနန္ဒာမထေရ်၏ပွားများနည်းကိုနည်းမှီ၍ 'ပုတီးနှင့်ပွားနည်း၊ ပုတီးလွတ်ပွားနည်း'ဟု နည်းနှစ်မျိုး လမ်းညွှန်ထားရာ ပုတီးလွတ်ပွားနည်းမှာ ဆင်ခြင်အောက်မေ့ရာ၌ အတော်အတန်အာရုံစိုက်၍ ပို၍သမာဓိရသောနည်းဖြစ်၏။ ထိုနှစ်နည်းကို ပွားများနိုင်ပါလျှင် ဥပစာရသမာဓိအထိရနိုင်၍ 'မြတ်ဗုဒ္ဓဂုဏ် ကိုယ်လုံးခြုံ'ပြီး ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ပုတီးလွတ်ပွားနည်းများကို ပိုပြီးဂရုတစိုက်ပွားများပါဟု တိုက်တွန်းပါသည်။

အခန်း(၆)နှင့် (၇)တို့၌ ဗုဒ္ဓါနုဿတိဘာဝနာတန်ခိုးစွမ်းအင် အကျိုးအာနိသင်တို့ကို စာဖတ်ပရိသတ်များ စာတွေ့မှကိုယ်တွေ့အဖြစ် အားထုတ်ချင်လာအောင် ပါဠိတော်အဋ္ဌကထာလာအကျိုးများ၊ ဝတ္ထုသာဓကများ၊ သမိုင်းလာဖြစ်ရပ်အမှန်များနှင့် မျက်မှောက်ကိုယ်တွေ့ဝတ္ထုများဖြင့် တန်ဆာဆင်၍ အမှန်အတိုင်း ရေးသားတင်ပြထားရာ ထိုအကျိုးများ၊ ထိုပုဂ္ဂိုလ်များကိုအားကျပြီး စာရှုသူများ အသိတရားမှ အကျင့်တရားသို့ တက်လှမ်းဖြစ်အောင် တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပေသည်။ ။

ဓမ္မာစရိယ ဦးအေးနိုင် (ဘီ၊အေ)

မဟာသဒ္ဓမ္မဇောတိကဓဇ

## အခန်း ( ၁ )

## ဗုဒ္ဓါနုဿတိဘာဝနာ

ဗုဒ္ဓါနုဿတိဘာဝနာ၌ ဗုဒ္ဓ–ပုဒ်၊ အနုဿတိ–ပုဒ်၊ ဘာဝနာ–ပုဒ်၊ သုံးပုဒ် ပါဝင်သည်။

ထိုတွင် ဗုဒ္ဓ–ဆိုသည်မှာ မနှိုင်းယှဉ်နိုင်သောဂုဏ်တော်အပေါင်းနှင့် ပြည့်စုံ၍ ကိလေသာတို့မှစင်ကြယ်သော ဘုရားရှင်၏ခန္ဓာကိုယ်တော် ဒြပ်ဖြစ်၏။ သို့သော် ဤနေရာ၌ ခန္ဓာကိုယ်တော်တွင်တည်ရှိသော အရဟံ–စသည့်ဂုဏ်တော်များကို ဥပစာအားဖြင့် 'ဗုဒ္ဓ'ဟုခေါ်၏။

အနုဿတိ–ကား အဖန်ဖန်အထပ်ထပ်အောက်မေ့ခြင်း= သတိ ဖြစ်၏။ ထိုသတိကို မိမိသန္တာန်၌အကြိမ်ကြိမ်ဖြစ်ပွားအောင် အားထုတ်မှုကို 'ဘာဝနာ'ဟုခေါ်၏။

ထို့ကြောင့် 'ဗုဒ္ဓါနုဿတိဘာဝနာ'ဆိုသည်မှာ မြတ်စွာဘုရား၏ အရဟံ–အစရှိသောဂုဏ်တော်တို့ကိုအာရုံပြုကာ အဖန်ဖန်အထပ်ထပ် အောက်မေ့ခြင်းသတိကို အဓိပ္ပာယ်ရည်၍ 'ဝေါ=ဤဗုဒ္ဓါနုဿတိ ဟူသောအမည်သည်၊ ဗုဒ္ဓဂုဏာရမ္မဏာယ=မြတ်စွာဘုရား၏ဂုဏ်တော် များလျှင်အာရုံရှိသော၊ သတိယာ=အောက်မေ့ခြင်းသတိ၏၊ အဓိဝစနံ= အမည်တည်း'ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဥပစာအဓိပ္ပာယ် ဖွင့်ဆိုထား ခြင်းဖြစ်၏။

[ဆောင်ပုဒ်–အဓိဝစနံ၊ နာမ်ရှိရာ ဥပစာ၊ မြဲစွာညာထိဖြင့်၍]။

ဤဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကား စီးဖြန်းပွားများ အားထုတ် ရန် အလွန်လွယ်ကူ၏။ လွယ်ကူသဖြင့် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများ အားထုတ်သူ အလွန်များကြ၏။ ရန်ကုန်မြို့တွင် ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင် စသောစေတီတော်များ၌ စိတ်ပုတီးဖြင့်တရားအားထုတ်

နေသူများမှာ ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများနေသူများ ဖြစ်ကြ၏။ ပွားများရန်လွယ်ကူသော်လည်း ဗုဒ္ဓါနုဿတိဘာဝနာစစ်စစ် ဖြစ်နိုင်ရန် မိမိပွားများသည့်ဂုဏ်တော်၏အနက်အဓိပ္ပာယ်ကို မြန်မာလို သိထားရန် အထူးလိုအပ်၏။ ဂုဏ်တော်ပါဠိကို နှုတ်ကရွတ်ဆိုသည် ဖြစ်စေ၊ စိတ်ဖြင့်အောက်မေ့သည်ဖြစ်စေ ထိုဂုဏ်တော်ပါဠိ၏အနက် အဓိပ္ပာယ်ကိုပါ နှလုံးသွင်းအောက်မေ့ရ၏။ ပါဠိရောအနက်ပါ နှစ်မျိုးလုံး တွဲဖက်အောက်မေ့ပွားများနိုင်လျှင် ပိုကောင်း၏။

## ဘုရားရှိခိုးခြင်းနှင့်ဗုဒ္ဓါနုဿတိဘာဝနာ

မြတ်ဗုဒ္ဓရှင်တော်ဘုရားကို ယုံကြည်ကိုးကွယ်ကြသည့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓတရားတော်များ၏လမ်းညွှန်တော်မူချက် အတိုင်း ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ရှိသေမြတ်နိုး လက်အုပ်ချီမိုး ရှိခိုးပူဇော်လေ့ရှိကြ၏။

အထူးသဖြင့် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့သည် မွေးဖွားလာ သည့်အချိန်အခါကပင် ရတနာသုံးပါး ဦးထိပ်ထား၍ မွေးဖွားလာကြ သည်ဟု မင်္ဂလာယူလေ့ရှိကြသည်။ ရှေးအခါက မြန်မာကြီးများသည် သားသမီးမွေးဖွားလာသည်နှင့်တစ်ပြိုင်နက် 'ရတနာသုံးပါး၊ ဦးထိပ် ထား၍၊ မာတာမိခင်၊ ဖွားသန့်စင်သည်၊ ခေါ်တွင်စရာ၊ အမည် မှာကား-' စသည်ဖြင့် ဇာတာရက်ချုပ်ပြုလုပ်ကာ အမည်ကိုပါပေးလေ့ ရှိကြ၏။

မိဘနှစ်ပါးတို့သည် မိမိတို့သားသမီးကလေးများ ထိုင်တတ် စကားပြောတတ်သည့်အချိန်မှာပင် ဦးချကန်တော့နည်းနှင့် ဘုရားရှိခိုး များကို လက်တွေ့နှုတ်တိုက် သင်ပေးချပေးလေ့ရှိကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များတွင် ရတနာသုံးပါးကိုဦးမချတတ်သူများ၊ ဘုရားရှိခိုး မရသူများ မရှိသလောက်ရှား၏။ အနည်းဆုံး နမောတဿ-ဘုရား ရှိခိုးနှင့် ဩကာသ-ဘုရားရှိခိုးများကိုတော့ လူတိုင်းရကြပါသည်။

ဘုရားရှင်တို့၏ဂုဏ်တော်များကို ထုတ်ဖော်ချီးကျူး၍ ကြည်နူးသောစိတ်ဖြင့် ရှိခိုးခြင်းအစဉ်အလာကား ရှေးပညာရှိသူတော်ကောင်းကြီးတို့ အစဉ်တစိုက်လိုက်နာပြုလုပ်ခဲ့ကြသည့် အစဉ်အလာကောင်း အစဉ်အလာဟောင်းကြီးတစ်ခုဖြစ်၏။

ထိုဘုရားရှိခိုးခြင်းကုသိုလ်သည် ဒါနကုသိုလ်၊ သီလကုသိုလ်နှင့် ဘာဝနာကုသိုလ်တို့တွင် ဒါန သီလကုသိုလ်တို့ထက် အဆင့်မြင့်၍ အကျိုးပေးကြီးကျယ်သည့် ဗုဒ္ဓါနုဿတိသမထဘာဝနာကုသိုလ်မျိုးဖြစ်၏။ ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်တို့သည် တစ်နေ့လျှင် နံနက်တစ်ကြိမ် ဘုရားရှိခိုးလေ့ရှိကြ၏။ ရှိခိုးသည့်အခါ မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်များကို ချီးကျူးရွတ်ဆို၍ ရှိခိုးကြ၏။

ဗုဒ္ဓဘာသာဝင်တို့ ရွတ်ဆိုရှိခိုးကြသည့် ဘုရားရှိခိုးများ၌ ဘုရားရှင်၏ ဘုန်းတော် ကံတော် ဉာဏ်တော် ပါရမီတော် စသည်များနှင့်စပ်သော ဂုဏ်တော်ကျေးဇူးတော်များ အမျိုးမျိုးအစားစားပါဝင်လျက်ရှိပါသည်။ ထိုဗုဒ္ဓမြတ်စွာ၏ အမျိုးမျိုးအစားစားသောဂုဏ်တော်များကို နှုတ်က ချီးကျူးရွတ်ဆိုသည့်အတိုင်း စိတ်ကလည်း ထိုဂုဏ်တော်များကိုအောက်မေ့ သတိရနေပါမူ ထိုအချိန်၌ ထိုအောက်မေ့သတိရနေသော ပုဂ္ဂိုလ်အား ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်ပါသည်။

ထိုသို့ဘုရားရှိခိုးကြရာ၌ 'ဥမ္မတ္တကောဝိယဟိ ပုထုဇ္ဇနော' ဟူသော အဆိုအမိန့်အတိုင်း ပုထုဇ္ဇန်တို့၏စိတ်သည် သူရူး၏စိတ်ကဲ့သို့ မငြိမ်မသက် ရောက်ရက်ခတ်သော ပျံ့လွင့်လူပ်ရှားတတ်သည့်သဘောရှိ၏။ ထို့ကြောင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက 'သူရူးသည် ထမင်းစားမှုကိုပြုမည်ဟု ဦးတည်ပါလျက် စိတ်ကိုအစိုးမရသည့်အတွက် ထမင်းစားမှုပြီးစီးအောင် တည်ငြိမ်ခွင့်မရဘဲ ငါးလုပ်, ခြောက်လုပ် စားမိလျှင်ပင် ထမင်းစားပွဲကိုသွန်မှောက်၍ ထသွားသကဲ့သို့ သတ္တဝါတို့သည်လည်း 'ဘုရားရှိခိုးမည်၊ ဘုရားဂုဏ်ကိုကြည်ညိုသောအလုပ်ကို ငါလုပ်ဦးမည်' ဟု ဦးတည်ကြပါလျက် စိတ်ကိုအစိုးမရကြသည့်အတွက်

ဤ္လာတိပ်သော-တစ်ပုဒ်ဆုံးသည့်တိုင်အောင် ဘုရားဂုဏ်တော်တို့၌ စိတ်ကို တည်ငြိမ်စွာနေအောင် အစိုးမရကြ။ ဘုရားကိုလွှတ်၍ ထိုထိုအာရုံ တပါးသို့ အခါများစွာ ထွက်သွားလွင့်ပါးလျက်ရှိကြ၏'ဟု မိန့်တော် မူထား၏။

ထို့ကြောင့် ဘုရားရှိခိုးကြသောအခါ ရှိခိုးနေသည့်အချိန်အတွင်း၌ စိတ်ကိုအာရုံတစ်ပါးသို့မလွင့်ပါးစေဘဲ မိမိရွတ်ဆိုချီးကျူးရှိခိုးနေသည့် ဘုရားဂုဏ်တော်များ၌သာ စိတ်ကိုတည်ငြိမ်အောင်ထားနိုင်ရန် အထူး လိုအပ်လှ၏။ ဘုရားဂုဏ်တော်များ၌ စိတ်ကိုတည်ငြိမ်အောင်ထား နိုင်လျှင် ထားနိုင်သည့်အမျှ သတိ,သမာဓိ အားကောင်းထက်မြက်သော ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ဖြစ်တော့၏။

## ဗုဒ္ဓါနုဿတိဘာဝနာဖြစ်သော ရှေးအကျဆုံးဘုရားရှိခိုး

'ဘုရားရှိခိုးအမျိုးမျိုး' ဆိုသကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့ ဘုရားရှင်ကို ရှိခိုးကြရာ၌ ဘုရားရှိခိုးသည် 'တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာပုဒ် ဆန်း' အမျိုးမျိုးရှိ၏။ သို့ရာတွင် ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်များ ပါရှိသော ဘုရားရှိခိုးမျိုးသည်သာ ဗုဒ္ဓါနုဿတိဘာဝနာဖြစ်ခွင့်ရှိ၏။

ဩကာသ ကန်တော့ချီးကဲ့သို့သော ဘုရားရှိခိုးမျိုး၌ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များ လုံးဝမပါရှိဘဲ ရတနာသုံးပါးတို့အား အပြစ်ပျောက်အောင် တောင်းပန်ကန်တော့၍ ဆုတောင်းသာပါရှိသော ကြောင့် ကုသိုလ်တရားဖြစ်ပွားစေကာမူ ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်ခွင့် မရှိပါချေ။

ယခုခေတ်၌ အသုံးတွင်ကျယ်လာသော 'နမောတဿ' ဘုရား ရှိခိုးမှာမူ တိုသော်လည်း ဘုရားရှင်၏ဂုဏ်တော်များပါရှိ၍ ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်တရားဖြစ်ပွားနိုင်သော ရှေးအကျဆုံးဘုရားရှိခိုးဖြစ်၏။

မှန်ပါသည်။ ဤကမ္ဘာမှပြန်၍ရေတွက်လျှင် ကိုးဆယ့်တစ်ကမ္ဘာ ထက်၌ပွင့်တော်မူခဲ့သော ဖုဿဘုရားရှင်၏ခမည်းတော် မဟိန္ဒမင်းကြီး သည် သားတော်ဖုဿဘုရားရှင်ထံသွားကာ 'ငါ၏သားကြီးကား ဘုရား

သားအငယ်ကား ပထမအဂ္ဂသာဝက၊ ပုရောဟိတ်ပုဏ္ဏားဧ၏သားကား ဒုတိယအဂ္ဂသာဝကတည်း'ဟု စိတ်ကြည်နူးဝမ်းမြောက်ကာ သားတော်ဘုရားနှင့် အဂ္ဂသာဝကတို့ကို ဖူးမြော်ပြီး 'နမောတဿ'စသည်ကို သုံးကြိမ်ရွတ်ဆို၍ ရှိခိုးခဲ့ကြောင်း ဓမ္မပဒအဋ္ဌကထာ၊ သာရိပုတ္တ မောဂ္ဂလာနဝတ္ထုတွင် တွေ့ရ၏။

ထို့အတူ ကျွန်ုပ်တို့ဂေါတမဘုရားရှင်လက်ထက်၌လည်း ဓနဉ္စာနီမည်သော သောတာပန်ပုဏ္ဏေးမကြီးသည် ခင်ပွန်းသည်ပုဏ္ဏားကြီးက 'ရှင်ဂေါတမကို ရှိခိုးရင် သတ်ပစ်မယ်'ဟု ခြိမ်းခြောက်ထားသော်လည်း ပုဏ္ဏားကြီးအတွက်ထမင်းပွဲစဉ် ချော်လဲ၍ ဘုရားရှင်ကိုသတိရကာ ဝေဠုဝန်ကျောင်းတော်ဘက်သို့လက်အုပ်ချီလျက် 'နမော တဿ' စသည်ကို ရွတ်ဆိုရှိခိုးကန်တော့ကြောင်း သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောကြားထား၏။

မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဗြဟ္မာယုသုတ်၌လည်း ဗြဟ္မာယုမည်သော ပုဏ္ဏားပါမောက္ခကြီးသည် ဘုရားရှင်၏ဂုဏ်သတင်းကို ဥတ္တရလုလင်မှတစ်ဆင့် ကြားသိရသောအခါ ကြည်ညိုလှသဖြင့် ဘုရားရှင်သီတင်းသုံးတော်မူရာသို့ လက်အုပ်ချီလျက် 'နမောတဿ' စသည်ကို ရွတ်ဆိုရှိခိုကြောင်း ဟောကြားတော်မူထား၏။

ထို့ပြင် သုတ်မဟာဝါပါဠိတော်၊ သက္ကပဉှသုတ်၌ သက္ကပဉှသုတ်ကို နာကြားရ၍ သောတာပန်ဖြစ်သွားသော သိကြားမင်းကြီးသည် အလွန်နှစ်သက်ရွှင်လန်းသောစိတ်ဖြစ်ပေါ်လာရကား ပဉ္စသိခနတ်သားအား ကျေးဇူးတင်စကား ဆုပေးစကားပြောပြီးနောက် မိမိလက်ဖြင့် မြေကြီးကို ပုတ်၍ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ဟု သုံးကြိမ်တိုင်တိုင် ထုတ်ဖော်ရွတ်ဆိုပြီး ရှိခိုးသည်။

ဒုကအင်္ဂုတ္တိုရ်ပါဠိတော်၊ သမစိတ္တဝဂ်၌ အာရာမဒဏ္ဍပုဏ္ဏားကြီးသည် မဟာကစ္စာနထေရ်အား 'လောကတွင် ရာဂစသည်မှ လွတ်မြောက်တဲ့ပုဂ္ဂိုလ်ရှိပါသလား'ဟု မေးလျှောက်ရာ၊ 'ဘုရားရှင်သည်

လွတ်မြောက်တော်မူတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်'ဟု မထေရ်က ဖြေကြား၏။ ထိုအခါ ပုဏ္ဏားကြီးသည် ဘုရားရှိရာသို့ လက်အုပ်ချီလျက် "နမောတဿ" စသည်ဖြင့် သုံးကြိမ် ထုတ်ဖော်ရွတ်ဆိုကြောင်းတွေ့ရှိရ၏။ ထို့အတူ ကောသလမင်းကြီး၊ ဓာဏုသောဏိပုဏ္ဏားကြီး၊ ကာရဏပါလီပုဏ္ဏားကြီး တို့လည်း 'နမော တဿ'စသောဘုရားရှိခိုးကို သုံးကြိမ်ရွတ်ဆိုရှိခိုး ကြကြောင်းကို မူလပဏ္ဏာသပါဠိတော်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်နှင့် ပဉ္စကအင်္ဂုတ္တိုရ်ပါဠိတော်များ၌ ဟောကြားတော်မူ၏။

နမော တဿ ဘုရားရှိခိုးကိုရွတ်ဆိုရှိခိုးသည့်အခါ ဂုဏ်တော်များ ကို စိတ်ဖြင့်အောက်မေ့နှလုံးသွင်း၍ဖြစ်စေ၊ ပါဠိအနက်တွဲဖက်ရွတ်ဆို အောက်မေ့၍ဖြစ်စေ ရှိခိုးမှသာ ဗုဒ္ဓါနုဿတိဘာဝနာဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်အောင်ရှိခိုးနိုင်ရန် နမော တဿ ပါဠိအနက်ကို နှစ်နည်းတင်ပြပါမည်။

**နမောတဿပါဠိအနက်**

၁။ အရဟတော=လူနတ်ဗြဟ္မာ သတ္တဝါခပင်းတို့၏ ဝပ်စင်း ကော်ရော် ပူဇော်အထူးကိုခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ= ရှိသမျှဉဿုံ အလုံးစုံသောတရားတို့ကို ဆရာမရှိ မိမိအလိုလို ကိုယ် တော်တိုင် ဟုတ်တိုင်းမှန်စွာသိတော်မူသော။ တဿ ဘဂဝတော= ထိုမြတ်စွာဘုရားအား။ နမော-နမာမိ= ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

၂။ ဘဂဝတော= ဣဿရိယ, ဓမ္မ, ယသ၊ သိရီ၊ ကာမ၊ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသော။ အရဟတော= တစ်ထောင့်ငါးရာကိလေသာရန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် အငွေ့ အသက်မကျန်ရအောင် ဝါသနာနှင့်တကွပယ်သတ်တော်မူပြီးထသော။ သမ္မာသမ္ဗုဒ္ဓဿ=သိစရာမှန်သမျှ မကျန်ရအောင် ရှိသမျှဉဿုံ အလုံးစုံ သောတရားတို့ကို ဆရာမရှိ မိမိအလိုလိုကိုယ်တော်တိုင် ဟုတ်တိုင်း မှန်စွာ သိတော်မူထသော။ တဿတာဒိတဿ=ထိုသို့သဘောရှိပြား

ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား။ မေ = ဘုရားတပည့်တော်၏။ နမော=ရှိသေမြတ်နိုးရှိခိုးခြင်းသည်။ အတ္ထု= စင်စစ်မသွေဖြစ်ပါစေသား အရှင်မြတ်ဘုရား။

ဤပါဠိအနက်နှစ်မျိုးတို့တွင် နှစ်သက်ရာတစ်မျိုးမျိုးကိုကျက်၍ ထိုဘဂဝါဂုဏ်၊ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်များကို နှလုံးသွင်း အောက်မေ့ပြီးရှိခိုးလျှင် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်တရား ဖြစ်ပွား နိုင်ပါသည်။

(၁)နံပါတ်မှာ–ဘဂဝတော–ပုဒ်ကို တဿ(ပသိဒ္ဓဝိသယတ)နှင့် တွဲပြီး 'ထိုမြတ်စွာဘုရားအား'ဟု နာမည်ဟော(နာမဝါစက)အနက် ပေးထားသဖြင့်၊ အရဟံ(အရဟတော)ဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓ(သမ္မာ သမ္ဗုဒ္ဓဿ)ဟု ဂုဏ်တော်နှစ်ပါးဖြင့် ရှိခိုးခြင်းဖြစ်သည်။

(၂)နံပါတ်မှာ–ဘဂဝတော–ပုဒ်ကို ဂုဏ်တော်ဟော(ဂုဏဝါစက) အနက်ပေးထားသဖြင့်၊ ဘဂဝါဂုဏ်တော်(ဘဂဝတော)၊ အရဟံ ဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဟု ဂုဏ်တော်သုံးပါးဖြင့် ရှိခိုးခြင်းဖြစ်သည်။

မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးက (၂)နံပါတ်နည်းကို နှစ်သက်သဘောကျကြောင်း ဩကာသကန်တော့ခန်းနှင့် သီလယူ ရှင်းတမ်းတရားတော်မှာ တွေ့ရပေသည်။

## ဝိပဿနာနှင့်ဗုဒ္ဓါနုဿတိဘာဝနာ

ဘုရားရှိခိုးခြင်းသည် ထေရဝါဒဗုဒ္ဓဘာသာကျင့်စဉ်များတွင် အဆင့် အတန်းမြင့်သည့် ဗုဒ္ဓါနုဿတိသမထဘာဝနာကျင့်စဉ်ဖြစ်သော်လည်း အချို့ဗုဒ္ဓဘာသာဝင်များက ဘုရားရှိခိုးခြင်းကို အထင်သေးကြ၏။ ဘုရားရှိခိုးခြင်းသည် အကျိုးမရှိ၊ အပိုအလုပ်ဟုဆိုသူများပင်ရှိကြသည်။ အထူးသဖြင့် တရားအားထုတ်နေသောပုဂ္ဂိုလ်အချို့က 'ကိုယ့်အလုပ် ကိုယ်လုပ်၊ ဘုရားရှိခိုးမနေနဲ့'ဟုပြောလေ့ရှိသည့်အကြောင်း စစ်ကိုင်း တောင်ရိုး၊ မဟာဝိဇ္ဇောဒယချောင်ဆရာတော်ဘုရားကြီး ဟောကြား တော်မူသည်ကို ကြားနာရဖူး၏။

အမှန်ကား ဝိပဿနာအလုပ်မှ ကိုယ့်အလုပ်မဟုတ်ပါ။ ဘုရားရှိခိုးခြင်း စသည့်ကုသိုလ်အလုပ်များသည်လည်း ကိုယ်လုပ်ရမည့် ကိုယ့်အလုပ်များပင်ဖြစ်ပါသည်။ ကုသိုလ်များတွင် မလုပ်ကောင်းသည့် ကုသိုလ်ဟူ၍ မရှိပါ။ ဝိပဿနာ ဘာဝနာအလုပ် အားထုတ်နေသည့် ယောဂီသည် ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကို မလုပ်ရဟု ဒေသနာတော်များ၌လည်း မလာရှိချေ။

ဗုဒ္ဓါနုဿတိဘာဝနာသည် စိတ်ကို ရွှင်လန်းစေခြင်း၊ ဝိပဿနာ၏ အခြေခံဖြစ်ခြင်း အကျိုးများရှိသည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ မိန့်ဆိုထားရာ ဘုရားရှိခိုးခြင်း စသည့် ဗုဒ္ဓါနုဿတိဘာဝနာအလုပ်သည် အားထုတ်ဆဲဝိပဿနာအလုပ်ကို မထိခိုက်၊ မယုတ်လျော့သွားနိုင်သည့်အပြင် ပို၍ပင်တရားတက်စေနိုင်ပါသည်။ ထို့ကြောင့် ဝိပဿနာယောဂီပုဂ္ဂိုလ်များသည် ဝိပဿနာအလုပ်၏အခြေခံဖြစ်သည့် ဘုရားရှိခိုးခြင်း စသော ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကို ပို၍ပင် အားထုတ်သင့်ပါသည်။

ဗုဒ္ဓါနုဿတိဘာဝနာ, မေတ္တာဘာဝနာ, အသုဘဘာဝနာနှင့် မရဏာနုဿတိဘာဝနာဟူသော ကမ္မဋ္ဌာန်းလေးမျိုးတို့ကား မည်သည့် ကမ္မဋ္ဌာန်းကို အားထုတ်အားထုတ်၊ နေရာတကာ၌ အထူးပါဝင် အားထုတ်ရမည့် သဗ္ဗတ္ထကကမ္မဋ္ဌာန်းတို့ဖြစ်သည်ဟုလည်းကောင်း၊ စောင့်ရှောက်ရမည့် အာရက္ခတရားလေးပါး(စတုရာရက္ခ)ဖြစ်သည်ဟုလည်းကောင်း ကျမ်းဂန်ဖွင့်ဆိုချက်များကိုလည်း အထူးသတိထားကြရမည်ဖြစ်ပါသည်။

## ယောဂီပုဂ္ဂိုလ်တိုင်းလေးစားရမည့်ဗုဒ္ဓါနုဿတိဘာဝနာ

ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်သည့်ယောဂီပုဂ္ဂိုလ်တိုင်း ဘုရားရှိခိုးခြင်း စသည့် ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကို အထူးလေးစားလေ့ရှိသည့် ထုံးဟောင်းသာဓကကို ကျမ်းဂန်လာသည့်အတိုင်း တင်ပြဦးအံ့။

ရှေးအခါက ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ကြသည့် ရဟန်းတော်များသည် အရိုးကျေကျေ အရေစုတ်စုတ် နောက်မဆုတ်တမ်း သမ္မပ္ပဓာန်လုံ့လဝီရိယဖြင့် အားထုတ်လေ့ရှိကြသည်။ ဆွမ်းခံကြသည့် အချိန်ကိုပင် အလွတ်မထားဘဲ ကမ္မဋ္ဌာန်းတရားဖြင့်သာ လှမ်းသွားတော်မူကြသည်။

ထိုရဟန်းတော်များတွင် အချို့က ဆွမ်းခံအသွား၌သာ မိမိအားထုတ်နေသည့်ကမ္မဋ္ဌာန်းဖြင့် လှမ်းကြွတော်မူ၏။ အပြန်တွင်မူ ကမ္မဋ္ဌာန်းမပါဘဲပြန်ကြ၏။ ထိုယောဂီရဟန်းမျိုးကို အသွားဆောင်ယောဂီ(ဟာရ)ဟုခေါ်၏။ အချို့ရဟန်းတော်ကမူ အသွားတွင် ကမ္မဋ္ဌာန်းမပါဘဲ အပြန်၌သာ ကမ္မဋ္ဌာန်းနှင့်လှမ်းကြွခဲ့၏။ ထိုရဟန်းတော်မျိုးမှာ အပြန်ဆောင်ယောဂီ(ပစ္စရာဟ)ဟုခေါ်၏။ အသွားအပြန်နှစ်မျိုးလုံးမှာ ကမ္မဋ္ဌာန်းဆောင်ယောဂီမျိုးကိုကား အသွားအပြန်ဆောင်ယောဂီ (ဟာရပစ္စာဟာရ)ဟု ခေါ်၏။

ထို ဆွမ်းခံအသွားအပြန်နှစ်မျိုးလုံးမှာ ကမ္မဋ္ဌာန်းနှင့်လှမ်းကြွသည့် အသွားအပြန်ဆောင်ယောဂီ(ဟာရပစ္စာဟာရ) ပုဂ္ဂိုလ်မျိုးသည်ပင်လျှင် မိမိဆွမ်းခံကြွရာလမ်း၌ စေတီပုထိုး ရုပ်ပွားဆင်းတုတော်များရှိပါက ထိုနေရာသို့ရောက်သည့်အခါ စေတီတော်သို့ဝင်ရောက်ရှိခိုးပူဇော်ရ၏။ ယူဆောင်လာသည့်ပစ္စည်းတစ်ခုကို ဘုရားမုခ်အဝင်တွင်ချထားသကဲ့သို့ပင် မိမိဆောင်လာသည့်ကမ္မဋ္ဌာန်းကို ရှေးဦးစွာချရသည်။ ထို့နောက် မုခ်ဦးတန်ဆောင်းထဲဝင်သည်နှင့် တစ်ပြိုင်နက် ဘုရားဂုဏ်ကို အာရုံပြုကာ ဗုဒ္ဓါနုဿတိဘာဝနာဖြင့်ကြွရသည်။ ကြီးသည့်ဘုရားဖြစ်က လက်ယာရစ်ပတ်ပြီး လေးဌာနကနေ၍ ရှိခိုးရသည်။ ငယ်သည့်ဘုရားဖြစ်က ရှစ်ဌာနကနေ၍ ရှိခိုးရသည်။

မုခ်ဝသို့ပြန်ထွက်လာသည့်အခါ၌လည်း ဘုရားဂုဏ်ကိုအာရုံပြုကာ ဗုဒ္ဓါနုဿတိဘာဝနာဖြင့် မုခ်ဝအထိလာရသည်။ မုခ်ဝသို့ရောက်သည့်အခါ၌ မူလကချထားခဲ့သည့်ပစ္စည်းကို ပြန်ကောက်ယူသည့်အလား

) ၁၊ ၉ ၊ ၂

မိမိချထားခဲ့သည့် မူလကမ္မဋ္ဌာန်းကို ပြန်ဆောင်ယူနှလုံးသွင်းပြီး ဆက်လက်သွားရသည်ဟု 'ဂေါစရသမ္ပဇည'အပိုင်းကို ဖွင့်ဆိုရာတိုင်း တွင် ကျမ်းဂန်များ၌ပြဆိုထား၏။

ဤကျမ်းဂန်လာထုံးကို နှလုံးမူလျက် မည်သည့်ကမ္မဋ္ဌာန်းကို အားထုတ် အားထုတ်၊ ဘုရားရှိခိုးခြင်းစသည့် ဗုဒ္ဓါနုဿတိဘာဝနာကိုမူ မေ့မထားရ၊ အမြဲတမ်းအားထုတ်ရမည့်ကမ္မဋ္ဌာန်းဟု နားလည်ထားသင့် ပေသည်။

**ကာဠသူဌေးသမီး**

ဤနေရာ၌ ဗုဒ္ဓါနုဿတိဘာဝနာသည် ဝိပဿနာဘာဝနာ၏ အခြေခံဖြစ်ကြောင်းကို သာဓကဆောင်၍ပြပါဦးမည်။

ဗုဒ္ဓါနုဿတိဘာဝနာကိုအခြေပြုကာ အရိယာနယ်ရပ်သို့ဆိုက်ကပ် သွားကြပြီး သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်သွား ကြသည့် ပုဂ္ဂိုလ်များအကြောင်းကို ကျမ်းဂန်များ၌ များစွာဖွင့်ဆိုထား ပါသည်။ ထိုပုဂ္ဂိုလ်များအနက် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ဂုဏ်တော် များကို တစ်ဆင့်ကြားရုံမျှဖြင့် ကြည်ညိုသဒ္ဓါပွားပြီး သောတာပန် တည်သွားသည့် ကာဠသူဌေးသမီးအကြောင်းကို တင်ပြလိုပါသည်။

ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘုရားရှင်၏သရီရဓာတ်မွေတော်မြတ်ကို ဌာပနာ၍ တစ်ယူဇနာမြင့် သည့် ဓာတုစေတီတော်ကြီးတစ်ဆူ တည်ကြသည်။ ထိုစေတီတော်ကြီး အပြီးတွင် အမျိုးကောင်းသား သူငယ်ချင်းနှစ်ယောက်တို့သည် ရဟန်း ပြုကြ၍ ပိဋကတ်သုံးပုံကို တစ်ဖက်ကမ်းရောက်အောင်တတ်မြောက် ကြသည့် ပိဋကတ္တယပါရဂူကြီးများ ဖြစ်လာကြသည်။ တစ်ပါးတစ်ပါးလျှင် တပည့်အခြွေအရံငါးရာစီ ရှိကြ၏။ ဝိနည်းအဆုံးအဖြတ်၌ အလွန် ကျွမ်းကျင်လိမ္မာကြသည့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်များဖြစ်ကြ၏။

တစ်ချိန်တွင် ဓမ္မဝါဒီရဟန်းနှင့် အဓမ္မဝါဒီရဟန်းတို့ အမှုဖြစ်ကြ၍ ဓမ္မဝါဒီရဟန်းက တရားလာစွဲရာ ထိုဝိနည်းဓိုရ်ဆရာတော်ကြီးနှစ်ပါး

တို့သည် အဝမ္ဗဝါဒီရဟန်းကိုငဲ့ညှာ၍ အမှုကိုလက်မခံဘဲ ရှောင်လွှဲနေလိုက်ကြ၏။ ထိုသို့ အဂတိလိုက်မှုကြောင့် ဝမ္ဗဝါဒီရဟန်းကောင်းကလေးက 'ယနေ့မှ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပေပြီ၊ ဘုရားရှင်၏သာသနာတော်သည် ပျက်စီးမလှ ပျက်စီးရချေပြီ' ဟု ပြောဆိုငိုကြွေးကာ ဝိနည်းဓိုရ်ဆရာတော်ကြီးများထံမှ ထွက်ခွာသွား၏။ ထိုအခါမှပင် ဝိနည်းဓိုရ်မထေရ်ကြီးနှစ်ပါးလုံး ထိတ်လန့်ပြီး စိတ်မချမ်းမသာဖြစ်ကြရသည်။

နောက်ဆုံး ပျံလွန်တော်မူသည့်အခါ အထက်နတ်ပြည်တို့၌ဖြစ်နိုင်စွမ်းရှိကြသော်လည်း ထိုအဂတိလိုက်ခဲ့မှုကြောင့် ဆရာတော်တစ်ပါးက ဟိမဝန္တာဝယ် ဟေမဝတတောင်၌ ဟေမဝတနတ်စစ်သူကြီးသွားဖြစ်၏။ အခြားတစ်ပါးကမူ မဇ္ဈိမဒေသအတွင်း သာတတောင်၌ သာတာဂိရိမည်သော နတ်စစ်သူကြီးဖြစ်၏။ သူတို့၏တပည့်များသည်လည်း ဆရာတော်ကြီးများအပေါ်၌ သံယောဇဉ်ရှိသောကြောင့် ထိုနတ်စစ်သူကြီးများထံ၌ပင် အခြံအရံနတ်စစ်သားများဖြစ်လာကြသည်။

ထိုနတ်စစ်သူကြီးနှစ်ဦးတို့သည် နှစ်ကိုပ်ရှစ်ဦးသော နတ်စစ်သူကြီးများတွင် စာရင်းဝင်သည့် တန်ခိုးကြီးနတ်စစ်သူကြီးများဖြစ်ကြ၏။ သူတို့နှစ်ဦးသည် ဟိမဝန္တာဝယ် စည်းဝေးနေကျ နတ်အစည်းအဝေး၌တွေ့ဆုံကြသောအခါ တစ်ယောက်ကိုတစ်ယောက်မှတ်မိကြ၍ ကဿပဘုရားသာသနာတော်၌ ရဟန်းဘဝဖြင့် အနှစ်နှစ်သောင်းနေခဲ့ကြရသော်လည်း ယခုလို အောက်တန်းစားနတ်ဘီလူးမျိုး၌ဖြစ်ရပုံကို တွေးမိကြပြီး နှစ်ဦးလုံး စိတ်မချမ်းမသာဖြစ်ကြရသည်။ ထို့နောက် 'မိမိတို့နေရာဒေသ၌ အထူးအဆန်းတစ်စုံတစ်ရာကိုတွေ့ခဲ့လျှင် ဟစ်ဦးကိုတစ်ဦးက အကြောင်းကြားကြစတမ်း' ဟု ကတိထားခဲ့ကြသည်။

ကျွန်ုပ်တို့ ဂေါတမဘုရားရှင်ပွင့်တော်မူလာ၍ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကိုဟောကြားတော်မူသည့်အခါ ထိုတရားပွဲသို့ သာတာဂိရိနတ်စစ်သူကြီးတစ်ဦးတည်းသာ ရောက်လာခဲ့၏။ ဟေမဝတ

နတ်စစ်သူကြီးမှာ ဟိမဝန္တာ၌ ခါတိုင်းထက်ထူးခြားသည့် သာယာကြည်နူးဖွယ်များဖြစ်နေသည်ကိုတွေ့ရ၍ ထိုထူးခြားသည့်အကြောင်းတို့ကို မိတ်ဆွေသာတာဂိရိအားပြောပြရန် အခြံအရံများနှင့် သာတာဂိရိစစ်သူကြီးထံ ထွက်လာခဲ့၏။

သာတာဂိရိနတ်စစ်သူကြီးကလည်း မိဂဒါဝုန်တော၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဗုဒ္ဓစကြာတရားဟောတော်မူနေကြောင်းကို ထိုဟေမဝတအား ပြောကြားလိုသည့်အတွက် ဟေမဝတနတ်စစ်သူကြီးရှိရာသို့ နောက်ပါနတ်များနှင့်အတူ ခရီးထွက်ခဲ့သည်။ ယင်းသို့ ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် ခရီးထွက်လာကြသည့် ခရီးသည်နတ်စစ်သူကြီးနှစ်ဦးတို့သည် ရာဇဂြိုဟ်မြို့ တစ်ခုသောအိမ်ပြာသာဒ်အဆောက်အအုံကြီး၏ အထက်ကောင်းကင်ယံတွင် ဆုံမိကြသတဲ့။

နတ်စစ်သူကြီးနှစ်ဦးတို့တွေ့ဆုံကြရာ ကောင်းကင်၏ အောက်တည့်တည့်ရှိ ပြာသာဒ်အဆောက်အအုံကြီးမှာ ကာဠီသူဌေးသမီး၏ မိဘတို့ အိမ်ပြာသာဒ်ကြီးဖြစ်ပါသည်။

ထိုနတ်စစ်သူကြီးတို့ တွေ့ဆုံကြချိန်တွင် ကာဠီအမျိုးသမီးသည် ကိုယ်ဝန်ကြောင့်ဖြစ်သော ပင်ပန်းဆင်းရဲမှုကိုဖြေဖျောက်ရန် အိမ်အထက်ထပ် ပြာသာဒ်ဆောင်သို့တက်၍ လေသာပြတင်းပေါက်ကိုဖွင့်ကာ လေညှင်းခံနေချိန်ဖြစ်၏။

နတ်စစ်သူကြီးနှစ်ဦးတို့ ဆုံမိကြလျှင် ဟေမဝတနတ်မင်းက 'ဟိမဝန္တာ၌ တမူထူးခြား အံ့သြဖွယ်များဖြစ်ပေါ်နေတဲ့အတွက် မိတ်ဆွေကို မြင်စေလိုလို့ လာခေါ်ကြောင်း' စတင်နှုတ်ခွန်းဆက်လိုက်၏။ သာတာဂိရိနတ်မင်းကလည်း 'မိတ်ဆွေ...ဟိမဝန္တာတစ်နေရာတည်းသာ ထူးထူးခြားခြားဖြစ်နေတာမဟုတ်ပါဘူး၊ တစ်ကမ္ဘာလုံးမှာပဲ ထူးခြားအံ့သြဖွယ်ရာတွေဖြစ်နေတာပါ။ လောကသုံးခွင်ဘုံအပြင်မှာ ဗုဒ္ဓရှင်တော်ပွင့်ပေါ်နေပါပြီ။ အခု ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးမှာ ဓမ္မစကြာတရား ဟောကြားနေတုန်းပဲရှိပါသေးတယ်။ ဒါကြောင့်

တစ်ကမ္ဘာလုံးမှာ ထူးထူးခြားခြား အံ့ဩစရာများဖြစ်နေတာပါ။ အခု ဘုရားရှင်ကိုဖူးမြင်ဖို့လိုက်ခဲ့ပါ' ဟု ဘုရားဖူးဖိတ်ခေါ်လိုက်သည်။

နတ်စစ်သူကြီးနှစ်ဦးတို့စကားပြောနေသံကို ကာဠီအမျိုးသမီးသည် လေညှင်းခံရာမှကြားလိုက်ရာ 'ဒီအသံတွေဟာ အောက်ကလာတဲ့ အသံတွေ မဟုတ်ဘူး။ အထက်ကောင်းကင်က လာတဲ့အသံတွေနဲ့ တူတယ်။ နတ်တွေစကားပြောတဲ့အသံပဲဖြစ်လိမ့်မယ်' လို့ ယူဆပြီး ငြိမ်သက်စွာနားထောင်နေသတဲ့။

ဟေမဝတနတ်မင်းကား သာတာဂိရိနတ်ထက် တန်ခိုးလည်း ကြီး၏။ ပညာလည်း တတ်၏။ စိစစ်တတ်သည့် ဉာဏ်လည်းရှိ၏။ ထို့ကြောင့် ချက်ချင်းမလိုက်သေးချေ။ လောကမှာ ဘုရားအတု တရားအတုများပေါ်သောကြောင့် ဘုရားစစ်,မစစ်သိရန် သူ့မိတ်ဆွေ သာတာဂိရိနတ်အား မေးခွန်းပေါင်းများစွာ မေး၏။

'အိုမိတ်ဆွေ သာတာဂိရိ...၊ မိတ်ဆွေမြင်ဖူးခဲ့တဲ့ ဗုဒ္ဓဆိုသူသည် သတ္တဝါများအပေါ်၌ အရင်းအဖျားမခွဲခြားဘဲ စိတ်ကောင်းနှလုံးကောင်း ထားနိုင်ပါရဲ့လား။ ဣဋ္ဌာရုံနှင့်တွေ့လျှင် လိုချင်တပ်မက်မှုလောဘ၊ အနိဋ္ဌာရုံနှင့်တွေ့လျှင် စိတ်ဆိုးမှု နှလုံးမသာယာမှု ဒေါသ, ဒေါမနဿ တို့မှ ကင်းပါရဲ့လား' ဟုမေးရာ သာတာဂိရိနတ်မင်းက စိတ်ကောင်း နှလုံးကောင်းထားနိုင်ကြောင်း၊ လောဘဒေါသတို့မှ ကင်းရှင်းကြောင်း ဖြေကြားလိုက်သည်။

ဤသို့စသည်ဖြင့် အပြန်အလှန်မေးဖြေပြီးသောအခါ ဗုဒ္ဓမြတ်စွာ၏ ကာယကံ, ဝစီကံ, မနောကံ သုံးပါးလုံးသန့်ရှင်းစင်ကြယ်ပုံကိုလည်း ကောင်း၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံပုံ ကိုလည်းကောင်း၊ ကိလေသာအာသဝေါကုန်ခမ်း၍ ရဟန္တာဖြစ်ပုံကို လည်းကောင်း၊ သဗ္ဗညုတဉာဏ်နှင့်ပြည့်စုံပုံကိုလည်းကောင်း၊ နောက် ထပ်ဖြစ်ဖို့ရာ ဘဝအသစ်မရှိပုံကိုလည်းကောင်း သိရသည့်အတွက် 'သည်အတိုင်းပြည့်စုံလျှင် မိတ်ဆွေဖူးတွေ့ခဲ့ရသည့်ပုဂ္ဂိုလ်သည်

သုံးလောကထွတ်တင် သဗ္ဗညုတရားရှင်အမှန်ဖြစ်ပေသည်’ဟု ချီးမွမ်းစကားပြောကြား၏။

ကာဠီအမျိုးသမီးသည် ထိုနတ်စစ်သူကြီးနှစ်ဦးတို့ အသီးသီး အပြန်အလှန် မေးကြဖြေကြရာ၌ ပါဝင်သော ဘုရားဂုဏ်တော်များကို အစအဆုံး နားစိုက်နေ၏။ ယင်းသို့နားစိုက်ထောင်ရင်းပင် ‘ဪ...ဗုဒ္ဓဆိုတာ ဤသို့အံ့ဩဖွယ်အထူး၊ ဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံတော်မူပါတကား’ဟုကြားရသော ဘုရားဂုဏ်တော်များကိုအာရုံပြုကာ လွန်စွာနှစ်သက်ဝမ်းသာသောပီတိများ တဖွားဖွားဖြစ်လာ၏။ ထိုဘုရားဂုဏ်လျှင် အာရုံရှိသောပီတိဖြင့် နီဝရဏကိလေသာတို့ကိုပယ်ခွာ၍ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းမှုပြုလေလျှင် ထိုနေရာ၌ပင်သောတာပန်တည်သွား၏။

ကာဠီအမျိုးသမီးကား တစ်လောကလုံးရှိ အမျိုးသမီးများတွင် ပထမဆုံး သောတာပန်တည်သည့် အမျိုးသမီးတည်း။ သောတာပန်တည်ရာ၌လည်း အလွန်ထူးဆန်း၏။ ဘုရားရှင်ကိုလည်း တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေး၊ ဂုဏ်တော်များကိုပင် တစ်ဆင့်ကြားနာရသူဖြစ်၏။ ယင်းသို့ တစ်ဆင့်ကြားဖြစ်သည့် ဘုရားဂုဏ်တော်များကို အာရုံပြုပွားများသည့် ဗုဒ္ဓါနုဿတိဘာဝနာကိုအခြေခံ၍ သောတာပန်တည်သွားသည့် ကာဠီအမျိုးသမီးကို ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ရဟန်းပရိသတ်၊ မင်းပရိသတ်တို့အလယ်၌ တစ်ဆင့်စကားကြား၍ ရတနာသုံးပါး၌ သက်ဝင်ကြည်ညိုသူ တပည့်မအပေါင်းတို့တွင် အမြတ်ဆုံး အသာလွန်ဆုံးဖြစ်သည်ဟု အနုဿဝပသာဒအရာ၌ ဧတဒဂ်ထားတော်မူပါသည်။

ဤသို့ ကာဠီသူဌေးသမီးသည် ဗုဒ္ဓါနုဿတိဘာဝနာကို အခြေခံကာ သောတာပန်ဟူသော အရိယာနယ်ရပ်သို့ ဆိုက်ကပ်သွားကြောင်း ဘုရားရှင်ဟောကြားတော်မူထားပေသည်။

*

## အခန်း ( ၂ )

## ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်များ

ဗုဒ္ဓါနုဿတိဘာဝနာကိုပွားများရာ၌ ရှေးဦးစွာ ဘုရားရှင်အား သဒ္ဓါကြည်ညိုစိတ်များဖြစ်ပွားထားနှင့်ရန် လိုအပ်၏။

မိမိတို့ကိုးကွယ်သည့် ဘုရားရှင်အပေါ်၌ သဒ္ဓါကြည်ညိုစိတ် ထက်သန်ပါမှ ဗုဒ္ဓါနုဿတိဘာဝနာကိုပွားများရာ၌ လေးလေးနက်နက် ရှိ၏။ ပါမောဇ္ဇ(ရွှင်လန်းခြင်း)၊ ပီတိ(ဝမ်းသာခြင်း)၊ ပဿဒ္ဓိ(ငြိမ်းအေးခြင်း) စသည်တို့အဖြစ်လွယ်၏။

ဘုရားရှင်ကို ကြည်ညိုနိုင်ရန် 'ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ၊ ဗုဒ္ဓကိုလည်းကြည်ညိုမည်' ဟူသော အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏သြဝါဒအတိုင်း မြတ်စွာဘုရား၏ကြည်ညိုဖွယ်အကြောင်းအရာတို့ကို အကျဉ်းချုပ်သိထားနှင့်ရန် လိုပေသည်။ ထို့ကြောင့် ဘုရားရှင်၏ဂုဏ်တော်ကျေးဇူးတော်များကို အကျဉ်းချုပ်တင်ပြပါမည်။

မြတ်စွာဘုရား၏ဂုဏ်တော်နှင့်ဉာဏ်တော်များကား 'အနန္တ ဂုဏာ၊ ဗုဒ္ဓဉာဏံ အပ္ပမေယျံ' ဟု မိလိန္ဒပဥှပါဠိတော်နှင့် အဋ္ဌသာလိနီအဋ္ဌကထာကျမ်းများ၌မိန့်ဆိုထားသည့်အတိုင်း ဤရွေ့ဤမျှဂဏန်းချ၍ ရေတွက်မရနိုင်လောက်အောင် အဆုံးအပိုင်းအခြားမရှိ များပြားလှပေရာ ဤ၌ ဗုဒ္ဓါနုဿတိဘာဝနာပွားများရာတွင် အထောက်အကူပြုနိုင်လောက်ရုံသာ ဖော်ပြမည်ဖြစ်၏။

ဘုရားရှင်၏ဂုဏ်တော်များကို အကျဉ်းချုပ်လိုက်လျှင်-

၁။ ရူပကာယဂုဏ်တော်နှင့်

၂။ နာမကာယဂုဏ်တော်-ဟူ၍ နှစ်မျိုးရှိသည်။

## ရူပကာယဂုဏ်တော်

ထိုတွင် ရူပကာယဂုဏ်တော်များမှာ မြေ၌နင်းသောအခါ ရွှေခြေနင်းပမာ ညီညာစွာထိသော ဖဝါးအပြင်ရှိခြင်း၊ ခြေဖဝါးတော်နှစ်ဖက်လုံး၌ အကန့်တစ်ထောင် အကွပ်ပုံတောင်းတို့နှင့်တကွ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာ ထင်ရှားစွာဖြစ်ပေါ်လျက်ရှိခြင်း၊ ရှည်လျားသော ဖနောင့်တော်, ရှည်သွယ်သောလက်ချောင်းတော်, ခြေချောင်းတော်ရှိခြင်း၊ ခြေဖဝါးလက်ဖဝါးတော်များ ချောမွေ့နုနယ်နူးညံ့တော်မူခြင်း၊ အသားအရေတော်မှာ ရွှေအဆင်းကဲ့သို့ဝါဝင်းနေသည့်အပြင် မြူမှုန်အညစ်အကြေးများပင် မလိမ်းမတင်နိုင်အောင် နူးညံ့သိမ်မွေ့တော်မူခြင်း၊ ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်မတ်သောကိုယ်တော်ရှိ၍ ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ကဲ့သို့ ပြည့်ဖြိုးသောရှေ့ပိုင်းကိုယ်ရှိခြင်း၊ တစ်သားတည်း ညီညာသောသွားတော်အစဉ်နှင့် သောက်ရှူးကြယ်ပမာ လွန်စွာဖြူဝင်း၍ အရောင်တလက်လက် လင်းထွက်နေသော စွယ်တော်လေးဆူရှိခြင်း၊ နဖူးတော်တွင် သင်းကျစ်ရွှေပြားတပ်စီထားဘိသကဲ့သို့ သင်းကျစ်တော်အသားပါရှိ၍ မျက်ခုံးတော်နှစ်ဖက်အလယ်ချက်တွင် ပေါက်လျက်ရှိသည့် နှစ်တောင်ခန့်ရှည်လျားသော ဥဏ္ဏာလုံမွေးရှင်တော်သည် နဖူးလယ်တွင် လက်ယာရစ်ခွေလည်ကာ အထက်သို့ အဖျားကော့လျက်တည်ရှိခြင်း စသော ထူးခြားဆန်းကြယ်သည့် (၃၂)ပါးသောလက္ခဏာတော်ကြီးများ ပါရှိတော်မူခြင်းဖြစ်၏။

ထို့ပြင် ရူပကာယတော်၌ လက်ချောင်းခြေချောင်းတော်များမှာ အကြားမတင်အောင် စေ့စပ်ပြည့်ဖြိုးခြင်း၊ အစဉ်အတိုင်း အဖျားသွယ်သွားခြင်း၊ ရွှေပွတ်တိုင်ကဲ့သို့ လုံးခြင်း၊ လက်သည်းခြေသည်းတော်များ ပတ္တမြားအသွေးကဲ့သို့ တွေးတွေးနီမြန်းခြင်း၊ ခြေချောင်းတော်များအားလုံး တညီတည်းရှိခြင်း၊ ပေါင်,လက်ရုံးတော်များ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းချောပြေခြင်း၊ ကိုယ်တော်မှာ ထက်-အောက်နံလျားတိုင်း၍ ထားဘိသကဲ့သို့ တသားတည်းညီညွတ်ခြင်း၊ ဝက်ခြံမှည့်ချေး တင်းတိပ်

ပွေး စသည်တို့မှကင်းခြင်း၊ နာခေါင်းတော်မှာ ရွှေချွန်းအသွင် မြိုးတက် ပေါ်လွင်ခြင်း။ သွားဖုံးတော်အစုံနှင့် နှုတ်ခမ်းတော်အစုံတို့ နီမြန်းနေခြင်း၊ ခံတွင်းတော်ရှည်လျားခြင်း၊ ရှည်လျားကျယ်ပြန့် နူးညံ့ပါးလွှာသော လျှာတော်ရှိခြင်း၊ လက်အရေးလက္ခဏာတော်များနက်ခြင်း၊ မျက်လုံး တော်ရှည်လျားကျယ်ပြန့်၍ ဝါ, ရွှေ, ဖြူ, နီ, နက် ဟူသော ငါးပါးသော အဆင်းဖြင့် ကြည်လင်ခြင်း။ မျက်တောင်များညီညာစွာကော့ညွတ်လျက် ရှိခြင်း၊ ရှည်လည်းရှည် နှစ်သက်ဖွယ်လည်းရှိသော နားတော်ရှိခြင်း၊ အဖုအထစ်မရှိ ပကတိချောမွေ့သောဦးခေါင်းတော်ရှိခြင်း။ ဦးခေါင်းတော် သည် ထီးဝန်းသဖွယ် လုံးဝိုင်းတင့်တယ်ခြင်း၊ ရှည်ပြန့်တင့်တယ်သော နဖူးတော်ရှိခြင်း၊ ဆံတော်ကောင်းစွာ မည်းနက်ခြင်း၊ ဦးထိပ်တော်၌ ရောင်ခြည်တော်တွေစုတက်ကာ ထွန်းဖြာလျက်ရှိသော ကေတုမာလာ အရောင်ရတနာဖြင့် ဆန်းကြယ်ခြင်း စသောထူးခြားဆန်းကြယ်သည့် (၈၀)သောလက္ခဏာတော်ငယ်များလည်း ပါရှိတော်မူ၏။

ဤကဲ့သို့ (၃၂)ပါးသော လက္ခဏာတော်ကြီး၊ (၈၀)သောလက္ခဏာ တော်ငယ်တို့နှင့်ပြည့်စုံနေသော ရှင်တော်ဗုဒ္ဓ၏ရူပကာယတော်ကို တစ်လံမျှလောက် အမြဲထွန်းတောက်လျက်ရှိသောရောင်ခြည်တော်ဝန်း ကလည်းကောင်း၊ အလိုရှိသောအခါ ကွန့်မြူးဖြာထွက်လာသော ရောင် ခြည်တော် ခြောက်သွယ်ကလည်းကောင်း၊ ရှုမဝ ဖူးမဝဖွယ် တင့်တယ် သောကျက်သရေကိုဆောင်လျက်ရှိနေပေရာ ဖူးမြင်ကြရသည့် လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ ဖူးမြင်၍မဝအောင်ရှိကြ၏။ ဤရူပကာယ ဂုဏ်တော်ကား ဘဂဝါဂုဏ်တော်တွင်ပါဝင်သော သိရီဘုန်းတော်ပင် ဖြစ်သည်။

## ရူပကာယတော်ကိုဖူးမြင်ရ၍ ကျွတ်တန်းဝင်သွားကြသူများ

ဤကဲ့သို့ တုနှိုင်းမရ ကျက်သရေမင်္ဂလာအဝဝတို့ဖြင့်ပြည့်စုံနေ သည့် ဗုဒ္ဓမြတ်စွာ၏ရူပကာယတော်ကို ဖူးမြင်ရသူပညာရှိမှန်သမျှ ဘုရားရှင်အား လွန်စွာကြည်ညိုသွားကြ၏။

## ပေါက္ခရသာတိပုဏ္ဏားကြီး

ထင်ရှားစေဦးအံ့။ 'ပေါက္ခရသာတိ'ပုဏ္ဏားဆရာကြီးသည် ရှင်တော်ဘုရား၏အကြောင်းကို တစ်စွန်းတစ်စကြားသိရသည့်အခါ တပည့်ကြီးအမ္ဗဋ္ဌလုလင်ကိုလွှတ်၍ ကြည့်ခိုင်းသည်။ အမ္ဗဋ္ဌပြန်ရောက်လာသည့်အခါ ပေါက္ခရသာတိပုဏ္ဏားဆရာကြီး ကိုယ်တိုင်လိုက်ကြည့်သည်။ လက္ခဏာတော်ကြီးငယ်အသွယ်သွယ်တို့နှင့် ပြည့်စုံတော်မူသည့် မြတ်စွာဘုရား၏ရူပကာယတော်ကိုဖူးမြင်ရလျှင် အလွန်ကြည်ညိုလှ၍ ဘုရားရှင်ထံတော်၌ သရဏဂုံခံယူတော့၏။ နောင်သောအခါ သောတာပန်ဖြစ်သွားသည်ဟု သုတ်သီလက္ခန်ပါဠိတော်၊ အမ္ဗဋ္ဌသုတ်၌လာရှိ၏။

## ဗြဟ္မာယုပုဏ္ဏားကြီး

မိထိလာပြည်တွင်နေထိုင်သော 'ဗြဟ္မာယု'မည်သည့် ပုဏ္ဏားပဏ္ဍိတ်ကြီးသည်လည်း မိထိလာပြည်တွင် စည်းစိမ်ချမ်းသာအရာ၌လည်း အကြွယ်ဝအချမ်းသာဆုံး၊ ဝေဒမန္တန်အတတ်ပညာ၌လည်း အတတ်မြောက်ဆုံး၊ အသက်(၁၂၀)ရှိပြီဖြစ်၍ အသက်အရွယ်လည်း အကြီးဆုံး၊ အခြံအရံလည်း အပေါများဆုံးဖြစ်သည်။ ထိုပုဏ္ဏား ပဏ္ဍိတ်ကြီးသည် ဘုရားရှင်၏ကျော်စောသတင်းကိုကြားရသည့်အခါ သူ၏တပည့်ကြီးဖြစ်သူ ဥတ္တရလုလင်ကိုခေါ်ကာ ရှင်ဂေါတမ၏သတင်းမှန်, မမှန်နှင့် ဝေဒကျမ်းဂန်လာ မဟာပုရိသလက္ခဏာတို့နှင့် ပြည့်စုံ, မပြည့်စုံတို့ကို စုံစမ်းရန်စေလွှတ်လိုက်သည်။

ဥတ္တရလုလင်သည် ဗုဒ္ဓရှင်တော်ဘုရား၏ထံတော်ပါးသို့ရောက်၍ ဗုဒ္ဓမြတ်စွာ၏ရုပ်လက္ခဏာတော်တို့ကို ဝေဒမန္တန်ကျမ်းနှင့် ညီ,မညီ စုံစမ်းရာ လွယ်လင့်တကူမြင်နိုင်သော လက္ခဏာတော်(၃၀)တို့မှာ ကျမ်းဂန်နှင့်ညီညွတ်ကြောင်းတွေ့ရှိရ၏။ လွယ်လင့်တကူ မမြင်နိုင်သည့် လျှာတော်လက္ခဏာနှင့် အင်္ဂါဇာတ်တော်လက္ခဏာနှစ်ပါးတို့ကိုမူ ဥတ္တရလုလင်၏ မြင်လိုသောစိတ်ဆန္ဒကိုသိတော်မူသည့်အတိုင်း ဘုရားရှင်ပြသတော်မူ၏။

ရှင်တော်ဗုဒ္ဓသည် လျှာတော်ကိုထုတ်တော်မူ၍ နားတော်နှစ်ဖက်တို့ထဲသို့ တစ်လှည့်စီသွတ်သွင်းသုံးသပ်ပြတော်မူခြင်းဖြင့် လျှာတော်၏ရှည်လျားကြောင်းကို ပြတော်မူ၏။ ဝဲယာနှာခေါင်းတော်နှစ်ဖက်ထဲသို့ လျှာတော်ကိုသွင်းပြခြင်းဖြင့် လျှာတော်၏နူးညံ့ပါးလွှာပုံကို ပြတော်မူ၏။ လျှာတော်ဖြင့် ရှည်လျားကျယ်ပြန့်သောနဖူးတော်ကို ဖုံးပြတော်မူခြင်းဖြင့် လျှာတော်၏ပြန့်ကျယ်ကြောင်းကို ပြတော်မူ၏။ အင်္ဂါဇာတ်တော်ကိုမူ တိုက်ရိုက်ပြ၍ မဖြစ်နိုင်သောကြောင့် အဝတ်တွင်း၌ရှိသော အင်္ဂါပုံသဏ္ဌာန်ကို (ဓာတ်ပုံပြသကဲ့သို့) အရိပ်မျှ တန်ခိုးဖြင့်ပြတော်မူ၏။ ထိုအခါမှ ဥတ္တရလုလင်သည် (၃၂)ပါးသောလက္ခဏာတော်ကြီးများ ပြည့်စုံကြောင်း သံသယကင်းစွာသိရှိသွား၏။

သို့သော် ဥတ္တရလုလင်သည် ဆရာကြီးက 'ဘယ်ပုံဘယ်နည်း နေထိုင်သလဲ'ဟုမေးလျှင် မဖြေနိုင်မည်စိုးသောကြောင့် မြတ်ဗုဒ္ဓ၏ နေပုံ၊ ထိုင်ပုံ၊ ကြွသွားတော်မူပုံ၊ ဆွမ်းဘုဥ်းပေးပုံ၊ သပိတ်ဆေးပုံ၊ ဆွမ်းအနုမောဒနာတရားဟောကြားပုံ၊ ပရိသတ်နှင့်ဆက်ဆံပုံ၊ ပြန်ကြွ၍ ကျောင်းတော်၌နေပုံ၊ သက်န်းဝတ်ပုံ စသည်တို့ကို ဆက်လက်စုံစမ်းရာ ခုနစ်လပင် ကြာသွားခဲ့သည်။ မြတ်စွာဘုရားအပေါ်၌ အပြစ်အနည်းငယ်မျှကိုပင် မတွေ့ရ။ တွေ့ရသမျှ ကြည်ညိုဖွယ်ရာချည်းသာဖြစ်၍ ဆရာကြီးထံ အမြန်ပြန်ပြီး ဗုဒ္ဓအစစ်ဖြစ်ကြောင်း ပြန်ပြောင်းပြောပြလေတော့၏။

နောက်ဆုံးတွင် ဥတ္တရလုလင်က 'အို ဆရာကြီး...၊ ထိုအရှင်ဂေါတမသည် ကျွန်တော် ယခုပြောပြခဲ့သောဂုဏ်များသာမက ထိုထက်များပြားလှသဖြင့် ပြော၍မကုန်အောင် များမြောင်သောဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူပါပေသည်'ဟု နိဂုံးအုပ်လိုက်၏။ ထိုအခါ ဗြဟ္မာယုအမည်ရှိသော ပုဏ္ဏားပဏ္ဍိတ်ကြီးသည် ထိုင်နေရာမှထ၍ အပေါ်ခြုံကို လက်ကန်တော့တင်၍ ဗုဒ္ဓမြတ်စွာရှိရာသို့ လက်အုပ်ချီကာ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ဟု

သုံးကြိမ်ရွတ်ဆိုရှိခိုးပြီး ဗုဒ္ဓရှင်တော်မြတ်နှင့် တွေ့ရမည့်အချိန်ကိုသာ စောင့်မျှော်နေတော့၏။

မကြာမီမှာပင် ဗုဒ္ဓမြတ်စွာ မိထိလာပြည်သို့ ကြွလာတော်မူကြောင်း ကြားသိရ၍ တပည့်တစ်ယောက်ကိုစေလွှတ်ပြီး တွေ့ခွင့်တောင်းရာ ဗုဒ္ဓအထံတော်မှ တွေ့ခွင့်ရသဖြင့် ပုဏ္ဏားပဏ္ဍိတ်အိုကြီးလည်း နောက်ပါ တပည့်များနှင့်အတူ ဘုရားရှင်ထံမှောက်သို့ ရောက်လာခဲ့ပေသည်။ ထိုအခါ ရှေ့ကရောက်နေနှင့်သော ပရိသတ်ကြီးသည် နေရာမှထကြကာ နေရာဖယ်ပေးကြသတဲ့။ ပဏ္ဍိတ်ကြီးက 'မဖယ်ကြပါနဲ့ မဖယ်ကြပါနဲ့၊ ထိုင်မြဲထိုင်နေကြပါ'ဟု ပြောကာ မြတ်ဗုဒ္ဓအနီး၌ သွားထိုင်ပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောကြား၏။

ထို့နောက် ဘုရားရှင်ကို စုံစမ်းကြည့်ရှုရာ တပည့်ဥတ္တရလုလင် ပြောကြားသည့်အတိုင်း (၃၂)ပါးသောလက္ခဏာတော်ကြီးများနှင့် ပြည့်စုံသည်ကိုတွေ့ရှိရ၍ ဗုဒ္ဓအစစ်အမှန်ဖြစ်ကြောင်း ဆုံးဖြတ်ပြီးလျှင် ဘုရားရှင်၏ဖိတ်ခေါ်ခွင့်ပြုချက်အရ ခက်ခဲသောပြဿနာရှစ်ချက်ကို မေးလျှောက်သည်။ ပြဿနာများကို မြတ်စွာဘုရားဖြေကြားပြီးသည့် အခါ ဗြဟ္မာယုပဏ္ဍိတ်ကြီးသည် နေရာမှထ၍ ဗုဒ္ဓရှင်တော်၏ခြေတော်သို့ အပေါ်၌ ဦးခေါင်းကိုချကာ ခြေတော်တို့ကို ပါးစပ်ခြင်းလည်းစုပ်၊ လက်တို့ဖြင့်လည်း အားရပါးရဆုပ်ကာ 'ဗြဟ္မာယုဆိုတာ တပည့်တော်ပါပဲ၊ ဗြဟ္မာယုဆိုတာ တပည့်ပါပဲ'ဟုလျှောက်ထားသတဲ့။ ဤသို့ ပြုလုပ်ခြင်းဖြင့် ပဏိပါတသရဏဂုံခံယူပြီးဖြစ်၏။

ထိုအခါ ပရိသတ်အားလုံးသည် 'ဤမျှလောက် ထင်ရှားကျော်ကြား၊ အခြံအရံများသည့် ပဏ္ဍိတ်ကြီးသည်ပင် သို့ကလောက် လွန်စွာရိုသေလေးစားပါကလား'ဟု လှုပ်လှုပ်ရွရွနှင့် တအံ့တသြပြောဆိုကြသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် ဒါနကထာစသည့် တရားတို့ကို ဟောစဉ်အတိုင်း ဟောကြားတော်မူပြီး သစ္စာလေးပါးဟူသော သာမုက္ကံသိကဒေသနာတော်ဖြင့် အဆုံးသတ်တော်မူရာ ဗြဟ္မာယု

ပုဏ္ဏားပဏ္ဍိတ်အိုကြီးမှာ အနာဂါမ်အရိယာဖြစ်သွားခဲ့သည်။ ထို့နောက် ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား ခုနစ်ရက်ပတ်လုံး ဆွမ်းပင့်ကပ်ခဲ့သည်။ ခုနစ်ရက်စေ့သောအခါ ဘုရားရှင်သည် ဝိဒေဟ တိုင်းသို့ ဒေသစာရီကြွချီတော်မူရာ ဘုရားရှင်ကြွ၍ မကြာမီမှာပင် စုတေသွားခဲ့ပေသည်ဟု မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဗြဟ္မာယုသုတ်၌ ဟောကြားထား၏။

**ဗာဝရီရသေ့ကြီး**

ထိုအတူ 'ဗာဝရီ'မည်သော ရသေ့ဆရာကြီးကလည်း မြတ်စွာ ဘုရား၏ကျော်စောသတင်းကိုကြားရသည့်အခါ (၃၂)ပါးသောလက္ခဏာ တော်ကြီးများနှင့် ပြည့်စုံ၊မပြည့်စုံကို အဇိတအမှူးရှိသော တပည့်ကြီး တစ်ဆယ့်ခြောက်ယောက်၊ တပည့်ငယ်ရသေ့ပေါင်း တစ်သောင်း ခြောက်ထောင်တို့ကို စေလွှတ်၍ ကြည့်စေသည်။ ထိုရသေ့အပေါင်းတို့ ဘုရားရှင်ထံမှောက်သို့ ရောက်ကြပြီး စုံစမ်းကြည့်ရှုရာ (၃၂)ပါးသော လက္ခဏာတော်ကြီးများနှင့် ပြည့်စုံသည်ကို တွေ့ရ၍ ဗုဒ္ဓစင်စစ် ဖြစ်ကြောင်း သိကြရသဖြင့် ဘုရားရှင်အား အဇိတ အမှူးရှိသော တပည့် ရသေ့ကြီး(၁၆)ယောက်တို့က အမေးပုစ္ဆာများ အသီးသီး မေးလျှောက် ထားကြသည်။ ရှင်တော်ဘုရားဖြေကြားမှု ပြီးဆုံးတော်မူသည့်အခါ ဗာဝရီရသေ့ဆရာကြီး၏တူတော်သူ ပိင်္ဂိယရသေ့မှတစ်ပါး ရသေ့ပေါင်း (၁၆ဝ၁၅)ယောက်တို့မှာ ဧဟိဘိက္ခုရဟန္တာချည်းဖြစ်သွားကြ၏။ ပိင်္ဂိယ ရသေ့မှာမူ ဦးရီးတော်ဗာဝရီရသေ့ဆရာကြီးအတွက် စိတ်မငြိမ်သက် ခဲ့သဖြင့် အနာဂါမ်မျှသာတည်ခဲ့သည်။

ပိင်္ဂိယပြန်ရောက်လာ၍ ဘုရားရှင်ဟောကြားသည့် တရားတော် တို့ကို ဗာဝရီရသေ့ကြီးအား ပြန်လည်ဟောကြားရာ ဗာဝရီရသေ့ကြီးမှာ အနာဂါမ်တည်သွား၍ ဟောကြားသူ ပိင်္ဂိယရဟန်းတော်မှာ ရဟန္တာ ဖြစ်သွားသည်ဟု သုတ္တနိပါတ်ပါဠိတော်၊ ပါရာယနဝဂ်၌ ဟောကြား တော်မူထားပေသည်။

**ဝေဒပါရဂူသေလဆရာကြီး**

ထို့ပြင် ဘုရားရှင်လက်ထက်တော်တွင် တပည့်လုလင်သုံးရာတို့အား ဝေဒကျမ်းများကို ပို့ချသင်ကြားပေးနေသည့် ဝေဒပါရဂူဆရာကြီးတစ်ဦးရှိ၏။ ‘သူသည် ‘သေလ’အမည်ရှိ၍ အာပဏနိဂုံးရွာကြီး၌နေထိုင်၏။ ဗေဒင်သုံးပုံတို့ကို ပါရဂူမြောက်တတ်သိ၍ ဗျာကရဏ်းကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့ကိုလည်း အကြွင်းမဲ့တတ်သိသည်။

တစ်နေ့တွင် သေလဆရာကြီးသည် ဘုရားရှင်ကိုဆွမ်းပင့်ကပ်မည့် ကေဏိယရသေ့ကြီးထံမှ ‘ဘုရားဆိုသောအသံကို ကြားသိရသည့်အခါ’ ဘုရားဆိုတဲ့အသံကိုပင် လောကမှာကြားဖို့ရာ ခဲယဉ်းလှပါတယ်၊ ယခု ကြားရပြီ၊ ငါတို့လည်း ဘုရားဖြစ်,မဖြစ်ကို စိစစ်နိုင်တဲ့ မဟာပုရိသလက္ခဏာကျမ်းကို တတ်သိထားတယ်၊ ဘုရားစစ်,မစစ် သွားစုံစမ်းမယ်’ဆိုပြီး ကေဏိယရသေ့ကြီးလမ်းညွှန်လိုက်သည့်အတိုင်း တပည့်သုံးရာနှင့်အတူ ဘုရားရှင်ထံတော်သို့သွားကြသည်။

ဘုရားရှင်ထံမှောက်သို့ရောက်၍ (၃၂)ပါးသောလက္ခဏာတော်ကြီးများနှင့် တင့်တင့်တယ်တယ်စံပယ်တော်မူနေသည့် ဘုရားရှင်ကို ဖူးမြင်ရသည့်အခါ ဤမျှလောက်ကျက်သရေရှိသောအရှင်မှာ ရဟန်းပြုနေလို့ ဘာအကျိုးရှိမှာလဲ၊ လေးကျွန်းလုံးကိုလွှမ်းဖုံးအုပ်စိုးနိုင်သော စကြာမင်းဖြစ်ဖို့ရာ ရုပ်လက္ခဏာတွေပြည့်စုံနေပါတယ်၊ ထို့ကြောင့် ‘ရဟန်းအဖြစ်၌ မနေဘဲ လူ့ဘောင်မှာနေ၍ မင်းတကာတို့ရှိခိုးဦးခိုက် ပူဇော်ထိုက်သော စကြာမင်းလုပ်တော်မူပါ’ဟုပင် လျှောက်ထားသတဲ့။

ထိုအခါ ဘုရားရှင်က ‘ငါဟာ မင်းတစ်ပါးပါပဲ၊ သမ္ဗုဒ္ဓလို့သိကြတဲ့ အတုမဲ့တရားမင်းဖြစ်တယ်’စသည်ဖြင့်ဟောကြားတော်မူရာ နောက်ဆုံး၌ သေလခေါ်သည့် ဝေဒပါရဂူကြီးသည် တပည့်သုံးရာနှင့်အတူ ဘုရားရှင်ထံ ရဟန်းပြုလိုက်ကြသည်။ မကြာမီမှာပင် ဆရာတပည့်အားလုံး ရဟန္တာဖြစ်သွားကြကြောင်း မဇ္ဈိမပဏ္ဏာသပါဠိတော်၊ သေလသုတ်၌ လေ့လာဖတ်ရှုရ၏။

အမ္ဗဋ္ဌလုလင်၊ ပေါက္ခရသာတိပုဏ္ဏား၊ ဗာဝရီဆရာကြီး၊ သေလဆရာကြီးတို့ကိုလည်း ဥတ္တရလုလင်နှင့် ပြဟ္မာယုဆရာကြီးတို့အား ပြသကဲ့သို့ လျှာတော်နှင့်အင်္ဂါဇာတ်တော်တို့ကို ပြသခဲ့ရသည်ဟု မှတ်သားရန်ဖြစ်သည်။

ဤကဲ့သို့ ထိုခေတ်ထိုအခါက လောကီရေးရာတွင်ထိပ်ခေါင်တင် ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့် ပုဏ္ဏားပဏ္ဍိတ်ကြီးများ၊ ဝေဒပါရဂူပုဏ္ဏားဆရာကြီးများပင် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်၏ ရူပကာယတော်ကိုဖူးမြင်ကြရသည့်အခါ အလွန်ကြည်ညိုသွားကြပြီး တပည့်ပေါင်းများစွာနှင့်အတူ ပေါ်တိက္ခရဟန္တာအဖြစ်သို့ ရောက်သွားကြသည်ကို ထိုထိုပါဠိတော်များ၌ လေ့လာဖတ်ရှုရပေသည်။

**ကျက်သရေဘုန်းဟုန်ချီးကျူးမကုန်**

ဗုဒ္ဓမြတ်စွာ၏ ကြည်ညိုဖွယ်ရာရူပကာယဂုဏ်တော်အကြောင်းကို ဆက်လက်တင်ပြပါဦးမည်။

မြတ်စွာဘုရား၏ ကိုယ်တော်တစ်ခုလုံးသည် ရှုမဆုံးမြင်မဆုံး သတ္တဝါအားလုံးတို့မှာ ဖူးမြော်၍မဝနိုင်အောင် ကျက်သရေတုံး ကျက်သရေစိုင်ကြီး ဖြစ်၍နေ၏။ အောက်ခြေဖဝါးအပြင်မှ ဦးခေါင်းတော်ပေါ် စုဝေးနေသော ကေတုမာလာ ရောင်လျှံတော်တိုင်အောင်၊ အထက်ရောင်လျှံမဏ်တော်မှ အောက်ခြေဖဝါးတော်အပြင်တိုင်အောင် ကိုယ်တော်မြတ်တစ်ကိုယ်လုံး၌ သတ္တဝါအားလုံးတို့၏ မျက်စိအရသာကို ဆောင်ပြီး ကြည်ညိုခြင်းသဒ္ဓါပန်းကို လန်းလန်းစွင့်စွင့် ပွင့်စေတတ်ကုန်သော ထူးမြတ်သည့်လက္ခဏာတော်အပေါင်း ခညောင်းနေသည့် မင်္ဂလာကျက်သရေတော်များကို သုဒ္ဓါဝါသ ပြဟ္မာပေါင်းအသင်္ချေတို့က ကျက်သရေဘွဲ့မင်္ဂလာဂါထာတော်တို့ဖြင့် သီဆိုကျူးရင့်ကြသော်လည်း ထိုပြဟ္မာကြီးများ သက်တမ်းကုန်၍ စုတေသွားကြသည့်အထိ ဘုရားရှင်၏ ကျက်သရေဘုန်းဂုဏ်များမှာ ကုန်ဆုံးနိုင်ဖွယ်ရာမရှိဖြစ်သည်ဟု ဆိုပေသည်။

ဤသို့ တစ်သောင်းသောလောကဓာတ်၌ ဘုန်းတန်ခိုးအလွန်ကြီးမားသော လူနတ်ဗြဟ္မာသတ္တဝါများလည်း ရှိကြ၏။ ကျက်သရေမင်္ဂလာရှိကြသည်ဟုဆိုကြသော နီလာ,မြသား,ပတ္တမြား,စိန်ကျောက်စသော အဖိုးတန်ရတနာအမျိုးမျိုးတို့လည်း ရှိကြ၏။ လှပတင့်တယ်ကျက်သရေမင်္ဂလာအသွယ်သွယ်နှင့်ပြည့်စုံသည်ဟု ခေါ်ဝေါ်နေကြသည့် မဉ္ဇူသကပန်း, ကက္ကုရပန်း, မန္ဒာဝရပန်း စသောပန်းလှမျိုးစုံတို့လည်း ရှိကြကုန်၏။ ယင်းသို့ လောက၌ရှိရှိသမျှသော အရာဝတ္ထုတို့၏ ကျက်သရေပေါင်းအမြောက်အမြားကို တစ်စုတည်းပုံစု၍ ရှင်တော်ဗုဒ္ဓ၏ရူပကာယတော်၌ရှိသော ကျက်သရေတော်နှင့် နှိုင်းယှဉ်ခဲ့သော် မြင့်မိုရ်တောင်ကြီးနှင့်မုန်ညင်းစေ့ပမာ လွန်စွာကွာခြားလျက်ရှိ၏။

ကိုယ်ရောင်တို့ဖြင့် တပြောင်ပြောင်ထွန်းလင်းတောက်ပ၍ ကျက်သရေမင်္ဂလာအဖြာဖြာတို့ဖြင့် တင့်တယ်ကြသည့် နတ်ဗြဟ္မာအပေါင်းတို့သည် မြတ်စွာဘုရား၏ထံတော်ပါးသို့ ခစားခိုလှုံလာကြသည့်ရှိသော် နေမင်းထွက်ပေါ်နေသော နေ့အခါတွင် ကြယ်တာရာရောင်တို့မှာ မထွန်းပြောင် မတောက်ပနိုင်သကဲ့သို့ ရှိကြ၏။ မိမိ၏ရုပ်အဆင်း တင့်တယ်လှပခြင်းဖြင့် ခေမာမိဖုရား၊ ဇနပဒကလျာဏီမင်းသမီးတို့ကဲ့သို့ မာန်ယစ်နေကြကုန်သူတို့သည်လည်း ဘုရားထံတော်မှောက်သို့ အဖူးအမြော်ရောက်လာကြသောအခါ အလှဂုဏ်မာန်ယစ်ခြင်းများ ပျောက်ကွယ်သွားကြရကုန်၏။

## ဖူးမြော်၍မဝပုံ ရူပကာယဂုဏ်

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၏ရူပကာယတော်ရှိ အင်္ဂါကြီးငယ်အသွယ်သွယ်တို့ကား ကာလကြာမြင့်စွာဆည်းပူးပြုလုပ်ခဲ့သည့် ကုသိုလ်ကံ၏အကျိုးပေးမှုကြောင့် နတ်လူဗြဟ္မာ သတ္တဝါအပေါင်းတို့ကြည်ညို၍မရောင့်ရဲနိုင် မတင်းတိမ်နိုင်လောက်အောင် အချိုးကျကျလှပတင့်တယ်လျက်ရှိကြသည်။

ရှည်မှ တင့်တယ်မည့်အင်္ဂါတို့သည် ရှည်ကြ၏၊ တိုမှ တင့်တယ်မည့် အင်္ဂါတို့သည် တိုကြ၏၊ ပြည့်ဖြိုးမှ တင့်တယ်မည့်အင်္ဂါတို့သည် ပြည့်ဖြိုးကြ၏၊ လျပ်ပါးသေးသွယ်မှ တင့်တယ်မည့် အင်္ဂါတို့သည် လျပ်ပါးသေးသွယ်ကြ၏၊ ကြီးမားခန့်ညားမှ တင့်တယ်မည့်အင်္ဂါတို့သည် ကြီးမားခန့်ညားကြ၏၊ လုံးမှ တင့်တယ်မည့်အင်္ဂါတို့သည် လုံးကြကုန်၏။ ဤကဲ့သို့ ရူပကာယတော်၏ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသည့်အရာတွင် အထွတ်အထိပ်သို့ရောက်တော်မူသော မြတ်စွာဘုရားသည် လူ,နတ်,ပြဟ္မာသတ္တဝါအပေါင်းတို့ ဖူးမြင်၍မဝနိုင်သည့် (၃၂)ပါးသော ယောကျ်ားမြတ်လက္ခဏာဟူသော သိရိဘုန်းတော်နှင့်ပြည့်စုံတော်မူသည်ဟု ဟောကြားထား၏။

ဥပမာအားဖြင့် တံခါး(တုရိုဏ်)တိုင်ကြီးကို ရတနာအမျိုးမျိုးတို့ဖြင့် အမွှမ်းတင်ဆင်ယင်ထားဘိသကဲ့သို့ ရွှေအဆင်းကဲ့သို့ ဝါဝင်းတောက်ပသည့်အဆင်းရှိသော မြတ်စွာဘုရား၏ရူပကာယတော်ကြီးမှာ လက္ခဏာကြီး, လက္ခဏာငယ် အသွယ်သွယ်သောရောင်ခြည်တော်တို့ဖြင့် တန်ဆာဆင်ထားရကား ကျက်သရေအတိ ပြည့်လျက်ရှိနေပေ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ရူပကာယတော်ကို ဖူးမြင်ကြရသောအခါ မျက်စိပသာဒ မျက်စိအရသာရှိလှသဖြင့် မည်သူမျှ မျက်နှာလွှဲ၍မရကြကုန်၊ ရှင်တော်ဗုဒ္ဓ၏ရူပကာယတော်ကိုသာ ဖူးမြော်ကြည်ညို၍နေကြရ၏။

လူရိုင်းများနှင့် တောသားတိရစ္ဆာန်များသည်ပင်လျှင် ရှင်တော်ဗုဒ္ဓ၏ရူပကာယတော်ကိုဖူးမြော်ရလျှင် မျက်စိအရသာရှိလှသဖြင့် အခြားအာရုံကိုဂရုမစိုက်နိုင်ဘဲ မြတ်စွာဘုရား၏ရူပကာယအာရုံထဲ၌သာလျှင် စွဲလမ်းစူးစိုက်၍နေကြရ၏။

ထို့ကြောင့် 'ဗုဒ္ဓသရီရံ=မြတ်စွာဘုရား၏ရူပကာယတော်သည်။ မိဂပက္ခီနံ=သား,ငှက်တို့၏။ စက္ခူနိပိ=မျက်စိတို့ကိုပင်သော်လည်း။ ပိဏာယတိ=နှစ်သက်စေနိုင်၏။ ဒေဝမနုဿာနံ=နတ်လူတို့၏မျက်စိတို့ကိုမူကား။ ပဂေဝပိဏာယတိ=အဘယ်မှာ မနှစ်သက်စေနိုင်ဘဲရှိပါအံ့နည်း–ဟု သုတ်သီလက္ခန်အဋ္ဌကထာ၌ မိန့်ဆိုထားခြင်းဖြစ်၏။

မှန်၏။ အစာဆာလောင်မွတ်သိပ်လှသဖြင့် သားကောင်ကိုလိုက်၍ နေသောကျားသည် မြတ်စွာဘုရားကို တွေ့မြင်လျှင် အစာဖြစ်သော သားကောင်ကို သတိမရနိုင်တော့ဘဲ ရပ်တန့်ကာ မြတ်စွာဘုရား၏ ကျက်သရေကို ကြည့်ရှုငေးမော၍သာနေရ၏။ ထိုအတူ ကျားလိုက်သဖြင့် ပြေး၍နေသော သားသမင်သည်လည်း မြတ်စွာဘုရားကိုမြင်လျှင် ကျားတည်းဟူသောဘေးရန်ကိုပင် အမှတ်မရနိုင်တော့ဘဲ ပြေးနေသော ခြေလက်တို့ကိုတန့်ကာ မြတ်စွာဘုရားကိုသာ ရှုမျှော်ငေးကြည့်၍ နေရသတဲ့။

အယုတ်ဆုံးအားဖြင့် ထိုခေတ်ထိုချိန်အခါက မြတ်စွာဘုရားကို ရန်ငြိုးထား၍ ရန်ဘက်ပြုနေကြကုန်သည့် တိတ္ထိတို့သည်ပင် မြတ်စွာဘုရားကို တွေ့မြင်ကြရသည့်အခါ သဒ္ဓါတရားမဖြစ်ပွားကြစေကာမူ ဘုရားရှင်၏ ကြည်ညိုဖွယ်ရာ ကျက်သရေမင်္ဂလာတော်နှင့်ပြည့်စုံသော ရူပကာယတော်၏အဆွဲဓာတ်ကြောင့် မကြည့်ရှုဘဲ မနေနိုင်ကြချေ။ သို့သော် မစ္ဆရိယတရားကြီးမားကြကုန်သဖြင့် မိမိတို့ထက် မနိုင်းယှဉ်သာနိုင်အောင် သာလွန်သည့် ဘုရားရှင်၏အသရေတော်ကို ဝန်တိုကြကုန်၏။

## ကြည်ညိုဖွယ်ရာအမူအရာအဖြာဖြာ

ဗြဟ္မာယုပုဏ္ဏားပဏ္ဍိတ်ကြီးသည် တပည့်ကြီးဥတ္တရလုလင် တွေ့မြင်ခဲ့ရသည့် မြတ်ဗုဒ္ဓ၏ကြည်ညိုဖွယ်ရာ အမူအရာများကို မရှိုမ ပဏ္ဍာသပါဦးတော့၊ ဗြဟ္မာယုသုတ်လာအတိုင်း ဆက်လက်တင်ပြပါ ဦးမည်။

အရှင်ဂေါတမသည် သွားရန်ခြေလှမ်းသည့်အခါတိုင်း ညာဘက်ခြေကိုသာ ပထမစတင်လှမ်းလေ့ရှိ၍ လှမ်းလိုက်သည့်ခြေကို မဝေးလွန်း မနီးလွန်း ချလေ့ရှိ၏။ မမြန်လွန်းမနှေးလွန်း ကြွသွား၍ ဒူးဆစ်ချင်း ခြေမျက်စိချင်းလည်း မထိခိုက်မိပေ။ ပေါင်ကိုမြှောက်ပြီးလည်း သွားလေ့ မရှိ။ ပေါင်ကိုနောက်သို့လည်း မဆုတ်နစ်စေပါ။ ပေါင်ကိုတောင့်တောင့်

ကြီးလည်းမဖြစ်စေ၊ ဟိုဘက်သည်ဘက်လှုပ်ရှားပြီးလည်း သွားလေ့မရှိပါချေ။

ထိုထိုဤဤ ကြွတော်မူသည့်အခါတိုင်း အောက်ပိုင်းကိုယ်တော်ကသာလှုပ်၍ အထက်ပိုင်းကိုယ်တော်မှာ လှေပေါ်၌တင်ထားသော ဆင်းတုရုပ်ကဲ့သို့ မလှုပ်မယှက် ငြိမ်သက်နေပါသည်။ လက်မောင်းကိုလည်း လှုပ်ယမ်းသွားလေ့မရှိ။ နောက်သို့ ကြည့်ခွင့်ကြုံလာလျှင်လည်း လည်ပင်းကို နောက်ပြန်လှည့်၍မကြည့်ဘဲ တစ်ကိုယ်လုံးလှည့်၍ ကြည့်ရှုလေ့ရှိသည်။ အပေါ်ကို မော်ကြည့်၍ဖြစ်စေ၊ အောက်သို့ငုံ့ကြည့်၍ဖြစ်စေ၊ ဘေးကိုကြည့်ရှု၍ဖြစ်စေ သွားလေ့သွားထမရှိဘဲ ထမ်းပိုးတစ်ပြန်စာ လေးထောင့်ထွာလောက်အရပ်ကိုသာ ကြည့်လေ့ရှိ၏။ ထို့ထက်လွန်သည့်အရပ်ကိုမူ ဉာဏ်ဖြင့်သိတော်မူပါသည်။

ဒကာဒကာမများ၏အိမ်ထဲသို့ ဝင်တော်မူသည့်အခါ ကိုယ်တော်ကို မြှင့်၍လည်းမဝင်၊ ကုန်း၍လည်း မဝင်ပါ။ ထိုင်တော်မူသည့်အခါ၌လည်း နေရာထိုင်နှင့် မနီးမဝေးတွင် ကိုယ်ကိုလှည့်၍ ထိုင်တော်မူလေ့ရှိ၏။ နေရာကို လက်ထောက်၍ဖြစ်စေ၊ ကိုယ်တော်ကိုပစ်ချ၍ဖြစ်စေ ထိုင်တော်မမူဘဲ ညင်ညင်သာသာထိုင်လေ့ရှိပါသည်။ အိမ်ထဲ၌ လက်လှုပ်ခြေလှုပ်မှုကိုလည်း မပြုပါ။ ဒူးဆစ်တစ်ခုပေါ် ဒူးဆစ်တစ်ခု၊ ဖမျက်တစ်ခုပေါ် ဖမျက်တစ်ခု ထပ်တင်၍လည်းကောင်း၊ လက်ဖြင့်မေးကိုထောက်၍လည်းကောင်း ထိုင်တော်မူလေ့မရှိပါ။ တွေးတောကြောက်ရွံ့နေသည့်အမူအရာ၊ ဆုတ်နစ်နေသောအမူအရာ၊ တုန်လှုပ်နေသောအမူအရာ၊ ယာဟုဆွမ်း၌တပ်မက်သောအမူအရာမျိုးမရှိဘဲ ဆိတ်ငြိမ်မှု၌သာ စိတ်ညွတ်ကာနေတော်မူပါသည်။

ဘုရားရှင်အား ဆွမ်းကပ်ခါနီးတွင် ဒကာများက သပိတ်ဆေးဖို့ ရေကိုယူလာ၍ သပိတ်ထဲလောင်းထည့်သည့်အခါ သပိတ်ကိုအထက်မြှင့်၊ အောက်နိမ့်၊ ဘေးစောင်းမပြုဘဲ လက်နှစ်ဖက်ဖြင့်ကိုင်ပြီး မမြင့်မနိမ့် အနည်းငယ် ရှေ့သို့စောင်းပြီးယူလေ့ရှိ၏။ ရေကိုလည်း မနည်းလွန်း

မများလွန်းဘဲ သင့်လျော်ရုံ ခံယူ၏။ သပိတ်ကို ရေသံမမြည်အောင် ဆေး၍ သပိတ်ဆေးရေကို မနီးမဝေးမှာပဲသွန်၏။ သပိတ်ကို မြေ၌ချပြီး လက်တို့ကို ဆေးလေ့မရှိပါ။ သပိတ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက် လက်ဆေးပြီးဖြစ်တော့၏။

ဆွမ်းကိုခံယူသည့်အခါ၌လည်း ရေကိုခံယူစဉ်ကကဲ့သို့ သပိတ်ကို တည့်တည့်ထားပြီး အနည်းငယ်စောင်းကာ မနည်းလွန်းမများလွန်း ခံယူပါသည်။ ဟင်းကိုလည်း ဆွမ်းနှင့်မျှတရုံ(ဆွမ်းလေးပုံတစ်ပုံမျှသာ) ခံယူ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆွမ်းလည်းမပို၊ ဟင်းလည်း မလိုပါ။ နှစ်ကြိမ်သုံးကြိမ်မျှ လျှာပေါ်၌ ကြိတ်ချေလှည့်ပတ်ပြီး မျိုချလေ့ ရှိပါသည်။ ထမင်းလုံးကလေး တစ်လုံးတလေမျှ ခံတွင်းထဲ၌ မကျန်ရစ်ပါ။ အာဟာရကိုဘုဉ်းပေးသုံးဆောင်သည့်အခါ၌လည်း ရသတဏှာနှင့် အရသာခံ၍ သုံးဆောင်ခံစားလေ့မရှိ။ ခန္ဓာကိုယ်တည်တံ့ရုံ၊ မျှတနိုင်ရုံ၊ သာသနာတော်ကိုချီးမြှောက်နိုင်ရုံ ဆင်ခြင်၍ ဘုဉ်းပေးသုံးဆောင်တော်မူလေ့ရှိ၏။ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ ရှေးနည်းအတိုင်း သပိတ်ဆေး ရေကိုခံယူ၍ သပိတ်တော်ကို ဆေးပြီးသုတ်ကာ မနီးမဝေးမှာချထားပြီး တစ်ခဏမျှ တိတ်တိတ်ဆိတ်ဆိတ် သီတင်းသုံးနေတော်မူ၏။

ပရိသတ်စုံသည့်အခါ ဆွမ်းကပ်သူတို့ဝမ်းမြောက်ဖွယ်ရာ တရား စကားကို ဟောကြားတော်မူ၏။ တရားဟောရာတွင် 'ဒကာ၊ ဒကာမများ ကပ်သည့် ဆွမ်း,ဟင်း,ခဲဘွယ်,ဘောဇဉ်များနှင့်ပတ်သက်၍ ချီးကျူးမှု ကဲ့ရဲ့မှုတစ်စုံတစ်ခုကိုမပြောဘဲ တရားသဘောသက်သက်ကိုသာ ဟောပြီး ပြန်ကြွတော်မူပါသည်။

နေရာမှထ၍ ပြန်ကြွသည့်အခါ မနေးမမြန်ကြွတော်မူ၏။ ကိုယ်တော်၌ဝတ်ရုံထားသည့်သင်္ကန်းသည် ဘေးမှအထက်သို့လည်း မြင့်တက်မနေ၊ ခြေမျက်စိတိုင်အောင်လည်း လျှောကျမနေ၊ ကိုယ်၌လည်း ကပ်၍မနေ၊ ကိုယ်မှကွာ၍ ပွတာတာလည်းဖြစ်မနေ။ ကိုယ်တော်မှသင်္ကန်း ကွာသွားအောင် လေလည်း မတိုက်နိုင်ပေ။ ကိုယ်တော်၌ မြူမှုန်လည်း

မလိမ်းကပ်ပေ။ ကျောင်းတော်သို့ ရောက်သည့်အခါ အဆင်သင့် ခင်းထားသည့် နေရာ၌ထိုင်၍ ခြေဆေးတော်မူပါသည်။ ခြေဆေးရာ၌ ခြေကို အိုးခြမ်းစသည်ဖြင့်တိုက်၍ လှပအောင် ဆေးသည်မဟုတ်၊ ခြေအချင်းချင်းပွတ်၍သာ ဆေးတော်မူ၏။ ခြေတော်ဆေး ပြီးနောက် တင်ပလ္လင်ဖွဲ့ခွေ၍ ကမ္မဋ္ဌာန်းထိုင်သကဲ့သို့ ထိုင်နေတော်မူပါသည်။

အရှင်ဂေါတမသည် မိမိဆင်းရဲအောင်လည်း အားမထုတ်၊ သူတစ်ပါး ဆင်းရဲအောင်လည်း အားမထုတ်ဘဲ မိမိသူတစ်ပါး နှစ်ဦးသားတို့၏ အစီးအပွားနှင့် လောကသားတို့၏အစီးပွားများကို ကြံစည်စဉ်းစား၍သာနေတော်မူဟန်ရှိပါသည်။

ထို့နောက် ကျောင်းတိုက်သို့ရောက်လာသည့် ပရိသတ်အား တရားဟောကြားပြန်ပါသည်၊ ထိုသို့ တရားဟောတော်မူရာ၌ တရားနာ ပရိသတ်ကို မြှောက်လည်း မမြှောက်ပါ။ နှိမ့်ချပြောဆိုခြင်းလည်း မပြုပါ။ တရားသဘောသက်သက်ဖြင့်သာ အားတက်ရွှင်လန်းလာအောင် ဟောကြားတော်မူပါသည်။ အသံတော်မှာ အင်္ဂါရှစ်ပါးရှိ၍ ပရိသတ်များလျှင် များသလောက် ပရိသတ်၏အထက်မှာ ပျံ့ဝဲနေသည်။ ပရိသတ်၏အပြင်ဘက်သို့ ပျံ့နှံ့ထွက်မသွားပါ။

တရားတော်ပြီးဆုံးသွားသောအခါ ပရိသတ်များသည် ဦးခေါင်းပေါ်၌ လက်အုပ်တင်ကာ အရှင်ဂေါတမကို ဖူးမြော်၍ နောက်ဆုတ်သွားကြပြီးလျှင် မမြင်လောက်မှ ဦးချ၍ နာပြီးသောတရားတော်၏ ဂုဏ်ကျေးဇူးများကိုပြောကြားလျက်သွားကြပါသည်၊ 'ဆရာကြီး၊ အခု ကျွန်တော်ပြောခဲ့သမျှသည် ကျွန်တော် ခုနစ်လတာ လေ့လာတွေ့ရှိခဲ့ရသည့် အရှင်ဂေါတမ၏ဂုဏ်တော်များဖြစ်ပါသည်။ အမှန်စင်စစ် အရှင်ဂေါတမ၏ဂုဏ်တော်များမှာ ထိုထက်မက များပြားလှပါသည်'ဟု ဥတ္တရလုလင်က သူ့ဆရာဗြဟ္မာယုပုဏ္ဏားပဏ္ဍိတ်ကြီးအား ပြန်ကြားပြောဆိုသည်ကို မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဗြဟ္မာယုသုတ်၌ ဟောကြားတော်မူထားပေသည်။

## ဆွမ်းခံကြွပုံ ကြည်ညိုဖွယ်အစုံစုံ

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဆွမ်းခံချိန်တန်သောအခါ သင်္ကန်း, သပိတ်တို့ကို ပြင်တော်မူ၍ တစ်ခါတစ်ရံ တစ်ပါးတည်းကြွတော်မူ၏။ တစ်ခါတစ်ရံ သံဃာတော်အပေါင်းခြံရံကာ ကြွတော်မူ၏။ တစ်ခါတစ်ရံ တန်ခိုးအဘိညာဉ်ကိုမစီရင်ဘဲ ပကတိကိုယ်တော်အတိုင်း ကြွတော်မူ၏။ တစ်ခါတစ်ရံ တန်ခိုးပြာဋိဟာဖြင့် ကြွတော်မူ၏။

တန်ခိုးပြာဋိဟာဖြင့်ကြွတော်မူပုံမှာ ဆွမ်းခံကြွတော်မူသော မြတ်စွာဘုရားရှေ့တော်မှ လေပြည်လေညင်းတို့ တိုက်ခတ်၍ မြေအပြင်ကို သုတ်သင်ရှင်းလင်းပေးသောအားဖြင့် တံမြက်လှည်းကြ၏။ မိုးနတ်သားတို့ကလည်း မိုးသေးမိုးဖွဲတို့ကိုအသာအယာဆွတ်ဖြန်းပေး၍ မြူမှုန်တို့ကို သိပ်စေကုန်၏။ အဆင်းအမျိုးမျိုးရှိသော မိုးတိမ်မိုးသားတို့သည်လည်း မြတ်စွာဘုရားကြွတော်မူရာသို့ ဗိမာန်မျက်နှာကျက်ပမာ ဖြန့်မိုးကာလိုက်ကြပါ၏။

အချို့သောလေတို့သည် ပန်းတို့ကိုဆွဲ၍ ကြွတော်မူရာလမ်းခရီး၌ ဖြန့်ကြဲစေကာ ပန်းမွေ့ရာခင်းကြကုန်၏။ မြင့်သောမြေပြင်တို့သည် နိမ့်ကြသကဲ့သို့ နိမ့်သောမြေပြင်တို့သည် မြင့်ကြ၏။ နင်းတော်မူသောအခါ မြေသည် ညီညွတ်နူးညံ့စွာခံလင့်၏။ အတွေ့နူးညံ့သော ပဒုမ္မာကြာပန်းတို့သည် ခြေလှမ်းတိုင်းခြေလှမ်းတိုင်း မြေမှပေါ်လာကာ ခံလင့်ကြ၏။

မြို့တံခါး ရွာတံခါးခုံအတွင်းသို့ ညာခြေတော် နင်းမိသည်နှင့် တစ်ပြိုင်နက် ကိုယ်တော်မှထွက်သောရောင်ခြည်တော်တို့သည် ဆွမ်းခံဝင်တော်မူရာ တစ်မြို့လုံး တစ်ရွာလုံး၌ရှိသော အထွတ်ရှိပြာသာဒ်, အထွတ်မရှိပြာသာဒ်, ဘုံငါးဆင့်, ဘုံခုနစ်ဆင့် စသည်ရှိသော များစွာသော တိုက်အိမ်အဆောက်အအုံအားလုံးတို့ကို ရဲရဲညီးမှုန်စွဲ၍ ထွန်းလင်းကြကုန်၏။ ထိုတိုက်အိမ်အဆောက်အအုံတို့မှာ ရွှေရည်တို့ဖြင့်လိမ်းကျံထားကုန်၊ ဆန်းကြယ်သောကမ္ဗလာတို့ဖြင့် လွှမ်းခြုံ၍ထားကုန်၊ ရတနာ

အမျိုးမျိုးတို့ဖြင့် စီခြယ်ဆင်ယင်၍ ထားကုန်ဘိသကဲ့သို့ ဖြစ်ကြကုန်၏။ ရောင်ခြည်တော်တို့သည် လမ်းသေးလမ်းမွား, တိုက်ခန်း, အိမ်ခန်း မကျန်မကြွင်းရလေအောင် ထိုမှဤမှ ပျံ့သန်းကွန့်မြူးကြကုန်၏။ ဆင်, မြင်း, ကျေးငှက် စသောတိရစ္ဆာန်တို့သည်လည်း ရောင်ခြည်တော်ကို တွေ့မြင်ကြရသောအခါ ပျော်ပျော်ပါးပါး သာယာရွှင်မြူးစွာ ရင့်ကျူး အော်မည်ကြကုန်၏။ စည်, စောင်း, ညှင်း စသောတူရိယာတို့သည်လည်း မတီးမမှုတ်ကြကုန်ဘဲ အလိုလိုသာယာစွာ မည်ကြကုန်၏။

ဤသို့သောအထိမ်းအမှတ်ဖြင့် ယနေ့ မြတ်စွာဘုရား ငါတို့မြို့ရွာသို့ ဆွမ်းခံကြွလာတော်မူပြီဟု လူတို့သိကြ၏။ ထိုအခါ လူအပေါင်းတို့သည် ကောင်းစွာဝတ်စားဆင်ယင်ကြပြီး ပန်းနံ့သာလက်စွဲကြကုန်လျက် အိမ်မှထွက်၍ ကြွလာတော်မူသော မြတ်စွာဘုရားကို ပန်းနံ့သာစသည်တို့ဖြင့်ပူဇော်ကြကာ ဆွမ်းဖြင့် ဖိတ်မန်ခြင်းပြုကြ၏ဟု သုတ်သီလက္ခန် အဋ္ဌကထာ၊ ပြဟ္မဇာလသုတ်အဖွင့်၌မိန့်ဆိုထားပေသည်။

အထူးသဖြင့် ဘုရားရှင်တို့ကြွတော်မူသောအခါ ခြေဖဝါးတော် တစ်ချက်တစ်ချက်အကြွမှ ဖြစ်ပေါ်လာသောကျက်သရေတော်တို့သည် ပင်လျှင် ရှုမြင်၍မဆုံးနိုင်အောင်ရှိ၏။ နီမြန်းသောခြေဖဝါးတော် တစ်လှမ်း တစ်လှမ်း အကြွအကြွမှာ ဟုန်းခနဲဟုန်းခနဲနီသော မီးပန်းတို့သည် ထ၍တောက်ကုန်ဘိသကဲ့သို့ ခြေဖဝါးတော်မှ နီသောရောင်ခြည်တော် တို့သည် ဝင်းခနဲဝင်းခနဲ ထွက်ကြကုန်၏။ မျက်တောင်တော် တစ်ချက် တစ်ချက်အခတ်မှာ လျှပ်ပစ်သကဲ့သို့ မျက်လုံးတော်တို့မှလည်း လင်းခနဲ လက်ခနဲ ရောင်ခြည်တော်တို့သည်ထွက်ကြကုန်၏။ ဤကဲ့သို့ ခြေတော် တစ်လှမ်း, မျက်တောင်တော်တစ်ခပ်, လက်တော်တစ်ခါအသိမ်း, ကိုယ်တော်ကိုတစ်ခါယိမ်းလျှင် ကုဋေအသိန်းမကသော ကျက်သရေ တော်တို့ဖြစ်ကြလေရာ ဗုဒ္ဓမြတ်စွာ၏ သီရိဘုန်းတော်နှင့်ပြည့်စုံသည့် ရူပကာယတော်မှာ ဖူးမြင်ရသူတို့အဖို့ ကြည်ညို၍မဆုံး ကျက်သရေ တုံးကြီးဖြစ်၍နေပေတော့သည်။

**မျက်စိဝှက် နားဝှက် ကုသိုလ်ဟုန်**

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် (၇)ဝါမြောက် ဝါဆိုခါနီးတွင် သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာ ပြတော်မူပြီးသည့်အခါ တာဝတိံသာနတ်ပြည်သို့ ဝါဆိုတော်မူရန် ကြွတော်မူ၏။ ထိုအခါ လောကဓာတ်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်း တို့ မြတ်စွာဘုရားထံတော်ပါးသို့ ဆည်းကပ်ခစားလာကြကုန်၏။ ကုဋေပေါင်းရှစ်သောင်းမျှလောက်ကုန်သော နတ်,ပြဟ္မာတို့တွင် တစ်စုံ တစ်ဦးသော နတ်ပြဟ္မာမျှလည်း မြတ်စွာဘုရား၏အဆင်းသရေတော် ထက် ပိုလွန်တင့်တယ်ခြင်းမရှိ၊ မြတ်စွာဘုရားတစ်ပါးတည်းကသာ အလုံးစုံသောနတ်ပြဟ္မာတို့၏အဆင်းသရေကို လွှမ်းမိုးအုပ်ချုပ်၍ သာလွန် တင့်တယ်တော်မူ၏။

တာဝတိံသာတွင် တစ်ဝါတွင်းလုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူ၍ ဝါကျွတ်သောနေ့တွင် ဘုရားရှင်တို့၏ကျက်သရေ တော်ဖြင့် တာဝတိံသာမှ သင်္ကဿမြို့သို့ ဆင်းကြွတော်မူရာတွင် ထူးဆန်းအံ့ဩဖွယ်သောကျက်သရေတော်တို့ဖြစ်ပေါ်ကုန်၏။ ထိုအချိန် တွင် သင်္ကဿမြို့နှင့် တာဝတိံသာသည် စောင်းတန်းကြီးသုံးသွယ် အားဖြင့် ရွှေလမ်း,ငွေလမ်း,ပတ္တမြားလမ်းပေါက်လျက်ရှိ၏။ မြတ်စွာ ဘုရား၏ တန်ခိုးအားဖြင့် အထက်ဘဝဂ် အောက်အဝီစိ ဗိလာ စကြဝဠာပေါင်းထောင်ပေါင်းများစွာကို အပိတ်အပင်အတားအဆီးမရှိ ဟင်းလင်းပွင့်ပြီး တပြင်တည်းသာဖြစ်ကြ၏။ လူ နတ် ပြဟ္မာတို့ အချင်းချင်းမြင်ကြကုန်၍ လောကကြီးတစ်ဝှမ်းလုံးနှင့် ဆိုင်သော ပွဲသဘင်ကြီးဖြစ်၏။

ဗုဒ္ဓမြတ်စွာသည် ရောင်ခြည်တော်ခြောက်သွယ်ကိုလွှတ်ပြီးလျှင် အလယ်ဖြစ်သော ပတ္တမြားစောင်းတန်းဖြင့်သက်ဆင်းတော်မူ၏။ နတ်တို့ သည် လက်ယာဘက်ရွှေစောင်းတန်းဖြင့် သက်ဆင်းလာကြသကဲ့သို့ ပြဟ္မာများကလည်း လက်ဝဲဘက်ငွေစောင်းတန်းဖြင့် သက်ဆင်းလိုက်ပါ

လာကြ၏။ ပြဟ္မာမင်းကြီးက မြတ်စွာဘုရားအား ထီးဖြူဆောင်း၍ သုယာမာနတ်သည် သားမြီးယပ်ကို တလွှဲလွှဲခပ်ပေး၏။ မာတလိ နတ်သားက ပန်းနံ့သာတို့ဖြင့်ပူဇော်၍ ပဉ္စသိခနတ်သားသည် ဗေလုဝ နတ်စောင်းကိုတီးကာ လိုက်ပါ၏။

ဤသို့ အနန္တလောကဓာတ်၏ကျက်သရေအမျိုးမျိုးကို တန်ခိုးဖြင့် နှိမ်နင်း၍ တာဝတိံသာမှသက်ဆင်းတော်မူလာသည့် မြတ်စွာဘုရားကို အရှင်သာရိပုတ္တရာမထေရ်သည် သင်္ကဿမြို့စောင်းတန်းဦးမှ ခရီးဦး ကြိုဆိုကာ 'ဤကဲ့သို့ ကျက်သရေတော်ကြီးမားစွာနှင့် ကြွလာတော်မူ သည့် ရှင်တော်ဘုရားကို ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မြင်လည်း မမြင်ဖူး၊ ကြားလည်း မကြားဖူးပါချေ'ဟု ချီးကျူးစကား ပြောကြား ရလေသည်။

မြတ်စွာဘုရား၏အဆင်းတော်သည်သာ သတ္တလောကကြီး၏ အလယ်၌ တင့်တယ်သောကျက်သရေကြီးဖြစ်သည်မဟုတ် အသံတော် သည်လည်း သတ္တလောကကြီး၏အလယ်၌ လွန်စွာကျက်သရေရှိလှ ပေသည်။ မြတ်စွာဘုရား၏အသံတော်သည် ပြဟ္မာမင်း၏အသံကဲ့သို့ သန့်ရှင်းခြင်း၊ သိသာလွယ်ခြင်း၊ သာယာခြင်း၊ နားထောင်ကောင်းခြင်း၊ လုံလုံလဲလဲရှိ(လုံး)ခြင်း၊ ဖရိုဖရဲမရှိခြင်း(ဝါ)တရားနာပရိသတ်၏ အပြင် ဘက်သို့ မထွက်ခြင်း၊ နက်ကဲခြင်း(ဝါ)အသံတော်မတိမ် အရှိန်အား ကောင်းခြင်း၊ ပဲ့တင်ထပ်ခြင်းဟူသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၏။

လောကတွင် ကရဝိက်ငှက်မင်း၏အသံသည် သာယာငြိမ့်ညောင်း အလွန်နားထောင်၍ကောင်းလှ၏။ ကရဝိက်ငှက်မင်း၏တောင်ပံကို ရိုက်ခတ်၍ တွန်ကျူးလိုက်သည့်အသံကိုကြားရသော သားမျိုးသတ္တဝါ တို့သည် အသံ၌ယစ်ကာ သတိလစ်၍သွားကြသတဲ့။

မှန်၏။ ခြင်္သေ့, သစ်, ကျား စသောသားရဲတို့လိုက်၍ သေဘေးမှ ကြောက်ရွံ့ပြေးလွှားကြသည့် သမင်, ဒရယ် စသော သတ္တဝါငယ် တို့သည် ကရဝိက်ငှက်မင်း၏အသံကိုကြားရသည့်အခါ ချထားသည့်

ခြေကိုလည်း မကြွ၊ ကြွထားသည့်ခြေကိုလည်း မချဘဲ သေဘေးကို မေ့သွားကာ ကရဝိက်ငှက်မင်း၏အသံကိုသာ တန့်ရပ်နားထောင် နေကြ၏။ နောက်မှလိုက်လာကြသည့် ခြင်္သေ့, သစ်, ကျား စသည့် သားရဲသတ္တဝါတို့သည်လည်း ထို့အတူ အစာကိုသတိမရကြတော့ဘဲ ငှက်မင်းအသံကိုသာ တန့်ရပ်နားထောင်နေကြ၏။

ကောင်းကင်၌ပျံသန်းနေဆဲ ငှက်တို့သည်လည်း အတောင်ဖြန့်ကာ ရပ်တန့်နားထောင်နေကြသကဲ့သို့ ရေ၌ကျက်စား ငါးသတ္တဝါတို့သည်လည်း နားလှာကိုမလှုပ်ကြဘဲ ကရဝိက်ငှက်မင်း၏အသံကိုသာ တန့်ရပ်နားထောင်နေကြ၏။ ဤကဲ့သို့ ကရဝိက်ငှက်မင်း၏အသံသည် ချိုမြိန်သာယာလှ၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏အသံတော်ကား ထို ကရဝိက်ငှက်မင်း၏အသံထက် အဆအရာအထောင်မက ပိုမိုသာလွန်၍ ချိုမြိန်သာယာလှသည်ဟု ဗုဒ္ဓဝံသအဋ္ဌကထား၌ မိန့်ဆိုထား၏။

ဤသို့ မျက်စိအရသာကိုဆောင်သော ရူပါရုံအမျိုးမျိုးတို့တွင် မြတ်စွာဘုရား၏အဆင်းတော်ကျက်သရေသည် အလွန်အကဲဆုံးဖြစ်၏။ ထို့အတူ နား၏အရသာကိုဆောင်သော သဒ္ဒါရုံအမျိုးမျိုးတို့တွင် မြတ်စွာဘုရား၏အသံတော်ကျက်သရေသည် အလွန်ကဲဆုံးဖြစ်၏။ မြတ်စွာဘုရား၏အဆင်းတော်ကျက်သရေသည် ဖူးမြင်ရသူသတ္တဝါတို့အား ဒဿနာနုတ္တရိယကုသိုလ်ထူးကို ဖြစ်ပွားစေနိုင်သကဲ့သို့ အသံတော် ကျက်သရေသည်လည်း ကြားနာရသူ သတ္တဝါတို့အား သဝနာနုတ္တရိယ ကုသိုလ်ထူးကို ဖြစ်ပွားစေနိုင်၏။ ဤသို့လျှင် ကြည့်ညိုဖွယ်ရာ မြတ်စွာ ဘုရား၏အဆင်းတော် အသံတော်များသည် လောက၌ ရခဲကြုံခဲလှ သော ဒုလ္လဘကျက်သရေတော်ကြီးများဖြစ်ပေ၏။

ဤသည်မှာ စာပေကျမ်းဂန်လာ မြတ်စွာဘုရား၏အဆင်းတော် အသံတော် ကျက်သရေများဖြစ်၏။ စာပေကျမ်းဂန်အားဖြင့် အဆင်းတော် အသံတော်ကျက်သရေများကိုရေးသားရသည်ဆိုသော်လည်း ပကတိ အဆင်းတော်အသံတော်များကို အပုံတစ်သိန်းစိတ်၍ တစ်စိတ်မျှမီအောင်

ရေးသားချီးမွမ်းနိုင်ကြသည် မဟုတ်ချေ။ ထိုပကတိအဆင်းတော်၊ အသံတော်များကို ဖူးမြင်ကြားနာခဲ့ကြသောသူတို့သည် ရှေးကုသိုလ် အဟုန်များ၍ ဘုန်းကံကြီးမားသောသူတို့သာဖြစ်ကြ၏။

## ကျက်သရေမျိုးစုံသာလွန်ပုံ

ကျက်သရေအမျိုးမျိုးပြိုင်ဆိုင်၍ ဤနေရာ၌ မြတ်စွာဘုရား၏ ကျက်သရေတော်ကသာလွန်ကြောင်းကိုလည်း အရှင်အာနန္ဒာမထေရ် ၏လျှောက်ထားချက်အရ သိရသေးသည်။ ထိုအချိန်မှာ မြတ်စွာဘုရား သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ညနေချမ်းတွင် နေမင်းလည်း မဝင်သေး၊ လမင်းကလည်း ထွက်ပြူနေစအချိန်ဖြစ်သည်။

ထိုအချိန်တွင် သာဝတ္ထိပြည့်ရှင် ကောသလဘုရင်ကြီးကလည်း ရတနာအမျိုးမျိုးတို့ဖြင့်ထိန်ထိန်တောက်နေသော မင်းမြောက်တန်ဆာ တို့ကိုဆင်ယင်၍ မြတ်စွာဘုရားထံတော်ပါး၌ ခစားနေ၏။ အရှင် ကာဠုဒါယီမထေရ်ကြီးကလည်း ဗုဒ္ဓမြတ်စွာ၏မနီးမဝေးမှာ ဈာန်ဝင်စား ကာ ရဟန္တာတို့၏ ကျက်သရေဖြင့် နေတော်မူ၏။ မထေရ်မြတ်၏ ကိုယ်ရေအဆင်းမှာ ရွှေရောင်အဆင်းကဲ့သို့ ဝင်းဝါလှပနေ၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်သည် 'ဝင်ခါနီးနေမင်းကြီး၏ကျက်သရေ၊ ထွက်ပြူ ခါစ လပြည့်ဝန်း၏ကျက်သရေ၊ မင်းမြောက်တန်ဆာတို့ဖြင့် ထိန်ထိန် တောက်နေသော ကောသလမင်းကြီး၏ကျက်သရေ၊ ဈာန်သမာပတ် ဝင်စား၍နေသော ရဟန္တာမထေရ်၏ ကျက်သရေတို့ကို ကြည့်ရှု ပြီးလျှင် မြတ်စွာဘုရား၏ကျက်သရေတော်ကို ဖူးမြော်ရသောအခါ အလုံးစုံသောကျက်သရေတို့ထက် သာလွန်နေသည်ကိုမြင်ရ၍ သဒ္ဓါ ကြည်ညိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာရကား 'ဘုန်းတော်ကြီးသော အရှင်ဘုရား၊ နေ,လ,ဘုရင်,ရဟန္တာအရှင်တို့၏ ကျက်သရေအရောင် အဝါတို့ထက် အရှင်မြတ်၏ ကျက်သရေတော်ကသာလျှင် လွန်ကဲပါပေ သည်'ဟု လျှောက်ထားသတဲ့။

ထိုအခါ ကျက်သရေများသခင်ဘုရားရှင်က–

ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာ ဘာတိစန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

–ဟူသောဂါထာကို ဟောကြားတော်မူ၏။

ဂါထာ၏အနက်မှာ–

'အာဒိစ္စော=ရောင်ခြည်တစ်ထောင် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်။ ဒိဝါ=နေ့အခါ၌သာလျှင်။ တပတိ=ထွန်းလင်းကျက်သရေ တင့်တယ်လေ၏။ စန္ဒိမာ=ယုန်ဖြူလနန်း သော်တာစန်းသည်။ ရတ္တိံ=ညဥ့်အခါ၌သာလျှင်။ အာဘာတိ=ထွန်းလင်းကျက်သရေ တင့်တယ်လေ၏။ ခတ္တိယော=ရေမြေသေဋ္ဌနင်း ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ=ရတနာစိန်ကျောက် ထိန်ထိန်တောက်သည့် မင်းမြောက်တန်ဆာ ဆင်ယင်ခါမှသာလျှင်။ တပတိ=ထွန်းလင်းကျက်သရေ တင့်တယ်လေ၏။ ဗြာဟ္မဏော=ကိလေသာကုန်ခန်း ရဟန္တာအရှင်မြတ်သည်။ ဈာယီ=အဘိညာဉ်ဝင်စား ဈာန်ကစားမှသာလျှင်။ တပတိ=ထွန်းလင်းကျက်သရေ တင့်တယ်လေ၏။ အထ=စင်စစ်ကေန် အမှန်သော်ကား။ ဗုဒ္ဓေါ=ကျက်သရေများထွတ်တင် ဘုရားရှင်သည်သာလျှင်။ တေဇသာ=ငါးမျိုးသောတန်ခိုးကျက်သရေအမျိုးမျိုးတို့ဖြင့်။ သဗ္ဗမဟောရတ္တိံ=နေ့ရောညပါ ဘယ်အခါမဆိုင်း အချိန်တိုင်းပင်။ တပတိ=ထွန်းလင်းကျက်သရေ တင့်တယ်တော်မူပါပေ၏။ [ရတ္တိမာဘာတိ–ကို ရတ္တိံ အာဘာတိ–ဟုပုဒ်ခွဲပါ]။

ဆည်းပူးခဲ့စုံ ကုသိုလ်ဟုန် စုပြုံအကျိုးပေး

ဤကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် တုနှိုင်းမရ ဖူးမြော်၍မဝနိုင်သည့် ရူပကာယဂုဏ်တော်နှင့် ပြည့်စုံတော်မူခြင်းမှာ သာမန်ပုဂ္ဂိုလ်တို့ကဲ့သို့ သေးသိမ်သောကံပါရမီတို့ကြောင့် ပြည့်စုံတော်မူသည် မဟုတ်ချေ။ ကပ်ကမ္ဘာအသင်္ချေပေါင်းများစွာတို့က ဖြည့်ကျင့်ဆည်းပူးတော်

မူခဲ့သည့် ပါရမီမျိုးစုံကုသိုလ်ဟုန်တို့သည် တစ်ချိန်တည်းပေါင်းဆုံ၍ အကျိုးပေးတော်မူကြသဖြင့်သာ ဤကဲ့သို့ တုနှိုင်းမရ အနန္တအပ္ပမေယျ ဖြစ်သော ရူပကာယဂုဏ်တော်ကို ရရှိတော်မူခြင်းဖြစ်သည်။ ကပ်ကမ္ဘာ အသင်္ချေပေါင်းများစွာ ဆည်းပူးဖြည့်ကျင့်တော်မူခဲ့သော ပါရမီတော် တို့သည် ဘုရားဖြစ်တော်မူမည့်နောက်ဆုံးဘဝတွင် မြတ်စွာဘုရား သန္တာန်တော်၌ ဇနက, ဥပထမ္ဘကကိစ္စတို့ဖြင့်စုပုံ၍ အကျိုးပေးကြသဖြင့် ဤမျှကြီးကျယ်သော ရူပကာယဂုဏ်တော်ကြီးကို ရရှိတော်မူခြင်းဖြစ် ပေသည်။

ဥပမာပြရလျှင် တကွဲတပြားစီရှိနေသော ထင်း,မီးအပေါင်း အသင်္ချေတို့ကို တစ်ပုံတစ်စုတည်းပေါင်းစုံပြီးလောင်စေသော မီးပုံ မီးတောက်ကြီးကဲ့သို့လည်းကောင်း၊ စကြဝဠာတစ်ခု၌ တစ်ဝန်းစီ တစ်ဝန်းစီ ထွန်းတောက်ပနေသော လမင်းပေါင်းအသင်္ချေတို့ကို တစ်ပေါင်းတည်းစု၍ သာစေသောလရောင်ကဲ့သို့လည်းကောင်း၊ မြောင်းပေါင်းအသင်္ချေတို့မှ စီးဆင်းရမည့်ရေတို့ကို တစ်စုတဝေးတည်း ပေါင်းစည်းပြီး မြစ်ကြီးတစ်ခုတည်းသို့လွှတ်လိုက်သည့် ရေအဟုန် လျှဉ်ကြီးကဲ့သို့လည်းကောင်း၊ ဘဝတစ်ခုတည်း၌ပေါင်းစု၍ အကျိုးပေး ကြသော ပါရမီတော်တို့အကျိုးဖြစ်သော ရူပကာယကျက်သရေတော်၏ ကြီးမားမြင့်မြတ်ပုံကို သိနိုင်ပေသည်။

အားလုံးခြုံ၍ဆိုရသော် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏မျက်နှာတော် စသောကိုယ်အင်္ဂါအစိတ်အပိုင်းဟူသမျှ၌ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သည့် ဒါန၊ သီလ စသော ပါရမီတော်တို့သည် တစ်ကိုယ်လုံးလွှမ်းခြုံထားဘိသကဲ့သို့ဖြစ်၏။ ပါရမီတော်အမွှေးအကြိုင်တို့ဖြင့် တစ်ကိုယ်လုံးကို မွှမ်းထုံ၍ထားသကဲ့ သို့ ဖြစ်နေပေသည်။

*

# အခန်း ( ၃ )

## နာမကာယဂုဏ်တော်

ဗုဒ္ဓမြတ်စွာ၏ လူ့လောကဝယ် ရုပ်လက္ခဏာအားဖြင့် အသာဆုံး ဖြစ်ပုံ(ဝါ)အတုမဲ့ယောကျ်ားမြတ်ဖြစ်ပုံ ရူပကာယဂုဏ်ကို အသင့်အတင့် စုံလင်အောင် တင်ပြခဲ့ပြီးပေပြီ။

ယခုအခါ နာမ်ဓာတ်အရာ၌ အတုမဲ့ ယောကျ်ားမြတ်ဖြစ်ပုံ နာမကာယဂုဏ်ကို မကျဉ်းမကျယ် မှတ်သားဖွယ်ကောင်းသလောက် ဆက်လက်တင်ပြပါမည်။

မြတ်စွာဘုရား၏ နာမကာယဂုဏ်တော်များမှာ အလွန်များပြားလှ ပါသည်။ အကျဉ်းချုပ်ဆိုရသော် အဓိသီလဂုဏ်၊ အဓိစိတ္တ(သမာဓိ) ဂုဏ်၊ အဓိပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြစ်၏။ အကျယ်အားဖြင့် ဝိသုဒ္ဓိ(၇)ပါး၊ အသာဓာရဏဉာဏ်တော်(၆)ပါး၊ အာဝေဏိကဂုဏ်တော်(၁၈)ပါး၊ ဉာဏ်တော်အား(၁၀)ပါး (ဒသဗလ ဉာဏ်တော်)စသည်ဖြင့် အလွန်များလှ၏။ ထိုတွင် မြတ်စွာဘုရား၏ ဝိသုဒ္ဓိ(၇)ပါးကို ရှေးဦးစွာဖော်ပြပါမည်။

### ဝိသုဒ္ဓိ ခုနစ်ပါး၊ ရထား ခုနစ်စီး

ဝိသုဒ္ဓိ–ဆိုသည်မှာ စင်ကြယ်ခြင်း (ဝါ) စင်ကြယ်သောဉာဏ်ဟု အဓိပ္ပာယ်ရသည်။ ထိုဝိသုဒ္ဓိသည် (၁) သီလဝိသုဒ္ဓိ၊ (၂) စိတ္တဝိသုဒ္ဓိ၊ (၃) ဒိဋ္ဌိဝိသုဒ္ဓိ၊ (၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ (၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ (၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ (၇) ဉာဏဒဿနဝိသုဒ္ဓိ ဟူ၍ ခုနစ်ပါး ရှိ၏။ ဤဝိသုဒ္ဓိ ခုနစ်ပါးသည် ခရီးသွားရထားကြီးခုနစ်စီးနှင့်တူသည်ဟု မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၊ ရထဝိနီတသုတ်၌ဟောကြား တော်မူထားသည်။

သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလဘုရင်ကြီးသည် သာဝတ္ထိမြို့တော်မှ တစ်စုံတစ်ခုသောကိစ္စဖြင့် သာကေတမြို့သို့ ကြွချီလိုသည့်အတွက် သာဝတ္ထိမြို့တော်နှင့် သာကေတမြို့တို့အကြားတွင် တစ်စင်းပြီးတစ်စင်း ဆက်လက်စီးရန် ရထားကြီးခုနစ်စီးကို အစဉ်အတိုင်း စီစဉ်ထား၏။

ရှေးဦးစွာ သာဝတ္ထိမြို့တံခါးမှအထွက်တွင် ပထမရထားကိုစီး၍ ကြွတော်မူ၏။ ဒုတိယရထားရှိသည့်နေရာသို့ရောက်သည့်အခါ ပထမရထားကိုစွန့်ခွာ၍ ဒုတိယရထားသို့ပြောင်းစီး၏။ တတိယရထားရှိသည့်နေရာသို့ရောက်သည့်အခါ တတိယရထားသို့ ပြောင်းစီး၏။ ဤနည်းအတိုင်း စတုတ္ထရထား၊ ပဉ္စမရထား၊ ဆဋ္ဌမရထားတို့ကို ဆက်လက်စီးပြီး သတ္တမရထား ရှိသည့်နေရာသို့ ရောက်သည့်အခါ သတ္တမရထားကိုစီး၍ သာကေတမြို့သို့ ဆိုက်ရောက်ခဲ့သည်။

ထိုနည်းတူစွာ နိဗ္ဗာန်ရွှေမြို့တော်ကြီးသို့ အရောက်သွားလိုသော ယောဂီပုဂ္ဂိုလ်သည်လည်း ပထမဆုံး သီလဝိသုဒ္ဓိရထားကို စီး၍ သွားရ၏။ နောက် စိတ္တဝိသုဒ္ဓိရထား၊ ဒိဋ္ဌိဝိသုဒ္ဓိရထား၊ ကင်္ခါဝိတရဏဝိသုဒ္ဓိရထား၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိရထား၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိရထား၊ ဉာဏဒဿန ဝိသုဒ္ဓိရထားတို့ကို အစဉ်အတိုင်း အဆင့်ဆင့်စီးသွားလျှင် မိမိရောက်လိုသည့်နိဗ္ဗာန်ရွှေမြို့တော်ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သည်ဟု ဟောတော်မူထားလေသည်။

**မြတ်စွာဘုရား၏ ဝိသုဒ္ဓိခုနစ်ပါး**

**၁။ သီလဝိသုဒ္ဓိ**- ဘုရားအလောင်းတော်သည် အနော်မာမြစ်ကမ်း၌ ရဟန်းပြုပြီးလျှင် ဒုစရိုက်တို့မှ ထိန်းသိမ်းစောင့်ရှောက်ခြင်း သံဝရသီလကိုဆောက်တည်မှုပြုတော်မူခဲ့၏။ ထို သံဝရသီလဆိုသည်မှာ ကာယဒုစရိုက်သုံးပါးမှရှောင်ကြဉ်ခြင်း၊ ဝစီဒုစရိုက်လေးပါးမှရှောင်ကြဉ်ခြင်း၊ မကောင်းယုတ်မာသောအသက်မွေးမှု မိစ္ဆာဇီဝတို့မှရှောင်ကြဉ်ခြင်းဟူသော ရှစ်ပါးသော အာဇီဝဋ္ဌမကသီလပင်ဖြစ်၏။

မျက်စိ,နား,နှာ စသည့် ဣန္ဒြေခြေါက် တံခါးကြီးခြောက်ပေါက်တို့ကို လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်မှုဟူသော ဣန္ဒြိယသံဝရသီလမှာလည်း သာမန်လူသားများကဲ့သို့ အသစ်ကြိုးကုတ် ပြုပြင်အားထုတ်ရန်မလို ပင်ကိုယ်ကပင် ပြီးစီးပြီးသားဣန္ဒြေတို့ကို စောင့်စည်းထိန်းသိမ်းပြီးသား ဖြစ်တော်မူ၏။ ဖော်ပြခဲ့သော အာဇီဝဋ္ဌမကသီလဖြင့်ပင် အသက်မွေးမှု စင်ကြယ်ခြင်း အာဇီဝပါရိသုဒ္ဓိသီလလည်း ပြီးစီးပြီးသားဖြစ်တော်မူ၏။

ပစ္စည်းလေးပါးဟူသောအကြောင်းကြောင့် ဖြစ်ပေါ်သည့် ကိလေသာတရားတို့ကိုပယ်ရှားဖို့ရန် ကျင့်ကြံအားထုတ်ဆင်ခြင်ရသော ပစ္စယသန္နိဿိတအတွက်လည်း အထူးအားထုတ်ဖွယ်မလို၊ တောထွက် တော်မူခါနီးကပင် ပစ္စည်းနှင့်စပ်သည့် တဏှာလောဘဦးစီးသော အကုသိုလ်ကိလေသာစုကို တဒင်္ဂပဟာန်အနေအားဖြင့် ပယ်ရှားပြီးဖြစ် တော်မူသည်။ ဤကဲ့သို့ အလောင်းတော်သူမြတ်၏သန္တာန်၌ပင် အာဇီဝဋ္ဌမကသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယ သန္နိဿိတသီလဟူသော စင်ကြယ်သောသီလနှင့်ပြည့်စုံခြင်းသည် အလောင်းတော်သူမြတ်၏သီလဝိသုဒ္ဓိဖြစ်၏။

၂။ **စိတ္တဝိသုဒ္ဓိ**- ကာမစ္ဆန္ဒနီဝရဏ စသော ကိလေသာအညစ် အကြေးတို့မှ စိတ်၏သန့်ရှင်းစင်ကြယ်ခြင်းသည် စိတ္တဝိသုဒ္ဓိမည်၏။ သမထကမ္မဋ္ဌာန်းကိုအားထုတ်၍ ဥပစာရသမာဓိကို ရလျှင်ပင် နီဝရဏတို့မှစင်ကြယ်ပြီးဖြစ်၍ စိတ္တဝိသုဒ္ဓိဖြစ်ပေပြီ။ အပ္ပနာ သမာဓိသို့ရောက်ပြီး ဈာန်ကိုရပါမူ ဆိုဖွယ်ရာမရှိ စိတ္တဝိသုဒ္ဓိ ကောင်းစွာ ဖြစ်တော့၏။ ဘုရားလောင်းသည် အာဠာရဂိုဏ်းဆရာကြီး၊ ဥဒက ဂိုဏ်းဆရာကြီးတို့၏အထံ၌ဖြစ်ပွားစေခဲ့သော သမာပတ်ရှစ်ပါး။ လောကီ အဘိညာဉ်ငါးပါးတို့မှာ ဒုက္ကရစရိယာခြောက်နှစ်ကြာကျင့်သုံးနေစဉ် ကာလ၌ အသုံးမပြုသည့်ရွှေခွက်ကြီးပမာ အညစ်အကြေးလိမ်းကျံ နေသည့်အလား မှေးမှိန်လျက်ရှိကြ၏။ ဘုရားဖြစ်မည့်နေ့၌ သုဇာတာ သူဌေးကတော်၏ ဃနာနို့ဆွမ်းကိုဘုဉ်းပေးတော်မူပြီး အင်ကြင်းတော၌

တစ်နေ့လုံး သီတင်းသုံးတော်မူသောအခါ ရထားခဲ့သည့် သမာပတ်ရှစ်ပါး၊ အဘိညာဉ်ငါးပါးတို့ကို တစ်ဖန်ထပ်၍ဖြစ်စေတော်မူသောအားဖြင့် စိတ်ကိုသန့်ရှင်းစင်ကြယ်စေတော်မူသည်။ ဤသမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတရားများသည် အလောင်းတော်သူမြတ်၏စိတ္တဝိသုဒ္ဓိဖြစ်သည်။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ- ဤခန္ဓာကိုယ်၌နာမ်နှင့်ရုပ်မှတစ်ပါး အတ္တဟူသည် မရှိဟု သိသောဉာဏ်သည် အတ္တဒိဋ္ဌိဟူသောအညစ်အကြေးမှ စင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ အလောင်းတော်သူမြတ်သည် အင်ကြင်းတော၌ တစ်နေ့လုံးသီတင်းသုံးတော်မူပြီး ညနေချမ်းအခါ မဟာဗောဓိမဏ္ဍိုင်သို့ကြွရောက်၍ အပရာဇိတပလ္လင်၌ သီတင်းသုံးတော်မူကာ နေမဝင်မီ မာရ်နတ်မင်း၏ရန်ကို အောင်တော်မူသည်။ ထို့နောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ဖြစ်စေလျက် နာမ်ရုပ်နှစ်ပါးတို့၏ဖြစ်ဟန်ကို ကောင်းစွာသိမြင်၍ သက္ကာယဒိဋ္ဌိနှစ်ဆယ်ကို ဖျောက်ပယ်ဖြိုခွဲတော်မူသည်။ ဤသည်မှာ အလောင်းတော်သူမြတ်၏ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပေသည်။

**၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ-** ထို့နောက် မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုအဘိညာဉ်လျှင် အခြေခံရှိသော ယထာကမ္မူပဂဉာဏ်တော်ဖြင့် ကံအားလျော်စွာလာရောက်ကြသော သတ္တဝါတို့ကို ရှုမြင်လျက် ကံနှင့် ကံ၏အကျိုးတရားတို့ကို ပြတ်သားရှင်းလင်းစွာ သိမြင်တော်မူရကား ယုံမှားခြင်းများကင်းစင်သွားလေသည်။ ဤကား အလောင်းတော်သူမြတ်၏ ကင်္ခါဝိတရဏဝိသုဒ္ဓိပေတည်း။

**၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-** နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဟုတ်သည်, မဟုတ်သည်ကို သိသောဉာဏ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟုခေါ်၏။ အလောင်းတော်သူမြတ်သည် ညဉ့်၏နောက်ပိုင်းအချိန်ဖြစ်သည့် ပစ္ဆိမယံတွင် ပဋိစ္စ

သမုပ္ပါဒ် အင်္ဂါတစ်ဆယ့်နှစ်ပါး၌ ဉာဏ်တော်သက်ဝင်ပြီး ကလာပ သမ္မသနဉာဏ်မှစ၍ အနိစ္စာနုပဿနာ (မမြဲဟုရှုမြင်ခြင်း)၊ ဒုက္ခာ နုပဿနာ (ဆင်းရဲဟုရှုမြင်ခြင်း)၊ အနတ္တာနုပဿနာ(အတ္တမရှိဟု ရှုမြင် ခြင်း)စသော အနုပဿနာခုနစ်ပါးကို အခြေခံပြုကာ ရုပ်နာမ်ဓမ္မတို့၏ အဖြစ်အပျက်ကိုရှုမြင်သည့် ဥဒယဗ္ဗယဉာဏ်ကို ဖြစ်ပွားစေတော်မူ၏။ ထိုအခါ အလောင်းတော်သူမြတ်အား အရောင်အလင်းစသော ဝိပဿနာ ညစ်ညူးကြောင်း(ဝိပဿနုပက္ကိလေသ)တရားတို့ ဖြစ်ပွားလာခဲ့၏။

အလောင်းတော်၏အရောင်အလင်းမှာ တစ်ပါးသူတို့၏အရောင် အလင်းကဲ့သို့ တစ်ကွက်တစ်ကွင်း တစ်စိတ်တစ်ဒေသသာ လင်းသည် မဟုတ်ချေ။ ကိုယ်တော်မြတ်မှထွက်သော အရောင်အလင်းတို့မှာ အောက်အရပ်မျက်နှာတွင် မြေထု, ရေထု, လေထုတို့ကို ရွှေရောင် အဆင်းဝါဝင်းအောင်ပြုကြ၍ အောက်အဇဋာကာသ ဟင်းလင်းအပြင် သို့ သက်ဝင်ပြေးသွားကြ၏။ အထက်အရပ်၌လည်း ဘဝဂ်တိုင်အောင် ရွှေရောင်အဆင်း ဝါဝင်းအောင်ပြုကြ၍ အထက်အဇဋာကာသ ကောင်းကင်ဟင်းလင်းအပြင်သို့ သက်ဝင်ပြေးသွားကြ၏။ ဖီလာအရပ် မျက်နှာအားဖြင့်လည်း စကြဝဠာတိုက်တစ်သောင်းကို ထွန်းလင်း စေလျက် အနန္တစကြဝဠာအနှံ့ ပြေးသွားကြလေသည်။

အလောင်းတော်သူမြတ်သည် ထိုဝိပဿနာညစ်ညူးကြောင်း တရားများ မိမိသန္တာန်၌ဖြစ်ပေါ်လာသောအခါ 'ဒီတရားတွေဟာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကိုရဖို့ရန် လမ်းကြောင်းမဟုတ် ကုန်၊ ဝိပဿနာညစ်ညူးကြောင်းတွေသာဖြစ်ကြတယ်။ ငါအားထုတ် ရင်းဖြစ်တဲ့ ဥဒယဗ္ဗယဉာဏ်စသည်တို့သာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တွေကိုရဖို့ရန် လမ်းကောင်းလမ်းမှန်တွေဖြစ်တယ်'ဟု စဉ်းစားဆင်ခြင် သိမြင်တော်မူပြီးလျှင် မိမိ၏စိတ်ကို ဝိပဿနာညစ်ညူး ကြောင်းတရားတို့၌ တွယ်တာငြိကပ်ခွင့်ကိုအလျင်းမပေးဘဲ ဝိပဿနာ အာရုံသို့သာ ရှေးရှုညွှတ်စေတော်မူသည်။ [တရားအားထုတ်သူ

မသိမလိမ္မာသောပုဂ္ဂိုလ်အချို့သည် အလင်းရောင်စသော ဝိပဿနာ ညစ်ညူးကြောင်းတရားများဖြစ်ပေါ်လာသည့်အခါ ထိုတရားများကိုပင် မဂ်ပဲဖိုလ်ပဲဟု အထင်မှားကာ မူလကမ္မဋ္ဌာန်းကိုစွန့်လွှတ်၍ ထိုတရား များကိုပင် သာယာတပ်မက်၍ နေတတ်ကြ၏။]

ဤသို့ အလောင်းတော်သူမြတ်၏သန္တာန်၌ အလင်းရောင်စသည့် ဝိပဿနာညစ်ညူးကြောင်းတရားများ ဖြစ်ပွားလာသောအခါ ထိုတရား တို့၌ သာယာတပ်မက်သည့် နိကန္တိခေါ် သိမ်မွေ့သည့်တဏှာလောဘ ကို ဖြစ်ခွင့်မပေးဘဲ 'ဒီတရားတွေဟာ ဗောဓိဉာဏ်ရကြောင်း လမ်း ကောင်းများမဟုတ်ကြ၊ ဝိပဿနာညစ်ညူးကြောင်းတရားတွေသာ ဖြစ်တယ်။ ဥဒယဗ္ဗယဉာဏ်စသည်သာ ဗောဓိဉာဏ်ရကြောင်း လမ်း ကောင်းလမ်းမှန်တွေဖြစ်တယ်'ဟု ပိုင်းခြားသိမြင် စင်ကြယ်သော ဉာဏ်အမြင်သည် အလောင်းတော်သူမြတ်၏ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ- မဂ်တရားလေးပါးသို့ ရောက်ကြောင်း အကျင့်ကောင်းကို သိမြင်သည့် စင်ကြယ်သော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်၏။ [မဂ်ရောက် ကြောင်းအကျင့်ဖြစ်၍ 'ပဋိပဒါ'ဟုလည်းကောင်း၊ ဘုံသုံးပါး၌ဖြစ်သော သင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုသိတတ်သောကြောင့် 'ဉာဏ'ဟု လည်းကောင်း၊ သာမန်အသိမျိုး မဟုတ်။ မျက်စိဖြင့်မြင်ရသလို သိမြင်တတ်သောကြောင့် 'ဒဿန'ဟုလည်းကောင်း၊ ဆန့်ကျင်ဘက် ကိလေသာတို့မှ ဝေးသည်ထက်ဝေးကွာ၍ လွန်စွာစင်ကြယ်သော ကြောင့် 'ဝိသုဒ္ဓိ'ဟုလည်းကောင်း ခေါ်ခြင်းဖြစ်ပေသည်။] အလောင်း တော်သူမြတ်၏သန္တာန်၌ဖြစ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ ဘင်္ဂဉာဏ်, ဘယဉာဏ် စသည်ဖြင့် အနုလောမဉာဏ်တိုင်အောင် ဝိပဿနာ ဉာဏ်တော်(၉)ပါးသည် ဤအင်္ဂါလေးပါးနှင့်ပြည့်စုံ၍ 'ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ'မည်၏။

၇။ ဉာဏဒဿနဝိသုဒ္ဓိ– ရှေ့ဝိသုဒ္ဓိ(၆)ပါးအစဉ်ဖြင့် အဆင့်ဆင့် တက်၍ရသော မဂ်လေးပါးလုံးကိုပင် 'ဉာဏဒဿနဝိသုဒ္ဓိ' ဟု ခေါ်သည်။မဂ်တရားများသည် သစ္စာလေးပါး မြတ်တရားကို (၁၆)နက်ဝေဖန်၍ ကောန်သိစွမ်းနိုင်သောကြောင့် 'ဉာဏ' မည်၏။ မျက်စိဖြင့်မြင်ရသလို တိုက်ရိုက်မြင်တတ်သောကြောင့် 'ဒဿန' မည်၏။ ကိလေသာအညစ်အကြေးမှစင်ကြယ်သောကြောင့် 'ဝိသုဒ္ဓိ' မည်၏။ ယင်းနာမည်သုံးရပ်ကိုပေါင်းစပ်၍ မဂ်လေးပါးကို 'ဉာဏဒဿန ဝိသုဒ္ဓိ' ဟုခေါ်ခြင်းဖြစ်သည်။

အလောင်းတော်မြတ်ရရှိတော်မူသော အရိယမဂ်လေးပါးတို့သည် ဉာဏဒဿနဝိသုဒ္ဓိ မည်၏။ ဤသို့ ပွင့်တော်မူပြီး, ပွင့်တော်မူဆဲ, ပွင့်တော်မူကြလတ္တံ့သောဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကအားလုံးတို့ သည်ပင် ဤဝိသုဒ္ဓိ (၇) ပါး တရားမြတ်အဆင့်ဆင့်ဖြင့်သာ နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်ချည်းဖြစ်ကြပေသည်။

**ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး**

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်နှင့်တစ်ပြိုင်နက်ပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးကိုလည်း ရတော်မူပြီးသားဖြစ်လေသည်။

ထိုပဋိသမ္ဘိဒါဉာဏ်တော်လေးပါးမှာ–

၁။ အတ္ထပဋိသမ္ဘိဒါဉာဏ်တော်၊

၂။ ဓမ္မပဋိသမ္ဘိဒါဉာဏ်တော်၊

၃။ နိရုတ္တိပဋိပမ္ဘိဒါဉာဏ်တော်နှင့်

၄။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တော်– တို့ဖြစ်၏။

အထူးထူးအပြားပြား အထွေထွေအမျိုးမျိုးကို 'ပဋိသမ္ဘိဒါ' ဟူ၍ ခေါ်၏။ ထို အထူးထူးအပြားပြား အထွေအထွေအမျိုးမျိုးတို့၌ စေ့စပ် စုံလင်စွာ သိမြင်နိုင်စွမ်းသောဉာဏ်သည် 'ပဋိသမ္ဘိဒါဉာဏ်' မည်၏။

**၁။ အတ္ထပဋိသမ္ဘိဒါဉာဏ်တော်**– 'အတ္ထ'ဆိုသည်မှာ အနက်သဘော အမျိုးမျိုး၊ အကျိုးတရားအမျိုးမျိုး တို့ ဖြစ်သည်။ ထို့ကြောင့် အနက်သဘောအမျိုးမျိုး၊ အကျိုးတရား အမျိုးမျိုးတို့၌ စေ့စပ်စုံလင်စွာ ခွဲခြမ်းသိမြင်သောဉာဏ်သည် 'အတ္ထ ပဋိသမ္ဘိဒါဉာဏ်' မည်၏။

ဤဉာဏ်၏အတ္ထအရမှာ–

၁။ အကြောင်းတရားကြောင့်ဖြစ်ပေါ်လာသော အကျိုးတရား အမျိုးမျိုး၊

၂။ နိဗ္ဗာန်၊

၃။ ပါဠိတော်၏အနက်သဘောအမျိုးမျိုး၊

၄။ ဝိပါက်စိတ်,စေတသိက်တရားစုနှင့်

၅။ ကြိယာစိတ်,စေတသိက်တရားစု– တို့ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူသည်နှင့်တစ်ပြိုင်နက် ဤအတ္ထ ငါးမျိုးတို့ကို စေ့စပ်စုံလင်စွာ ခွဲခွဲခြမ်းခြမ်းသိမြင်နိုင်စွမ်းသော အတ္ထပဋိ–သမ္ဘိဒါဉာဏ်တော်ကို ရတော်မူပြီးဖြစ်၏။ ထိုဉာဏ်၏အစွမ်းဖြင့် တစ်ခု တစ်ခုသောတရား၏ အနက်အဓိပ္ပာယ်အမျိုးမျိုး၊ အကျိုးအမျိုးမျိုးကို အထူးထူးအထွေထွေ ကိုယ်တိုင်လည်းသိမြင်သည့်အပြင် သူတစ်ပါး တို့အားလည်း သိမြင်လွယ်အောင် ဟောပြတော်မူနိုင်၏။

ဤ၌ အတ္ထငါးမျိုးကိုအာရုံပြု၍သိသော မဟာကြိယာဉာဏ သမ္ပယုတ်စိတ်လေးပါးတို့နှင့်အတူ ဖြစ်ပေါ်သောဉာဏ်ပညာနှင့် နိဗ္ဗာန်ကို အာရုံပြု၍သိသော မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးတို့ကို 'အတ္ထ ပဋိသမ္ဘိဒါဉာဏ်တော်' ဟုခေါ်၏။

**၂။ ဓမ္မပဋိသမ္ဘိဒါဉာဏ်တော်**– 'ဓမ္မ' ကား တရားအမျိုးမျိုးနှင့် အကြောင်းအမျိုးမျိုးတို့ဖြစ်သည်။ ထို့ကြောင့် တရားအမျိုးမျိုးနှင့် အကြောင်းအမျိုးမျိုးတို့ကို စေ့စပ်စုံလင်စွာ ခွဲခွဲခြမ်းခြမ်းသိမြင်သောဉာဏ်သည် 'ဓမ္မပဋိသမ္ဘိဒါဉာဏ်' မည်၏။

ဤဉာဏ်၌ ဓမ္မအရမှာ–

၁။ အကျိုးကိုဖြစ်စေတတ်သော အကြောင်းတရားအမျိုးမျိုး၊

၂။ အရိယမဂ်လေးပါး၊

၃။ ပါဠိတော်အစဉ်၊

၄။ ကုသိုလ်စိတ်,စေတသိက်နှင့်

၅။ အကုသိုလ်စိတ်,စေတသိက်– တို့ဖြစ်သည်။

ရှင်တော်ဗုဒ္ဓသည် ဘုရားဖြစ်တော်မူသည်နှင့်တစ်ပြိုင်နက် ဤဓမ္မငါးမျိုးတို့ကို စေ့စပ်စုံလင်စွာ ခွဲခွဲခြမ်းခြမ်းသိမြင်နိုင်စွမ်းသော ဓမ္မပဋိသမ္ဘိဒါဉာဏ်တော်ကို ရတော်မူပြီးဖြစ်၏။ ထိုဉာဏ်တော်၏အစွမ်းဖြင့် ဖော်ပြပါ ဓမ္မအမျိုးမျိုးတို့ကို အထူးထူးအထွေအထွေ ကိုယ်တော်တိုင်လည်း သိမြင်တော်မူသည့်အပြင် သူတစ်ပါးတို့အားလည်း သိမြင်လွယ်အောင် ဟောပြတော်မူနိုင်၏။

ဤ၌ ဓမ္မငါးမျိုးကိုအာရုံပြု၍သိသော မြတ်စွာဘုရား၏ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးပါးတို့နှင့်အတူ ဖြစ်ပေါ်သည့်ဉာဏ်ပညာကို 'ဓမ္မပဋိသမ္ဘိဒါဉာဏ်တော်'ဟုခေါ်၏။

**၃။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော်–** 'နိရုတ္တိ' ဆိုသည်မှာ သဘာဝကျကျ ထုတ်ဆိုကြောင်းဖြစ်သော သဒ္ဒါအမျိုးမျိုး ဘာသာစကားအမျိုးမျိုးတို့ဖြစ်၏။ ထို့ကြောင့် မာဂဓဘာသာ စသော ဘာသာစကားအမျိုးမျိုး၊ မာဂဓသဒ္ဒါ စသော သဒ္ဒါအမျိုးမျိုးတို့ကို စေ့စပ်စုံလင်စွာ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။

ဤဉာဏ်၌ နိရုတ္တိ–အရမှာ ဖော်ပြခဲ့ပြီးသော အတ္ထငါးမျိုး၊ ဓမ္မငါးမျိုးတို့နှင့်သက်ဆိုင်ရာ သဒ္ဒါ, ပုဒ်, ပါဌ်ဆယ်မျိုးတို့ပင်ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘုရားဖြစ်တော်မူသည်နှင့်တစ်ပြိုင်နက် ဤနိရုတ္တိဆယ်မျိုးတို့နှင့်ဆိုင်ရာ သဒ္ဒါ, ပုဒ်, ပါဌ်တို့ကို သိမြင်နိုင်

စွမ်းသော 'နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော်'ကို ရတော်မူပြီးဖြစ်၏။ ထို ဉာဏ်တော်၏အစွမ်းဖြင့် မာဂဓဘာသာ စသောဘာသာအမျိုးမျိုးနှင့် သဒ္ဒါ, ပုဒ်, ပါဠ်အမျိုးမျိုးတို့၏ ဝိဂြိုဟ်, ဝစနတ်, ဗျုပ္ပတ္တိအထူးထူးတို့ကို ကိုယ်တိုင်လည်းသိစွမ်းနိုင်၏။ သူတစ်ပါးတို့အားလည်း ဆန်းကြယ်သော ပုဒ်ဖျည်းအစဉ်တို့ဖြင့် နားဝင်အောင်ဟောပြနိုင်၏။

ဤ၌ နိရုတ္တိဆယ်မျိုး၌ သဒ္ဒါအမျိုးမျိုး ဘာသာအမျိုးမျိုးတို့ကို သိသော မြတ်စွာဘုရား၏မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးပါး တို့နှင့်အတူ ဖြစ်ပေါ်သည့်ဉာဏ်ပညာကို 'နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော်' ဟုခေါ်၏။

**၄။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တော်**– အလိုလို ထင်မြင်လာခြင်းကို 'ပဋိဘာန'ဟု ခေါ်၏။ ထို့ကြောင့် ရှေ့ပဋိသမ္ဘိဒါဉာဏ်သုံးပါးတို့၏ကိစ္စတို့ကို ခွဲခြမ်းစိတ်ဖြာ စေ့စပ်စုံလင်စွာ ထင်မြင်လာသောဉာဏ်သည် 'ပဋိဘာနပဋိသမ္ဘိဒါဉာဏ်' မည်၏။ တစ်နည်းအားဖြင့် အကြောင်းအရာတိုက်ဆိုင်ကြုံကြိုက်လာသည့်အခါ ဉာဏ်ထဲ၌ အခန့်သင့် အထူးထူးအထွေထွေ ထင်မြင်ပေါ်လာစေခြင်းငှာ စွမ်းနိုင်သောဉာဏ်သည် 'ပဋိဘာနပဋိသမ္ဘိဒါဉာဏ်'မည်၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည်နှင့်တစ်ပြိုင်နက် ဤ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တော်ကိုရတော်မူပြီးဖြစ်၏။ ထိုဉာဏ်တော်၏ အစွမ်းဖြင့် တစ်ခုသောတရား၏အနက်အဓိပ္ပာယ်ကိုသိမြင်ရာ၌ ဥပမာ, ဥပမေယျ, သက်သေသာဓကစုံလင်စွာဖြင့် ကိုယ်တိုင်လည်း သိစွမ်း နိုင်၏။ သူတစ်ပါးတို့အား တရားဓမ္မဟောပြရာတွင်လည်း ထင်မြင် သိသာလွယ်အောင် ဥပမာ, ဥပမေယျအမျိုးမျိုးပုံဆောင်၍ ဟောပြ နိုင်၏။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ရသောပုဂ္ဂိုလ်သည် အရှင်ဝင်္ဂီသမထေရ် ကဲ့သို့ အဟောအပြော အနှုန်းအဖွဲ့ကောင်း၏။

ဤ၌ တစ်ခုသောတရား၏အနက်အဓိပ္ပာယ်ကို ဥပမာ,ဥပမေယျ သက်သေသာဓကစုံလင်စွာဖြင့်သိသော မြတ်စွာဘုရား၏မဟာကြိယာ

ဉာဏသမ္ပယုတ်စိတ်လေးပါးတို့နှင့်အတူ ဖြစ်ပေါ်သည့်ဉာဏ်ကို 'ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တော်'ဟု ခေါ်သည်။

**ဝေသာရဇ္ဇဉာဏ်တော်လေးပါး**

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဝေသာရဇ္ဇဉာဏ်တော်လေးပါးနှင့်လည်း ပြည့်စုံတော်မူပါသည်။

ဝေသာရဇ္ဇပုဒ်၏ပုဒ်ရင်းမှာ 'ဝိသာရဒ'ဖြစ်၏။ 'ကြောက်ရွံ့မှုကင်းရဲတင်းသူ'ဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် ဝေသာရဇ္ဇဟူသော(တဒ္ဓိတ်)ပုဒ်အဓိပ္ပာယ်မှာ 'ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူဖြစ်ကြောင်းဉာဏ်တော်'ဟု ဆိုလိုပေသည်။

ရဲရင့်သူဖြစ်ရသည်မှာ အသိဉာဏ်တော်ကြောင့်ပင် ဖြစ်၏။ ငါ့အယူအဆ ငါ့အလုပ်သည် ဟုတ်လေသလား, မဟုတ်လေသလားဟု ယုံကြည်မှုမရှိ၊ ယုံမှားသံသယဖြစ်နေသူမျိုးသာ ကြောက်ရွံ့တတ်၏။ ငါ့အယူအဆ ငါ့အလုပ်သည် မှန်သည်ဟုအတည်ပြုဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသူမှာမူ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူဖြစ်၏။ ထို့ကြောင့် မူလပဏ္ဏာသပါဠိတော်၊ မဟာသီဟနာဒသုတ်အဖွင့်၌ ဘုရားအဖြစ်၊ အာသဝေါတရားတို့ကုန်သည်၏အဖြစ်၊ အန္တရာယ်ပြုတတ်သောတရား၊ ဝဋ်မှထွက်မြောက်တတ်သောတရား-ဟု လေးဌာနတို့၏ မိမိကြောက်ရွံ့ခြင်းကင်း ရဲတင်းသည်၏အဖြစ်ကိုဆင်ခြင်၍ ဘုရားရှင်သန္တာန်၌ ဖြစ်လာသော ဝမ်းမြောက်ခြင်း သောမနဿနှင့်အတူဖြစ်သော ပစ္စဝေက္ခဏာ(ဆင်ခြင်)ဉာဏ်ကို 'ဝေသာရဇ္ဇဉာဏ်'ခေါ်သည်ဟု ဖွင့်ဆိုထား၏။

လေးဌာနအရ ဉာဏ်တော်လေးပါးဖြစ်ပွားပုံမှာ-

၁။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်အား 'သင်သည် အလုံးစုံသောတရားတို့ကိုသိသော သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်ဟု ဝန်ခံသော်လည်း ဤမည်သောတရားကိုတော့ သင်မသိသေးဟု ဟုတ်မှန်သောအကြောင်းဖြင့် အပြစ်တင်စောဒနာနိုင်မည့် ရဟန်း, ပုဏ္ဏား, နတ်,

မာရ်နတ်, ဗြဟ္မာများတွင် တစ်စုံတစ်ယောက်မျှကိုလည်းကောင်း၊ အပြစ်တင်ပြနိုင်ကြောင်းတရားကိုလည်းကောင်း ငါဘုရားမြင်တော်မမူ'ဟု ဆင်ခြင်တော်မူသော မြတ်စွာဘုရားသန္တာန်တော်၌ အလွန်အားကြီးသောဝမ်းမြောက်မှု (သောမနဿဝေဒနာ)နှင့်အတူ ပစ္စဝေက္ခဏာ ဉာဏ်တော် ဖြစ်ပေါ်လာ၏။

ဤဉာဏ်တော်ကြောင့် မြတ်စွာဘုရားသည် ဘေးကင်းသည် ဖြစ်၍ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူအဖြစ် သီတင်းသုံးတော်မူရပေသည်။

၂။ ဘုရားရှင်ကိုယ်တော်မြတ်အား 'သင်သည် ကိလေသာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သူဟုဝန်ခံသော်လည်း ဤမည်သော ကိလေသာအာသဝေါတရားများကိုတော့ သင်မပယ်ရသေးဟု ဟုတ်မှန်သောအကြောင်းဖြင့် အပြစ်တင်စောဒနာနိုင်မည့် ရဟန်း, ပုဏ္ဏား, နတ်, မာရ်နတ်, ဗြဟ္မာများတွင် တစ်စုံတစ်ယောက်မျှသောသူကိုလည်းကောင်း။ အပြစ်တင်ပြနိုင်ကြောင်းတရားကိုလည်းကောင်း ငါဘုရားမြင်တော်မမူဟု ဆင်ခြင်တော်မူသော မြတ်စွာဘုရားသန္တာန်တော်၌ အလွန်အားကြီးသောဝမ်းမြောက်မှု (သောမနဿဝေဒနာ) နှင့် အတူ ပစ္စဝေက္ခဏာဉာဏ်တော်ဖြစ်ပေါ်လာ၏။

ဤဉာဏ်တော်ကြောင့် မြတ်စွာဘုရားသည် ဘေးကင်းသည် ဖြစ်၍ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူအဖြစ် သီတင်းသုံးတော်မူရပေသည်။

၃။ ဘုရားရှင်ကိုယ်တော်မြတ်အား 'သင်သည် နတ်ရွာ, နိဗ္ဗာန်, ဈာန်, မဂ်, ဖိုလ်တို့၏အန္တရာယ်ကိုပြုတတ်သည့်တရားတို့ကို ဟောကြားထားသော်လည်း ဤအန္တရာယ်ပြုတတ်သည့်တရားတို့ကို မှီဝဲသောသူအား တကယ်စင်စစ် အန္တရာယ်မပြုနိုင်ကုန်'ဟု ဟုတ်မှန်သော အကြောင်းဖြင့် အပြစ်တင်စောဒနာနိုင်မည့် ရဟန်း, ပုဏ္ဏား, နတ်, မာရ်နတ်, ဗြဟ္မာများတွင် တစ်စုံတစ်ယောက်မျှသောသူကိုလည်း

ကောင်း၊ အပြစ်တင်ပြနိုင်ကြောင်းတရားကိုလည်းကောင်း၊ ငါဘုရားမြင်တော်မမူ'ဟု ဆင်ခြင်တော်မူသော မြတ်စွာဘုရားသန္တာန်တော်၌ အလွန်အားကြီးသောဝမ်းမြောက်မှုနှင့်အတူ ပစ္စဝေက္ခဏာဉာဏ်တော်ဖြစ်ပေါ်လာ၏။

ဤဉာဏ်တော်ကြောင့် မြတ်စွာဘုရားသည် ဘေးမရှိသည်ဖြစ်၍ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူအဖြစ် သီတင်းသုံးတော်မူရပေသည်။

၄။ ဘုရားရှင်ကိုယ်တော်မြတ်အား 'သင်သည် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ရန်တရားတို့ကို ဟောကြားသော်လည်း ထိုတရားတို့သည် လိုက်နာကျင့်ကြံသူတို့အား သံသရာဝဋ်မှ မကျွတ်လွတ် မထွက်မြောက်စေနိုင်ကုန်'ဟု ဟုတ်မှန်သောအကြောင်းဖြင့် အပြစ်တင်စောဒနာနိုင်မည့် ရဟန်း, ပုဏ္ဏား, နတ်, မာရ်နတ်, ဗြဟ္မာများတွင် တစ်စုံတစ်ယောက်မျှသောသူကိုလည်းကောင်း၊ အပြစ်တင်ပြနိုင်ကြောင်း တရားကိုလည်းကောင်း ငါဘုရားမြင်တော်မမူ'ဟု ဆင်ခြင်တော်မူသော မြတ်စွာဘုရားသန္တာန်တော်၌ အလွန်အားကြီးသောဝမ်းမြောက်မှုနှင့်အတူ ပစ္စဝေက္ခဏာဉာဏ်တော်ဖြစ်ပေါ်လာ၏။

ဤဉာဏ်တော်ကြောင့် မြတ်စွာဘုရားသည် ဘေးမရှိသည်ဖြစ်၍ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူအဖြစ် သီတင်းသုံးတော်မူရပေသည်။

ဤဖော်ပြခဲ့ပြီးသော ပစ္စဝေက္ခဏာဉာဏ်တော်လေးပါးတို့ကို ဘုရားရှင်အား မရွံ့မကြောက် ရဲရဲတောက်ဖြစ်စေတတ်သောကြောင့် ဘုရားရှင်၏ဝေသာရဇ္ဇဉာဏ်တော် (ရဲရဲတောက်ဉာဏ်တော်) လေးပါးဟူ၍ခေါ်သည်။ ထိုတွင် ပထမဉာဏ်တော်မှာ သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံမှုကိုအကြောင်းပြု၍ဖြစ်သော ဉာဏ်တော်ဖြစ်၏။ ဒုတိယဉာဏ်တော်မှာ ကိလေသာအာသဝေါတို့ကို အကြွင်းမဲ့ပယ်သတ်ပြီးမှုကို အကြောင်းပြု၍ဖြစ်ပေါ်လာသော ဉာဏ်တော်ဖြစ်၍ တတိယဉာဏ်တော်

မှာ ဒေသနာဉာဏ်အထူးနှင့် ပြည့်စုံမှုကိုအကြောင်းပြု၍ပေါ်လာသည့် ဉာဏ်တော်ဖြစ်သည်။ စတုတ္ထဉာဏ်တော်ကား အမှန်တကယ် သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်စေနိုင်၍ ဘေးကင်းမှုသဘောကို အကြောင်းပြု၍ပေါ်လာသည့် ဉာဏ်တော်ဖြစ်သည်။

ဤဉာဏ်တော်လေးပါးတို့သည် ဘုရားရှင်များသန္တာန်၌သာ ဖြစ်ပေါ်လာနိုင်သော ဉာဏ်တော်ထူးများဖြစ်သည်ကို မူလပဏ္ဏာသပါဠိတော်၊ မဟာသီဟနာဒသုတ်နှင့် စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်၊ ဝေသာရဇ္ဇသုတ်တို့၌ တွေ့ရပေသည်။

## အသာဓာရဏဉာဏ်တော်ခြောက်ပါး

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်တို့သည် ဝေသာရဇ္ဇဉာဏ်တော်များအပြင် အသာဓာရဏဉာဏ်တော်ခြောက်ပါးနှင့်လည်း ပြည့်စုံတော်မူကြသည်။

ဤဉာဏ်တော်ခြောက်ပါးကား–

၁။ ဣန္ဒြိယပရောပရိယတ္တဉာဏ်၊

၂။ အာသယာနုသယဉာဏ်၊

၃။ ယမကပါဋိဟာရိယဉာဏ်၊

၄။ မဟာကရုဏာသမာပတ္တိဉာဏ်၊

၅။ သဗ္ဗညုတဉာဏ်နှင့်

၆။ အနာဝရဏဉာဏ်– တို့ဖြစ်သည်။

'အသာဓာရဏ' ဆိုသည်မှာ 'တစ်ပါးသူတို့နှင့် မဆက်ဆံ' ဟု အဓိပ္ပာယ်ရ၏။ ထိုအဓိပ္ပာယ်အတိုင်း ဤဉာဏ်တော်ခြောက်ပါးသည် ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့နှင့် မဆက်ဆံ၊ ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့ မရနိုင်၊ သဗ္ဗညုဘုရားရှင်တို့သာ ရနိုင်သော သီးခြားဉာဏ်တော်ကြီးများဖြစ်သည်။

**၁။ ဣန္ဒြိယပရောပရိယတ္တဉာဏ်–** ဤခြောက်ပါးတို့တွင် ဣန္ဒြိယပရောပရိယတ္တဉာဏ် ဆိုသည်မှာ သတ္တဝါတို့၏ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ–ဟူသော ဣန္ဒြေတရားတို့ အနုအရင့်ကိုသိတော်မူသောဉာဏ် ဖြစ်၏။ မြတ်စွာဘုရားသည် ဤဉာဏ်တော်ဖြင့် 'ဤသတ္တဝါတို့သည် ရင့်ကျက်သောဣန္ဒြေရှိကြကုန်၏။ ဤသတ္တဝါတို့သည် နုသောဣန္ဒြေရှိကြကုန်၏။ ဤသတ္တဝါတို့သည် ကျွတ်ထိုက်ကုန်၏။ ဤသတ္တဝါတို့သည် မကျွတ်ထိုက်ကုန်သေး'ဟု ခွဲခြမ်းသိမြင်တော်မူသည်။ [ဣန္ဒြိယ = ဣန္ဒြေ + ပရောပရိယတ္တ = ရင့်သော, နုသော]။

**၂။ အာသယာနုသယဉာဏ်–** အာသယာနုသယဉာဏ် ဆိုသည်မှာ သတ္တဝါတို့၏ ရှေးရှေးသောဘဝတို့၌ စိတ်၏တည်နေကိန်းအောင်းခဲ့ရာ အာသယနှင့် လက်ရှိဘဝ၌ အနုသယ ဓာတ်ခံကို သိတော်မူသော ဉာဏ်တော်ဖြစ်၏။ 'အာသယာနုသယ' ပုဒ်ကား 'အာသယ'ပုဒ်နှင့် 'အနုသယ' ပုဒ်တို့ကို တွဲစပ်ထားသည့်ပုဒ် ဖြစ်၏။

ထိုတွင် 'အာသယ'ဆိုသည်မှာ ရှေးရှေးသောဘဝတို့၌ သတ္တဝါတို့၏စိတ်တည်နေကိန်းအောင်းရာဌာနဟု အဓိပ္ပာယ်ရ၏။ ထိုဌာနသည် အကုသိုလ်ဘက်၌ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ဖြစ်၍၊ ကုသိုလ်ဘက်၌ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်၊ ယထာဘူတဉာဏ်၊ ဝိပဿနာဉာဏ်တို့ဖြစ်၏။

မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့ကို ဆင်ခြင်တော်မူရာ၌ ဤသတ္တဝါသည် ရှေးအခါက သဿတဒိဋ္ဌိ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ခဲ့ဖူး၏။ ဤသတ္တဝါသည် ရှေးအခါက ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် သို့မဟုတ် ယထာဘူတဉာဏ်နှင့် ပြည့်စုံခဲ့ဖူး၏။ ဤသတ္တဝါကား ရှေးအခါက ဝိပဿနာဉာဏ်အထိ ထူထောင်ခဲ့ဖူး၏ဟု သိမြင်တော်မူ၏။

'အနုသယ'ဆိုသည်မှာ သတ္တဝါတို့သန္တာန်၌ မဂ်ဉာဏ်ဖြင့် မပယ်သတ်ရသေး၍ အကြောင်းဆိုက်လာလျှင် အထင်အရှားပေါ်ပေါက်လာနိုင်သည့် လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိ, မာန စသောကိလေသာမျိုးစေ့တော် ခုနစ်ပါးတို့ဖြစ်သည်။

မြတ်စွာဘုရားသည် ဤဉာဏ်တော်ဖြင့် ဤသတ္တဝါကား လောဘကိလေသာမျိုးစေ့တော် (ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ) အားကြီးသူ၊ သို့မဟုတ် ဒေါသကိလေသာမျိုးစေ့တော်(ပဋိဃာနုသယ) အားကြီးသူ၊ သို့မဟုတ် မာနကိလေသာမျိုးစေ့တော်, ဒိဋ္ဌိကိလေသာမျိုးစေ့တော်စသည်တို့အားကြီးသူဟု ပိုင်းခြင်းသိမြင်တော်မူသည်။

ဤကဲ့သို့ ရှေးရှေးဘဝတို့၌ သတ္တဝါတို့သန္တာန်၌ ဖြစ်ခဲ့ဖူးသော မိစ္ဆာဒိဋ္ဌိတရား၊ ပညာဉာဏ်တရားတို့နှင့် လက်ရှိဘဝ၌ ကိန်းအောင်းသကဲ့သို့ ရှိနေသော အနုသယကိလေသာမျိုးစေ့တော်တို့၏အခြေအနေတို့ကို ပိုင်းခြားသိမြင်တော်မူသောဉာဏ်တော်သည် 'အာသယာနုသယဉာဏ်' ဖြစ်ပေသည်။

## ဘုရားရှင်တို့၏ မျက်လုံးတော်အစုံ

ဤဣန္ဒြိယပရောပရိယတ္တဉာဏ်နှင့် အာသယာနုသယဉာဏ်တော်နှစ်ပါးသည် ဘုရားရှင်တို့ သတ္တဝါတို့ကိုချွေချွတ်တော်မူရာ၌ အလွန်အသုံးကျသည့် မြတ်စွာဘုရားတို့၏ မျက်လုံးတော်အစုံ (ဗုဒ္ဓစက္ခု)တို့ဖြစ်ကြသည်။ ဘုရားရှင်တို့သည် ဗုဒ္ဓစက္ခုဟူသော မျက်လုံးတော်အစုံဖြင့် သတ္တဝါတို့ကိုကြည့်ရှုတော်မူ၍ သတ္တဝါတို့၏ ဣန္ဒြေအနအရင့်နှင့် အတွင်းအနုသယမျိုးစေ့တော်တို့အား လျော်သောတရားတော်ကိုဟောကြားတော်မူနိုင်သောကြောင့် သတ္တဝါအပေါင်းတို့ လွယ်ကူစွာအကျွတ်တရားရနိုင်ကြသည်။

ဤဉာဏ်တော်နှစ်ပါးသည် သတ္တဝါများကို တရားဟောချွေချွတ်တော်မူရာ၌ အလွန်အရေးပါအရာရောက်၏။ ဤဉာဏ်တော်များသည်

ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကနှင့်မဆက်ဆံ၍ ပညာအရာ တေဒဂ်ရသည့် လက်ယာတော်ရံအရှင်သာရိပုတ္တရာမထေရ်ကြီးပင် ဤဉာဏ်တော်များကို ရရှိတော်မမူချေ။ ထို့ကြောင့် အရှင်သာရိပုတ္တရာကိုယ်တော်ကြီးသော်မှ သတ္တဝါတို့၏ဣန္ဒြေအနုအရင့်နှင့် နှလုံးသွင်းအတွင်းစာတ်သဘောတို့ကိုမသိ၍ ရံဖန်ရံခါ သတ္တဝါတို့နှင့် လျော်သောတရားကို မဟောမိဘဲ သတ္တဝါသဘောထားနှင့် တရားဆင်ပုံလွဲနေသောကြောင့် သတ္တဝါတို့ တရားထူး မရရှိဘဲဖြစ်နေသည်ကို ကျမ်းဂန်များ၌ တွေ့ရလေသည်။

၃။ **ယမကပါဋိဟာရိယဉာဏ်–** ဤဉာဏ်တော်၌ ဘုရားရှင်တို့၏ အထက်ပိုင်းကိုယ်တော်မှ မီးလျှံ၊ အောက်ပိုင်းကိုယ်တော်မှ ရေအယဉ်, လက်ဝဲကိုယ်တော်မှ ရေအယဉ်, လက်ယာကိုယ်တော်မှ မီးအလျှံ စသည်ဖြင့် ရေမီး အစုံအစုံတို့ကို တစ်ပြိုင်နက်ဖြစ်ပေါ်စေ၍ တစ်ပြိုင်နက်တည်း အံ့ဖွယ်သရဲနှစ်ပါး အစုံအစုံကိုဖြစ်စေမှုသည် ပါဠိလို 'ယမကပါဋိဟာရိယ' မြန်မာလို 'ယမိုက်ပြာဋိဟာ' မည်၏။

အမှန်အားဖြင့် မီးအလျှံရေအယဉ်အစုံအစုံကို တစ်ပြိုင်နက်တည်း ဖြစ်ပေါ်စေနိုင်သည်မဟုတ်၊ တေဇောကသိုဏ်းကိုဝင်စားမှ မီးအလျှံ ဖြစ်ပေါ်လာ၍ အာပေါကသိုဏ်းကိုဝင်စားမှ ရေအယဉ်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ တေဇောကသိုဏ်းကိုဝင်စားသောစိတ်အစဉ်နှင့် အာပေါကသိုဏ်းကိုဝင်စားသောစိတ်အစဉ်တို့သည် တစ်ပြိုင်နက်တည်းသောကာလ၌ ဖြစ်နိုင်ကြသည် မဟုတ်ကြချေ။

သို့ရာတွင် မြတ်စွာဘုရား၏သန္တာန်၌ဖြစ်သော စိတ်အစဉ်သည် ဘဝင်များစွာမခြားဘဲ အလွန်အဖြစ်လျင်မြန်လှသောကြောင့် မီးအလျှံနှင့် ရေအယဉ်တို့ တစ်ပြိုင်နက်တည်း တစ်ချိန်တည်း ဖြစ်သကဲ့သို့ ထင်မြင်ရခြင်းဖြစ်ပေသည်။ ထိုတန်ခိုးအစုံစုံကိုဖြစ်စေခြင်း၌ စီရင်နိုင်သောဉာဏ်တော်သည် ယမကပါဋိဟာရိယဉာဏ်မည်၏။

မြတ်စွာဘုရားသည် ဤယမကပါဋိဟာရိယဉာဏ်တော်ကို အသုံးပြု၍ ရေမီးအစုံစုံတန်ခိုးပြာဋိဟာကို (၁) မဟာဗောဓိမဏ္ဍိုင်၌ နတ်ပြဟ္မာတို့၏ ယုံမှားသံသယမာန်မာနကိုပယ်ဖျောက်ရန် တစ်ကြိမ်၊ (၂) ကပိလဝတ်ပြည်သို့ ပထမအခေါက်ကြွရောက်တော်မူစဉ် သာကီဝင်ဆွေမျိုးတို့၏မာန်စွယ်ကို ချိုးနှိမ်ရန် တစ်ကြိမ်၊ (၃) သာဝတ္ထိပြည် ကဏ္ဍကဥယျာဉ်မှူး နေ့ချင်းပေါက်, နေ့ချင်းကြီး, နေ့ချင်းပွင့်, နေ့ချင်းသီး စိုက်ပျိုးသည့် သရက်ပင်အနီး၌ တိတ္ထိတို့၏မာန်ကိုချိုးနှိမ်ရန် တစ်ကြိမ်၊ (၄) ပါတိကပုတ္တကိုအကြောင်းပြု၍ စည်းဝေးရာ၌တစ်ကြိမ် ပြတော်မူခဲ့ပါပေသည်။

**၄။ မဟာကရုဏာသမာပတ္တိဉာဏ်**– မြတ်စွာဘုရားသည် သံသရာတည်းဟူသော သမုဒ္ဒရာကြီးထဲ၌ ပဋိပန္နေနေခြင်းဆင်းရဲ(ဇာတိဒုက္ခ)၊ အိုခြင်းဆင်းရဲ(ဇရာဒုက္ခ)၊ သေခြင်း ဆင်းရဲ(မရဏဒုက္ခ)စသော လှိုင်းလုံးကြီးများဖြင့် လွှမ်းဖုံးနစ်မျောနေကြကုန်သော ဒုက္ခိတသတ္တဝါတို့ကိုမြင်တော်မူ၍ 'ဤလောကကြီးသည် မီးလောင်နေသောနှောင်အိမ်ကြီးကဲ့သို့ အလျှံပြောင်ပြောင် တောက်လောင်၍နေဘိတကား' စသည်ဖြင့် ကြီးစွာသနားမှုနှင့်ယှဉ်သော မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၏။ ထိုသမာပတ်နှင့်ယှဉ်သောဉာဏ်သည် မဟာကရုဏာသမာပတ္တိဉာဏ် မည်၏။ မြတ်စွာဘုရားသည် နေ့စဉ်နေ့တိုင်း ညဉ့်အခါ နံနက်မိုးသောက်အခါတို့၌ အကြိမ်ပေါင်းကုဋေနှစ်သန်းလေးသိန်း အရေအတွက်ရှိသည့် ဤမဟာကရုဏာသမာပတ်တို့ကို ဝင်စားတော်မူပေသည်။

**၅။ သဗ္ဗညုတဉာဏ်**– သဗ္ဗညုတဉာဏ် ဆိုသည်မှာ သိဖွယ်ရှိသမျှ သင်္ခတ အသင်္ခတဉေယျ တရားအလုံးစုံကို အကုန်အစင်သိမြင်သော ဉာဏ်တော်မြတ်ဖြစ်သည်။ ထိုဉာဏ်တော်၌ (၁) သိသင့်သိထိုက်သော 'ဉေယျဓမ်'တရားအလုံးစုံကို အကုန်အစင် အကြွင်းကျန်မရှိ အမှန်အတိုင်းသိစွမ်းတော်မူနိုင်ခြင်း၊ (၂) ဉေယျဓမ်

တရားတို့ကို ဖွင့်ဆိုဟောကြားတော်မူရာ၌လည်း မည်သည့်ပုဂ္ဂိုလ်ကို မည်သည့်တရားမျိုးဟောရမည်ဟု တရားဟောနည်းအမျိုးမျိုးတို့ကို သိစွမ်းတော်မူနိုင်ခြင်း၊ (၃) ဆုံးမထိုက်သောသတ္တဝါ, ကျွတ်ထိုက်သော သတ္တဝါတို့၏ အာသယ, အနုသယ, အဇ္ဈာသယ, အဓိမုတ္တိ၊ ဝါသနာ စရိုက်ရေးကံရေးပါရမီတို့ကို ဟုတ်မှန်သည့်အတိုင်း သိစွမ်းတော် မူနိုင်ခြင်းဟူသော အစွမ်းသတ္တိ သုံးမျိုးရှိ၏။ ထိုဉာဏ်တော်ကိုပင် 'သမန္တစက္ခု'ခေါ်၏။ သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သောကြောင့် မြတ်စွာ ဘုရားကို 'သဗ္ဗညုဗုဒ္ဓ'ဟု ခေါ်ခြင်းဖြစ်သည်။

**၆။ အနာဝရဏဉာဏ်–** သိဖွယ်ဟူသမျှ ဉေယျဓမ်တရားတို့ကို သိမြင် တော်မူရာ၌ တစ်စုံတစ်ခုသောတရားနှင့် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကမျှ မသိမြင်အောင်တားမြစ်ပိတ်ဆို့ခြင်း ငှာ မစွမ်းနိုင်သောကြောင့် သဗ္ဗညုတဉာဏ်တော်ကိုပင် 'အနာဝရဏ ဉာဏ်'ဟု ခေါ်ဆိုခြင်းဖြစ်သည်။ [အန = မရှိ + အာဝရဏ = တားမြစ် ပိတ်ဆို့ခြင်း]။

ဥပမာ– သစ္စာလေးပါးတရား စသည်တို့ကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသည်ဆိုရာ၌ သဗ္ဗညုတဉာဏ်တော်ဖြင့် အကြွင်း အကျန်မရှိ အလုံးစုံသိတော်မူ၏။ အနာဝရဏဉာဏ်တော်ဖြင့် အပိတ် အပင် အဟန့်အတားမရှိ၊ လွတ်လွတ်ကျွတ်ကျွတ် ကြည်လင်ရှုးရှူစွာ သိတော်မူခြင်းဖြစ်သည်။

**ဒသဗလဉာဏ်တော်ဆယ်ပါး**

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တဖြစ်တော် မူသော သုံးလောကထွတ်တင်သဗ္ဗညုဘုရားရှင်သည် တင်ပြခဲ့ပြီးသော ဉာဏ်တော်များအပြင် 'ဒဗလဉာဏ်တော်'တို့နှင့်လည်း ပြည့်စုံတော် မူပါသည်။ ထိုဉာဏ်တော်များကို(ဉာဏဗလ)ဉာဏ်တော်အားဆယ်ပါး ဟူ၍လည်း ခေါ်သည်။ မြတ်စွာဘုရားတို့၏အား(တထာဂတဗလ)ဟု လည်း ဟောတော်မူထား၏။

ထိုဉာဏ်တော်အားဆယ်ပါးမှာ-

၁။ ဌာနာဋ္ဌာနဉာဏ်တော်၊

၂။ ကမ္မဝိပါကဉာဏ်တော်၊

၃။ သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်တော်၊

၄။ အနေကဓာတုနာနာဓာတုဉာဏ်တော်၊

၅။ နာနာဓိမုတ္တိကတာဉာဏ်တော်၊

၆။ ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်၊

၇။ ဈာနာဒိသံကိလေသဝေါဒါနဝုဋ္ဌာနဉာဏ်တော်၊

၈။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်၊

၉။ စုတူပပါတဉာဏ်တော်နှင့်

၁၀။ အာသဝက္ခယဉာဏ်တော်- တို့ ဖြစ်ကြသည်။

**၁။ ဌာနဋ္ဌာနဉာဏ်တော်-** ထို ဉာဏ်တော်အား ဆယ်ပါးတို့တွင် 'ဌာနာဋ္ဌာနဉာဏ်တော်' သည် အကြောင်း အရာ ဟုတ်သည်, မဟုတ်သည်ကို ဟုတ်တိုင်းမှန်စွာသိသောဉာဏ်တော် ဖြစ်သည်။

သိတော်မူပုံမှာ--သောတာပန်အရိယာပုဂ္ဂိုလ်သည် တစ်ခုသော ရုပ်နာမ်ဓမ္မသင်္ခါရကို မြဲ၏၊ ချမ်းသာ၏၊ အတ္တဖြစ်၏ဟု စွဲယူခြင်းသည် အကြောင်းမဟုတ် အရာမဟုတ် စွဲယူခြင်းအကြောင်းမရှိဟု သိတော်မူ၏။ အပြန်အလှန်အားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် တစ်ခုသောရုပ်နာမ် သင်္ခါရကိုမြဲ၏၊ ချမ်းသာ၏၊ အတ္တဖြစ်၏ဟုစွဲယူခြင်းကား အကြောင်း ဟုတ်၏၊ အရာဟုတ်၏၊ စွဲယူခြင်းအကြောင်းရှိ၏ဟု သိတော်မူ၏။

ထို့အတူ သောတာပန်ပုဂ္ဂိုလ်သည် အမိသတ်ခြင်းစသော ပဉ္စာနန္တရိယကံတို့ကိုပြုလုပ်ခြင်း၊ မြတ်စွာဘုရားမှတစ်ပါး အခြားပုဂ္ဂိုလ်ကို ဆရာဟူ၍ညွှန်ခြင်းသည် အကြောင်းမဟုတ် အရာမဟုတ် အကြောင်း မရှိဟု သိတော်မူ၏။ အပြန်အားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် အမိသတ်ခြင်း

စသော ပဉ္စာနန္တရိယကံကိုပြုလုပ်ခြင်း၊ မြတ်စွာဘုရားမှတစ်ပါး အခြား ပုဂ္ဂိုလ်ကို ဆရာဟူ၍ ညွှန်ပြခြင်းကား အကြောင်းဟုတ်၏ အရာဟုတ်၏ အကြောင်း၏ဟု သိတော်မူ၏။

ထို့ပြင် စကြဝဠာလောကဓာတ်တစ်ခုတည်း၌ ဘုရားနှစ်ဆူ မရှေး မနှောင်း ပွင့်တော်မူခြင်း၊ စကြာမင်းနှစ်ပါး မရှေးမနှောင်းဖြစ်ပွားခြင်း သည် အကြောင်းမဟုတ်၊ အရာမဟုတ် အကြောင်းမရှိဟု သိတော်မူ၏။ အပြန်အားဖြင့် စကြဝဠာလောကဓာတ်တစ်ခုတည်း၌ ဘုရားတစ်ဆူသာ ပွင့်တော်မူခြင်း၊ စကြာမင်းတစ်ပါးသာဖြစ်ပွားခြင်းသည် အကြောင်း ဟုတ်၏ အရာဟုတ်၏ အကြောင်းရှိ၏ဟု သိတော်မူ၏။

ထို့ပြင် အမျိုးသမီးများ ဘုရားဖြစ်ခြင်း၊ စကြာမင်းဖြစ်ခြင်း၊ သိကြားမင်းဖြစ်ခြင်း၊ မာရ်နတ်မင်းဖြစ်ခြင်း၊ မဟာဗြဟ္မာဖြစ်ခြင်းဟူသည် အကြောင်းမဟုတ် အရာမဟုတ် အကြောင်းမရှိဟု သိတော်မူ၏။ အပြန်အားဖြင့် အမျိုးသားများ ဘုရားဖြစ်ခြင်း၊ စကြာမင်းဖြစ်ခြင်း၊ သိကြားမင်းဖြစ်ခြင်း၊ မာရ်နတ်မင်းဖြစ်ခြင်း၊ မဟာဗြဟ္မာဖြစ်ခြင်းဟူသည် အကြောင်းဟုတ်၏ အရာဟုတ်၏ အကြောင်းရှိ၏ဟု သိတော်မူ၏ စသည်ဖြင့် ဉာဏဝိဘင်္ဂပါဠိတော်၌ ကျယ်ဝန်းစွာဟောတော်မူထား၏။

၂။ **ကမ္မဝိပါကဉာဏ်တော်**- ကမ္မဝိပါကဉာဏ်တော် ဆိုသည်မှာ အကျဉ်းချုပ်အဓိပ္ပာယ်အားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကံတို့၏အကျိုးကို ဟုတ်တိုင်းမှန်စွာသိသော ဉာဏ် တော်ဟု အဓိပ္ပာယ်ရသည်။

သိတော်မူပုံမှာ-

၁။ အကုသိုလ်ကံများကို ပြုလုပ်ထားကြသော်လည်း လူ့ဘုံ, နတ်ဘုံတို့၌ ဖြစ်ခြင်းဟူသော ဂတိသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသော အကုသိုလ်ကံအချို့ ရှိကြ၏။ ထိုကံများကို 'ဂတိသမ္ပတ္တိပဋိဗာဠှအကုသိုလ်ကံ'ဟု ခေါ်၏။

၂။ ထိုအတူ အကုသိုလ်ကံများကိုပြုလုပ်ထားကြသော်လည်း ဥပဓိရုပ်လက္ခဏာ ကိုယ်အင်္ဂါပြည့်စုံတင့်တယ်ခြင်း ဟူသော ဥပဓိသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသော အကုသိုလ်ကံအချို့လည်းရှိ၏။ ထိုကံများကို 'ဥပဓိသမ္ပတ္တိပဋိဗာဠ္ဟအကုသိုလ်ကံ' ဟုခေါ်၏။

၃။ ထိုအတူ အကုသိုလ်ကံများကိုပြုလုပ်ထားကြသော်လည်း ခေတ်ကောင်းအခါကောင်းဟူသော ကာလသမ္ပတ္တိ၏တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသော အကုသိုလ်ကံအချို့လည်း ရှိ၏။ ထိုကံများကို 'ကာလသမ္ပတ္တိပဋိဗာဠ္ဟအကုသိုလ်ကံ' ဟု ခေါ်၏။

၄။ ထိုအတူ အကုသိုလ်ကံများကို ပြုလုပ်ထားကြသော်လည်း မှန်ကန်သော အားထုတ်မှု၊ လုံ့လဝီရိယနှင့်ပြည့်စုံခြင်းဟူသော ပယောဂသမ္ပတ္တိ၏တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသော အကုသိုလ်ကံအချို့လည်း ရှိ၏။ ထိုကံများသည် 'ပယောဂသမ္ပတ္တိပဋိဗာဠ္ဟအကုသိုလ်ကံ' များဖြစ်သည်။ [ပယောဂသမ္ပတ္တိ=လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၏ + ပဋိဗာဠ္ဟ=တားမြစ်ချက်]။

၅။ အကုသိုလ်ကံများကိုပြုလုပ်ထားရာ အပါယ်လေးဘုံ၌ဖြစ်ခြင်းဟူသော ဂတိဝိပတ္တိအခွင့်ကောင်းကိုရ၍ အချို့အကုသိုလ်ကံများ အကျိုးပေးခွင့်ရကြ၏။ ထိုကံများကို 'ဂတိဝိပတ္တိအကုသိုလ်ကံ' ဟုခေါ်၏။

၆။ အကုသိုလ်ကံများကို ပြုလုပ်ထားရာ ဥပဓိရုပ်လက္ခဏာ၊ ကိုယ်အင်္ဂါချို့တဲ့မှုဟူသော ဥပဓိဝိပတ္တိအခွင့်ကောင်းကိုရ၍ အချို့အကုသိုလ်ကံများ အကျိုးပေးခွင့်ရကြ၏။ ထိုကံများကို 'ဥပဓိဝိပတ္တိအကုသိုလ်ကံ' ဟုခေါ်၏။

၇။ ထိုအတူ အကုသိုလ်ကံများကို ပြုလုပ်ထားရာ ခေတ်ပျက်ကာလပျက် ခေတ်ဆိုးကာလဆိုးဟူသော ကာလဝိပတ္တိအခွင့်ကောင်းကိုရ၍ အချို့အကုသိုလ်ကံများ အကျိုးပေးခွင့်ရကြ၏။ ထိုကံများကို 'ကာလဝိပတ္တိအကုသိုလ်ကံ' ဟု ခေါ်၏။

၈။ ထို့အတူ အကုသိုလ်ကံများကိုပြုလုပ်ထားရာ ကြိုးစားအားထုတ်ခြင်းချို့တဲ့မှု၊ မှားသောကြိုးစားအားထုတ်မှုဟူသော ပယောဂဝိပတ္တိအခွင့်ကောင်းကိုရ၍ အချို့အကုသိုလ်ကံများ အကျိုးပေးကြ၏။ ထိုကံများကို 'ပယောဂဝိပတ္တိအကုသိုလ်ကံ' ဟုခေါ်၏။ ဤသို့ အကုသိုလ်ကံတို့၏အကျိုးပေးပုံကိုလည်း ကောင်းစွာသိတော်မူ၏။

ကုသိုလ်ကံအရာ၌လည်း–

၁။ တစ်စုံတစ်ယောက်သောသူ၌ များစွာသော ကုသိုလ်ကံများရှိကြသော်လည်း အပါယ်လေးဘုံတို့၌ဖြစ်ခြင်းဟူသော ဂတိဝိပတ္တိ၏တားမြစ်ချက်ကြောင်း ကောင်းကျိုးပေးခွင့်မရသော ကုသိုလ်ကံအချို့ရှိကြ၏။ ထိုကံများကို 'ဂတိဝိပတ္တိပဋိဗာဠှကုသိုလ်ကံ'ဟု ခေါ်၏။ [ဂတိဝိပတ္တိ=အပါယ်ဘုံတို့၌ဖြစ်ခြင်း၏ + ပဋိဗာဠှ=တားမြစ်ချက်]

၂။ တစ်စုံတစ်ယောက်သောသူ၌ များစွာသောကုသိုလ်ကံများရှိကြသော်လည်း ဥပဓိရုပ်လက္ခဏာ၊ ကိုယ်အင်္ဂါချို့တဲ့မှုဟူသော ဥပဓိဝိပတ္တိ၏တားမြစ်ချက်ကြောင့် ကောင်းကျိုးပေးခွင့်မရသော ကုသိုလ်ကံအချို့ရှိကြ၏။ ထိုကံများကို 'ဥပဓိဝိပတ္တိပဋိဗာဠှကုသိုလ်ကံ'ဟု ခေါ်၏။

၃။ တစ်စုံတစ်ယောက်သောသူ၌ပြုလုပ်ထားသော ကုသိုလ်ကံများရှိသော်လည်း ခေတ်ပျက်ကာလပျက်ဟူသော ကာလဝိပတ္တိ၏တားမြစ်ချက် ကောင်းကျိုးပေးခွင့်မရသော ကုသိုလ်ကံအချို့ရှိကြ၏။ ထိုကံများကို 'ကာလဝိပတ္တိပဋိဗာဠှကုသိုလ်ကံ'ဟု ခေါ်သည်။

၄။ တစ်စုံတစ်ယောက်သောသူ၌ပြုလုပ်ထားသော ကုသိုလ်ကံများရှိသော်လည်း မှားယွင်းသောအားထုတ်ခြင်းဟူသော ပယောဂဝိပတ္တိ၏တားမြစ်ချက်ကြောင့် ကောင်းကျိုးပေးခွင့်မရသော ကုသိုလ်ကံအချို့ ရှိ၏။ ထိုကံများကို 'ပယောဂဝိပတ္တိပဋိဗာဠှကုသိုလ်ကံ' ဟု ခေါ်သည်။

၅။ တစ်စုံတစ်ယောက်သောသူ၌ ပြုလုပ်ထားသော ကုသိုလ်ကံများရှိရာ လူ့ဘုံနတ်ဘုံတို့၌ဖြစ်ခြင်းဟူသော အခွင့်ကောင်းကိုရ၍ အကျိုး

ပေးသော ကုသိုလ်ကံအချို့ ရှိကြ၏။ ထိုကံများကို 'ဂတိသမ္ပတ္တိကုသိုလ်ကံ' ဟုခေါ်၏။

၆။ တစ်စုံတစ်ယောက်သောသူ၌ ပြုလုပ်ထားသော ကုသိုလ်ကံများရှိရာ ဥပဓိရုပ်လက္ခဏာ, ကိုယ်အင်္ဂါပြည့်စုံမှုဟူသော ဥပဓိသမ္ပတ္တိကြောင့် အချို့ကုသိုလ်ကံများ အကျိုးပေးခွင့်ရကြ၏။ ထိုကံများကို 'ဥပဓိသမ္ပတ္တိကုသိုလ်ကံ' ဟုခေါ်၏။

၇။ တစ်စုံတစ်ယောက်သောသူ၌ပြုလုပ်ထားသော ကုသိုလ်ကံများရှိရာ ခေတ်ကောင်း အချိန်ကာလကောင်းနှင့် ပြည့်စုံမှုဟူသော 'ကာလသမ္ပတ္တိ'ကြောင့် အချို့ကုသိုလ်ကံများ အကျိုးပေးခွင့်ရကြ၏။ ထိုကံများကို 'ကာလသမ္ပတ္တိကုသိုလ်ကံ'ဟုခေါ်၏။

၈။ တစ်စုံတစ်ယောက်သောသူ၌ ပြုလုပ်ထားသော ကုသိုလ်ကံများရှိရာ မှန်မှန်ကန်ကန် ကြိုးစားအားထုတ်မှုဟူသော လုံ့လပယောဂနှင့် ပြည့်စုံမှု ပယောဂသမ္ပတ္တိကြောင့် အချို့ကုသိုလ်ကံများ အကျိုးပေးခွင့်ရကြ၏။ ထိုကံများကို 'ပယောဂသမ္ပတ္တိကုသိုလ်ကံ'ဟုခေါ်၏။

ဤသို့ ကံတို့၏အကျိုးပေးပုံကို မြတ်စွာဘုရားသည် ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူ၏။ ထိုသို့ သိမြင်တော်မူသောဉာဏ်တော်သည် ကမ္မဝိပါကဉာဏ်တော် ဖြစ်သည်ဟု ဝိဘင်္ဂပါဠိတော်၊ ဉာဏဝိဘင်္ဂ အခန်း၌ ဟောကြားတော်မူထားပေသည်။

**၃။ သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်တော်**— ထိုထို ကောင်း, မကောင်းသော ဘဝများသို့ ရောက်ကြောင်း, နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်များကို ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူသော ဉာဏ်တော်ကို 'သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်တော်'ဟုခေါ်သည်။

သိတော်မူပုံမှာ–သုံးလောကထွတ်တင် သဗ္ဗညုတဘုရားရှင်သည် 'ဤအကျင့်လမ်းကြောင်းသည် ငရဲဘုံသို့ရောက်စေနိုင်၏။ ဤအကျင့်

လမ်းကြောင်းသည် တိရစ္ဆာန်ဘုံ(သို့မဟုတ်) ပြိတ္တာဘုံသို့ ရောက်စေနိုင်၏။ ဤအကျင့်လမ်းကြောင်းသည် လူ့ဘုံ(သို့မဟုတ်)နတ်ဘုံသို့ ရောက်စေနိုင်၏။ ဤအကျင့်လမ်းကြောင်းသည် နိဗ္ဗာန်သို့ ရောက်စေနိုင်၏"ဟု သုဂတိဘဝ, ဒုဂ္ဂတိဘဝ, နိဗ္ဗာန်တို့သို့ရောက်ကြောင်း ကောင်း, မကောင်းသောအကျင့်များကို ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူပါသည်။

ဤသို့ သိမြင်တော်မူရာတွင် သတ္တဝါတစ်ဦးတစ်ယောက်ကို လူအများ ဝိုင်းသတ်ကြရာ ပါဏာတိပါတကံချည်းဖြစ်ကြသော်လည်း သတ်သည့်အခိုက်၌ စေတနာကံခြင်း မတူကြချေ။ အချို့က မိမိဆန္ဒအတိုင်း သတ်၏။ အချို့က တိုက်တွန်း၍သတ်၏။ အချို့က သူများသတ်သည်ကို သဘောတူ၍ သတ်၏။ ထိုသူတို့တွင် အချို့က ငရဲဘုံ၌၊ အချို့က တိရစ္ဆာန်ဘုံ၌၊ အချို့က ပြိတ္တာဘုံတို့၌ ဖြစ်ကြ၏။

ထိုသို့ အမျိုးမျိုးဖြစ်ကြရာ၌ မြတ်စွာဘုရားသည် **ဤသတ္တဝါတို့** မဖြစ်မီကပင် ဤသတ္တဝါသည် ကံပြုစဉ်က ဤသို့စေတနာရှိသောကြောင့် ငရဲဘုံ၌ ဖြစ်လိမ့်မည်။ ဤသတ္တဝါကား ဤစေတနာကံမျိုးရှိသောကြောင့် တိရစ္ဆာန်ဘုံ၌ ဖြစ်လိမ့်မည်၊ ဤသတ္တဝါမှာမူ ကံပြုစဉ်က ဤစေတနာ ကံမျိုးရှိသောကြောင့် ပြိတ္တာဘုံ၌ဖြစ်လိမ့်မည်ဟု ကြိုတင်သိတော်မူ၏။

ငရဲဘုံ၌ဖြစ်ရာ၌လည်း ငရဲကြီးရှစ်ထပ်တို့၌ ဖြစ်မည် သို့မဟုတ် တစ်ဆယ့်ခြောက်ခုသော ဥဿဒငရဲငယ်များ၌ဖြစ်မည်ဟု ခွဲခြားသိတော်မူ၏။ တိရစ္ဆာန်ဖြစ်ရာ၌လည်း ခြေမရှိ၊ ခြေနှစ်ချောင်းရှိ၊ ခြေလေးချောင်းရှိ၊ ခြေအများရှိ တိရစ္ဆာန်မျိုးတို့တွင် မည်သည့် တိရစ္ဆာန်မျိုး၌ဖြစ်မည်ဟု ခွဲခြားသိတော်မူ၏။ ပြိတ္တာဖြစ်ရာ၌လည်း မည်သည့်ပြိတ္တာမျိုး၌ဖြစ်မည်ဟု အတိအကျ သိမြင်တော်မူ၏။ ထို့ပြင် ဤအကုသိုလ်ကံသည် ပဋိသန္ဓေကျိုးကို မပေးစွမ်းနိုင်၊ ဤအကုသိုလ်ကံကမူ ပဋိသန္ဓေကျိုးကို ပေးနိုင်စွမ်းသော်လည်း အားနည်းသည့် ဥပပီဠကကံ ဖြစ်နိုင်၏ဟု အသေးစိတ် သိတော်မူ၏။

လူအများစု ဆွမ်းလျှုဒါန်းမှုပြုကြရာ၌ ရှေးအတိုင်းပင် လျှုဒါန်းမှုကို ပြုစဉ်အခါတွင် စေတနာကံမှာ တစ်ဦးနှင့်တစ်ဦး မတူကြချေ။ ထိုသူတို့တွင် ဤသူသည် သူ၏ကံအတိုင်း လူ့ဘုံမှာဖြစ်မည်၊ ဤသူကလည်း သူ၏ကံအတိုင်း နတ်ပြည်မှာဖြစ်မည်ဟု သိမြင်တော်မူ၏။ နတ်ပြည်၌ ဖြစ်ရာ၌လည်း ဤသူက ပရနိမ္မိတဝသဝတ္တီဘုံ၌ ဖြစ်မည်၊ ဤသူက နိမ္မာနရတီဘုံ၌ ဖြစ်မည် စသည်တို့ကို သိသည့်အပြင် ဖြစ်ရာ၌လည်း အကြီးအကဲနတ်မင်း ဖြစ်မည်၊ အလုပ်အကျွေးနတ်ဖြစ်မည် စသည်တို့ကိုသိ၏။ လူ့ဘုံ၌ဖြစ်ရာ၌လည်း ဤသူက မင်းမျိုး၌ဖြစ်မည်၊ ပုဏ္ဏားမျိုး၌ ဖြစ်မည်၊ ကုန်သည်လယ်သမားမျိုး၌ ဖြစ်မည်၊ လူဆင်းရဲမျိုး၌ ဖြစ်မည်၊ ထိုအမျိုးလေးမျိုးတို့၏အလုပ်အကျွေး အစေအပါးဖြစ်မည်ဟု အတိအကျ သိမြင်တော်မူ၏။ ထို့အပြင် ဤသူ၏ ကုသိုလ်ကံသည် ပဋိသန္ဓေအကျိုးကို မပေးစွမ်းနိုင်။ ဤသူ၏ကုသိုလ်ကံကမူ ပဋိသန္ဓေကျိုးကို ပေးနိုင်စွမ်းသော်လည်း အားနည်းသည့်အတွက် ဥပဓိချို့တဲ့နိုင်၏ဟုလည်း ခွဲခြားသိတော်မူ၏။

ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရာ၌လည်း ဤသို့ဝိပဿနာတရားအားထုတ်မှုကြောင့် ဤပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ရောက်မည်၊ အနာဂါမ်မျှသာဖြစ်မည်၊ သကဒါဂါမ်မျှသာဖြစ်မည်၊ သောတာပန်မျှသာ ဖြစ်မည်၊ မဂ်ဖိုလ်ကိုမရ ဝိပဿနာဉာဏ်၌သာ တည်မည် (သို့မဟုတ်) ပစ္စယပရိဂ္ဂဟဉာဏ် (သို့မဟုတ်) နာမရူပပရိဂ္ဂဟဉာဏ် စသည်မျှ၌သာ တည်မည်ဟု ခွဲခြားသိတော်မူ၏။

သမထဘာဝနာဖြစ်သည့် ကသိုဏ်းပရိကံကို အားထုတ်ကြရာ၌လည်း ဤသူအား ပရိကမ္မဘာဝနာမျှသာဖြစ်မည်၊ နိမိတ်ရသည်အထိ မစွမ်းနိုင်၊ ဤသူအား နိမိတ်အထိရနိုင်သော်လည်း ဈာန်အထိ မရနိုင်။ ဤသူမှုကား ဈာန်အထိတက်လှမ်းနိုင်၍ ဈာန်ကိုအခြေပြု၍ ဝိပဿနာရှုကာ ရဟန္တာဖြစ်နိုင်၏ဟု ခွဲခြားသိတော်မူ၏။ ဤသို့ သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ကျယ်ဝန်းစွာဖွင့်ဆိုထားပေသည်။

၄။ **အနေကဓာတုနာနာဓာတုဉာဏ်တော်–** အနေကဓာတု နာနာဓာတုဉာဏ်တော် ဆိုသည်မှာ ဓာတ်သဘာဝအမျိုးမျိုးတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူနိုင်သော ဉာဏ်တော်ဖြစ်သည်။

သိမြင်တော်မူပုံမှာ– ဤတရားကား ရူပက္ခန္ဓာဖြစ်၏စသည်ဖြင့် ခန္ဓာငါးပါးတို့၏ ထူးခြားပုံကိုလည်း သိ၏။ ခန္ဓာတစ်ပါးစီ၏ အထူးထူး အပြားပြား များပြားပုံကိုလည်း သိ၏။ ထို့ပြင် ဤတရားသည် စက္ခာယတနမည်၏ စသည်ဖြင့် အာယတနတစ်ဆယ့်နှစ်ပါးတို့၏ ထူးခြားပုံကိုလည်း သိ၏။ အာယတနတစ်ဆယ့်နှစ်ပါးတို့တွင် မနာယတန၊ ဓမ္မာယတန နှစ်ပါးတို့သည် ဘုံလေးပါး၌ဖြစ်ကြ၍ ကျန်အာယတနဆယ်ပါးတို့သည် ကာမဘုံ၌ဖြစ်ကြ၏ဟု သိတော်မူ၏။

ထို့အတူ စက္ခုဓာတ်စသော ဓာတ်တစ်ဆယ့်ရှစ်ပါးကိုလည်း ခွဲခြား သိတော်မူ၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သက်ရှိသခါရလောကရှိ ဓာတ်တို့၏ ထူးခြားပုံကိုသာ သိမြင်တော်မူသည် မဟုတ်သေး၊ သစ်ပင်, တော, တောင်, စသော သက်မဲ့သခါရ လောကရှိဓာတ်တို့၏ ထူးခြားပုံကို လည်း သိမြင်တော်မူလေသည်။ ပစ္စေကဗုဒ္ဓါများနှင့် အဂ္ဂသာဝကကြီး နှစ်ပါးပင်လျှင် သက်မဲ့သခါရလောကရှိ ဓာတ်တို့၏ ထူးခြားပုံကို လုံးဝ သိမြင်တော် မမူနိုင်ကြချေ။ သက်ရှိသခါရလောကရှိ ဓာတ်တို့ကိုပင်လျှင် အလုံးစုံမသိနိုင်၊ တစ်စိတ်တစ်ဒေသအားဖြင့်သာ သိနိုင်ကြ၏။

ရှင်တော်ဗုဒ္ဓသည် ဤသစ်ပင်၏ ပင်စည်ကြီး ဖြူနေသည်မှာ မည်သည့်ဓာတ် များသောကြောင့် ဖြစ်၏။ မည်းနေသည်မှာ မည်သည့် ဓာတ် များသောကြောင့်ဖြစ်၏။ ပြေပြစ်ချောမွေ့နေသည်မှာ မည်သည့် ဓာတ်များသောကြောင့်၊ အခွံအခေါက်ထူနေသည်မှာ မည်သည့်ဓာတ် များသောကြောင့် အခွံအခေါက်ပါးနေသည်မှာ မည်သည့်ဓာတ်များသော ကြောင့်ဖြစ်၏။ မည်သည့်ဓာတ်များသောကြောင့်၊ ဤသစ်ပင်၏အရွက်

သည် ဤသို့ အဆင်းသဏ္ဍာန် စသည်ဖြစ်နေ၏။ မည်သည့်ဓာတ်များ သောကြောင့် ဤသစ်ပင်အပွင့်သည် ညိုရ၏၊ ဝါရ၏၊ နီရ၏၊ ဖြူရ၏။ ရနံ့မွှေးရ၏၊ အနံ့ဆိုးထွက်ရ၏။ မည်သည့်ဓာတ်များသည့်အတွက် အသီးသည် သေးရ၏၊ ကြီးရ၏၊ ရှည်ရ၏၊ တိုရ၏၊ လုံးရ၏၊ ပုံပန်း သဏ္ဍာန်လှ၏၊ ပုံပန်းသဏ္ဍာန်မလှ၊ ပြေပြစ်ချောမွေ့၏၊ ကြမ်းတမ်း၏၊ ရနံ့မွှေး၏၊ အနံ့ဆိုးထွက်၏၊ ချို၏၊ ခါး၏၊ စပ်၏၊ ဖန်၏၊ စသည်ဖြင့် ခွဲခြားသိတော်မူ၏။

ထို့ပြင် မည်သည့်ဓာတ် များသည့်အတွက် ဤသစ်ပင်၏ဆူးသည် ထက်၏၊ အလွန်ထက်ရ၏။ ဖြောင့်ရစ်၊ ကောက်ရစ်၊ နီရစ်၊ မဲနက်ရစ်၊ ညိုရစ်၊ ဖြူရစ် စသည်ဖြင့် သက်မဲ့သင်္ခါရလောကရှိ ဓာတ်အမျိုးမျိုး တို့၏ ထူးခြားပုံကိုလည်း ကွဲကွဲပြားပြား ခွဲခြားသိတော်မူပါသည်။ ဤဉာဏ်တော်ဖြင့် ဓာတ်နှင့်ပတ်သက်သမျှ ပညာရပ်အားလုံးကို တတ်သိနားလည်တော်မူပေသည်။

**၅။ နာနာဓိမုတ္တိကတာဉာဏ်တော်**– သတ္တဝါတို့၏ စိတ်နေသဘော ထားနှင့် နှလုံးသွင်း အဇ္ဈာသယ ဓာတ်ခံတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူသောဉာဏ်တော်ကို 'နာနာဓိမုတ္တိကတာဉာဏ်တော်'ဟု ခေါ်၏။

သိတော်မူပုံမှာ– ဤလောက၌ ယုတ်ညံ့သောနှလုံးသွင်းဓာတ်ခံ ရှိသော သတ္တဝါများရှိကြသကဲ့သို့ မြင့်မြတ်သောနှလုံးသွင်းဓာတ်ခံ ရှိသည့် သတ္တဝါများရှိကြ၏။ ထိုတွင် ယုတ်ညံ့သည့် နှလုံးသွင်းဓာတ်ခံ ရှိကြသူတို့သည် ယုတ်ညံ့သည့်နှလုံးသွင်းဓာတ်ခံရှိသူတို့ကို မှီဝဲကြ၊ ဆည်းကပ်ကြ၊ ပေါင်းသင်းကြ၏။ မြင့်မြတ်သော နှလုံးသွင်းဓာတ်ခံ ရှိကြသူများကလည်း မြင့်မြတ်သည့် နှလုံးသွင်းဓာတ်ခံရှိကြသူတို့ကို မှီဝဲကြ၊ ဆည်းကပ်ကြ၊ ပေါင်းသင်းကြ၏။

ဥပမာ– နိဿရည်းဆရာ ဥပဇ္ဈာယ်ဆရာများမှာ သီလရှိသူများ မဖြစ်ကြဘဲ အတူနေတပည့်ရဟန်းတို့ကသာ သီလရှိသူများဖြစ်ကြ

လျှင် ထိုအတူနေတပည့်တို့သည် မိမိတို့၏ဆရာဥပဇ္ဈာယ်တို့ကို မမှီဝဲ၊ မဆည်းကပ်ကြကုန်။ မိမိတို့နှင့် သီလရှိခြင်းတူကြ၍ လျော်ကန်သင့်မြတ်သည့်ရဟန်းတို့ကိုသာ မှီဝဲကြ ဆည်းကပ်ကြကုန်၏။ အကယ်၍ ဆရာဥပဇ္ဈာယ်တို့က သီလရှိပြီး အတူနေတပည့်တို့က သီလမရှိခဲ့လျှင် ထိုအတူနေတပည့်တို့သည် ထိုဆရာဥပဇ္ဈာယ်တို့ကို မဆည်းကပ်ကြဘဲ မိမိတို့နှင့်သဘောတူသည့် သီလမရှိသူ ရဟန်းတို့ကိုသာ မှီဝဲဆည်းကပ်ကြကုန်သကဲ့သို့ ဖြစ်သည်။

ယခုကဲ့သို့ မှီဝဲဆည်းကပ်ကြခြင်းသည် ယခုဘဝ၌သာမဟုတ်၊ ရှေးရှေးအတိတ်ဘဝတို့၌လည်း ဤနည်းအတိုင်းပင် ဖြစ်ခဲ့သည်။ နောင်လာလတ္တံ့သော အနာဂတ်ဘဝတို့၌လည်း ဤနည်းအတိုင်းပင် ဖြစ်ကြလိမ့်မည်ဟု ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူပေသည်။ ဤကဲ့သို့ သီလရှိသူအချင်းချင်း၊ သီလမဲ့သူအချင်းချင်း၊ ပညာရှိသူအချင်းချင်း၊ ပညာမဲ့သူအချင်းချင်း မှီဝဲဆည်းကပ်ပေါင်းသင်းကြခြင်းမှာ နှလုံးသွင်းအဇ္ဈာသယဓာတ်ခံအတိုင်း ဖြစ်ကြခြင်းဖြစ်သည်။ ဤကဲ့သို့ သတ္တဝါတို့၏ စိတ်နေသဘောထားနှင့် နှလုံးသွင်းအဇ္ဈာသယဓာတ်ခံတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူသောဉာဏ်တော်သည် 'နာနာဓိမုတ္တိကတာဉာဏ်တော်' မည်၏။

[အမှတ်(၆) ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်အကြောင်းကို ဆအသာဓာရဏဉာဏ်တော်ခြောက်ပါးအခန်းတွင် ရေးသားတင်ပြခဲ့ပြီးပေပြီ။]

၇။ **ဈာနာဒိသံကိလေသဝေါဒါနဝုဋ္ဌာနဉာဏ်တော်**– ဈာန်,ဝိမောက္ခ, သမာဓိ, သမာပတ်တို့၏ ဆုတ်ယုတ်မှု,တိုးတက်မှု,ထမှုတို့ကို ဟုတ်တိုင်းမှန်စွာသိမြင်တော်မူသော ဉာဏ်တော်သည် 'ဈာနာဒိသံကိလေသဝေါဒါနဝုဋ္ဌာနဉာဏ်တော်' မည်၏။

ပဌမဈာန်, ဒုတိယဈာန် စသောဈာန်လေးပါးသည် ဈာန်အရ ဖြစ်၏။ အဇ္ဈတ္တ, ဗဟိဒ္ဓကသိုဏ်းရုပ်တို့၌ ပွားများ၍ရအပ်သော ရူပါဝစရ ဈာန်စသော ဝိမောက္ခရှစ်ပါးသည် ဝိမောက္ခအရဖြစ်၏။ နီဝရဏတရား တို့မှ လွတ်မြောက်သောကြောင့်လည်းကောင်း၊ ရူပသညာစသည်တို့မှ လွတ်မြောက်သောကြောင့်လည်းကောင်း၊ ရုပ်သညာရတစ်စိတ်နှင့် နာမ် သညာရတို့မှ လွတ်မြောက်သောကြောင့်လည်းကောင်း၊ ရူပဈာန်သုံးမျိုး အရူပဈာန်လေးမျိုး၊ နိရောဓသမာပတ်တစ်မျိုး ပေါင်းရှစ်မျိုးကို 'ဝိမောက္ခ' ဟုခေါ်၏။

ပဌမဈာန်သမာဓိ၊ ဒုတိယဈာန်သမာဓိ၊ အထက်ဈာန်သုံးပါး သမာဓိ၊ ပေါင်းသမာဓိသုံးမျိုးသည် သမာဓိအရဖြစ်၏။ ပဌမဈာန် သမာပတ် စသော သမာပတ်ရှစ်ပါး၊ နိရောဓသမာပတ်တစ်ပါး ပေါင်း ကိုးပါးသည် သမာပတ်အရဖြစ်၏။

ဈာနာဒိသံကိလေဝေါဒါနဝုဋ္ဌာနဉာဏ်တော်၏ သိတော်မူပုံမှာ အချို့ဈာန်ရပုဂ္ဂိုလ်သည် တဖြည်းဖြည်းဈာန်ဝင်စား၍ လျင်မြန်စွာ ဈာန်မှထ၏။ အချို့ပုဂ္ဂိုလ်သည် လျင်မြန်လွယ်ကူစွာဈာန်ဝင်စား၍ တဖြည်းဖြည်းဈာန်မှထ၏။ အချို့ပုဂ္ဂိုလ်သည် တဖြည်းဖြည်းဈာန်ဝင် စား၍ တဖြည်းဖြည်းဈာန်မှထ၏။ အချို့ပုဂ္ဂိုလ်သည် လျင်မြန်စွာ ဈာန်ဝင်စား၍ လျင်မြန်စွာဈာန်မှထ၏ဟု သိတော်မူ၏။

ထိုထိုဈာန်ရပုဂ္ဂိုလ်တို့၏ ပဌမဈာန်စသည်တို့မှ ဆုတ်ယုတ်ခြင်းကို လည်းကောင်း၊ ပဌမဈာန်စသည်တို့မှ ဒုတိယဈာန်စသည်တို့သို့ တိုးတက်ခြင်းကိုလည်းကောင်း၊ ထိုထိုဈာန်မှထခြင်းကိုလည်းကောင်း၊ ကောင်းစွာသိတော်မူ၏။ ဤကဲ့သို့သိတော်မူသောဉာဏ်ကို 'ဈာနာဒိ သံကိလေသဝုဋ္ဌာနဉာဏ်တော်' ဟု ခေါ်၏။

[ဈာနာဒိ = ဈာန်စသောတရားတို့၏ + သံကိလေ = ဆုတ်ယုတ် ခြင်း + ဝေါဒါန = တိုးတက်ခြင်း + ဝုဋ္ဌာန = ထခြင်း + ဉာဏ = သိတော် မူသောဉာဏ်]။

**၈။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်–** ရှေးရှေး ဘဝပေါင်းများစွာတို့၌ ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်များနှင့် ထိုခန္ဓာအစဉ်တို့ကိုလျှောက်၍ အမည်အမျိုးအဆင်း စသော ပညတ်တရားတို့ကို အောက်မေ့သိမြင်နိုင်သောဉာဏ်တော်ကို 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်'ဟုခေါ်သည်။

ထိုဉာဏ်၏သိမြင်တော်မူပုံမှာ တစ်ဘဝမှစ၍ ဘဝပေါင်းရာထောင်သောင်းသိန်း စသည်တို့၌ဖြစ်သော ခန္ဓာအစဉ်ကိုလည်း သိတော်မူ၏။ တစ်ပါးမက များလှစွာသော သံဝဋ္ဋကပ်၊ ဝိဝဋ္ဋကပ်၊ သံဝဋ္ဋဝိဝဋ္ဋကပ်တို့၌ **ဤကဲ့သို့သောအမျိုး**အနွယ်အမည်၊ အဆင်း၊ အာဟာရ၊ ဆင်းရဲချမ်းသာ **ခံစားမှု၊ အသက်**အပိုင်းအခြားတို့ ဖြစ်ခဲ့ဖူးပြီ။ ထိုသူသည် ထိုဘဝမှစုတေ၍ ဤမည်သောဘဝ၌ ဤသို့သောအမျိုးအနွယ်၊ နာမည်ဖြင့်ဖြစ်ခဲ့၍ ဤသို့သောအဆင်း၊ ဤသို့သောအာဟာရရှိခဲ့ပြီး ဤသို့သောဆင်းရဲခြင်း, ချမ်းသာခြင်းကို ခံစားရပြီ။ ဤသို့ အသက်အပိုင်းအခြား ရှိခဲ့ပြီ စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ အောက်မေ့သိမြင်နိုင်၏။ ဤကဲ့သို့သိတော်မူသောဉာဏ်ကို 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်'ဟုခေါ်သည်။

**၉။ စုတူပပါတဉာဏ်တော်–** သတ္တဝါတို့၏ စုတိ, ပဋိသန္ဓေတို့ကို ဟုတ်တိုင်းမှန်စွာသိတော်မူသော ဉာဏ်တော်ကို 'စုတူပပါတဉာဏ်တော်'ဟု ခေါ်သည်။

စုတူပပါတဉာဏ်တော်သည် လူသားတို့၏ မျက်စိအမြင်ထက် ပိုလွန်မြင်စွမ်းနိုင်သည့် နတ်တို့၏ပကတိမျက်စိအမြင်ကဲ့သို့ မြင်သိစွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်ပင်ဖြစ်သည်။

ထိုဉာဏ်တော်ဖြင့် စုတေခါနီးသတ္တဝါတို့ကိုလည်းကောင်း၊ ပဋိသန္ဓေနေပြီးစ သတ္တဝါတို့ကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိတော်မူခြင်းကိုပင် **စုတိပဋိသန္ဓေ**တို့ကို ဟုတ်တိုင်းမှန်စွာသိတော်မူသောဉာဏ်ဟု ဆိုခြင်းဖြစ်၏။

သိမြင်တော်မူပုံမှာ- ဤစုတူပပါတဉာဏ်ခေါ် ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် စုတေခါနီးသတ္တဝါတို့ကိုလည်းကောင်း၊ ပဋိသန္ဓေနေပြီးစ သတ္တဝါတို့ကိုလည်းကောင်း၊ အမျိုးအနွယ်, ဇာတ်, ဂုဏ် စသည်ဖြင့် အောက်တန်းနောက်တန်းကျသူ အထက်တန်းရောက်သူတို့ကိုလည်းကောင်း၊ ရုပ်ရည်အဆင်းလှသူ, မလှသူတို့ကိုလည်းကောင်း၊ သုဂတိဘုံဘဝသို့ရောက်သူ၊ ဒုဂ္ဂတိဘုံဘဝသို့ရောက်သူတို့ကိုလည်းကောင်း သိမြင်တော်မူ၏။

အောက်အပါယ်ဘုံသားသတ္တဝါများ ဆင်းရဲဒုက္ခခံစားနေကြရသည်ကို ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့်မြင်တော်မူသည့်အခါ 'ဤသတ္တဝါတို့သည် အဘယ်ကံမျိုးကိုပြုခဲ့ကြ၍ ဤမျှကြောက်မက်ဖွယ်ရာ ဆင်းရဲဒုက္ခအပြာပြာကို ခံစားနေကြရကုန်သနည်း'ဟု ဆင်ခြင်တော်မူသည်။ ထိုအခါ သတ္တဝါတို့၏အကုသိုလ်ကံကို သိမြင်တော်မူသော ယထာကမ္မုပဂဉာဏ်တော် ဖြစ်ပေါ်လာ၏။

ထို့အတူ လူ့ရပ်နတ်ရွာ ဗြဟ္မာဘုံသား လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်မားကြီးကျယ်သည့် ချမ်းသာသုခခံစားနေကြရသည်ကို ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် မြင်တော်မူသောအခါ 'ဤသတ္တဝါတို့သည် အဘယ်ကံမျိုးကို ပြုခဲ့ကြ၍ ဤမျှကြီးကျယ်ခမ်းနားသော လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို ခံစားကြရကုန်သနည်း'ဟု ဆင်ခြင်တော်မူ၏။ ထိုအခါ ထိုထိုသတ္တဝါတို့၏ကုသိုလ်ကံကိုသိမြင်သော ယထာကမ္မုပဂဉာဏ်တော် ဖြစ်ပေါ်လာလေသည်။

ဤယထာကမ္မုပဂဉာဏ်တော်ဖြင့် ဤအပါယ်ဘုံသား သတ္တဝါများသည် ရှေးရှေးဘဝတို့က ဒုစရိုက်တရားတို့ကို ပြုမှားပြောမှားကြံမှားခဲ့ကြ၏။ အရိယာပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့စကား၊ စွပ်စွဲပြောမှားကြကုန်၏။ မိစ္ဆာအယူ ရှိခဲ့ကြ၏။ ထိုအယူဖြင့် အကုသိုလ်ကံတို့ကို ကိုယ်တိုင်လည်း ပြုမှားခဲ့ကြ၍ သူတစ်ပါးတို့ကိုလည်း ပြုမှားစေခဲ့ကြ၏။ ထိုသူတို့ကွယ်လွန်ကြသည့်အခါ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်-အပါယ်

လေးဘုံတို့၌ ဖြစ်ကြရကုန်၏ဟု လည်းကောင်း၊ သုဂတိဘုံသား သတ္တဝါများကမူ သုစရိုက်တရားတို့ကို ကောင်းစွာပြု ကောင်းစွာပြော ကောင်းစွာကြံခဲ့ကြကုန်၏။ အရိယာပုဂ္ဂိုလ်တို့ကိုလည်း မစွပ်စွဲမဆဲရေး မကဲ့ရဲ့ကြကုန် ဖြောင့်မှန်သောအယူရှိကြ၏။ ထိုအယူဖြင့် အမျိုးမျိုးသော ကုသိုလ်ကံတို့ကို ကိုယ်တိုင်လည်း ဆောက်တည်ပွားများခဲ့ကြ၍ သူတစ်ပါးတို့ကိုလည်း ဆောက်တည်စေ ပွားများစေခဲ့ကြကုန်၏။ ထိုသူတို့ကွယ်လွန်ကြသည့်အခါ လူရပ်နတ်ရွာ ဗြဟ္မာနှစ်ဆယ် သုဂတိဘုံနယ်တို့၌ ဖြစ်ကြရကုန်၏ဟုလည်းကောင်း **သတ္တဝါတို့၏ရှေ့ကပြု**ခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ဝေဖန်ချဲ့ထွင် **အမှန်အတိုင်း**သိမြင်တော်မူသည်။ [ဒိဗ္ဗစက္ခုဉာဏ်ကို ဤစုတူပပါတ**ဉာဏ်တော်** ပြည့်စုံလာလျှင် ယထာကမ္မူပဂဉာဏ်၊ အနာဂတံသဉာဏ်တို့လည်း ပြည့်စုံလေတော့၏။]

**၁၀။ အာသဝက္ခယဉာဏ်တော်**– ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ–ဟူသော အာသဝေါတရားတို့၏ကုန်ရာ နိဗ္ဗာန်ကို ဟုတ်တိုင်းမှန်စွာ သိတော်မူသော အရဟတ္တမဂ်ဉာဏ်တော်သည် 'အာသဝက္ခယဉာဏ်တော်' မည်၏။

**ဉာဏ်တော်ဆယ်ပါးကိုအသုံးပြုတော်မူ**

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် ရှေးဦးစွာ ဝေနေယျသတ္တဝါတို့ အရဟတ္တမဂ်ဉာဏ်ကို မရနိုင်ကြောင်းဖြစ်သော နိယတမိစ္ဆာဒိဋ္ဌိ ဆိုသည့် ကိလေသန္တရာယ် ရှိ,မရှိကို ဌာနာဋ္ဌာနဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူ၏။

ထို့နောက် ကမ္မဝိပါကဉာဏ်တော်ဖြင့် ထိုဝေနေယျသတ္တဝါတို့မှာ ဈာန်မဂ်ဖိုလ်၏အန္တရာယ်ကိုပြုတတ်သည့် အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေတည်နေမှု ဝိပါကန္တရာယ် ရှိ,မရှိကို ကြည့်ရှုဆင်ခြင်တော်မူသည်။

ထို့နောက် သဗ္ဗညုတဂါမိနီပဋိပဒါဉာဏ်တော်ဖြင့် ထိုဝေနေယျသတ္တဝါတို့မှာ ကမ္မန္တရာယ်ခေါ်သည့် ပဉ္စာနန္တရိယကံကြီးငါးမျိုး ရှိ,မရှိကို ကြည့်ရှုဆင်ခြင်တော်မူသည်။

ထိုသို့ဆိုပြီး ဉာဏ်တော်သုံးပါးတို့ဖြင့် ဝေနေယျသတ္တဝါတို့မှာ ဈာန်မဂ်ဖိုလ်ကို တားမြစ်ပိတ်ပင်တတ်သည့် ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်ဟူသော အန္တရာယ်ကြီး သုံးမျိုး ရှိ,မရှိ ကြည့်ရှုဆင်ခြင်တော်မူပြီးမှ ထိုအန္တရာယ်သုံးပါး အနှောင့်အယှက် တရားတို့မှကင်းစင်သည့် ဝေနေယျသတ္တဝါတို့အား စရိုက်နှင့်လျော်ကန် လျောက်ပတ်သောတရားတော်ကို ဟောကြားဖို့ရန် အနေကဓာတု နာနာဓာတု ဉာဏ်တော်ဖြင့် ထိုသတ္တဝါတို့၏စရိုက်အထူးအပြားကို ကြည့်ရှုဆင်ခြင်တော်မူသည်။

ထို့နောက်မှ ထိုသတ္တဝါတို့၏ လုံ့လပယောဂစင်ကြယ်မှု, မစင်ကြယ်မှုကို ဂရုမမူ ယူတော်မမူဘဲ နှလုံးသွင်းသဘောထား အားလျော်စွာ တရားဟောဖို့ရန် နာနာဓိမုတ္တိကဉာဏ်တော်ဖြင့် ထိုသတ္တဝါတို့၏ နှလုံးသွင်းသဘောထားကို ကြည့်ရှုဆင်ခြင်တော်မူသည်။

ထိုသို့ သတ္တဝါတို့၏နှလုံးသွင်းသဘောထားကို ကောင်းစွာသိတော်မူပြီးမှ စွမ်းအားအလျောက်တရားဟောဖို့ရန် ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်ဖြင့် သတ္တဝါတို့၏ သဒ္ဓါစသော ဣန္ဒြေအနုအရင့်ကို ကြည့်ရှုဆင်ခြင်တော်မူသည်။

ယင်းသို့ဆင်ခြင်တော်မူသဖြင့် ထိုသတ္တဝါတို့မှာ ဈာန်မဂ်ဖိုလ်ရလောက်သည့် ဣန္ဒြေရင့်ကျက်မှုရှိကြသည်ကို သိမြင်တော်မူ၍ ဝေးကွာလှသောအရပ်၌ တည်ရှိနေကြလျှင် ဈာနာဒိသံကိလေသဝေါဒါန ဝုဋ္ဌာနဉာဏ်တော်ဖြင့် ဈာန်စသောတရားတို့၌ အထွတ်အထိပ်ရောက် လေ့လာနိုင်နင်းပြီးဖြစ်ရကား တန်ခိုးအထူးဖြင့် ထိုသတ္တဝါတို့ထံ အမြန်ကြွရောက်တော်မူပါသည်။

ရောက်တော်မူလျှင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ဖြင့် ထိုသတ္တဝါတို့၏ရှေးဘဝတို့၌ဖြစ်ခဲ့ပုံကိုလည်းကောင်း၊ ဒိဗ္ဗစက္ခုဉာဏ်တော်စွမ်းဖြင့် ရောက်အပ်သော စေတောပရိယဉာဏ်တော်ဖြင့် ထိုသတ္တဝါတို့၏ လောလောဆယ် ပစ္စုပ္ပန်စိတ်ဖြစ်ပုံအထူးကိုလည်းကောင်း ကြည့်ရှုဆင်ခြင်တော်မူလျက် အာသယာနုသယဉာဏ်တော်စွမ်းဖြင့် အရဟတ္တမဂ်သို့ရောက်ကြောင်း အကျင့်ပဋိပတ်၌ တွေဝေခြင်းကင်းတော်မူပြီးဖြစ်ရကား ထိုသတ္တဝါတို့အား အရဟတ္တမဂ်ကိုရရှိဖို့ရန် တရားဟောတော်မူလေသည်။ ထို့ကြောင့် ဒသဗလဉာဏ်တော်ဆယ်ပါးတို့ကို ဤအစဉ်အတိုင်း ဟောကြားတော်မူခြင်းဖြစ်သည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ မိန့်ဆိုထားပေသည်။

**အာဝေဏိကဂုဏ်တော် ၁၈-ပါး**

တင်ပြခဲ့ပြီးသော အသာဓာရဏဉာဏ်တော်ခြောက်ပါးတို့သည် ပစ္စေကဗုဒ္ဓါသာဝကတို့နှင့်မဆက်ဆံ ဘုရားရှင်တို့သာရနိုင်သော သီးခြားဉာဏ်တော်များဖြစ်သကဲ့သို့၊ ထို့အတူ ဘုရားရှင်၏သီးခြားဂုဏ်တော်များဖြစ်သည့် အာဝေဏိကဂုဏ်တော်(၁၈)ပါးရှိ၏။

ထို အာဝေဏိကဂုဏ်တော်များမှာ-

၁။ သဗ္ဗညုတဉာဏ်တော်သည် အတိတ်၌ အပိတ်အပင် အဆီးအတားမရှိ၊

၂။ သဗ္ဗညုတဉာဏ်တော်သည် အနာဂတ်တရားစု၌ အပိတ်အပင် အဆီးအတားမရှိ၊

၃။ သဗ္ဗညုတဉာဏ်တော်သည် ပစ္စုပ္ပန်တရားစု၌ အပိတ်အပင် အဆီးအတားမရှိ။

၄။ ဤဂုဏ်တော်သုံးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ ကာယကံမှန်သမျှ ဉာဏ်ပါလျက်ရှိ၏။

၅။ **ဝစီကံမှန်သမျှ** ဉာဏ်ပါလျက်ရှိ၏။

၆။ **မနောကံမှန်သမျှ** ဉာဏ်ပါလျက်ရှိ၏။

၇။ ဤဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား ဆန္ဒယုတ်လျော့မှုမရှိ။

၈။ တရားဒေသနာတော်၏ ဆုတ်ယုတ်မှုမရှိ။

၉။ ဝီရိယတော်၏ ဆုတ်ယုတ်မှုမရှိ။

၁၀။ သမာဓိ၏ ဆုတ်ယုတ်မှုမရှိ။

၁၁။ ပညာတော်၏ ဆုတ်ယုတ်မှုမရှိ။

၁၂။ အရဟတ္တဖိုလ်ဝိမုတ္တိ၏ ဆုတ်ယုတ်မှုမရှိ။

၁၃။ ဤဂုဏ်တော်တစ်ဆယ့်နှစ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား အပျက်အချော်ပျော်လို၍ ပြုမှုမျိုးမရှိ။

၁၄။ ရုတ်တရက် ကတိုက်ကရိုက်ပြုမှုမျိုးမရှိ။

၁၅။ ဉာဏ်တော်ဖြင့် မထိရောက်သောအရာဟူ၍မရှိ။

၁၆။ ကိုယ်ကျိုးနတ်ကျွဲ လွန်လွန်ကဲကဲ လွဲလွဲချော်ချော် ပြုမှုမျိုးမရှိ။

၁၇။ အမှတ်တမဲ့ဖြစ်သောစိတ်၊ အကျိုးမရှိသောစိတ်ဖြစ်မှုမျိုး မရှိ။

၁၈။ အထင်မြင်မဲ့မှု အသိဉာဏ်ကင်းမှုမျိုး မရှိမှုတို့ဖြစ်ပါသည်။

# အခန်း ( ၄ )

## ကျင့်မြတ်သုံးဖြာစရိယာ

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၏ ရူပကာယဂုဏ်တော်နှင့် နာမကာယဂုဏ်တော်ကြီးများကို ကျမ်းဂန်ပိဋကလာသည့်အတိုင်း ကြည်ညိုဖွယ်ရာ အကျဉ်းချုပ်ကောက်နုတ် တင်ပြခဲ့ပေပြီ။

ယခု ဗုဒ္ဓရှင်တော်မြတ်ဘုရား ကျင့်ကြံအားထုတ်တော်မူခဲ့သည့် ကျင့်မြတ်သုံးဖြာစရိယာတို့ကို ဆက်လက်တင်ပြပါဦးမည်။

ရှင်တော်မြတ်ဘုရားသည် ဘုရားမဖြစ်မီ ဘုရားလောင်းဘဝ၌ ဘုရားဖြစ်တော်မူရန်အတွက် ပြင်ပဝတ္ထုပစ္စည်းတို့ကို စွန့်လွှတ်လှူဒါန်းခြင်းဟူသော ဒါနပါရမီစသော မူလပါရမီဆယ်ပါး၊ ကိုယ်အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို စွန့်လွှတ်လှူဒါန်းခြင်းဟူသော ဒါနဥပပါရမီစသော ဥပပါရမီဆယ်ပါး၊ အသက်ကိုစွန့်လွှတ်လှူဒါန်းခြင်းဟူသော ဒါနပရမတ္ထပါရမီစသော ပရမတ္ထပါရမီဆယ်ပါး၊ ပါရမီအပြားသုံးဆယ်နှင့်တကွ (၁) ပစ္စည်းဥစ္စာ ပြည်ရွာတိုင်းကား စသည်တို့ကိုစွန့်လှူခြင်း ဓနပရိစ္စာဂ၊ (၂) ကိုယ်အင်္ဂါကြီးငယ်အသွယ်သွယ်တို့ကိုစွန့်လှူခြင်း အင်္ဂပရိစ္စာဂ၊ (၃) သားသမီးတို့ကိုစွန့်လှူခြင်း ပုတ္တပရိစ္စာဂ၊ (၄) ဇနီးမယားတို့ကို စွန့်လှူခြင်း ဘရိယပရိစ္စာဂ၊ (၅) အသက်ကိုစွန့်လှူခြင်း ဇီဝိတပရိစ္စာဂ ဟူသော စွန့်ခြင်းကြီးငါးပါးတို့ကို လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော်မူခဲ့သည်။

ယင်းသို့ ဖြည့်ကျင့်တော်မူရာ၌ ဘုရားလောင်းစွန့်လှူတော်မူခဲ့သော အသွေးတော်များသည် သမုဒ္ဒရာကြီးလေးစင်းအတွင်းရှိ ရေပမာဏထက်ပင် ပိုလွန်များပြားလှ၏။ စွန့်လှူတော်မူခဲ့သည့် အသားတော်များကား ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးရှိ မြေမှုန့်ပမာဏထက်ပင် ပိုလွန်များပြားလှပေသည်။ စွန့်လှူတော်မူခဲ့သည့်

အဘိသိက်သွန်းထားသောဦးခေါင်းတော်တို့မှာမူ မြင့်မိုရ်တောင်ပမာဏ ထက်ပင် ပိုလွန်များပြားလှပေသည်။ မျက်လုံးတော်တို့ကို စွန့်လှူတော် မူခြင်းကား စကြဝဠာတောင်အထိ အာကာသတစ်ခွင် မိုးကောင်းကင်ရှိ ကြယ်တာရာအပေါင်းတို့၏ အရေအတွက်ထက်ပင် ပိုလွန်များပြားလှ ပေသည်ဟု ဇိနာလင်္ကာရဋီကာကျမ်း၌ ဖွင့်ဆိုထားပေသည်။ ဤသို့ ဒီပင်္ကရာဗုဒ္ဓမြတ်စွာ၏ခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်း ပြီး၍ချိန်မှစ၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်ကျင့်တော်မူခြင်းကို ဘုရားဖြစ်ရန် ကျင့်တော်မူခြင်းဖြစ်သောကြောင့် 'ဗုဒ္ဓတ္ထစရိယ'ဟုခေါ်၏။ [ဗုဒ္ဓတ္ထစရိယ=ဘုရားဖြစ်ရန် အကျိုးငှာကျင့်ခြင်း]။

ဤကဲ့သို့ ဘုရားလောင်းဘဝများတွင် ဘုရားဖြစ်တော်မူရန်အတွက် ဗုဒ္ဓတ္ထစရိယခေါ် ပါရမီတော်အကျင့်တို့ကို ဖြည့်ကျင့်တော်မူရာ၌ လောက သား သတ္တဝါအများတို့၏ အကျိုးစီးပွားများကိုလည်း စွမ်းစွမ်းတမံ ကြိုးကြိုးစားစား သယ်ပိုးရွက်ဆောင်ပြုကျင့်ခဲ့ပေသည်။

နာရဒဇာတ်တော်တွင် အင်္ဂတိမင်းကြီးသည် မိစ္ဆာအယူကိုယူသဖြင့် သမီးတော်ရုစာဒေဝီ၏ အဓိဋ္ဌာန်ချက်ကြောင့် ဘုရားလောင်း နာရဒ ရသေ့ကြီးသည် ကောင်းကင်ခရီးဖြင့်ကြွရောက်တန်ခိုးပြ၍ တရားဟော တော်မူရာ အင်္ဂတိမင်းကြီးမှာ အယူမှန်ရရှိသွားပြီး မင်းနှင့်တကွ တစ်တိုင်းပြည်လုံး ငါးပါးသီလစောင့်ထိန်းသွားကြသည်၊ မင်း စကြာမင်း ဖြစ်သည့်အခါတို့၌လည်း တိုင်းသူပြည်သားတို့အား မိမိ၏ရင်ဝယ်သား ကဲ့သို့ မေတ္တာထားကာ မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်စိုး၍ တိုင်းသူပြည်သားတို့၏အကျိုးကို သယ်ပိုးကျင့်ဆောင်ခဲ့သည်။

ဘုရားလောင်းမဟောသဓာသုခမိန်ဘဝ၌လည်း ပဉ္စာလတိုင်းနှင့် ဝိဒေဟတိုင်းကြီးနှစ်တိုင်းတို့ စစ်ဖြစ်မည့်အရေးတွင် စစ်မဖြစ်ဘဲ ငြိမ်းချမ်း ရေးရအောင် ဆောင်ရွက်ပေးခြင်းဖြင့် လောကသားသတ္တဝါအများ၏ ချမ်းသာရေးကို ဆောင်ရွက်တော်မူခဲ့သည်။

ဤသို့ လောကသားသတ္တဝါ များ၏အကျိုးစီးပွားကို ရှက်ဆောင် ပြုကျင့်ခြင်းကို 'လောကတ္ထစရိယ'ဟုခေါ်သည်။ [လောကတ္ထစရိယ= လောကသားတို့၏အကျိုးကိုပြုကျင့်ခြင်း]။

ထို့ပြင် ဘုရားလောင်းဘဝတွင် ဘုရားဖြစ်ရန်အတွက် ပါရမီ ဆယ်ပါး စသည်တို့ကို ဖြည့်ကျင့်တော်မူစဉ်၌လည်း ဖြစ်ရာဘဝပေါင်း များစွာတို့၌ မိမိဆွေမျိုးများနှင့် မိမိနှင့်အမျိုးတူသတ္တဝါတို့၏ အကျိုး စီးပွားတို့ကို ကြိုးကြိုးစားစား သယ်ပိုးရွက်ဆောင် ပြုကျင့်ခဲ့သည်။ ဘုရားလောင်းခွေးမင်းဖြစ်စဉ်၌ ဗြဟ္မဒတ်မင်း၏စီးတော်ရထားတွင် တပ်ဆင်ထားသည့်သားရေတို့ကို မင်းမွေးခွေးတို့စားသည့်အမှုကိစ္စ ကြောင့် အကြောင်းမှန်ကို မစုံစမ်းဘဲ မြင်သမျှခွေးများကို သတ်ရန် မင်းမိန့်ထုတ်ပြန်ခဲ့၏။ ထိုအမိန့်ကြောင့် မသက်ဆိုင်သောခွေးများ အမြောက်အမြား သေဆုံးကြရ၏။ ဤအကြောင်းကို ဘုရားလောင်း ခွေးမင်းသိ၍ 'သားရေများကိုစားသည့်ခွေးတို့မှာ အခြားခွေးများမဟုတ်၊ မင်းမွေး ခွေးများသာဖြစ်ကြောင်း'အဖြစ်မှန်ကို ပညာဉာဏ်ဖြင့် ဖော်ထုတ် ပေးနိုင်ခဲ့သဖြင့် ဆွေမျိုးခွေးများနှင့် အမျိုးတူခွေးများ အသတ်မခံရဘဲ ချမ်းသာရာ ရသွားကြသည်။ မင်းကြီးက သတ္တဝါအားလုံးကို ဘေးမဲ့ ပေး၍ သတ္တဝါများလည်းချမ်းသာကြရသည်။

မိမိတို့ အမျိုးသားကောင်းစားရေးအတွက်ဆောင်ရွက်ပုံကို ဘုရား လောင်းကျီးမင်းဘဝ၌လည်း တွေ့ရသေး၏။ ပုရောဟိတ်ပုဏ္ဏားတစ်ဦး သည် နန်းတော်သို့ ညီလာခံဝင်ရန်အလာတွင် ကျီးတစ်ကောင်က မိမိအပေါ် မစင်စွန့်ချသဖြင့် ကျီးတို့ကို မုန်းတီးကာ ရန်ငြိုးထားခဲ့သည်။ ထို့ကြောင့် ဘုရင့်ဆင်များ၏ မီးလောင်ဒဏ်ရာနာကို 'ကျီးကန်းအဆီ ထည့်မှ ပျောက်ကင်းပါမည်'ဟု လက်စားချေလိုစိတ်ဖြင့် မဟုတ်မမှန် သံတော်ဦးတင်ခဲ့သည်။ ဘုရားကြီးကလည်း ကျီးကန်းဟူသမျှ ဖမ်းဆီး သတ်ဖြတ်ရန် အမိန့်ချလိုက်သည်။ ထို့ကြောင့် ကျီးကန်းများ ထောင်နှင့် ချီ၍ သေဆုံးကြရ၏။ သို့သော် ကျီးဆီကိုကား အနည်းငယ်မျှပင်

မရရှိခဲ့ကြပေ။ ထိုအကြောင်းကို ကျီးအပေါင်းရှစ်သောင်းခြံရံကာ သုသာန်၌နေသော ဘုရားလောင်းကျီးမင်းကြားသည့်အခါ ဘုရားလောင်းသည် မိမိအသက်ကိုစွန့်၍ ဘုရင့်ထံအရောက်ဝင်ကာ ကျီးတို့မှာ အဆီမရှိကြောင်း ကျိုးကြောင်းပြ၍ တင်ပြလျှောက်ထားသည်။ ထိုသို့ အသက်စွန့်၍ မိမိအမျိုးကျီးကန်းများအတွက် ဆောင်ရွက်ပေးမှုကြောင့် ကျီးကန်းလောကမျိုးပြုတ်ရေးဆောင်ရွက်ချက် ရပ်ဆိုင်းသွားသဖြင့် ကျီးကန်းတစ်မျိုးလုံး ချမ်းသာရာရသွားကြသည်။

ဤကဲ့သို့ ဘဝပေါင်းများစွာတွင် မိမိဆွေမျိုးများနှင့် အမျိုးတူ သတ္တဝါတို့၏အကျိုးတို့ကို စွမ်းစွမ်းတမံ သည်ပိုးရွက်ဆောင်ပြုကျင့်ခဲ့ပေသည်။ ယင်းသို့ပြုကျင့်ခဲ့ခြင်းကို 'ဉာတတ္ထစရိယ' ဟုခေါ်သည်။ [ဉာတတ္ထစရိယ=ဆွေမျိုးများနှင့် အမျိုးတူသတ္တဝါတို့၏အကျိုးကို သည်ပိုးရွက်ဆောင်ပြုကျင့်ခြင်း]။

## ဘုရားဖြစ်လာ စရိယာနှစ်ဖြာ

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘုရားလောင်းဘဝများ၌သာ ဤကျင့်မြတ်သုံးဖြာစရိယာတို့ကို စွမ်းစွမ်းတမံ လွန်လွန်ကဲကဲ ပြုကျင့်ခဲ့သည် မဟုတ်ပါချေ။ ဘုရားဖြစ်တော်မူလာသည့်အခါ၌လည်း ထိုစရိယာတို့ကို အထွတ်အထိပ်ရောက်အောင် ပြုကျင့်ခဲ့ပေသည်။

သို့ရာတွင် ဘုရားအဖြစ်သို့ရောက်တော်မူပြီးဖြစ်၍ 'ဗုဒ္ဓတ္ထစရိယ' ကို ပြုကျင့်ရန်မလိုတော့ဘဲ 'ငါသည် သဗ္ဗညုဘုရားအဖြစ်သို့ရောက်ရှိ၍ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ကို သံသရာဝဲဂယက်မှလွတ်ထွက်ကူးမြောက်စေအံ့' (သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ) ဟု သုမေဓာဘုရားလောင်းဘဝတွင် ရည်မှန်းတော်မူခဲ့သည့်အတိုင်း လောကသားသတ္တဝါအများတို့၏အကျိုးကို ရွက်ဆောင်ပြုကျင့်ခြင်း လောကတ္ထစရိယနှင့် ဆွေတော်မျိုးတော်တို့၏အကျိုးကို သယ်ပိုးရွက်ဆောင်ပြုကျင့်ခြင်း ဉာတတ္ထစရိယနှစ်မျိုးကိုသာ အားကြိုးမာန်တက် မနေမနား ကြိုးစားဆောင်ရွက်တော်မူခဲ့ပေသည်။

## မြတ်ဗုဒ္ဓ၏ လောကတ္ထစရိယာ

ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး နှစ်လအကြာမှာပင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဒေသနာတော် စတင်ဟောကြားတော်မူသည်။ တရားဒေသနာတော်၏အဆုံးတွင် အရှင်ကောဏ္ဍည၌နှင့်တကွ ဗြဟ္မာပေါင်းတစ်ဆယ့်ရှစ်ကုဋေ၊ နတ်ပေါင်းအသင်္ချေတို့ သောတာပန်တည်သွားကြသည်။ ဝါဆိုလပြည့်ကျော် (၁)ရက်မှ (၄)ရက်အထိ လေးရက်လုံးလုံးကျန်ရှိနေသေးသည့် အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမနှင့် အရှင်အဿဇိလေးဦးတို့အား အလုပ်ပေးတရားကိုညွှန်ကြားပြီး အနီးကပ်ကြီးကြပ်ကာ တရားအားထုတ်စေရာ အရှင်ဝပ္ပသည် လပြည့်ကျော်(၁)ရက်နေ့ စသည်ဖြင့် အစဉ်အတိုင်း လေးဦးလုံး သောတာပန်တည်သွားကြသည်။

ဝါဆိုလပြည့်ကျော်(၅)ရက်နေ့တွင် သောတာပန်ပဉ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏာသုတ်ဒေသနာတော်ကို ဟောကြားတော်မူရာ ဒေသနာတော်အဆုံးတွင် ပဉ္စဝဂ္ဂီရဟန်းငါးဦးလုံး အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်သွားကြသည်။

ဤနေရာ၌ မြတ်စွာဘုရား၏လောကတ္ထစရိယနှင့်ပတ်သက်၍ မှတ်သားစရာအချက်ကို တင်ပြပါဦးမည်။ မဟာဗောဓိနှင့်ဗာရာဏသီပြည်မှာ (၁၈)ယူဇနာဝေးကွာ၏။ ရှေးရှေးဘုရားရှင်တို့သည် ဓမ္မစကြာတရားကိုဟောကြားရန် ဗာရာဏသီပြည်အနီးရှိ မိဂဒါဝုန်တောသို့ ကောင်းကင်ခရီးဖြင့် ချာန့်ယာဉ်စီးကာ ကြွတော်မူလေ့ရှိကြ၏။ အကျွန်ုပ်တို့ မြတ်စွာဘုရားမှာမူ ဥပကတက္ကတွန်းကြီး၏ အနာဂါမ်ဖြစ်မည့်အကြောင်း ရှေးကောင်းမှုကို မြင်တော်မူသဖြင့် 'ယခုအခါ ဥပကသည် ဤခရီးသို့လာနေ၏။ ထိုဥပကသည် ငါဘုရားနှင့်စကားနိုးနှောပြောဆိုသွားလိမ့်မည်။ နောင်တစ်ချိန်တွင် လူဘောင်ကိုငြီးငွေ့၍ ငါဘုရားထံမှောက် လာရောက်တရားနာပြီး အနာဂါမ်အရိယာဖြစ်ကာ ဒုတိယဘဝတွင် အဝိဟာဗြဟ္မာဘုံသို့ရောက်၍ ရဟန္တာဖြစ်လိမ့်မည်'ဟု သိမြင်

တော်မူ၍ ဤ (၁၈)ယူဇနာဝေးကွာသောခရီးကို မြေပြင်မှခြေလျင်ကြွတော်မူလေသည်။ [၁–ယူဇနာကို ၈–မိုင်နှုန်းဖြင့် ၁၈–ယူဇနာ × ၈ = ၁၄၄မိုင်]။

ဤနေရာ၌ မြတ်စွာဘုရားသည် မိမိ၏ဂုဏ်ကျေးဇူးနှင့်စပ်သည့်တရားစကားတို့ကို နာကြားရသော်လည်း ဉပကမှာ တရားထူးကို မရနိုင်၊ သို့သော် နောင်အခါ ရဟန်းပြုရန် အထုံဝါသနာပါရုံမျှ အကျိုးရှိသည်ကိုမူ သိတော်မူ၏။ ထို့ကြောင့် ဉပကကြီး ကုသိုလ်အထုံဝါသနာပါရန် အတွက် ဤမျှဝေးလံသောခရီးကို အပင်ပန်းခံ၍ ခြေလျင်ကြွတော်မူခြင်းဖြစ်သည်။ ဤသို့ တစ်ဦးတစ်ယောက်ရဟန်းပြုရန် အထုံဝါသနာပါရုံကလေးမျှကိုပင် အထူးအလေးထား၍ အပင်ပန်းခံကာ လောကတ္ထစရိယာကိုပြု၍ကျင့်တော်မူသည်မှာ ဘုရားရှင်ဖြစ်၍သာ ပြုကျင့်တော်မူနိုင်ခြင်းဖြစ်သည်။

ထို့ပြင် သစ္စကပရိဗိုဇ်ကြီးမှာ တကယ့်အတ္တဝါဒီဂိုဏ်းဆရာကြီးဖြစ်၍ ဘုရားရှင်နှင့်ဝါဒပြိုင်သူဖြစ်သည်။ ထိုသစ္စကပရိဗိုဇ်ကြီးအား တရားဟောလျှင် သရဏဂုံပင်တည်မည့်သူမဟုတ်ကြောင်း ကောင်းစွာသိ၏။ သို့သော် မြတ်စွာဘုရား၏တရားတော်ကို နာကြားရလျှင် ကုသိုလ်အရာ၌ အထုံဝါသနာပါသွားမည်။ ဤသို့ တရားနာရသောဓမ္မဿဝနကုသိုလ်၏ပကတူပနိဿယကြောင့် သာသနာတော်နှစ်နှစ်ရာကျော်၍ သီရိလင်္ကာနိုင်ငံ(သီဟိုဠ်ကျွန်း)၌ သာသနာထွန်းလင်းသောအခါ ထိုသစ္စကသည် သီရိလင်္ကာနိုင်ငံ၌ အမျိုးကောင်းသားတစ်ဦးဖြစ်ပြီး ရဟန်းပြုမည်။ ရဟန်းဘဝတွင် ပရိယတ်ပဋိပတ်တို့ကို ပွားများအားထုတ်၍ မကြာမီကာလ ဗုဒ္ဓရက္ခိတအမည်ဖြင့် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်မည်ကို မြင်တော်မူသည်။ ထို့ကြောင့် သစ္စကပရိဗိုဇ်အား သုတ္တန်ဒေသနာနှစ်ခုကို ဟောကြားတော်မူခြင်းဖြစ်သည်ဟု မူလပဏ္ဏာသအဋ္ဌကထာလာ စူဠသစ္စကသုတ်၊ မဟာသစ္စကသုတ်အဖွင့်တို့၌ မိန့်ဆိုထားပေသည်။ ဤသို့ သရဏဂုံတည်ရုံမျှ

မဖြစ်နိုင်သူအားပင် ကုသိုလ်ဝါသနာအထုံမှုရအောင် လောကတ္ထစရိယကို ကျင့်တော်မူခဲ့သည်ကို တွေ့ရ၏။

မိဂဒါဝုန်တော၌ ပထမဝါဆိုတော်မူစဉ် ယသသူဌေးသားနှင့် သူငယ်ချင်းငါးကျိပ်လေးယောက်တို့အား ရဟန္တာဖြစ်စေတော်မူ၍ ယသမထေရ်၏ဖခင် သူဌေးကြီး၊ မိခင်သူဌေးကတော်သုဇာတာနှင့် ယသ၏ဇနီးတို့အား သောတာပန်ဖြစ်အောင် တရားဒေသနာအစဉ်ကို ဟောကြားတော်မူခဲ့သည်။ သီတင်းကျွတ်သည့်အခါ ရဟန္တာခြောက်ကျိပ်တို့ကို သာသနာပြုစေလွှတ်တော်မူ၍ ရှင်တော်ဘုရားကိုယ်တိုင်ကမူ ဥရုဝေလတောအုပ်သို့ ခရီးဒေသစာရီကြွချီတော်မူ၏။

မှန်၏။ ဘုရားရှင်တို့မည်သည် နေရာတစ်ခုခု၌ သီတင်းသုံးတော်မူသည့်အခါ အနေအထိုင်ဆင်းရဲမှုစသော အကြောင်းတို့ကြောင့် ထိုနေရာ၌ မမွေ့လျော်မပျော်ပိုက်ခြင်းမည်သည် မရှိ။ အစစအရာရာ ပြည့်စုံမှုကိုအကြောင်းပြု၍လည်း မွေ့လျော်ပျော်ပိုက်ကာ ထိုအရပ်၌ ကြာမြင့်စွာ သီတင်းသုံးလေ့မရှိ။

အမှန်အားဖြင့်ဆိုသော် မိမိသီတင်းသုံးနေထိုင်မည့်အရပ်၌ သတ္တဝါများ သရဏဂုံတည်ကြမည်၊ (သို့မဟုတ်) ငါးပါးသီလစသော သီလတို့ကိုလည်းဆောက်တည်ကျင့်သုံးကြမည်၊ (သို့မဟုတ်)ရှင်ရဟန်းပြုကြမည်၊ (သို့မဟုတ်)မဂ်ဖိုလ်တရားထူးကိုရကြမည်ဆိုလျှင် ထိုအရပ်၌ မြတ်စွာဘုရားသည် ထိုထိုသတ္တဝါတို့ကို သရဏဂုံသီလ၊ ရှင်ရဟန်းအဖြစ်နှင့် မဂ်ဖိုလ်ဟူသော ကောင်းကျိုးချမ်းသာတို့၌ တည်စေတော်မူလိုသော အလိုဆန္ဒတော်ဖြင့်သာ နေထိုင်သီတင်းသုံးလေ့ရှိ၏။ သတ္တဝါများကို ချွတ်ချွတ်တော်မူပြီး ချွတ်ချွတ်ရမည့်သတ္တဝါများကုန်လျှင် အရပ်တစ်ပါးသို့ ကြွသွားတော်မူမြဲဓမ္မတာဖြစ်သည်။

ယခုလည်း မိဂဒါဝုန်တော၌ ချွတ်ချွတ်ရမည့်သတ္တဝါကုန်၍ ဥရုဝေလတောသို့ ကြွတော်မူခြင်းဖြစ်၏။ ဥရုဝေလတောသို့မရောက်မီ လမ်းခရီးအကြားရှိ ကပ္ပါသိကတောအုပ်၌ မယားပျောက်လိုက်ရှာနေကြသည့်

ဘဒ္ဒဝဂ္ဂီမင်းသားညီနောင်သုံးကျိပ်တို့အား ဒါနတရားမှစ၍ သစ္စာလေးပါး တရားကို အဆုံးသတ်ဟောတော်မူခြင်းဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အောက်မဂ်အောက်ဖိုလ်တို့၌ အသီးသီးတည်၍ ဧဟိဘိက္ခုရဟန်းများဖြစ်အောင် ပြုကျင့်ခဲ့ပေသည်။

ဥရုဝေလတောအုပ်သို့ ရောက်တော်မူသည့်အခါ၌လည်း ဥရုဝေလ ကဿပရသေ့၊ နဒီကဿပရသေ့၊ ဂယာကဿပရသေ့ညီနောင်တို့ ခေါင်းဆောင်သော ရသေ့တစ်ထောင်တို့ကို တန်ခိုးပြာဋိဟာပေါင်း သုံးထောင့်ငါးရာတစ်ဆယ့်ခြောက်မျိုးပြကာ ဧဟိဘိက္ခုရဟန်းများ အဖြစ်သို့ ရောက်စေတော်မူပါသည်။ ထို့နောက် ထိုရဟန်းတစ်ထောင် တို့၏ အဇ္ဈာသယနှင့် လိုက်လျောညီထွေဖြစ်သော 'အာဒိတ္တပရိယာယ' သုတ္တန်ဒေသနာတော်ကိုဟောကြားတော်မူရာ ရဟန်းတစ်ထောင်လုံး အာသဝေါကုန်ခန်း ရဟန္တာများဖြစ်သွားကြသည်။

ထို့နောက် ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ကြွတော် မူကာ ဗိမ္ဗိသာရမင်းကြီးအမှူးရှိသော ပုဏ္ဏားသူဌေးပေါင်းတစ်သိန်း ဟစ်သောင်းတို့အား သောတာပန်တည်စေ၍ တစ်သောင်းသောပုဏ္ဏား သူဌေးတို့ကို သရဏဂုံတည်အောင် ချီးမြှောက်ခဲ့သည်။ ရှင်မဟာ ကဿပကြီးအား သုံးဂါဝုတ်ခရီးကိုသွားပြီး ခရီးဦးကြိုဆိုကာ ဩဝါဒ သုံးပါးတို့ဖြင့် ရဟန်းပြုပေးခဲ့သည်။ ဆွမ်းဘုဉ်းပေးပြီးသည့်နောက် တစ်ပါးတည်း (၄၅)ယူဇနာခရီးကိုသွား၍ ပုက္ကုသာတိ အမျိုးကောင်းသား အား အနာဂါမ်တည်စေသည်။ ယူဇနာ(၂၀၀၀)တိုင်တိုင်သွား၍ မဟာ ကပ္ပိနမင်းအား ခရီးဦးကြိုဆိုကာ ရဟန္တာဖြစ်စေခဲ့သည်။ ဆွမ်းဘုဉ်း ပေးပြီးသည့်နောက် ယူဇနာသုံးဆယ်ရှိသော ခရီးကိုသွား၍ ကြမ်းကြုတ် ရက်စက်သော အင်္ဂုလိမာလကို အရဟတ္တဖိုလ်၌ တည်စေခဲ့သည်။ ထို့အတူ ယူဇနာသုံးဆယ်ရှိသောခရီးကိုသွား၍ အလွန်တန်ခိုးကြီးသော အာဠာဝကဘီလူးကြီးကို သောတာပန်တည်စေ၍ မင်းသားလေးအား ဘေးရန်ကင်းကွာ ချမ်းသာအောင် ပြုလုပ်ပေးခဲ့သည်။

တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရာ ကုဋေရှစ်ဆယ်သောနတ်တို့ အကျွတ်တရားရကြ၏။ ဗြဟ္မာပြည်သို့သွား၍ ဗကဗြဟ္မာမင်း၏အယူကို နှိမ်နင်းချိုးဖျက်တော်မူသောအခါ တစ်သောင်းသောဗြဟ္မာတို့အကျွတ်တရားရသွားကြသည်၊ ဤသည်မှာ မြတ်ဗုဒ္ဓ၏လောကတ္ထစရိယကို အဋ္ဌကထာဖွင့်ဆိုချက်အတိုင်း တင်ပြခြင်းဖြစ်သည်။

ထို့ပြင် တိရောကုဋ္ဋသုတ္တန်ကို ဟောတော်မူရာ၌ ရှစ်သောင်းလေးထောင်သော ဝေနေယျတို့သည်လည်းကောင်း၊ သုမနပန်းသည်အစည်းအဝေး၌ ရှစ်သောင်းသောဝေနေယျတို့သည်လည်းကောင်း၊ ဓနပါလဆင်အစည်းအဝေး၌ ရှစ်သောင်းလေးထောင်၊ ခဒိရင်္ဂါရဇာတ်ကို ဟောတော်မူရာ၌ ရှစ်သောင်းလေးထောင်သော ဝေနေယျတို့သည်လည်းကောင်း ကျွတ်တမ်းဝင်ကြ၏။ အာနန္ဒာသူဌေး အစည်းအဝေး၌ တစ်ဆယ့်တစ်ကုဋေ၊ ပါရာယနသုတ္တန်ကို ဟောတော်မူရာ၌ တစ်ဆယ့်လေးကုဋေ၊ ယမကပြာဋိဟာပြတော်မူရာ၌ ကုဋေနှစ်ဆယ်သော ဝေနေယျသတ္တဝါတို့ အကျွတ်တရားရကြ၏။

မင်္ဂလသုတ်တော်ကိုဟောတော်မူသည်၏အဆုံး၌လည်းကောင်း၊ မဟာသမယသုတ်၊ စူဠရာဟုလောဝါဒသုတ်၊ သမစိတ္တသုတ်တို့ကို ဟောတော်မူသည်၏အဆုံးတို့၌လည်းကောင်း အကျွတ်တရားရကုန်သော ဝေနေယျတို့၏အပိုင်းအခြားသည်မရှိ (ဝါ) မရေမတွက်နိုင်ဟု ကျမ်းဂန်၌လာ၏။

ထို့ပြင် ဓမ္မပဒအဋ္ဌကထာ၌ ဓမ္မပဒတရားဒေသနာဂါထာပုဒ်တို့၏ အဆုံးအဆုံး၌ များစွာသော ဝေနေယျတို့ အကျွတ်တရားရကုန်၏။ ငါးရာ့ငါးဆယ်သောဇာတ်တော်တို့တွင် တစ်ခုခုသောဇာတ်တော်အဆုံး၌ အကျွတ်တရားရကုန်သောဝေနေယျတို့ များစွာရှိသည်ဟု ကျမ်းဂန်၌လာ၏။ နိကာယ်ငါးရပ်လာ သုတ်တစ်သုတ်အဆုံးအဆုံး၌ အကျွတ်တရားရကြသည့်ဝေနေယျတို့ များစွာရှိကုန်၏။

ဤသို့လျှင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် တရားဓမ္မစကြာ ဒေသနာတော်အဆုံး၌ အကျွတ်တရားရသော အရှင်ကောဏ္ဍညမထေရ် အစ ပရိနိဗ္ဗာန်ဝင်စံခါနီး၌ ပြဿနာမေးလာသော သုဘဒ္ဒပရိဗိုဇ်အား အကျွတ်တရားရစေခြင်းလျှင် အဆုံးရှိသောအားဖြင့် (၄၅)ဝါကာလ ပတ်လုံး လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့အား တရားရေအေး တိုက်ကျွေး ချွတ်ချွတ်တော်မူသဖြင့် အကျွတ်တရားရသွားကြသည့် သတ္တဝါကား (၂၄)သင်္ချေ၊ ကုဋေ(၆၀)၊ ဗိုလ်ခြေ(၁)သိန်းရှိကြောင်း သောတတ္တကီကျမ်း (သီရိလင်္ကာ)၊ တထာဂတုပ္ပတ္တိကျမ်း(မြန်မာ)တို့၌ မိန့်ဆိုထားကြပေသည်။ ဇိနာလင်္ကာရဋီကာစာကိုယ်၌မူ (၂၄)သင်္ချေရှိ၏ဟုဆို၏။ သမန္တဘဒ္ဒိကာ မည်သော အနာဂတဝင်ကျမ်း၌မူကား (၂၄)သင်္ချေ၊ ကုဋေ(၄)သိန်း (၇)သိန်းသောဝေနေယျတို့ အကျွတ်တရားရကြမည်ကို ရတနယာဉ် သတ္တာဟ၌နေတော်မူစဉ်ကပင် မြင်တော်မူသည်ဟု မိန့်ဆိုထားပေ သည်။ ဤသို့ အရေအတွက်သင်္ချာ အနည်းငယ်ယုတ်မှုလွန်မှုကား ပမာဏမပြုလောက်ဟု ပါရမီဒီပနီကျမ်း၌ လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူ၏။ ဤသို့ (၂၄)သင်္ချေကျော် ဝေနေယျသတ္တဝါတို့အား အကျွတ်တရားရစေတော်မူခြင်းသည် မြတ်ဗုဒ္ဓ၏ 'လောကတ္ထစရိယ' ပင်ဖြစ်ပါသည်။

## မြတ်ဗုဒ္ဓ၏ ဉာတတ္ထစရိယ

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် (၂၄)သင်္ချေကျော် မရေမတွက်နိုင် လောက်အောင် များပြားလှသည့် လောကသား သတ္တဝါအများတို့အား မဂ်တရားဖိုလ်တရားများကို ရစေတော်မူပြီး နိဗ္ဗာန်သို့ပို့ဆောင်တော် မူရာတွင် ကပိလဝတ်ပြည်သားအမြောက်အမြားနှင့် သာကီဝင်မင်းမျိုး ဆွေတော်မျိုးတော်များလည်း မြောက်မြားစွာပါဝင်ပေသည်။

ပထမဝါတော်ရအပြီး ဥရုဝေလတောတွင် ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား အကျွတ်တရားရစေ၍ သုံးလ သီတင်းသုံးတော် မူပြီးသောအခါ ပြာသိုလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်သို့ကြွတော်မူပြီး

ရာဇဂြိုဟ်ပြည်တွင် တပေါင်းလပြည့်နေ့ထိ နှစ်လတိတိ သီတင်းသုံး တော်မူသည်။ ထိုနှစ်လအတွင်း ကပိလဝတ်ပြည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးထံမှ တစ်ကြိမ်လျှင်တစ်ထောင်စီ (၁၀)ကြိမ်တိုင်တိုင် ဘုရားပင့်လွှတ်လိုက်သော ဖွားဘက်တော်အမတ်ကြီး ကာဠုဒါယီ အမှူးရှိသည့် ကပိလဝတ်ပြည်သား မင်းချင်းယောကျ်ားတစ်သောင်း တို့အား ဟေဘိက္ခုရဟန္တာဖြစ်သည်အထိ တရားဟောကြားတော် မူခဲ့သည်။

ကပိလဝတ်နေပြည်တော်သို့ ရောက်တော်မူသည့်အခါ၌လည်း ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၊ မိထွေးတော်ပဇာပတိဂေါတမီ၊ ကြင်ယာ တော်ယသောဓရာဒေဝီ၊ သားတော်ရာဟုလာ၊ ညီတော်နန္ဒမင်းသား၊ အာနန္ဒာမင်းသား၊ အနုရုဒ္ဓါမင်းသား၊ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ မဟာနာမ် စသော သာကီဝင်မင်းမျိုး ဆွေမျိုးတော်အပေါင်းနှင့် (၇)ဝါမြောက်တွင် မယ်တော်သန္တုသိတနတ်သားတို့အား မဂ်တရားဖိုလ်တရားရစေပြီး နိဗ္ဗာန်သို့ပို့ဆောင်ပေးတော်မူခဲ့သည်။

တစ်ချိန်သောအခါက ကပိလဝတ်ပြည်နှင့် ကောလိယပြည် နှစ် ပြည်ထောင်တို့၏အကြားရှိ ရောဟိဏီမြစ်ရေသုံးစွဲရေးနှင့်ပတ်သက်၍ ကပိလဝတ်ပြည်သား လယ်သမားများနှင့် ကောလိယပြည်သား လယ်သမားတို့ အငြင်းပွားကာ ခိုက်ရန်ဖြစ်ပွားကြ၏။ ထိုအခါ အမိုက် ကစ ပြာသာဒ်မီးလောင် ဆိုသကဲ့သို့ ကပိလဝတ်သာကီဝင်မင်းတို့နှင့် ကောလိယသာကီဝင်မင်းတို့ အချင်းချင်း စစ်ခင်းတော့မည့် အခြေအနေ သို့ ရောက်ရှိခဲ့၏။ နှစ်ဖက်လုံး စစ်တိုက်ရန်ပြင်ဆင်လျက်ရှိကြသည်။

ထိုအချိန်ကား မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေချိန်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် ပြုနေကြ ဗုဒ္ဓကိစ္စအတိုင်း မိုးသောက်ခါနီး၌ သတ္တလောကကိုကြည့်ရှုတော်မူရာ ညနေချမ်းတွင် နှစ်ပြည်ထောင်မင်းတို့ စစ်ကြီးခင်းရန် ထွက်ကြမည့် အရေးကို မြင်တော်မူ၍ 'ကိုယ်တိုင်ကြွသွားပြီး ငြိမ်းချမ်းရေးတရား

ပေါကြားလျှင် ထိုသူတို့ ခိုက်ရန်ဖြစ်မှု ငြိမ်းအေးသွားမည်၊ နှစ်ပြည်ထောင်မင်းတို့သည်လည်း တစ်ဘက်တစ်ဘက်လျှင် နှစ်ရာ့ငါးဆယ်စီသော မင်းသားတို့ ရဟန်းပြုကြစေလိမ့်မည်၊ ထို့နောက် မဟာသမယအစည်းအဝေးကြီး ဖြစ်လိမ့်မည်'ဟု စုံလင်စွာသိမြင်တော်မူသည်။

ထို့ကြောင့် ထိုနေ့ညနေချမ်းအချိန်တွင် ဂန္ဓကုဋီတိုက်တော်မှ ထွက်တော်မူ၍ တစ်ပါးတည်းသပိတ်သင်္ကန်းကိုယူဆောင်ကာ ကြွတော်မူ၏။ နှစ်ဖက်သောစစ်တပ်တို့၏အကြား အထက်ကောင်းကင်၌ တင်ပလ္လင်ခွေထိုင်နေတော်မူကာ နေ့ခင်းကြောင်တောင် အမှောင်ကြီးကျရောက်စေရန် ဆံတော်မှ နီလရောင်ခြည်တော်များကို လွှတ်တော်မူ၏။ ထို့နောက် ကိုယ်တော်ကို ထင်စွာပြ၍ ရောင်ခြည်တော်ခြောက်ပါးကို လွှတ်တော်မူသည်။

ထိုအခါ ကပိလဝတ်သာကီဝင်မင်းတို့သည် 'ငါတို့ဆွေမျိုးမြတ်ဖြစ်သော မြတ်စွာဘုရားသည် ငါတို့ခိုက်ရန်ပြုမှုကို မြင်သွားလေပြီလော၊ ငါတို့သည် မြတ်စွာဘုရားရှေ့၌ သူတစ်ပါးတို့ကိုပစ်ခတ်တိုက်ခိုက်ရန်မသင့်၊ ကောလိယမင်းတို့သည် ငါတို့ကို ဖမ်းချင်ဖမ်း သတ်ချင်သတ်ကြပါစေ'ဟု တိုင်ပင်ဆုံးဖြတ်ကြကာ လက်နက်များကိုစွန့်ပစ်၍ ဘုရားရှင်ထံ ရိုသေမြတ်နိုးရှိခိုးကာ ထိုင်နေကြသတဲ့။

ကောလိယသာကီဝင်မင်းတို့သည်လည်း ထိုနည်းတူ တိုင်ပင်ဆုံးဖြတ်ကြ၍ လက်နက်များကိုစွန့်ပစ်ကြကာ မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးထိုင်နေကြ၏။ ဘုရားရှင်သည် ကောင်းကင်ပြင်မှသက်ဆင်း၍ သဲသောင်ပြင်ပေါ်တွင်ခင်းထားသော ဘုရားနေရာ၌ ထိုင်တော်မူကာ 'သင်တို့သည် အဘယ်ကိုအကြောင်းပြု၍ ယခုလိုစစ်ပြင်ကြသလဲ'ဟု မေးတော်မူ၏။ ရောဟဏီမြစ်ရေကိုအကြောင်းပြု၍ စစ်ပြင်ကြသည်ဟု သိရသောအခါ 'ရောဟဏီမြစ်ရေသည် ဘယ်လောက်အဖိုးတန်သလဲ' ဟုမေးရာ 'အနည်းငယ်မျှသာအဖိုးတန်ကြောင်း' လျှောက်ထားကြ၏။ နောက်ဆုံးတွင် ဘုရားရှင်က 'သာကီဝင်နွယ်ရိုးမင်းမျိုးတို့သည် အဖိုး

ဘယ်လောက်တန်သလဲ'ဟု မေးတော်မူသည့်အခါ 'သာကီဝင်နွယ်ရိုး မင်းမျိုးတို့သည် အဖိုးအတိုင်းမသိ ထိုက်တန်ပါသည်'ဟု တညီတညွတ် တည်း လျှောက်ထားကြ၏။

'မင်းအပေါင်းတို့- အဖိုးအနည်းငယ်မျှသာတန်သည့် ရောဟိဏီ မြစ်ရေကိုအကြောင်းပြု၍ အလွန်အဖိုးထိုက်တန်လှသည့်သာကီနွယ်ရိုး မင်းမျိုးတို့ကို ဘာကြောင့်ဖျက်ဆီးလိုကြဘိသနည်း'စသည်ဖြင့် နိုက်ရန် ငြင်းပွား အချင်းများခြင်းဖြင့်အကျိုးမဲ့ဖြစ်ပုံကို ဖန္ဒနဇာတ်၊ ဒဒ္ဒုဘဇာတ်၊ လဋုကိကဇာတ် ပေါင်းသုံးဇာတ်တို့ကိုဟောကြားတော်မူ၏။ ထိုနောက် ညီညွတ်ခြင်းအကျိုးရှိပုံကို ရုက္ခဓမ္မဇာတ်၊ ဝဋ္ဋကဇာတ်နှင့် အတ္တဒဏ္ဍ သုတ်တို့ကိုဟောကြားတော်မူသည်။ ထိုအခါ နှစ်ပြည်ထောင်သာကီဝင် မင်းမျိုးတို့သည် အချင်းချင်းညီညွတ်သွားကြကာ ဘုရားရှင်အား အလွန် ကြည်ညိုလေးစားသွားကြသည်။

ထို့နောက် 'မြတ်စွာဘုရားသည် တောမထွက်ဘဲ စကြာမင်း စည်းစိမ်ကိုခံစားပါလျှင် မင်းပရိသတ်ခြံရံကာ လှည့်လည်တော်မူပေမည်၊ ယခု ဘုရားဖြစ်တော်မူသည့်အခါ၌လည်း မင်းသားရဟန်းများ ခြံရံကာ သွားလာတော်မူသင့်၏'ဟု သာကီဝင်မင်းတို့ တညီတညွတ်တည်း တိုင်ပင်ကြကာ တစ်ဖက်လျှင် သာကီဝင်မင်းသားနှစ်ရာ့ငါးဆယ်စီ အားဖြင့် မင်းသားငါးရာတို့ကို လှူဒါန်းကြသည်။ ဘုရားရှင်သည် ထိုမင်းသားငါးတို့ကို ဟေဘိက္ခုရဟန်းပြုပေးပြီး ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီးသို့ ထိုရဟန်းတို့ကိုခေါ်ဆောင်ကာ ကြွတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုသာကီဝင်မင်းသား ရဟန်း ငါးရာတို့ သာသနာတော်၌ မမွေ့လျော် မပျော်ပိုက်ကြသည်ကိုသိ၍ ထိုရဟန်းငါးရာလုံးတို့ကို ကိုယ်တော်မြတ်၏တန်ခိုးဣဒ္ဓိဖြင့် ခေါ်ဆောင် ပြီး ကောင်းကင်သို့ပျံတက်တော်မူကာ ဟိမဝန္တာတောင်သို့ ရှေ့ရှု ကြွတော်မူ၏။ ဘုရားရှင်သည် ကောင်းကင်၌ရပ်တည်လျက်ပင် ဟိမဝန္တာတောင်ရှိ မွေ့လျော်ပျော်ဖွယ်ရာကောင်းသည့် ရွှေတောင်၊

ငွေတောင်, ပတ္တမြားတောင်, ဟင်္သပဒါးတောင်, မျက်စဉ်းတောင်, ဖလ်တောင်, သာနုမည်သောတောင်စသော တောင်အမျိုးမျိုးတို့ကို လည်းကောင်း၊ မြစ်ကြီးငါးသွယ် အိုင်ကြီးခုနစ်အိုင်တို့ကိုလည်းကောင်း။ မွေ့လျော်ဖွယ်အရာမ် ဥယျာဉ် စသည်တို့ကိုလည်းကောင်း၊ အပွင့်မျိုး သစ်ပင်, အသီးမျိုးသစ်ပင်တို့ကိုလည်းကောင်း။ ငှက်အမျိုးမျိုးနှင့် ရေပန်း ကုန်းပန်းအမျိုးမျိုးတို့ကိုလည်းကောင်း၊ ဟိမဝန္တာတောင်၏အရှေ့ဘက် နံပါး ရွှေသားအပြင်ကိုလည်းကောင်း၊ အနောက်ဘက်နံပါး ဟင်္သပဒါး အပြင်ကိုလည်းကောင်း ပြတော်မူ၏။

အမှန်အားဖြင့် ဟိမဝန္တာတောင်မှာ ယူဇနာငါးရာ (၅၀၀ × ၈= မိုင် ၄၀၀၀)မြင့်၍ အကျယ်ယူဇနာသုံးထောင်(၃၀၀၀ × ၈= မိုင် ၂၄၀၀၀) ရှိရကား အလွန်ကြီး၏။ ထိုဟိမဝန္တာတောင်၏မွေ့လျော်ဖွယ် တစ်စိတ် တစ်ဒေသမျှကိုသာ ကိုယ်တော်မြတ်၏တန်ခိုးအာနုဘော်ဖြင့် ပြတော် မူခြင်းဖြစ်သည်။ ဤမွေ့လျော်ဖွယ်ရာများကိုမြင်ရချိန်မှစ၍ ရဟန်းငါးရာ တို့သည် မိမိတို့ဇနီးတို့၌ အောက်မေ့လွမ်းဆွတ်မှုများ ပျောက်သွား ကြလေသည်။ ဘုရားရှင်သည် ထိုရဟန်းငါးရာနှင့်အတူ ကောင်းကင်မှ သက်ဆင်းတော်မူ၍ ဟိမဝန္တာတောင်၏အနောက်ဘက်နံပါးရှိ ခုနစ် ယူဇနာအမြင့်အကျယ်ရှိသော အင်ကြင်းပင်ကြီးအောက်၌ သုံးယူဇနာ အကျယ်အဝန်းရှိသည့် ဆေးဒန်းမြင်းသီလာကျောက်ဖျာပြင်ဝယ် ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူကာ တင့်တယ်စွာ သီတင်းသုံးတော်မူ၏။

ထိုနောက် ကောင်းကင်ယံ၌ ဥဩငှက်ပျိုမများခြံရံလျက် ပျံသန်း လာကြသည့် ဥဩငှက်မင်းကို အကြောင်းပြု၍ ဂါထာသုံးရာရှိသည့် ကုဏာလဇာတ်တော်ကို ရဟန်းငါးရာတို့အား ဟောကြားတော်မူရာ သာကီဝင်မင်းသား ရဟန်းငါးရာလုံးပင် မြေလျှိုးမိုးပျံ တန်ခိုးရှာန် (မဂ္ဂသိဒ္ဓရှာန်၊ မဂ္ဂသိဒ္ဓအဘိညာဉ်)တို့ကိုရရှိပြီး သောတာပန်တည်သွား ကြသည်။ ထို့နောက် ဘုရားရှင်သည် တန်ခိုးရှင် သောတာပန်

ရဟန်းငါးရာနှင့်အတူ မဟာဝုန်တောကြီးသို့ ပြန်ကြွတော်မူကာ အထက် မဂ်ဖိုလ်တရားများကိုရရှိရန် ကမ္မဋ္ဌာန်းတရားကို ဟောကြားတော် မူပါသည်။

သောတာပန်ရဟန်းငါးရာတို့သည် ကမ္မဋ္ဌာန်းတရား နာကြား ကြပြီးသည့်နောက် မြတ်စွာဘုရား၏ခြေတော်အစုံ ကြာပဒုံတို့ကို ကြည်ညိုမြတ်နိုး ရှိခိုးကြပြီး ထိုင်စရာ နိသီဒိုင်အခင်းကလေးများကို ခါကာ အသီးသီး တောင်မြောင်ချောက်ကြား သစ်ပင်ရင်းများ၌ ရဟန်း တရားကို ပွားများအားထုတ်ကြလေသည်။

ညနေချမ်းအချိန်တွင် ရဟန်းငါးရာလုံး ပဋိသမ္ဘိဒါပတ္တ ရဟန္တာ များဖြစ်ကြ၍ မိမိတို့ရရှိသည့် အရဟတ္တဖိုလ်ကျေးဇူးတရားထူးကို ရှင်တော်ဘုရားအား လျှောက်ထားရန် ကြွလာကြသည်။ ထိုနေ့ကား နယုန်လပြည့်နေ့ဖြစ်သည်။

ဤကဲ့သို့ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်သည် သာကီဝင် မင်းမျိုးတို့အား မဂ်ဉာဏ်ဖိုလ်ဉာဏ်ရစေတော်မူပြီး နိဗ္ဗာန်သို့ပို့ဆောင် ပေးတော်မူခြင်းဟူသော ဉာတတ္ထစရိယကို ကောင်းစွာပြုကျင့်တော် မူပါသည်။

**အလုပ်လုပ်ရာ၌ အတုမရှိသောပုဂ္ဂိုလ်မြတ်ကြီး**

ဗုဒ္ဓရှင်တော်မြတ်ဘုရား အလုပ်လုပ်တော်မူသည့် အလုပ်ရုံကြီး ကား ဇာတိခေတ်ဟုဆိုရသော စကြဝဠာပေါင်းတိုက်တစ်သောင်းဖြစ်၍ ဤသြကာသလောကတွင် အကြီးအကျယ်ဆုံးသော အလုပ်ရုံကြီး ဖြစ်သည်။

ထိုအလုပ်ရုံကြီးကို တစ်ပါးတည်းအုပ်ချုပ်တော်မူ၍ ဖော်ပြခဲ့ပြီး သော အသာဓာရဏဉာဏ်တော်ကြီးခြောက်ပါးတို့ဖြင့် ထိုက်သင့်သည့် အားလျော်စွာစီမံ၍ ပယတ္တဘုန်းတော်တည်းဟူသော ဝီရိယတော်ဖြင့် သတ္တဝါတို့ကို သံသရာတည်းဟူသောပင်လယ်ကြီးထဲမှ ကယ်ဆယ်

တော်မူပြီးလျှင်၊ မဂ္ဂင်တည်းဟူသောသင်္ဘောကြီးပေါ်သို့ တင်တော်မူ၍၊ နိဗ္ဗာန်တည်းဟူသော သန္တိသုခတောင်ကြီးသို့ ပို့ဆောင်ခြင်း ကူးတို့မှူး လုပ်ငန်းကြီးကို နေ့စဉ်ဆောင်ရွက်တော်မူသည်။ ဤသို့ လုပ်ငန်းကြီးကို ဆောင်ရွက်တော်မူခြင်းသည် ကိုယ်တော်၏အကျိုးမဟုတ် သတ္တဝါတို့၏အကျိုးငှာ ကြိုးစားဆောင်ရွက်တော်မူခြင်းဖြစ်သည်။

ဤလောက၌ အလုပ်ကြီးကျယ်လေလေ ဝီရိယကိုကြီးမားစွာ ထုထောင်ရလေလေဖြစ်၏။ သင်္ဘောပေါင်းမြောက်မြားစွာ အလုပ်ရုံပေါင်း မြောက်မြားစွာတို့နှင့် အလုပ်အကိုင်ထူထောင်ထားသော သူဌေးကြီးများသည် အချိန်အားလပ်သည်ဟူ၍ မရှိရဘဲ ဝီရိယဓာတ်ကို မပြတ်နိုးဆော်လျက် မနားမနေ လုပ်ကိုင်ဆောင်ရွက်ကြရ၏။ ထို့အတူ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည်လည်း အားလပ်သောအချိန်ကိုမထားဘဲ ဝီရိယဟူသော တံခွန်အောင်လံကို အမြဲစိုက်ထူ၍ ဗုဒ္ဓကိစ္စတော်များကို ဆောင်ရွက်တော်မူသည်။ ထို့ကြောင့် အနန္တလောကဓာတ်တစ်ခွင်တွင် ဘုရားရှင်သည် အလုပ်အကြီးမားဆုံး အလုပ်လုပ်ဆုံးပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူလေသည်။

## ကြည်ညိုဖွယ်ရာကိစ္စငါးဖြာ

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သတ္တလောကတွင် အလုပ်လုပ်ဆုံး အတုမရှိအရှင်မြတ်ကြီးဖြစ်တော်မူပုံတို့ကို ပေါ်လွင်ထင်ရှားစွာ ကြည်ညို သဒ္ဓါပွားနိုင်အောင် 'ဗုဒ္ဓကိစ္စ၊ မြတ်ငါးဝ' တို့ကို ဆက်လက်ဖတ်ရှုစေချင်ပါ၏။

ရှင်တော်ဗုဒ္ဓ၌ ဘုရားဖြစ်တော်မူချိန်မှစ၍ အမြဲဆောင်ရွက်လုပ်ကိုင်တော်မူသော လုပ်ငန်းကြီးငါးရပ်ရှိ၏။ ထိုလုပ်ငန်းကြီးငါးမျိုးကို 'ဗုဒ္ဓကိစ္စငါးပါး'ဟုခေါ်၏။ ဤငါးပါးမှာ-

၁။ ပုရေဘတ္တကိစ္စ=ဆွမ်းမဘုဉ်းပေးမီ နံနက်လုပ်ငန်းစဉ်၊

၂။ ပစ္ဆာဘတ္တကိစ္စ =ဆွမ်းစားပြီးနောက် မွန်းလွဲပိုင်းလုပ်ငန်းစဉ်၊

၃။ ပုရိမယာမကိစ္စ=ညဉ့်ဦးယံလုပ်ငန်းစဉ်၊

၄။ မဇ္ဈိမယာမကိစ္စ=သန်းခေါင်းယံလုပ်ငန်းစဉ်နှင့်

၅။ ပစ္ဆိမယာမကိစ္စ=မိုးသောက်ယံလုပ်ငန်းစဉ်-

တို့ ဖြစ်ပါသည်။

ဤလုပ်ငန်းကြီးငါးမျိုးတို့ဖြင့် သတ္တဝါအပေါင်းတို့၏အကျိုးတို့ကို ဘုရားရှင်သည် မနားမနေ အမြဲတစေဆောင်ရွက်တော်မူခဲ့ပါသည်။

**ပုရေဘတ္တကိစ္စ (နံနက်ခင်းလုပ်ငန်းစဉ်)**

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မိုးသောက်ယံကို သုံးပိုင်းပိုင်း၍ နောက်သုံးပိုင်းတွင် ကျွတ်ထိုက်သောသတ္တဝါတို့ကို ဉာဏ်တော် ကွန်ယက်ဖြင့်ဖြန့်ကြက်၍ တစ်သောင်းသောလောကဓာတ်ကို ဗုဒ္ဓစက္ခု ဖြင့် ကြည့်ရှုဆင်ခြင်တော်မူပြီးသည့်နောက် နံနက်စောစော ထတော်မူပြီး အလုပ်အကျွေးရဟန်းတို့ကို ချီးမြှောက်တော်မူခြင်းငှာလည်းကောင်း၊ ကိုယ်တော်မြတ်၏ သပ္ပါယဖြစ်ခြင်းငှာလည်းကောင်း မျက်နှာတော်သစ် ခြင်းစသောကိစ္စတို့ကို ပြုတော်မူပြီး ဆွမ်းခံဝင်ချိန်ရောက်သည်အထိ ဆိတ်ငြိမ်ရာအရပ်၌ ဖလသမာပတ်ဝင်စားနေတော်မူ၏။

ဆွမ်းခံချိန်တွင် သင်္ကန်းကိုရုံတော်မူ၍ သပိတ်ကိုယူဆောင်တော် မူကာ တစ်ခါတစ်ရံ တစ်ပါးတည်း၊ တစ်ခါတစ်ရံ ရဟန်းအပေါင်း ခြံရံလျက် မြို့ရွာနိဂုံးအတွင်းသို့ ဆွမ်းခံကြွဝင်တော်မူ၏။ ထိုသို့ ကြွဝင် တော်မူရာ၌ တစ်ခါတစ်ရံ ပကတိအနေအထားဖြင့် ကြွဝင်တော်မူ၍၊ တစ်ခါတစ်ရံ များစွာသောတန်ခိုးပြာဋိဟာတို့ဖြင့် ကြွဝင်တော်မူသည်။ ဤဆွမ်းခံဝင်ပုံကို 'ဆွမ်းခံကြွပုံ၊ ကြည်ညိုဖွယ်ရာအစုံစုံ' ခေါင်းစဉ်ဖြင့် တင်ပြခဲ့ပြီးပေပြီ။

ထိုအခါ လူတို့ကိုယ်ဝယ် ဝတ်ဆင်ထားကြသည့် ပုတီး၊နားဋောင်း၊ လက်ကောက်၊ လက်ကြပ်စသော အဆင်တန်ဆာတို့သည် အလိုလိုပင် သာယာစွာအသံမြည်ကြ၏။ ထိုအမှတ်သင်္ကေတဖြင့် လူတို့သည် 'ယနေ့ မြတ်စွာဘုရား ငါတို့မြို့ရွာသို့ ဆွမ်းခံဝင်လာတော်မူပြီ'ဟု သိရှိကြ၏။

ထိုအခါ လူအပေါင်းတို့သည် အဝတ်ကောင်း အရုံကောင်းတို့ကို ဝတ်ကြ ရုံကြပြီး ပန်းနံ့သာစသည်တို့ကို လက်စွဲလျက် မြို့လယ်လမ်းမသို့ တစ်စုတစ်ရုံးသွားရောက်ကြကာ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ရှိခိုးကြ၏။ ထို့နောက် 'အရှင်မြတ်တို့ဘုရား၊ တပည့်တော်များအား ရဟန်းတော်ဆယ်ပါး ပေးတော်မူပါကုန်၊ တပည့် တော်များအား ရဟန်းတော်နှစ်ကျိပ် ရဟန်းတော်အပါးတစ်ရာ ပေးတော် မူကြပါကုန်' စသည်ဖြင့် မိမိတို့ တတ်စွမ်းနိုင်သလောက် တောင်းယူ ပင့်ဆောင်ကြပြီး ဘုရားရှင်၏သပိတ်တော်ကိုလည်း ယူဆောင်ကြကာ နေရာတော်ခင်း၍ ရှိသေစွာဆွမ်းကပ်ကြသည်။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ သတ္တဝါတို့၏ စိတ်သန္တာန်တို့ကို ကြည့်ရှုဆင်ခြင်တော်မူ၍ သင့်လျော်သောတရားတော် ကို ဟောကြားတော်မူ၏။ ထိုအခါ အချို့မှာ သရဏဂုံသုံးပါး၌ တည် ကြ၏။ အချို့မှာ ငါးပါးသီလတို့၌ တည်ကြ၏။ အချို့မှာ သောတာပန် သကဒါဂမ်၊ အနာဂါမ်အဖြစ်သို့ အသီးသီး ပေါက်ရောက်ကြ၏။ အချို့ မှာကား မြတ်စွာဘုရားထံတော်၌ ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက် ကြ၏။ ဤသို့ လူအပေါင်းကို ချီးမြှောက်တော်မူပြီးမှ ကျောင်းသို့ ပြန်ကြွတော်မူပါသည်။

ကျောင်းသို့ရောက်သောအခါ သံဃာ့အစည်းအဝေးကျင်းပရာ ဓမ္မာရုံအတွင်း ခင်းထားသည့် ဘုရားနေရာတော်၌ သီတင်းသုံးတော်မူ ကာ ရဟန်းအားလုံးတို့ ဆွမ်းကိစ္စပြီးစီးခြင်း၊ အညီအညွတ် စည်းဝေး ခန်းမသို့ရောက်လာခြင်းကို စောင့်ဆိုင်းနေတော်မူသည်။ ရဟန်းအားလုံး ဆွမ်းကိစ္စပြီးဆုံး၍ အားလုံးစည်းဝေးမိကြသောအခါ အလုပ်အကျွေး ရဟန်းက မြတ်စွာဘုရားအား လာရောက်လျှောက်ထားသည်၊ ထိုအခါမှ မြတ်စွာဘုရားသည် ဂန္ဓကုဋိပရိဝုဏ်သို့ဝင်တော်မူ၏။ ရဟန်းအပေါင်း တို့လည်း နောက်တော်က ခြံရံလိုက်ပါကြသည်။

**ပဉ္စမသတ္တာဟ (မှန်းလွဲပိုင်းလုပ်ငန်းစဉ်)**

ဂန္ဓကုဋီတိုက်သို့ရောက်တော်မူသောအခါ ရဟန်းတို့ဆည်းကပ်ရာ၌ အလုပ်အကျွေး ရဟန်းခင်းထားသော နေရာတွင်ထိုင်၍ ခြေတော်ကိုဆေးပြီး ခြေဆေးကျောက်ပြားပေါ်၌ ရပ်တော်မူလျက် 'ရဟန်းတို့ မမေ့မလျော့ခြင်း အပ္ပမာဒခေါ်ကြသော သတိတရားနှင့်ပြည့်စုံကြကုန်လော့၊ ဤလောက၌ ဘုရားဖြစ်ပေါ်ခိုက်ကို အလွန်ကြုံကြိုက်ရခဲလှ၏။ လူ့အဖြစ်ကိုလည်း ရခဲလှ၏။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကိုလည်း ရခဲ၏။ ရှင်ရဟန်းအဖြစ်ကိုလည်းရခဲ၏။ သူတော်ကောင်းတရား နာကြားရခြင်းကိုလည်းရခဲ၏' ဟု ရဟန်းသံဃာတို့အား ဆုံးမတော်မူသည်။

ထို့နောက် အချို့သောရဟန်းတို့သည် ကမ္မဋ္ဌာန်းကိုမေးလျှောက်ထားကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့အား စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကိုပေးတော်မူ၏။ ကမ္မဋ္ဌာန်းယူကြပြီးသောအခါ ရဟန်းအားလုံး မြတ်စွာဘုရားကိုရှိခိုး၍ မိမိတို့အလိုရှိရာဌာနများသို့ ကြွတော်မူကြကုန်၏။ အချို့က တောအရပ်သို့ အချို့က သစ်ပင်ရင်းသို့ အချို့က ဂူ, လိုဏ်, တောင် စသည်တို့သို့၊ အချို့က စတုမဟာရာဇ်နတ်ပြည်သို့ အချို့က တာဝတိံသာနတ်ပြည်၊ အချို့က ယာမာနတ်ပြည်၊ အချို့က တုသိတာနတ်ပြည်၊ အချို့က နိမ္မာနရတိနတ်ပြည်၊ အချို့က ပရနိမ္မိတဝသဝတ္တီနတ်ပြည်သို့ အသီးသီးကြွသွားကြ၏။ ထိုအခါ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်တွင်းသို့ဝင်တော်မူကာ လျောင်းခြင်းငှာ အလိုရှိတော်မူပါက လက်ယာနံတောင်းဖြင့် သတိသမ္ပဇဉ်လက်မလွှတ်ဘဲ တစ်ခဏမျှ မြတ်သောလျောင်းစက်မှုကို ပြုတော်မူပါသည်။

ထိုပဉ္စမသတ္တာဟခေါ် ဆွမ်းစားပြီး မွန်းလွဲပိုင်းအချိန်ကို သုံးပုံပုံ၍ ပထမအပုံကုန်လွန်သောအခါ လျောင်းရာမှထတော်မူ၍ ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကြီးကို ကြည့်ရှုတော်မူ၏။ ကျွတ်ထိုက်သောသတ္တဝါကို မြင်တော်လျှင် မည်မျှလောက်ဝေးကွာစေကာမူ တန်ခိုးတော်ဖြင့်ကြွ၍

တရားဓမ္မ ဟောပြချီးမြှင့်တော်မူ၏။ ကမ္မဋ္ဌာန်းအာရုံနှင့် ဉာဏ်ဝီရိယ မမျှတ၍ တရားရရန်နှေးနေသည့် ယောဂီ ရဟန်းတို့၏ဌာနသို့လည်း ခဏချင်းကြွတော်မူ၍ ဉာဏ်,ဝီရိယမျှတစွာနှင့် အလျင်အမြန် တရားထူး ရရှိစေရန် ကိုယ်တော်တိုင်ကြပ်မတ်၍ နည်းပြတော်မူသည်။ ကမ္မဋ္ဌာန်း ယူခဲ့၍ အားထုတ်သောအခါ ထိန,မိဒ္ဓ,မိစ္ဆာဝိတက်တို့နှိပ်စက်သဖြင့် တရားမတက်ဖြစ်နေသည့် ရဟန်းတော်တို့ထံသို့လည်း ကြွရောက် ဆုံးမတော်မူလေ့ရှိ၏။

တတိယအပုံဖြစ်သော ညနေချမ်းသို့ ရောက်သည့်အခါ မြတ်စွာ ဘုရား အမှီပြု၍နေတော်မူရာ မြို့,ရွာနိဂုံးတို့မှ လူအပေါင်းတို့သည် ကောင်းစွာဝတ်ဆင်ကြပြီးလျှင် ပန်းနံ့သာလက်စွဲကြကုန်လျက် မြတ်စွာ ဘုရားကျောင်းတော်သို့ စည်းဝေးရောက်လာကြ၏။ မြတ်စွာဘုရားသည် ရောက်လာသည့် ပရိသတ်အား လျောက်ပတ်သောတန်ခိုးပြာဋိဟာဖြင့် ကြွတော်မူကာ တရားသဘင်တွင် ခင်းထားသောဘုရားနေရာတွင် ထိုင်တော်မူလျက် အချိန်ကာလနှင့်လျောက်ပတ်သော တရားစကားကို ဟောကြားတော်မူပြီး တရားပွဲသိမ်းကာ ပရိသတ်ကို လွှတ်တော်မူလိုက် သည်။ လူအပေါင်းတို့သည်လည်း မြတ်စွာဘုရားကိုရှိခိုး၍ အိမ်သို့ ပြန်ကြလေတော့သည်။

## ပုရိမယာမကိစ္စ (ညဦးယံလုပ်ငန်းစဉ်)

တစ်ညဥ့်လုံး၌ ယခုစက်နာရီအားဖြင့် ည(၆)နာရီမှ နံနက်(၆) နာရီအထိ (၁၂)နာရီရှိသည်။ ထို(၁၂)နာရီကို ယံသုံးယံဖြင့် ခွဲဝေလျှင် တစ်ယံလျှင် (၄)နာရီရှိ၏။ ထို့ကြောင့် ပုရိမယာမခေါ် ညဥ့်ဦးယံပိုင်း သည် ည(၆)နာရီမှ (၁၀)နာရီအထိ ဖြစ်သည်။

ထိုညဥ့်ဦးယံတွင် ဘုရားရှင်သည် အကယ်၍ ရေသုံးသပ်တော်မူလို လျှင် အလုပ်အကျွေးရဟန်းအသင့်စီမံထားသောရေဖြင့် သုံးသပ်စံပယ် တော်မူ၏။ ထို့နောက် အလုပ်အကျွေးရဟန်းသည် ဂန္ဓကုဋိပရိဝုဏ် အတွင်း၌ ဘုရားနေရာတော်ကို ခင်းထား၏။ မြတ်စွာဘုရားသည်

ကောင်းစွာနှိမ်နင်းသောနှစ်ထပ်သက်နီးကြီးကို ဆင်မြန်းတော်မူပြီး ဘုရားနေရာတော်၌ ကိုယ်တော်တစ်ပါးတည်း တစ်ခဏမျှ အပန်းဖြေကာ ထိုင်နေတော်မူသည်။ ခဏမျှကြာသောအခါ ရဟန်းတို့သည် ထိုထိုအရပ်ဌာနတို့မှ လရောက်ကြကုန်၍ မြတ်စွာဘုရားကို ဆည်းကပ်ခစားကြ၏။ ထိုအစည်းအဝေး၌ အချို့က ပုစ္ဆာပြဿနာတို့ကို မေးမြန်းလျှောက်ကြ၏။ အချို့က ကမ္မဋ္ဌာန်းကို လျှောက်ထားကြ၏။ အချို့က တရားဟောကြားတော်မူရန် တောင်းပန်လျှောက်ထားကြ၏။ ထိုအမျိုးမျိုးလျှောက်ထားသောရဟန်းတို့၏ လိုလားတောင့်တချက်များကို ပြည့်စုံအောင်ချီးမြှောက်တော်မူသောအားဖြင့် ပုရိမယာမခေါ် ညဦးယံပိုင်းအချိန်ကို ကုန်လွန်စေတော်မူလေသည်။

**မဇ္ဈိမယာမကိစ္စ (သန်းခေါင်ယံလုပ်ငန်းစဉ်)**

ညဉ့်ဦးယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ်ပြီးဆုံးသဖြင့် ရဟန်းတော်များ ဘုရားရှင်ကိုရှိခိုးကာ ဖဲခွာသွားကြသောအခါ ဓာတ်ခေတ်ခေါ်သော စကြဝဠာအပေါင်း တိုက်တစ်သောင်း၌ နေထိုင်ကြကုန်သော နတ်ပြဟ္မာတို့သည် အခွင့်ရကြသဖြင့် အမျိုးမျိုးသောအရောင်အဝါ ကျက်သရေတို့ဖြင့် ခစားဆည်းကပ်လာကြကုန်၏။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဒေဝပုတ္တသံယုတ်၊ ဒေဝတာသံယုတ်တို့၌လာရှိသည့်အတိုင်း မိမိတို့စိရင်ဆင်ခြင်စဉ်းစားခဲ့ကြသည့် အမေးပုစ္ဆာပြဿနာများကို မေးမြန်းလျှောက်ထားကြ၏။ အယုတ်သဖြင့် အက္ခရာလေးလုံးမျှရှိသည့်ပြဿနာကိုပင် မေးမြန်းလျှောက်ထားကြ၏။ အချို့လည်း ဂါထာတို့ကို ရွတ်ဆိုကြကုန်၏။

ဤည (၁၀)နာရီမှ နံနက်(၂)နာရီအထိ ညဉ့်အလယ်ဗဟိုဖြစ်သော သန်းကောင်ယံပိုင်းအချိန်ကာလကား နတ်ပြဟ္မာအပေါင်းတို့နှင့် မေးဖြေဟောကြား၍ စံနေတော်မူသောအချိန်ကာလဖြစ်၏၊ လူတို့နှင့်ဆက်ဆံသော အချိန်မဟုတ်။ ထိုအချိန်ကို နတ်ပြဟ္မာတို့၏အလိုဆန္ဒကို ဖြည့်တော်မူ၍ ကုန်လွန်စေတော်မူပါသည်။

**ပစ္ဆိမယာမကိစ္စ(မိုးသောက်ယံလုပ်ငန်းစဉ်)**

ပစ္ဆိမယာမခေါ် မိုးသောက်ယံအချိန်ပိုင်းကား သန်းခေါင်ကျော် (၂)နာရီမှ နံနက်(၆)နာရီချိန်အထိဖြစ်သည်။ ထို(၄)နာရီကြာအချိန်ကို သုံးပိုင်းပိုင်းလျှင် တစ်ပိုင်းလျှင် (၁)နာရီ မိနစ်(၂၀)ရှိသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ညဉ့်(၂)နာရီမှစ၍ နံနက်(၃)နာရီ မိနစ်(၂၀)အချိန် အထိ ထိုင်နေခြင်းဣရိယာပုတ်ဖြင့် နှိပ်စက်ခံထားရသည့် ရူပကာယ ကိုယ်တော်၏ပင်ပန်းနွမ်းနယ်မှုကိုဖြေဖျောက်ရန် စင်္ကြံကြွခြင်းကိစ္စကို ပြုတော်မူသည်။

နံနက်(၃)နာရီ မိနစ်(၂၀)တွင် ဂန္ဓကုဋိကျောင်းတော်သို့ဝင်တော် မူ၍ လက်ယာနံတောင်းဖြင့် သတိ,သမ္ပဇဉ်နှင့်ပြည့်စုံစွာ လျောင်းတော် မူပြီးလျှင် ခြင်္သေ့မင်းတို့၏အိပ်ခြင်းဖြင့် နံနက်(၄)နာရီ မိနစ်(၄၀)အထိ လျောင်းစက်တော်မူသည်။

နံနက်(၄)နာရီ မိနစ်(၄၀)တွင် လျောင်းတော်မူရာမှထ၍ ထက်ဝယ် ဖွဲ့ခွေထိုင်နေတော်မူပြီးလျှင် ရှေးရှေးဘုရားရှင်တို့ထံတော်များ၌ ဒါန၊ သီလစသော ပါရမီကုသိုလ်ထူးများကိုပြုခဲ့ဖူး၍ ကျွတ်ထိုက်သောသတ္တဝါ တို့ကို အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တဉာဏ်တည်း ဟူသော ဗုဒ္ဓစက္ခုတော်အစုံဖြင့် စကြဝဠာတစ်သောင်းအထိ ဖြန့်ကျက် ကြည့်ရှုတော်မူသည်။

ဤသည်တို့ကား ဗုဒ္ဓရှင်တော်မြတ်ဘုရား ထာဝစဉ်ပြုကျင့်ဆောင် ရွက်တော်မူသည့် 'ကြည်ညိုဖွယ်ရာ၊ ကိစ္စငါးဖြာ' တို့ဖြစ်ပါသည်။ ဘုရားရှင်၏ နေ့စဉ်လုပ်ငန်းများဟူ၍လည်း ဆိုပါသည်။

ဤဘုရားရှင်၏ နေ့စဉ်လုပ်ငန်းများကိုကြည့်လျှင် တစ်ရက်တွင် (၂၄)နာရီရှိသည့်အနက် တစ်နာရီကျော်မျှသာ ကျိန်းစက်တော်မူ၍ ကျန် (၂၂)နာရီကျော်လုံးလုံး ကိစ္စလုပ်ငန်းများကိုဆောင်ရွက်သည်ကို တွေ့ရ၏။ နေ့စဉ်နေ့တိုင်း ဤမျှအလုပ်လုပ်သူမှာ ဤကမ္ဘာ၌သာမဟုတ်၊

အနန္တလောကဓာတ်တွင် ဘုရားမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါချေ။ ထို့ကြောင့် အနန္တလောကဓာတ်တစ်ခွင်တွင် 'ဘုရားရှင်သည် အလုပ်အလုပ်ဆုံး အတုမရှိပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော်မူသည်'ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ မြတ်စွာဘုရား၏ဝီရိယဓာတ်တော်သည် အလွန်တရာကြီးကျယ်များမြတ်လှသဖြင့် အနန္တသတ္တဝါတို့၏ဝီရိယကို အားလုံးစု၍ တစ်ပုံ ပုံပြီးလျှင် ရှင်တော်မြတ်၏ဝီရိယဓာတ်တော်နှင့် နှိုင်းယှဉ်ပါလျှင် မြင်းမိုရ်တောင်ကြီးနှင့် ကျောက်စရစ်ခဲကလေးပမာ ကွာခြားလှသည်ဟု ဆိုပေသည်။

## မြတ်ဗုဒ္ဓ၏ ဂုဏ်တော်အဝဝ အသင်္ချေယျ

မြတ်ဗုဒ္ဓ၏ဂုဏ်တော်များ ရေတွက်၍မရ၊ အသင်္ချေယျဖြစ်ပုံကို ဟောကြားတော်မူသည့် မထေရ်မြတ်ကား သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း)၊ စေတိယတောင်ကျောင်း၌ ရဟန်းအပေါင်းခြံရံလျက် သီတင်းသုံးနေထိုင်တော်မူသော ကာဠဗုဒ္ဓရက္ခိတအမည်တော်ရသည့် ပဋိသမ္ဘိဒါပတ္တရဟန္တာမထေရ်မြတ်ကြီးဖြစ်သည်။ သီရိလင်္ကာနိုင်ငံ ပြည့်ရှင်တိဿဘုရင်ကြီး မေးလျှောက်သဖြင့် ဟောကြားတော်မူခြင်းဖြစ်သည်။

အတန်ငယ်ချဲ့၍ဆိုဦးအံ့။ ကာဠဗုဒ္ဓရက္ခိတရဟန္တာမထေရ်မြတ်ကြီးကား အခြားပုဂ္ဂိုလ်မဟုတ်၊ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က မင်းပရိသတ် မြို့သူမြို့သားပရိသတ်များစွာခြံရံလျက် ဘုရားရှင်ထံမှောက်သို့သွားရောက်ကာ အယူဝါဒပြိုင်ခဲ့သည့် အတ္တဝါဒီဆရာကြီးသစ္စကပရိဗိုဇ်ကြီးဖြစ်သည်။ သစ္စကပရိဗိုဇ်ကြီးအကြောင်းကိုကား စာဖတ်ပရိသတ်များ သိရှိတန်သရွေ့ သိရှိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤ၌ မသိရှိရသေးဟုထင်သောအကြောင်းကိုသာ တင်ပြပါမည်။

မြတ်ဗုဒ္ဓနှင့် သစ္စကပရိဗိုဇ်တို့ 'အတ္တ–အနတ္တဝါဒပြိုင်ပွဲကြီး' ပြီးဆုံးသွားသည့်အခါ ဝါဒပြိုင်ပွဲ၌ရှုံးသူ သစ္စကပရိဗိုဇ်ကြီးက မြတ်စွာဘုရားကို

နောက်ပါရဟန်းသံဃာများနှင့်အတူ သူ့ထံသို့ ဆွမ်းဘုဉ်းပေးကြွရန် ပင့်ဖိတ်၍ ဘုရားရှင်က လက်ခံလိုက်၏။ သစ္စကၡ၏ပြောကြားချက်အရ သူ့ကို ကိုးကွယ်နေကြသည့် လိစ္ဆဝီမင်းတို့သည် သစ္စကထံသို့ ဆွမ်းအိုးငါးရာပို့ကြ၏။ သစ္စကသည် မိမိ၏အရံ၌ မွန်မြတ်သောခဲဖွယ်ဘောဇဉ်များကိုစီရင်စေပြီး ဘုရားရှင်ထံ ဆွမ်းစားပင့်လွှတ်လိုက်၏။ ဘုရားရှင်သည် ရဟန်းသံဃာများနှင့်အတူ သစ္စက၏အရံသို့ ကြွတော်မူလာပြီး သစ္စကကြီး ကိုယ်တိုင်ကပ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူသည်။

ဘုရားအမှူးရှိသော သံဃာတော်များ ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ သစ္စကပရိဗိုဇ်သည် သင့်တင့်သောအရပ်၌ထိုင်ကာ 'အိုအရှင်ဂေါတမ၊ ဤအလှူဒါနကောင်းမှု၏အကျိုးရင်း၊ အကျိုးဆက်များသည် အလှူဒါယကာလိစ္ဆဝီမင်းတို့အား ချမ်းသာခြင်းဖြစ်ပါစေ'ဟု လျှောက်ထား၏။ အမှန်စင်စစ် ဤအလှူသည်ကို လိစ္ဆဝီမင်းတို့က သစ္စကအား ပေးလှူသည်ကို သစ္စကပရိဗိုဇ်ကပြန်၍ ဘုရားအမှူးရှိသော သံဃာတော်များအားပေးလှူခြင်းဖြစ်၍ သစ္စကပရိဗိုဇ်၏အလှူဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားက 'သစ္စကပရိဗိုဇ်၊ သင်ကဲ့သို့ ရာဂစသည် မကင်းသေးသူ အလှူခံပုဂ္ဂိုလ်အား လိစ္ဆဝီမင်းတို့ပေးလှူသော ဒါနကောင်းမှုသည် ပေးလှူသူ လိစ္ဆဝီမင်းတို့အတွက် ဖြစ်ပေလိမ့်မည်။ သစ္စကပရိဗိုဇ်၊ ငါကဲ့သို့ ရာဂစသည်ကင်းပြီးသူ အလှူခံပုဂ္ဂိုလ်အား သင်ပေးလှူသောဒါနကောင်းမှုမှာကား ပေးလှူသူသင့်အတွက် ဖြစ်ပေလိမ့်မည်'ဟု သစ္စကအဖို့ အနာဂတ်တွင် ကောင်းမှုကုသိုလ်ဝါသနာ အထုံပါစေရန် မိန့်ဆိုတော်မူလေသည်။

မြတ်စွာဘုရားသည် ဤသစ္စကပရိဗိုဇ်ကြီးအား စူဠသစ္စကသုတ်၊ မဟာသစ္စကသုတ် ဟူသော သုတ်နှစ်သုတ်တို့ကို ကြိုးကြိုးစားစား ဟောကြားတော်မူခဲ့ပါသည်။ အတ္တဝါဒအစွဲသန်သည့် သစ္စကကြီးမှာ များလှစွာသောတရားတို့ကို ကြားနာရသော်လည်း မဂ်ဖိုလ်လည်းမရ၊

ရဟန်းလည်းမဖြစ်၊ အယုတ်ဆုံး သရဏဂုံတော်မှမတည်၊ ဗုဒ္ဓဘာသာ ဝင် မဖြစ်ခဲ့ပါချေ။

သို့ရာတွင် ဘုရားရှင်သည် 'ဤသစ္စကပရိဗိုဇ်မှာ ယခု ငါဘုရား လက်ထက်၌ မဂ်ဖိုလ်ရနိုင်လောက်သည့် ဥပနိဿရည်း အကြောင်း ပစ္စည်းမရှိချေ (ပါရမီကုသိုလ်မရင့်ကျက်သေးဟုဆိုလို၏)၊ အထူးသဖြင့် ငါဘုရားပရိနိဗ္ဗာန်စံလွန်ပြီးနောက် နှစ်ပေါင်း(၂၀၀)ကျော်လွန်သော အခါ၌ သီဟိုဠ်ကျွန်းဝယ် သာသနာတည်ထွန်းလိမ့်မည်၊ ထိုအခါ သီဟိုဠ်ကျွန်းဝယ် အမတ်မျိုးရိုး၌ ဤသစ္စကပရိဗိုဇ်သည်ဖြစ်၍ အရွယ် ရောက်သည့်အခါ ရဟန်းပြုပြီးလျှင် ပိဋကသုံးပုံတို့ကို သင်ကြား တတ်မြောက်သည့်အပြင် ဝိပဿနာတရားပွားများအားထုတ်သဖြင့် ကာဠဗုဒ္ဓရက္ခိတအမည်ရှိသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်မြတ်ကြီး ဖြစ်လိမ့်မည်'ဟု အနာဂတံသဉာဏ်တော်ဖြင့် သိမြင်တော်မူလေသည်။ ထိုသို့ မြင်တော်မူသောကြောင့် နောင်အခါ၌ တရားအထုံဝါသနာ ရရန်အတွက် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်အား သုတ်နှစ်သုတ် အထိ ကျယ်ဝန်းသောတရားတော်ကို ဟောကြားတော်မူခြင်းဖြစ်ပေ သည်။

ဘုရားရှင် ကြိုတင်သိမြင်တော်မူထားသည့်အတိုင်းပင် သစ္စက ပရိဗိုဇ်သည် သီရိလင်္ကာနိုင်ငံ၌ သာသနာတော်ထွန်းလင်းလာသည့် အခါ နတ်ပြည်မှစုတေခဲ့၍ ဒက္ခိဏာဂိရိကျောင်းတိုက်ကြီး၏အနီးပြုရာ ရွာတွင် အမတ်မျိုး၌ ဖြစ်လာ၏။ အရွယ်ရောက်သောအခါ ရှင်ရဟန်း ပြု၍ ပိဋကတ်သုံးပုံကို သင်ယူတတ်မြောက်ပြီး ဂိုဏ်းဦးစီးပုဂ္ဂိုလ်ကြီး ဖြစ်လာ၏။

တစ်နေ့တွင် တပည့်အပေါင်းခြံရံကာ ဥပဇ္ဈာယ်ဆရာကို ဖူးမြော် ကန်တော့ရန် သွား၏။ ဥပဇ္ဈာယ်ဆရာတော်က 'ဗုဒ္ဓရက္ခိတ၊ သင်သည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို သင်ကြားတတ်မြောက်ရုံမျှဖြင့် ရဟန်းကိစ္စပြီးပြီဟု သင်ထင်သလော၊ ဂဏပလိဗောဓကိုဖြတ်တောက်

ပြီး စေတိယတောင်ကျောင်းသို့သွားရောက်ကာ ရဟန်းတရားကို အားထုတ်လော့’ဟု ဆုံးမလိုက်၏။

ကာဠဗုဒ္ဓရက္ခိတသည် ဥပဇ္ဈာယ်ဆရာ ဆုံးမလိုက်သည့်အတိုင်း ရဟန်းတရား ပွားများကြိုးကုတ်အားထုတ်ရာ မကြာမီ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်သွားသည်။ မင်းအပူဇော်ခံ ဘုန်းကံကြီးမားထင်ရှားသော ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ စေတိယတောင်ကျောင်း၌ပင် ရဟန်းအပေါင်း ခြံရံကာ သီတင်းသုံးတော်မူသည်။

တစ်ချိန်တွင် တိဿမင်းကြီးသည် ထိုစေတိယတောင်ရှိ ရာဇလိုဏ်ဂူ၌ ဥပုသ်ဆောင်ဝင်နေ၏။ မင်းကြီးက မထေရ်မြတ်ကြီး တရားဟောကြားလျှင် သူ့အား အသိပေးရန် မှာထား၏။ ကာဠဗုဒ္ဓရက္ခိတမထေရ်သည်လည်း တရားပွဲကျင်းပမည့်နေ့ တစ်နေ့၌ ရဟန်းအပေါင်း ခြံရံလျက် ‘ဘဏ္ဍက’မည်သော စေတီရင်ပြင်တော်ပေါ်သို့တက်ရောက်ကာ စေတီတော်ကိုရှိခိုးပြီးလျှင် တည်နက်ပင်တစ်ပင်အရင်း၌ ရပ်နေတော်မူ၏။

ထိုအခါ ကာဠဗုဒ္ဓရက္ခိတမထေရ်ကို ပိဏ္ဍပါတ်ဓုတင်ဆောင် မထေရ်တစ်ပါးက ကာဠကာရာမသုတ်၌ပြဿနာကို မေးမြန်းလေသည်။ ကာဠဗုဒ္ဓရက္ခိတမထေရ်သည် တည်နက်ပင်ရင်း၌ ခင်းပေးသော ဓမ္မာသနပလ္လင်၌ထိုင်လျက် ရှေ့ပိုင်းတရားနိဒါန်းဂါထာတို့ကို ရွတ်ဆိုပြီး (စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်၌လာသော) ကာဠကာရာမသုတ္တန်ကို စတင်ဟောကြားတော်မူ၏။ တိဿမင်းကြီးလည်း အလုပ်အကျွေးရဟန်း၏ အသိပေးချက်အရ တရားနိဒါန်းဂါထာများရွတ်ဆို၍မပြီးမီ ရောက်လာပြီး မထင်ရှားသောအသွင်ဖြင့် ပရိသတ်အစွန်တွင်နေကာ ညဉ့်သုံးယံပတ်လုံး ရပ်လျက်ပင်တရားနာယူ၏။ တရားပွဲသိမ်း၍ ကောင်းချီးနမော် သာဓုခေါ်သည့်အခါမှ မထေရ်မြတ်က မင်းကြီးမှန်းသိ၍ နှုတ်ဆက်စကား ပြောကြားရလေသည်။

ကာဠကာရာမသုတ်ကား မြတ်စွာဘုရား၏ဂုဏ်တော်များကို ဟောကြားထားသောသုတ်ဖြစ်၏။ ထို့ကြောင့် တိဿမင်းကြီးက 'အရှင်ဘုရား၊ မြတ်စွာဘုရား၏ဂုဏ်တော်တို့သည် ဤမျှရှိပါသလော၊ သို့မဟုတ် အခြားဂုဏ်တော်များရှိပါသေးသလား' ဟု ကာဠဗုဒ္ဓရက္ခိတ မထေရ်မြတ်ကို မေးလျှောက်၏။ 'မင်းကြီး၊ ယခုထုတ်ဖော်ဟောကြား ခဲ့ပြီးသည့် ဘုရားဂုဏ်တော်များထက် မဟောကြားရသေးသော ဂုဏ်တော်များကသာ မနှိုင်းယှဉ်နိုင်လောက်အောင် များလှ၏' ဟု ဖြေဆို တော်မူသည်။

မင်းကြီးက 'အရှင်ဘုရား၊ ဥပမာဖော်ပြတော်မူပါ' ဟု လျှောက် ထားရာ၊ မထေရ်မြတ်က 'မင်းကြီး၊ မင်းသုံးပယ်တစ်ထောင်ခန့် ကျယ် ပြန့်သော သလေးစပါးခင်းကြီးတွင် သလေးစပါးနှံတစ်ခုမှာရှိသော စပါးများထက် ကြွင်းကျန်သည့်စပါးစေ့တို့ကသာ များကုန်သည် မဟုတ် လော၊ ထို့အတူ ယခုထုတ်ဖော်ဟောကြားသော ဘုရားဂုဏ်တော်များ သည် စပါးနှံတစ်ခုမှာရှိသော စပါးစေ့နှင့်တူ၍ အနည်းငယ်မျှသာဖြစ်၏။ ကြွင်းကျန်သည့်ဂုဏ်တော်များကား ကြွင်းကျန်သည့် သလေးခင်းတစ်ခု လုံးရှိ စပါးစေ့များကဲ့သို့ အလွန်များလှကုန်၏' ဟု မိန့်တော်မူ၏။

'အရှင်ဘုရား၊ အခြားဥပမာတစ်ခုကိုမိန့်တော်မူပါဦး' ဟု လျှောက် ထားပြန်ရာ၊ မထေရ်မြတ်က 'မင်းကြီး၊ ရေအယဉ်တသွင်သွင်စီးဆင်း နေသည့် ဂင်္ဂါမြစ်ကြီးအတွင်း၌ အပ်ကလေးတစ်ချောင်းကို တည့်တည့် ချိုက်ထားလျှင် အပ်နဖားတွင်းဖြင့်စီးဆင်းသွားသည့်ရေမှာ အနည်းငယ် သာဖြစ်၍ ကြွင်းကျန်သောရေအယဉ်ကသာ များပြားလှသကဲ့သို့၊ ဤအတူ ယခုဟောကြားခဲ့သော ဘုရားဂုဏ်တော်များသည်ကား အပ်နဖားတွင်းမှ စီးဆင်းသွားသည့်ရေပမာ အနည်းငယ်မျှသာဖြစ်ပါ၏။ ကြွင်းကျန်သောဂုဏ်တော်များကသာ အပ်နဖားတွင်း စီးဆင်းသွားသည့် ရေမှတစ်ပါး ဂင်္ဂါမြစ်ကြီးတစ်ခုလုံး၌ စီးဆင်းသွားသည့်ရေများပမာ အလွန်များလှပါကုန်၏' ဟု မိန့်ဆိုတော်မူ၏။

'အရှင်ဘုရား၊ အခြားဥပမာတစ်ခုကိုလည်း မိန့်တော်မူပါဦး'ဟု မင်းကြီးကလျှောက်ထားပြန်ရာ၊ မထေရ်မြတ်က 'မင်းကြီး၊ ဤလောက၌ ပျံလွှားငှက်(မိုးစာငှက်)ခေါ်သော ငှက်ကလေးများသည် ကောင်းကင်၌ မြူးတူးပျော်ပါးပျံသွားနေကြသည်။ သူတို့သည် အလွန်သေးငယ်လှ၏။ မင်းကြီးကို မေးရဦးမည်။ ကောင်းကင်မှာ ထိုငှက်ကလေး၏အတောင် ဖြန့်ရာအရပ်က များသလော၊ ကျန်သည့်ကောင်းကင်အရပ်က များသလော၊ အရှင်ဘုရား၊ ထိုငှက်လေး၏အတောင်ဖြန့်ရာ ကောင်းကင် အရပ်မှာ မပြောပဖွယ် အနည်းငယ်မျှသာဖြစ်ပါ၏။ ကျန်သည့် ကောင်းကင်အရပ်ကြီးကသာ ကျယ်ဝန်းများပြားလှပါ၏'ဟုလျှောက်၏။

'မင်းကြီး၊ ဤအတူပင် ယခုထုတ်ဖော်ဟောကြားခဲ့သော ဘုရား ဂုဏ်တော်များမှာ ပျံလွှားငှက်ကလေး၏အတောင်ဖြန့်ရာ အရပ်ပမာ ကျဉ်းမြောင်းသေးငယ်လှပါ၏။ ကြွင်းကျန်သည့်ဂုဏ်တော်များကသာ ကျန်သည့် မိုးကောင်းကင်ကြီးပမာ ကျယ်ဝန်းများပြားလှပါ၏'ဟု မိန့်တော်မူ၏။

ထိုအခါ တိဿမင်းကြီးက 'အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အဆုံးအပိုင်းအခြားမရှိသောကောင်းကင်ကြီးနှင့် နှိုင်းယှဉ်ဟောကြား တော်မူရကား အလွန်ကောင်းမွန်ထင်ရှားသော ဟောကြားခြင်းဖြစ်ပါ သည်'ဟုလျှောက်ထားကာ မထေရ်မြတ်အား အလွန်ကြည်ညိုလှသဖြင့် သိဟိုဠ်ကျွန်း၌ ယူဖနာသုံးရာအဝန်းရှိသော မင်းအဖြစ်ကို လှူဒါန်း၏။ သို့ရာတွင် မထေရ်မြတ်ကလက်မခံဘဲ ထိုလှူဒါန်းသည့် မင်းအဖြစ်ကို မင်းကြီးအား တစ်ဖန်ပြန်ပေးသည်ဟု ဆိုပေသည်။

ဤကားဥပုဒ္ဓရက္ခိတမည်သော ပဋိသမ္ဘိဒါပတ္တရဟန္တာမထေရ်မြတ် ကြီး ဟောကြားတော်မူသကဲ့သို့ပင် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ဂုဏ်တော် များကား ရေတွက်၍မရ အသင်္ချေယျ၊ အဆုံးအပိုင်းအခြားမရှိ အနန္တ ဖြစ်အောင် များမြောင်လှပါကုန်၏။ ထို့ကြောင့် သုတ်သီလက္ခန် အဋ္ဌကထာ၊ သုတ်ပါထေယျအဋ္ဌကထာ၊ ဥပရိပဏ္ဏာသအဋ္ဌကထာ

စသောကျမ်းများစွာ၌ 'ဘုရားရှင်တစ်ဆူသည် အာယုကပ်ပတ်လုံး (ဝါ) လူတို့သက်တမ်းပတ်လုံး အခြားတရားစကားတို့ကို မပြောကြား မဟောကြားဘဲ အခြားဘုရားရှင်တစ်ဆူ၏ဂုဏ်တော် ကျေးဇူးတော်ချည်းကိုသာ ကြာမြင့်စွာသောကာလပတ်လုံး ချီးကျူးပြောကြား ဟောကြားနေပါလျှင် အာယုကပ်ကုန်ဆုံးသွားသည်အထိ (ဝါ)ချီးကျူးသည့်ဘုရား ပရိနိဗ္ဗာန်ဝင်စံသွားသည်အထိ အချီးကျူးခံရသော ဘုရားရှင်၏ဂုဏ်တော်ကျေးဇူးတော်များသည် ကုန်ဆုံးသွားသည်မရှိ။ အသင်္ချေယျဂုဏ် အနန္တဂုဏ်တော်များဖြစ်ဘိ၏'ဟု မိန့်ဆိုတော်မူထားကြခြင်းဖြစ်သည်။

ဤနေရာ၌ 'လူ-တစ်၊ အာနန်-ရှစ်။ အာနန်-တစ်၊ ရှင်ချစ် ၁၆-လုစ်'ဆိုသည့်အတိုင်း လူသာမန်စကားတစ်ခွန်းပြောချိန်၌ အရှင်အာနန္ဒာ ရှစ်ခွန်းပြောပြီး ဖြစ်သည်။ အရှင်အာနန္ဒာတစ်ခွန်းပြောချိန်တွင် မြတ်စွာဘုရား (၁၆)ခွန်းပြောပြီးဖြစ်သည်။ ထို့ကြောင့် လူစကားတစ်ခွန်း ပြောချိန်တွင် မြတ်စွာဘုရား စကား(၁၂၈)ခွန်းပြောပြီးဖြစ်သည်။ ဤမျှလျင်မြန်စွာပြောဆိုနိုင်သော ဘုရားရှင်ပင် ချီးကျူး၍မကုန်နိုင်ပုံကို မှန်းဆ၍ ဘုရားဂုဏ်တော်တို့အား ကြည်ညိုနိုင်ရန်ဖြစ်သည်။

ဗုဒ္ဓဂုဏ်တော်များ၏ ရေတွက်မရအသင်္ချေယျဖြစ်ပုံ၊ အဆုံးအပိုင်း အခြားမရှိ အနန္တဖြစ်ပုံတို့ကို ထိုထိုပါဠိတော်၊ အဋ္ဌကထာများ၌ ဟောကြားမိန့်ဆိုချက်များမှာ အလွန်များလှပေသည်။ သုတ်ပါထေယျ ပါဠိတော်အဋ္ဌကထာသမ္ပသာဒနီယသုတ်၌လည်း များစွာ ဖွင့်ဆိုထား၏။ ဗုဒ္ဓဝံသပါဠိတော်၌လည်း 'ရေတွက်လျှင်အဆုံးမထင်သည့် အသင်္ချေယျလေးမျိုး ရှိ၏။ သတ္တကာယအနန္တ၊ အာကာသအနန္တ၊ စက္ကဝါဠအနန္တ၊ ဗုဒ္ဓဉာဏအသင်္ချေယျတို့ဖြစ်၏'ဟု ဟောကြားထား၏။ သတ္တဝါ၊ ကောင်းကင်၊ စကြဝဠာ၊ ဗုဒ္ဓဉာဏ်တော်လေးမျိုးတို့ကိုကား အနန္တလေးမျိုး အသင်္ချေယျလေးမျိုးတို့ဖြစ်သည်။

ဤသည်တို့ကား မိမိတို့ကိုးကွယ်နေသည့် ဗုဒ္ဓမြတ်စွာအား ကြည်ညိုသဒ္ဓါ ဖြစ်ပွားနိုင်ရန်နှင့် ဗုဒ္ဓါနုဿတိဘာဝနာတရား ပွားများရာတွင် အထောက်အကူဖြစ်နိုင်ရန်အတွက် ရေတွက်မရ အသင်္ချေယျ ဖြစ်သော ရှင်တော်ဗုဒ္ဓ၏ဂုဏ်တော်ကျေးဇူးတော်များအနက် မိမိ လက်လှမ်းမီသလောက် ရှာဖွေတင်ပြထားသည့် ဂုဏ်တော်ကျေးဇူး တော်များ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ဗုဒ္ဓါ နုဿတိဘာဝနာကမ္မဋ္ဌာန်းကို မစီးဖြန်းမပွားများမီ မိမိစိတ်၏အာရုံ ထဲတွင် ဂုဏ်တော်များထုံစွဲနေအောင် အကြိမ်ကြိမ်အဖန်ဖန် ဖတ်ရှု ထားသင့်ကြပါသည်။

# အခန်း ( ၅ )

## ဗုဒ္ဓါနုဿတိဘာဝနာပွားများနည်း

မိမိတို့ ကိုးကွယ်နေကြသည့် မြတ်ဗုဒ္ဓဘုရားရှင်အား ကြည်ညို သဒ္ဓါ ပိုမိုဖြစ်ပွားလာစေရန်နှင့် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း ပွားများရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ မြတ်ဗုဒ္ဓဘုရား ရှင်၏ ဂုဏ်တော်ကျေးဇူးတော်များကို ကျမ်းဂန်လာသည့်အတိုင်း ရှေ့ပိုင်း တွင် တစ်စိတ်တစ်ဒေသအားဖြင့် ဖော်ပြခဲ့ပြီးပေပြီ။

ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို မစီးဖြန်းမပွားများမီ ထိုဘုရား ရှင်၏ ဂုဏ်တော်ကျေးဇူးတော်များကို အကြိမ်ကြိမ် ဖတ်ထားစေချင် ပါသည်။ ကြေညက်နေသည့်အထိ ဖတ်ထားနိုင်လျှင် ပိုကောင်းပါ၏။

### ဗုဒ္ဓါနုဿတိဘာဝနာဆိုသည်မှာ

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ကိုးကွယ်နေကြသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၌ အရဟံ-အစ ဘဂဝါ-အဆုံး အကျဉ်းဆုံး အားဖြင့် ဂုဏ်တော်ကိုးပါး ရှိ၏။ ထိုဂုဏ်တော်ကိုးပါးတွင် တစ်ပါးကို သော်လည်းကောင်း၊ နှစ်ပါး,သုံးပါး စသည်တို့ကိုသော်လည်းကောင်း၊ ဂုဏ်တော်ကိုးပါးလုံးတို့ကိုသော်လည်းကောင်း၊ အနက်အဓိပ္ပာယ်နှင့် တကွ အာရုံပြု၍ပွားများလျှင် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်၏။

အမှန်စင်စစ် 'ဗုဒ္ဓါနုဿတိ' ဆိုသည်မှာ အရဟံ-စသော ဘုရား ဂုဏ်တော်များကို အနက်အဓိပ္ပာယ်နှင့်တကွ အဖန်ဖန်အထပ်ထပ် အောက်မေ့အမှတ်ရနေခြင်းပင်ဖြစ်သည်။

[ဗုဒ္ဓ = ဘုရားရှင်ဂုဏ်တော်များကို + အနု = အဖန်ဖန်အထပ်ထပ် + သတိ = အောက်မေ့အမှတ်ရနေခြင်း]။

ဤသို့ အာရုံတစ်ခုတည်းကို အဖန်ဖန်တလဲလဲ ထပ်ကာထပ်ကာ အောက်မေ့အမှတ်ရနေခြင်းကို ဘာဝိတာ=ပွားများခြင်း၊ ဗဟုလီကတာ= ကြိမ်ဖန်များစွာပြုခြင်းဟူသော ဒေသနာတော်နှင့်အညီ ဘာဝနာ (ပွားများခြင်း)ဟုခေါ်သည်။ ဘာဝနာကား သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာဟူ၍ နှစ်မျိုးရှိ၏။ လောဘ, ဒေါသ စသောနီဝရဏကိလေသာ အညစ်အကြေးများကို ကာလအတန်ကြာအောင် ငြိမ်းအေးစေနိုင်သည့် ဘာဝနာကို သမထဘာဝနာဟုခေါ်၏ (သမထ=နီဝရဏအညစ်အကြေး တို့ကိုငြိမ်းအေးစေနိုင်သော+ဘာဝနာ=ပွားများခြင်း)။ ဝိပဿနာဘာဝနာ မှာ ရုပ်တရား နာမ်တရားတို့ကို အမြဲမရှိ=အနိစ္စ၊ ဆင်းရဲအစု=ဒုက္ခ၊ အတ္တမဟုတ်=အနတ္တဟု ထူးထူးခြားခြား ရှုမှတ်ပွားများခြင်းဖြစ်သည်။ (ဝိ = အထူးအထူးအပြားပြားအားဖြင့် + ပဿနာ = ရှုမှတ်ခြင်း)။ ဗုဒ္ဓါ နုဿတိဘာဝနာသည်သမထဘာဝနာမျိုးတွင် အပါအဝင်ဖြစ်သည်။

## ဤဘာဝနာနှင့်ဥပစာရသမာဓိ

သမထဘာဝနာတွင် အာရုံတစ်ခုတည်း၌ စိတ်ကို စူးစိုက်တည်ငြိမ် စွာထားနိုင်ခြင်းဆိုသည့် သမာဓိသည် အချုပ်အခြာဖြစ်၏။ သမာဓိ အားကောင်းလေလေ စိတ်စွမ်းအင်ဝိုးတက် တန်ခိုးထက်လေလေ ဖြစ်၏။ စိတ်စွမ်းအင်တက်လာသည့်အခါ လောဘ(ကာမစ္ဆန္ဒ) စသည့် နီဝရဏကိလေသာတရားများကို ပယ်ခွာထားနိုင်၍ စိတ်မှာ စင်ကြယ် အေးမြသွား၏။

သမာဓိမှာလည်း ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ ဟု သုံးမျိုးရှိ၏။ အာရုံတစ်ခုတည်း၌ အချိန်အတန်ငယ်မျှ စိတ်တည် ငြိမ်မှုရသောသမာဓိသည် ခဏိကသမာဓိဖြစ်၏။ ဝိပဿနာဘာဝနာ တရားအားထုတ်သောယောဂီတို့၏ ရှုမှတ်သောစိတ် အခိုက်အတန့်မျှ စူးစိုက်တည်ငြိမ်မှုရနေသောသမာဓိမျိုးဖြစ်၏။

အာရုံတစ်ခုတည်း၌ အချိန်အတော်ကြာကြာ စိတ်တည်ငြိမ်မှု ရသော အလတ်စား အားကောင်းသည့်သမာဓိသည် ဥပစာရသမာဓိ

ဖြစ်၏။ ဗုဒ္ဓါနုဿတိဘာဝနာစသော သမထဘာဝနာအားထုတ်သည့် ယောဂီပုဂ္ဂိုလ်တို့အား ပဋိဘာဂနိမိတ်ကိုဖြစ်စေ၊ အထူးသန့်ရှင်းစွာ ဖြစ်သော ဘုရားဂုဏ်စသည်တို့ကိုဖြစ်စေ အာရုံပြုလျက် တစပ်တည်း အချိန်အတန်ကြာ ဖြစ်ပေါ်နေသော သမာဓိမျိုးဖြစ်၏။ ဈာန်ရလုနီးပါး အထိ အားကောင်းသောသမာဓိဟု ဆိုလို၏။

ဈာန်ရသည့်အထိ အားကောင်းသည့်သမာဓိကား အပ္ပနာသမာဓိ တည်း။ ဈာန်သမာပတ် ရစ်ပါး,ကိုးပါးတို့၌ရှိသော သမာဓိမျိုးဖြစ်၏။ ကသိုဏ်းစသော အာရုံထဲသို့ဝင်ရောက်နေသကဲ့သို့ မတုန်မလှုပ် တည်ကြည်နေသောသမာဓိဟု ဆိုလို၏။

ဗုဒ္ဓါနုဿတိဘာဝနာမှာ သမာထဘာဝနာအမျိုးအစားဖြစ်သော် လည်း ဘုရားဂုဏ်တော်များမှာ အလွန်များပြားလှ၍ အာရုံများခြင်း၊ ပရမတ်အာရုံများဖြစ်၍ နက်နဲခြင်းတို့ကြောင့် ဈာန်ကိုမရနိုင်။ အပ္ပနာ သမာဓိအထိ မဖြစ်နိုင်။ ဈာန်ရလုနီးပါးအထိ အားအလယ်အလတ် ရှိသည့် ဥပစာရသမာဓိမျိုးမျှသာ ဖြစ်နိုင်၏။

ဤ၌ ကြိုတင်သတိပေးလိုသည်မှာ အနုဿတိဘာဝနာဆိုသည် မှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း အောက်မေ့ခြင်း၊ အမှတ်ရခြင်းဆိုသည့် သတိတရားကို အဖန်ဖန်အထပ်ထပ် ပွားများကြရသည့် ဘာဝနာမျိုး ဖြစ်သည်။ အောက်မေ့ခြင်းမှာ စိတ်အလုပ်ဖြစ်၍ နှုတ်ဖြင့်ရွတ်ဆိုသည် ထက် စိတ်ဖြင့် အောက်မေ့နှလုံးသွင်းခြင်းက 'အနုဿတိ'ဆိုသည့် ဝေါဟာရနှင့် ကိုက်ညီသဖြင့် ပို၍နည်းမှန်၏။

မှန်၏။ စိတ်ဖြင့် အောက်မေ့နှလုံးသွင်းခြင်းသည် စိတ်ကိုအလုပ် ပေးထားသဖြင့် စိတ်မှာ အာရုံတစ်ပါးသို့လွင့်ပါးရန် ခဲယဉ်းရကား စိတ်တည်ငြိမ်မှုရလွယ်၏။ နှုတ်ဖြင့်ရွတ်ဆိုပွားများခြင်းသည် ဝစီကံ ကုသိုလ်ရသော်လည်း စိတ်ကိုအလုပ်မပေးထားသဖြင့် ရွတ်ဆိုနေစဉ် ဟိုဟိုဒီဒီ စိတ်ရောက်နေတတ်၍ စိတ်တည်ငြိမ်မှုနည်းပါး၏။ သမာဓိ ပျက်ပြားတတ်၏။

အချုပ်ဆိုရသော် သီလအကျင့်သည်သာ ကိုယ်အလုပ်၊ နှုတ်အလုပ်များဖြစ်၍ ဘာဝနာကျင့်စဉ်တရားများမှာ စိတ်အလုပ်သက်သက်များဖြစ်သောကြောင့် သမထဘာဝနာ၊ ဝိပဿနာဘာဝနာ နှစ်မျိုးကို အားထုတ်ကြရာ၌ စိတ်ဖြင့်နိမိတ်အာရုံကိုယူမှု၊ အောက်မေ့နှလုံးသွင်းမှု ရှုမှတ်မှုများကို ပြုလုပ်ကြရမည်ဖြစ်ပါသည်။

ဤအခန်း၌ ဥပစာရသမာဓိအထိဖြစ်နိုင်သည့် ဗုဒ္ဓါနုဿတိဘာဝနာကို 'ဗုဒ္ဓါနုဿတိဘာဝနာစစ်စစ်'ဖြစ်အောင် ကျမ်းဂန်နှင့်အညီ စနစ်တကျ ပွားများအားထုတ်တတ်ရန် နည်းလမ်းညွှန်ပြ တင်ပြပါမည်။

အရဟံ-စသော ဂုဏ်တစ်ပါးစီ၏ အနက်အဓိပ္ပာယ်ကို မသိနားမလည်ဘဲ ပုတီးပတ်များများရမှုကိုသာဦးတည်ပြီး 'အရဟံ၊ အရဟံ' စသည့်ဖြင့် အနက်အဓိပ္ပာယ်မသိ ပါဠိချည်းသက်သက် ရွတ်ဆိုပွားများခြင်းကား မန္တန်ရွတ်ဆိုပုံမျိုးနှင့်တူ၍ ဗုဒ္ဓါနုဿတိဘာဝနာစစ်စစ် မဖြစ်နိုင်ပါချေ။

ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာစစ်စစ်ဖြစ်အောင် စနစ်တကျပွားများနည်းကို အစီအစဉ်အတိုင်းဖော်ပြပါမည်။ အစီအစဉ်(၁)အရ ဗုဒ္ဓါနုဿတိဘာဝနာကို ကျမ်းဂန်နှင့်အညီ စနစ်တကျပွားများနိုင်ရန် အောက်ဖော်ပြပါ ဘုရားဂုဏ်တော်ကိုးပါး၏အတိုချုပ်အနက်အဓိပ္ပာယ်ကို ဆိုင်ရာပါဠိနှင့်တွဲဖက်၍ ကြေညက်အောင် ကျက်မှတ်ထားရန် လိုပါသည်။

## ၁။ ဂုဏ်တော်ကိုးပါး ပါဠိနှင့်အနက်

(၁)။ အရဟံ = လူနတ်ပြဟ္မာ သတ္တဝါခပင်းတို့၏ ဝပ်စင်းကော်ရော် လျှုဒါန်းပူဇော်ခြင်းကို ခံတော်မူထိုက်သောကြောင့် အရဟံ ဂုဏ်ရှင် ဖြစ်တော်မူသောမြတ်စွာဘုရား၊ (ဝါ) လောဘ စသော တစ်ထောင့်ငါးရာကိလေသာတည်းဟူသော

ရန်သူအပေါင်းကို ထောင်းထောင်းကျေညက် အရဟတ္တမဂ်ဉာဏ်ဖြင့် အငွေ့အသက်မကျန်ရအောင် ဝါသနာနှင့်တကွ ပယ်သတ်တော်မူပြီးသောကြောင့် အရဟံဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။

(၂)။ သမ္မာသမ္ဗုဒ္ဓေါ = သိစရာမှန်သမျှ မကျန်ရအောင် ရှိသမျှဉသုံ အလုံးစုံသောတရားတို့ကို သဗ္ဗညုတဉာဏ်အား စွမ်းပကားဖြင့် အမှားမရှိ ကိုယ်တော်တိုင်သိတော်မူတတ်သောကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား။

(၃)။ ဝိဇ္ဇာစရဏ သမ္ပန္နော = အသိဉာဏ်ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ (၈)ပါး၊ အကျင့်စရဏ(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား။

(၄)။ သုဂတော = လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး စရိယသုံးပါးတို့ကို စွမ်းစွမ်းတမံ လွန်လွန်ကဲကဲ ဖြည့်ကျင့်တော်မူခဲ့၍ မိမိသူတစ်ပါး သတ္တဝါအများတို့၏ အကျိုးစီးပွားတို့ကို ကြီးကြီးစားစား သယ်ပိုးရွက်ဆောင်တော်မူခဲ့သောအားဖြင့် ကောင်းသောကြွလာတော်မူခြင်းရှိ၍ ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူသောကြောင့် သုဂတဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။

(၅)။ လောကဝိဒူ = သတ္တလောက၊ သြကာသလောက၊ သင်္ခါရလောကဟူသော လောကသုံးပါးတို့၏အကြောင်းအရာအဖြစ် အပျက်တို့ကို ကောင်းစွာသိတော်မူသောကြောင့် လောကဝိဒူဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။

(၆)။ အနုတ္တရောပုရိသဒမ္မသာရထိ = မယဉ်ကျေးသေးသော လူ, နတ်, ဗြဟ္မာ, တိရစ္ဆာန် စသော သတ္တဝါများကို ယဉ်ကျေးအောင် ဆုံးမတော်မူရာ၌ အတုမရှိသာလွန် မြင့်မြတ်တော်မူသောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။

(၇) သတ္ထာဒေဝမနုဿာနံ = နတ်, လူ, ဗြဟ္မာ သတ္တဝါအပေါင်းတို့အား လောကီလောကုတ္တရာ ကြီးပွားရာကြီးပွားကြောင်း တရားကောင်းများနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းတရားမှန်တို့ကို လမ်းညွှန်ပြသ ဆုံးမတော်မူတတ်၍ ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ဆရာတစ်ဆူဖြစ်တော်မူသောကြောင့် သတ္ထာဒေဝမနုဿာနံ ဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။

(၈) ဗုဒ္ဓေါ = သစ္စာလေးပါး မြတ်တရားကို ပိုင်းခြင်းထင်ထင် ကိုယ်တော်တိုင်သိမြင်တော်မူသည့်အပြင် ဝေနေယျ သတ္တဝါတို့အားလည်း သိစေတော်မူသောကြောင့် ဗုဒ္ဓ ဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား။

(၉) ဘဂဝါ = ဣဿရိယ, ဓမ္မ, ယသ၊ သိရီ, ကာမ၊ ပယတ္တ-ဟူ ဘုန်းခြောက်ဆူနှင့်ပြည့်စုံတော်မူသောကြောင့် ဘဂဝါ ဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။

ဤဘုရားဂုဏ်တော်ကိုးပါးတို့၌ ယှဉ်တွဲပါအနက်အဓိပ္ပာယ်များသည် ထိုထိုဂုဏ်ကိုအာရုံပြု၍ ဘုရားရှင်ကိုကြည်ညိုသဒ္ဒါပွားနိုင်ရန် အဋ္ဌကထာဖွင့်နှင့်အညီ မရှည်မတိုပေးထားသည့် အနက်အဓိပ္ပာယ်များဖြစ်ပါသည်။ အနက်ရှည်သည်ထင်၍ မကျက်နိုင်သူ လူကြီးများမှာ သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေသော ဗုဒ္ဓဘာသာလက်စွဲ ဘုရားရှိခိုးအမျိုးမျိုးစာအုပ် စသည့်ထိုထိုစာအုပ်များ၌ ဖော်ပြပါရှိသည့် ဂုဏ်တော်အနက်တိုကလေးများကိုလည်း ကျက်မှတ်ပွားများနိုင်ပါသည်။

ထိုဂုဏ်တော်ကိုးပါးတွင် အမှတ်(၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၌ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏ(၁၅)ပါးတို့ကို အဓိပ္ပာယ်နှင့်တကွ သိထားလျှင် ပို၍ကြည်ညိုသဒ္ဓါဖြစ်နိုင်၏။ ထို့အတူ အမှတ်စဉ်(၉) ဘဂဝါဂုဏ်တော်၌ ဣဿရိယ စသော ဘုန်းတော်ခြောက်ပါး၏ အဓိပ္ပာယ်အသီးသီးတို့ကိုလည်း သိထားအောင်ကြိုးစားသင့်ကြသည်။

## ၂။ ဆိတ်ငြိမ်ရာကိုရွေးချယ်သတ်မှတ်ခြင်း

အမှတ်(၁)အစီအစဉ်အရ ဘုရားဂုဏ်တော်များကို ပါဠိအနက် တွဲဖက်၍ ကျေညက်စွာ ကျက်မှတ်ပြီးသောယောဂီပုဂ္ဂိုလ်သည် အမှတ်(၂)အစီအစဉ်အရ သမာဓိတရားတို့ ဖြစ်ပွားစေနိုင်သည့် ဆိတ်ငြိမ်ရာ အရပ်ဒေသ သို့မဟုတ် ဆိတ်ငြိမ်ရာအချိန်ကာလတို့ကို ရွေးချယ်သတ်မှတ်ရမည်။ ဆိတ်ငြိမ်ရာအရပ်ဒေသမှာ အများအားဖြင့် တောအရပ်၊ သစ်ပင်ရင်းအရပ်တို့ ဖြစ်၏။ ထိုအရပ်တို့ မဖြစ်စေကာမူ ဆိတ်ငြိမ်ရာကိုရနိုင်သောအရပ်ဖြစ်လျှင် အားထုတ်နိုင်၏။ ဆိတ်ငြိမ်မှု ရဖို့သာ လိုရင်းပဓာနဖြစ်၏။

လူရှင်မနော ကာမဂုဏ်အာရုံငါးပါးမပေါသော တောတောင်အရပ်ဒေသမျိုး၌ကား အချိန်မရွေး အချိန်ကာလတိုင်း အားထုတ်နိုင်၏။ လူရှုင်ရောနော ကာမဂုဏ်အာရုံငါးပါးပေါသော မြို့ကြီး ရွာကြီး တိုက်တာကြီး စသည်တို့၌မူ အချိန်မရွေးအားထုတ်၍မရ၊ ဆိတ်ငြိမ်သောအချိန်၌သာ အားထုတ်နိုင်၏။ ဆိတ်ငြိမ်သောအချိန်မှာ ညဘက် လူခြေတိတ်ချိန်မှစ၍ သတ္တဝါများမနိုးမီအချိန် ဖြစ်သည်။ တရားအားထုတ်ရန် အကောင်းဆုံးအချိန်မှာ သန်းခေါင်ကျော်ချိန်မှ နံနက် (၅)နာရီအထိအချိန်ဖြစ်သည်။

## ၃။ သီလခံယူဆောက်တည်ရခြင်း

ဆိတ်ငြိမ်ရာအရပ်ဒေသ သို့မဟုတ် အချိန်ကာလကို ရွေးချယ်သတ်မှတ်ပြီးသောအခါ အမှတ်(၃)အစီအစဉ်အရ လူများအတွက်

လူတို့စောင့်ထိန်းရသည့် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့တွင် တစ်မျိုးမျိုးကို ခံယူဆောက်တည်ရမည်။

သီလဆောက်တည်ခြင်းသည် မိမိခန္ဓာကိုယ်ကို သီလဖြင့်မွမ်းထုံလိုက်ခြင်းဖြစ်သည်။ သီလဖြင့်မွမ်းထုံခံရသော သမာဓိသည် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးရင်းရှိ၏။ ကြီးကျယ်သော ကျိုးဆက်ဂုဏ်အင်အာနိသင်ရှိ၏။ ဤသို့ သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၌ မြတ်စွာဘုရား ဟောကြားထား၏။ သီလဟူသောမြေကို အမှီပြုရမှ သမာဓိ,ပညာ စသည်တို့ စည်ပင်သန့်စွမ်းနိုင်ကြောင်းကို မဟာဝဂ္ဂသံယုတ်၊ ဗီဇသုတ်၌လည်းကောင်း၊ သီလ၌တည်၍ သမာဓိနှင့် ဝိပဿနာပညာတို့ကို အဆင့်ဆင့်ပွားများမှသာ ပွေလိမ်ယှက်မြွေးတဏှာဟူသောချည်ထွေးကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းကို သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဇဋာသုတ်၌လည်းကောင်း ဟောကြားတော်မူထားရာ သမထဘာဝနာ ဝိပဿနာတရားတို့ကို ပွားများအားထုတ်ရာ၌ ရှေးဦးစွာ သီလကိုအခြေခံရကြောင်း ထင်ရှားသိသာသည်။

မိမိ ဆောက်တည်ထားသောသီလ စင်ကြယ်လျှင် စိတ်နှလုံးကြည်ရွှင်၏။ စိတ်ကြည်ရွှင်လျှင် ဝမ်းမြောက်နှစ်သက်မှု နုသောပီတိဖြစ်၏။ နုသောပီတိဖြစ်လျှင် သာ၍နှစ်သက်မှုဟူသော ရင့်သောပီတိဖြစ်၏။ ပီတိဖြစ်လောက်အောင် ဝမ်းမြောက်သောအခါ ကိုယ်စိတ်နှစ်ပါးငြိမ်းအေးလာ၏။ ချမ်းသာသုခဖြစ်လာ၏။ ချမ်းသာသုခဖြစ်လာသောအခါ၌ တောင်တောင်ဤဤ မကြံစည်တော့ဘဲ စိတ်တည်ငြိမ်မှု သမာဓိဖြစ်၏။ ဤသို့ သီလစင်ကြယ်မှုသည် စိတ်တည်ကြည်မှု သမာဓိကိုဖြစ်ပေါ်စေပေသည်။ ထို့ကြောင့် ဘာဝနာကမ္မဋ္ဌာန်းမစီးဖြန်းမီ သီလခံယူဆောက်တည်ရခြင်းဖြစ်သည်။

## ၄။ ခန္ဓာကိုယ်ကိုလှူဒါန်းရခြင်း

သီလခံယူဆောက်တည်ပြီးသောအခါ အမှတ်(၄)အစီအစဉ်အရ သီလဖြင့်မွမ်းထုံထားပြီးသော မိမိ၏ခန္ဓာကိုယ်ကို 'ဘုရားတပည့်တော်

သည် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများနေစဉ်အတွင်း ဤခန္ဓာကိုယ်ကို မြတ်စွာဘုရားအား စွန့်လွှတ်လှူဒါန်းပါ၏'ဟု သုံးကြိမ်တိုင် ရွတ်ဆို၍လှူဒါန်းရမည်။ ဤသို့လှူဒါန်းထားသည့်အတွက် ခန္ဓာကိုယ်မှာ ဘုရားရှင်ပိုင်သွားပြီဖြစ်၍ ဘေးရန်အမျိုးမျိုး အနှောင့်အယှက်အမျိုးမျိုးတို့မှ ကင်းဝေးစေနိုင်ပေသည်။

## ၅။ စနစ်တကျထိုင်ရခြင်း

မိမိခန္ဓာကိုယ်ကို ဘုရားရှင်အားလှူဒါန်းပြီးသည့်အခါ အမှတ်(၅) အစီအစဉ်အရ အချိန်ကြာကြာတရားအားထုတ်နိုင်ရန်အတွက် စနစ်တကျ ထိုင်ရမည်။

တင်ပလ္လင်ခွေ၍ (ပလ္လင်္ကံ အာဘုဇိတွာ)ဟု ကျမ်းဂန်လာသည့်အတိုင်း အမျိုးသားများဖြစ်ပါက တင်ပလ္လင်ခွေ၍ ထိုင်ရမည်။ အမျိုးသမီးများဖြစ်ပါက ဘုရားရှိခိုးရာ၌ထိုင်သကဲ့သို့ တစ်ခက်တင်ပလ္လင်ဖြင့် ထိုင်ရမည်။ ထိုင်သောအခါ ခါးမှအထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်(စန့်စန့်) ထားရမည်။ စန့်စန့်မထားဘဲ ကုန်းကုန်းကွေးကွေးထားပါက ကျောရိုးချင်းထိ၍ကပ်၍နေသည့်အတွက် ဝေဒနာအမျိုးမျိုးဖြစ်ပေါ်လာနိုင်သဖြင့် ကြာကြာမထိုင်နိုင်ဘဲရှိတတ်သည်။ ထိုင်သည့်အခါ ခြေထောက်များကို ကြပ်တည်းစွာဖိညှပ်ခေါက်ခွေ၍ မထိုင်ရ၊ မဖိမညှပ်မိစေဘဲ ချောင်ချိစွာထိုင်ရမည်။ သို့မှသာ ကြာရှည်စွာထိုင်နိုင်၍ တစပ်တည်း ကြာရှည်စွာသမာဓိကိုဖြစ်ပွားစေနိုင်သည်။

ထိုင်၍အားထုတ်ရခြင်းမှာ အားထုတ်ခါစပုဂ္ဂိုလ်အတွက် သမာဓိရလွယ်၍ အထူးသင့်လျော်သောကြောင့်ဖြစ်သည်။ သမာဓိရလာသောအခါ အခြားဣရိယာပုတ်များသို့ပြောင်းလဲကာ ဣရိယာပုတ်လေးမျိုးလုံးတို့ဖြင့်ပင် အားထုတ်နိုင်၏။ သို့သော် ကမ္မဋ္ဌာန်းကိုတော့ ပျောက်မသွားအောင် သတိစိုက်ထားဖို့လို၏။

တရားအားထုတ်ရာ၌ ပထမသမာဓိရဖို့ကပဓာနဖြစ်သောကြောင့် ခြေကိုဆန့်၍ထိုင်မှ သမာဓိရလျှင် ဆန့်၍ထိုင်ပါ။ ထိုင်ခုံ၌ထိုင်မှ အနေ

သက်သာ၍ သမာဓိရလျှင် ထိုင်ခုံ၌ထိုင်ပါ။ ညောင်းလျှင် မတ်တတ်ရပ်လိုက်ပါ။ လျှောက်လိုလျှင်လည်း လမ်းလျှောက်ပါ။ သို့သော် မိမိကမ္မဋ္ဌာန်းကိုတော့ ပျောက်မသွားအောင် သတိစိုက်ထားဖို့လိုပေသည်။ မေတ္တာသုတ်တွင် ဣရိယာပုတ်လေးပါးလုံးဖြင့် ဘာဝနာတရားအားထုတ်နိုင်ကြောင်း ဘုရားရှင်ခွင့်ပြုတော်မူထားသည့်အတိုင်း သက်သာသလိုနေ၍ အားထုတ်နိုင်ပါသည်။

## ၆။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းခြင်း

တရားအားထုတ်ရန် စနစ်တကျထိုင်ပြီးသောအခါ အမှတ်(၆) အစီအစဉ်အရ ဖော်ပြပြီးခဲ့သော ဘုရားဂုဏ်တော်ကိုးပါးအနက် မိမိအကြည်ညိုအနှစ်သက်ဆုံးဖြစ်သည့် ဂုဏ်တော်တစ်ပါးကိုသာ ပါဠိ, အနက် တွဲဖက်၍ စိတ်ဖြင့်ရွတ်ဆို နှလုံးသွင်းရမည်။ ဆင်ခြင်အောက်မေ့ရသည်။

ဥပမာ 'အရဟံ = လူနတ်ပြဟ္မာ သတ္တဝါခပင်းတို့၏ ဝပ်စင်းကော်ရော် လှူဒါန်းပူဇော်ခြင်းကိုခံတော်မူထိုက်သောကြောင့် အရဟံဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား' ဟု စိတ်ဖြင့်ရွတ်ဆို အောက်မေ့ရခြင်းမျိုးဖြစ်သည်။

ထိုသို့ ဆင်ခြင်အောက်မေ့ရာတွင် မိမိစိတ်ကို အောက်မေ့ဆင်ခြင်နေသည့် ဂုဏ်တော်ပါဠိအနက်တို့မှတစ်ပါး အခြားသို့မထွက်သွားစေရ။ ဂုဏ်တော်ပါဠိအနက်အာရုံတစ်ခုတည်း၌သာ စိတ်ကိုငြိမ်သက်စွာတည်နေစေရမည်။ အခြားသို့ထွက်သွားလျှင် ချက်ချင်းသတိဖြင့် ဂုဏ်တော်အာရုံသို့ ပြန်ထားရမည်။ ဤသို့ မျက်စိနှလုံးကို စုံမှိတ်ထားကာ နာရီဝက်၊ တစ်နာရီ စသည်ဖြင့် မိမိထိုင်နိုင်သမျှထိုင်၍ ထပ်တလဲလဲ ကြိမ်ဖန်များစွာ ဆင်ခြင်အောက်မေ့ရသည်။ ဤသည်ကိုပင် ဗုဒ္ဓါနုဿတိဘာဝနာပွားသည်ဟုခေါ်၏။

ပွားများစတွင် ဘေးမှ အသံ၊ အနံ့စသည့် အာရုံများဝင်လာပါက လက်မခံဘဲ ဖယ်ရှားပစ်ရမည်။ ပွားများဖန်များ၍ သမာဓိအားကောင်း

လာသည့်အခါ ထိုဘေးအာရုံများကို ဖယ်ရှားနေစရာမလိုဘဲ သူ့အလို အလျောက် ကြားကာမျှ မြင်ကာမျှသာ ဖြစ်တော့၏။ အလွန်သမာဓိ ကောင်းနေချိန်တွင် ဘေးကပြောသံများကိုပင် မကြားရတော့ချေ။

ဤသို့ ဂုဏ်တော်တစ်ပါးတည်းပွားရခြင်းမှာ ထိုဂုဏ်တော်တစ်ပါး တည်း အာရုံ၌ စိတ်ငြိမ်မှုလွယ်ကူစွာရ၍ လျင်မြန်စွာသမာဓိရနိုင်၊ အားကောင်းနိုင်သောကြောင့် ဖြစ်ပါသည်။

မိမိစွဲမြဲစွာပွားများနေသောဂုဏ်တော်၌ ကာလကြာမြင့်စွာ စိတ် တည်ငြိမ်မှုရ၍ သမာဓိအားကောင်းလာသည့်အခါမှ ဂုဏ်တော်ကိုးပါး လုံးကို ပြောင်းကာလွှဲကာ အာရုံပြုပွားများနိုင်ပါသည်။

ထိုသို့ပွားများသောအခါ သာယာကြည်နူး အထူးကျယ်ဝန်းလှပ သည့် ပန်းမျိုးစုံပွင့်နေသော ပန်းဥယျာဉ်ကြီးထဲတွင် တဖြည်းဖြည်း ကြည့်ရှုငေးမော လှည့်ပတ်လမ်းလျှောက်နေသူသည် ပျော်ပြီးရင်း ပျော်ရင်းဖြစ်သကဲ့သို့ ဂုဏ်တော်ကိုးပါးလုံးကို စုံအောင်ပွားများသူတို့၏ စိတ်ဓာတ်များမှာ လည်း လွန့်လွန့်လူးလူး မပြတ်ကြည်နူး၍ အထူး အားရကာ ကြက်သီးမွေးညင်းထလောက်အောင် နှစ်သက်ဝမ်းမြောက်မှု ပီတိတရားများ တဖွားဖွားဖြစ်ပေါ်လာနိုင်ပါသည်။

## ၇။ နေ့စဉ်အချိန်မှန်မှန်ကြိုးစားအားထုတ်ရခြင်း

ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်ရာ၌ နေ့စဉ် အချိန်မှန်မှန် ကြိုးစားပွားများအားထုတ်ရန် လိုပါသည်။ တစ်နေ့လျှင် မိမိစွမ်းနိုင်သမျှ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ စသည်ဖြင့် သတ်မှတ်ပြီး နေ့စဉ် အားထုတ်သင့်ပါသည်။

ဤသို့ နေ့စဉ်မှန်မှန် ကြိုးစားပွားများသည့်အခါ ရာဂ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ မာယာ၊ သာဌေယျ၊ စသော အကုသိုလ်တရား များနည်းပါးလာ၍ သဒ္ဓါ၊ ပညာ၊ သတိ၊ သမာဓိ၊ ဝီရိယတည်းဟူသော ကုသိုလ်တရားများ နေ့စဉ်တိုးပွားလာပါလိမ့်မည်။

ဤနေရာ၌ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ မိန့်မှာတော်မူချက်ကို ယောဂီပုဂ္ဂိုလ်များ အလေးအနက်သတိပြုသင့်ကြပါသည်။ ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ မိန့်မှာတော်မူချက်မှာ 'ထမင်းကိုမှန်မှန်စားသလို ကမ္မဋ္ဌာန်းကိုလည်း မှန်မှန်ကြိုးစားရသည်။ ထမင်းစားချင်၍ စားသော်လည်း မြိန်ချင်မှမြိန်မည်။ မစားချင်ဘဲ စားချိန်ကျ၍ စားရစေကာမူ စားရင်းစားရင်း မြိန်လာတတ်သည်။ ထို့အတူ စိတ်အားထက်သန်စွာဖြင့်အားထုတ်သော်လည်း အာရုံထင်ချင်မှထင်သည်။ စိတ်မထက်သန်ဘဲ အချိန်ကျလို့ အားထုတ်သောအခါ အရသာရှိရှိ ပီတိဖြစ်လောက်အောင် အာရုံထင်လာတတ်သည်' ဟူ၍ဖြစ်သည်။

## ၈။ သမထမှဝိပဿနာသို့

မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကိုအာရုံပြု၍ နေ့စဉ်မှန်မှန် ကြိုးစားပွားများသောယောဂီပုဂ္ဂိုလ်မှာ ဥပစာရသမာဓိဖြစ်သည့်အထိ စိတ်တည်ငြိမ်မှုရလာသည့်အခါ ဘုရားဂုဏ်တော်များ၌ နှစ်သက်ရွှင်မြူးစိတ်ကြည်နူးကာ ကြက်သီးမွေးညှင်းထလောက်အောင် ပီတိစိတ်များတဖြန်းဖြန်းဖြစ်ပေါ်လာတတ်သည်။

တစ်ခါတစ်ရံ ဘုရားဂုဏ်ကိုအာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းနေစဉ် မိမိ၏အာရုံထဲ၌ သက်တော်ထင်ရှား မြတ်စွာဘုရားပုံတော်အထင်အရှားပေါ်လာပြီး ပီတိစိတ်များတဖွားဖွားဖြစ်ပေါ်လာတတ်သည်လည်း ရှိသည်။

ထိုအခါ ဖြစ်ပေါ်လာသောပီတိစိတ်အစဉ်၏ဖြစ်ပျက်ကို ရှုမှတ်၍ ဤပီတိဟူသော နာမ်တရားသည် အမြဲမရှိ=အနိစ္စ၊ ဆင်းရဲအစု=ဒုက္ခ၊ အတ္တမဟုတ်=အနတ္တပါတကားဟု ဉာဏ်ဖြင့်ရှုမှတ်ဆင်ခြင်ပါ။ မိမိပါရမီအားလျော်စွာ အဆင့်ဆင့်ဉာဏ်စဉ်တက်ကာ ဖုဿဒေဝမထေရ်ကြီးကဲ့သို့ မဂ်ဖိုလ်ရ၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပါသည်။

အကယ်၍ ပီတိစိတ်များအထင်အရှားမပေါ်လာလျှင်လည်း ဘုရားဂုဏ်တော်ကိုအာရုံပြုနေသည့် စိတ်၏ဖြစ်ပျက်ကို ရှုမှတ်၍ အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်ပွားများနိုင်ပါသည်။ ဤသည်မှာ ဗုဒ္ဓါနုဿတိဟူသော သမထဘာဝနာမှ ဝိပဿနာဘာဝနာသို့ ကူးပြောင်းပုံဖြစ်ပါသည်။

ဤဗုဒ္ဓါနုဿတိဘာဝနာကိုပွားများရာ၌ ဂုဏ်တော်အများကိုပွားများသည်ထက် ဂုဏ်တော်တစ်ပါးတည်းကိုပွားများခြင်းက အာရုံတစ်ခုတည်းဖြစ်၍ သမာဓိပို၍ရလွယ် အားကောင်းလွယ်ပါသည်။ စိပ်ပုတီးနှင့်ပွားများလေ့ရှိသူဖြစ်ပါက စိပ်ပုတီးနှင့်လည်း ပွားများနိုင်ပါသည်။ သို့သော် ပုတီးလွတ်ပွားများခြင်းမှာ ပုတီးနှင့်ပွားများခြင်းထက် သမာဓိ ပို၍ရနိုင်ပါသည်။

**အရှင်အာနန္ဒာ၏ ဗုဒ္ဓါနုဿတိပွားများနည်း**

ယခုဖော်ပြမည့် ဗုဒ္ဓါနုဿတိဘာဝနာပွားများနည်းကား ဝေဒင်္ဂါးတန် ဘွဲ့ထူးခံသော ဘုရားညီတော်အရှင်အာနန္ဒာမထေရ်မြတ်၏ ဗုဒ္ဓါနုဿတိ ဘာဝနာပွားနည်းကို နည်းမှီ၍ ကျမ်းဂန်တတ် ပိဋကတ်ပညာရှင်များ စီမံထားသည့်နည်းဖြစ်၏။

အရှင်အာနန္ဒာ၏ပွားများနည်းနှင့် တစ်ထပ်တည်းမကျသော်လည်း အနှစ်သာရအားဖြင့် တူညီပါသည်။ သိသာထင်ရှားသော ထူးခြားချက်မှာ အရှင်အာနန္ဒာမထေရ်မြတ်က စိပ်ပုတီးမပါဘဲပွားများ၍ ဤနည်းက ပုတီးနှင့်ပွားများခြင်းပင်ဖြစ်သည်။

အရှင်အာနန္ဒာမထေရ်မြတ်၏ ဗုဒ္ဓါနုဿတိဘာဝနာပွားများနည်းကို ဓမ္မပဒအဋ္ဌကထာ၊ ပကိဏ္ဏကဝဂ်၊ အတ္တနောပုဗ္ဗကမ္မဝတ္ထု၌ အောက်ပါတွေ့ရှိရ၏။

ဘုရားရှင်သက်တော်ထင်ရှားရှိတော်မူစဉ်က ဝေသာလီပြည်ကြီး၌ မိုးခေါင်၍ ကောက်ပဲသီးနှံများပျက်စီးမှုကြောင့် အစာရေစာ ငတ်မွတ်

ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရကပ်ကျရောက်လာသဖြင့် ဆင်းရဲသားများ သေကျေပျက်စီးကြရ၏။ လူသေကောင်များကို မြို့ပြင်တွင်ပစ်ထားရာ ထိုလူသေနံ့များကြောင့် မြို့တွင်းသို့ ဘီလူးများဝင်ရောက်ခဲ့၍ လူများ ပိုမိုသေဆုံးကြရပြန်၏။ မကောင်းသောအနံ့ဆိုးများကြောင့် ပလိပ်ရောဂါ စသည်ကဲ့သို့ ကူးစက်ပြန့်ပွားတတ်သော အဟိဝါတရောဂါ တစ်မျိုး ဖြစ်လာပြန်၍ အများအပြား ပျက်စီးကြရပြန်၏။ ဤကဲ့သို့ ငတ်မွတ်ခေါင်းပါးဘေး၊ ဘီလူးသားရဲဘေး၊ ရောဂါဘေး ဟူသော ဘေးကြီးသုံးမျိုး ကျရောက်လာသည့်အခါ လိစ္ဆဝီမင်းတို့သည် ထို ဘေးကြီးသုံးမျိုး ကင်းပျောက်သွားစေရန် မြတ်စွာဘုရားကို ဝေသာလီပြည်သို့ ပင့်ဆောင်ကြသည်။ ဘုရားရှင် ဝေသာလီပြည်ကြီးသို့ ဆိုက်ရောက်လာသည့်အခါ သိကြားမင်းနှင့်တကွ တန်ခိုးကြီးနတ်များလည်းရောက်လာ၍ ဘီလူးများ အများအပြားထွက်ပြေးကြရ၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဝေသာလီပြည်သို့ ရောက်တော်မူလျှင် အရှင်အာနန္ဒာအား ရတနသုတ်ပရိတ်ကို သင်ကြားပေးပြီး ရွတ်စေတော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် ဘုရားရှင် သင်ကြားပေးသည့် ရတနသုတ်ပရိတ်တော်ကိုမရွတ်ဆိုမီ-

ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော, ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ သမတိံသပါရမိယော, ပဉ္စမဟာပရိစ္စာဂေ၊ လောကတ္ထစရိယံ, ဉာတတ္ထစရိယံ, ဗုဒ္ဓတ္ထစရိယန္တိ တိဿော စရိယာယော၊ ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ ဓမ္မစက္က ပ္ပဝတ္တနံ နဝ လောကုတ္တရ ဓမ္မေဟိ သဗ္ဗေပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ-

ဟု အလုံးစုံသောဘုရားဂုဏ်တော်တို့ကို နှလုံးသွင်းဆင်ခြင်၍ ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများတော်မူပါသည်။

အရှင်အာနန္ဒာ နှလုံးသွင်းဆင်ခြင်တော်မူသည့် ပဏိဓာနတော စသောပါဌ်၏ မြန်မာပြန်အဓိပ္ပာယ်မှာ–

'ဒီပင်္ကရာဘုရားမြတ်ထံ ဘုရားဆုပန်ချိန်မှစ၍ မြတ်စွာဘုရား၏ ဒါနပါရမီစသော ပါရမီဆယ်ပါး၊ ဒါနပရမတ္ထပါရမီစသော ပရမတ္ထပါရမီဆယ်ပါး၊ အမျှအညီ ပါရမီသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ သတ္တဝါများ၊ လောကသားတို့ အကျိုးအတွက်ကျင့်မှု၊ ဆွေမျိုးနှင့်မျိုးတူသတ္တဝါများ အကျိုးအတွက်ကျင့်မှု၊ ဘုရားဖြစ်ရေးအတွက်ကျင့်မှုဟူသော အကျင့်သုံးပါး၊ ဘုရားဖြစ်မည့်နောက်ဆုံးဘဝ၌ ပဋိသန္ဓေနေတော်မူခြင်း၊ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း၊ ဗောဓိပင်ခြေပလ္လင်ဗွေ၌ မာရ်ငါးပါး အောင်မြင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိတော်မူခြင်း၊ ဓမ္မစကြာတရား ဟောကြားတော်မူခြင်း၊ ကိုးပါးသောလောကုတ္တရာတရားဟူသော ဤဗုဒ္ဓ၏ ဂုဏ် အလုံးစုံတို့ကို နှလုံးသွင်းဆင်ခြင်တော်မူပြီး၍–

ဟု ဖြစ်ပါသည်။

ဤသို့ အရှင်အာနန္ဒာမထေရ်သည် ဗုဒ္ဓါနုဿတိဘာဝနာကို နှလုံးသွင်း ဆင်ခြင်ပွားများပြီးမှ ဝေသာလီပြည် တံတိုင်းသုံးထပ်တို့ အကြား၌ ညဉ့်သုံးယံပတ်လုံး ရတနသုတ်ပရိတ်တော်ကို ရွတ်ဆိုတော်မူခဲ့ပါသည်။

## လက်တွေ့ဂုဏ်တော်ပွားများနည်း

အရှင်အာနန္ဒာမထေရ်မြတ်၏ ဗုဒ္ဓါနုဿတိဘာဝနာပွားများနည်းကို နည်းမှီ၍ ဘုရားဂုဏ်တော်ပွားများနည်းကို ဖော်ပြပါမည်။

ဤနည်း၌ အလုံးရေ(၁၀၀)ရှိသော စိပ်ပုတီးကို အသုံးပြုရမည်။ အရဟံ(၄)ပတ်၊ အရ–ဟံ(၃)ပတ်၊ အ–ရဟံ(၃)ပတ်၊ ပေါင်း(၁၀)ပတ်။ ဂုဏ်တော်(၁၀၀၀)ပွားများရန်ဖြစ်သည်။

ဂုဏ်တော်များကိုပွားမီ ဆိတ်ငြိမ်သောနေရာ သို့မဟုတ် ဆိတ်ငြိမ်သည့်အချိန်ကို ရွေးချယ်သတ်မှတ်ထားရမည်။ ထိုနေရာ ထိုအချိန်တွင် ရှေးဦးစွာ ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလတစ်မျိုးမျိုးကို ခံယူဆောက်တည်ရမည်။

အားထုတ်နေချိန်တွင် အနှောင့်အယှက် ဘေးအန္တရာယ်များ မပေါ်ပေါက်နိုင်စေရန် 'ဘုရားတပည့်တော်သည် ဤခန္ဓာကိုယ်ကို မြတ်စွာဘုရားအား ကမ္မဋ္ဌာန်းတရားအားထုတ်နေချိန်အတွင်း စွန့်လှူပါ၏ အရှင်ဘုရား' ဟု သုံးကြိမ်ဆိုပြီး မိမိခန္ဓာကိုယ်ကို ဘုရားရှင်အား လှူဒါန်းရမည်။

ထို့နောက် အမျိုးသားများမှာ တင်ပလ္လင်ခွေထိုင်၍ အမျိုးသမီးများမှာ ဘုရားဝတ်ပြုသည့်အခါ ထိုင်သကဲ့သို့ တစ်ဝက်တင်ပလ္လင်ခွေထိုင်၍ ခါးအထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် (စန့်စန့်)ထားကာ ဂုဏ်တော်အာရုံသို့ ရှေ့ရှုသည့်သတိဖြင့် အောက်မေ့ပွားများရမည်။

**အရဟံဂုဏ်တော်ပွားများနည်း**

အရဟံဂုဏ်တော်ကိုပွားများရာ၌ 'ဤဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းအကျင့်ကိုအခြေခံလျက် ငါသည် နိဗ္ဗာန်ချမ်းသာကို ဝေနရမည်'ဟု နှလုံးသွင်းလျက် 'အရဟံ=လူနတ်ဗြဟ္မာ သတ္တဝါခပင်းတို့၏ ဝပ်စင်းကော်ရော် လှူဒါန်းပူဇော်ခြင်းကို ခံတော်မူထိုက်သောကြောင့် အရဟံဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား'ဟု စိတ်ထဲက နှလုံးသွင်းပြီး ပုတီးတစ်လုံးချရန် ဖြစ်သည်။

မိမိ၏စိတ်ကို ပြင်ပသို့မထွက်စေဘဲ မိမိနှလုံးသွင်းနေသည့် ဂုဏ်တော်အာရုံ၌ တည်ငြိမ်အောင်ထားရမည်။ ဂုဏ်တော်၏အနက် မကျေညက်မီသာ စိတ်တည်ငြိမ်နေတတ်ပြီး ကျေညက်သွားသည့်အခါ စိတ်ပြင်ပသို့ထွက်တတ်သည်။ သတိပြု၍ ဂုဏ်တော်အာရုံ၌ စိတ်တည်ငြိမ်နေအောင် ကြိုးစားရမည်။ ဤနည်းအတိုင်း ပုတီးအလုံးတစ်ရာ

ရှိသည့် စိပ်ပုတီးတစ်ပတ်ပြည့်သည့်အထိ စိတ်ဖြင့်ဆင်ခြင် အောက်မေ့ပွားများရမည်။

ဤသို့ပွားများနေချိန်တွင် 'တာဝတိံသာနတ်ပြည်မှ သင်္ကဿမြို့သို့ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် အလယ်ဗဟို ပတ္တမြား စောင်းတန်းက မြတ်ဗုဒ္ဓဘုရားရှင် တင့်တယ်စွာ ဆင်းသက်ကြွချီလာတော်မူပုံ၊ နတ်အပေါင်းက လယ်ယာဘက်ရှိ ရွှေစောင်းတန်းမှ ဘုရားရှင်ကိုဖူးမြော်ကာ လိုက်ပါဆင်းသက်လာကြပုံ၊ ဗြဟ္မာကြီးများက လက်ဝဲဘက်ရှိ ငွေစောင်းတန်းမှ ဘုရားရှင်ဘက်သို့ဦးတင်ကာ လိုက်ပါ ဆင်းသက်လာကြပုံ၊ သဟံပတိဗြဟ္မာမင်းကြီးက ဗြဟ္မာထီးဖြူကြီးကို ဆောင်းမိုးပူဇော်ကာ ဆင်းသက်လာပုံနှင့် သင်္ကဿမြို့တံခါးအနီး ဝန်းကျင်တွင် အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းရှင်လူအပေါင်းတို့ သောင်းသောင်းဖြဖြ ရှိခိုးဖူးမြော် ပူဇော်နေကြပုံများကို အာရုံနိမိတ် ယူနိုင်ပါသည်။ ဤနိမိတ်အာရုံသည် လူနတ်ဗြဟ္မာ သတ္တဝါခပင်းတို့ ဝပ်စင်းကော်ရော် ပူဇော်နေကြသည့် အာရုံဖြစ်၍ အရဟံဂုဏ်တော်နှင့် ညီညွတ်သောအာရုံဖြစ်သည်။

**ပုတီးလွှတ်ဂုဏ်တော်စုံပွားနည်း**

ဖော်ပြပါအတိုင်း စိပ်ပုတီးနှင့် အရဟံဂုဏ်တော်ကို ပါဠိအနက် နှစ်မျိုးလုံးပွားများပြီးသည့်အခါ ပုတီးမပါဘဲ ပုတီးကိုလွှတ်၍ အရဟံ ဂုဏ်တော်ကိုသာမက အခြားဂုဏ်တော်တို့ကိုပါ ဤသို့ ဆက်လက် နှလုံးသွင်း ပွားများရပါမည်။

ဘုန်းတော်အနန္တ ဂံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာကမ္ဘာမြေမိုး ဖြန့်ဖြန့်းကျိုးမျှ တန်ခိုးတော်အနန္တ တို့နှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်တင် သဗ္ဗညု ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဘုရားမဖြစ်မီ ဘုရား လောင်းဘဝက ဘုရားဖြစ်တော်မူရန်အတွက် ဒီပင်္ကရာ ဘုရားမြတ်ထံ နိယတဗျာဒိတ်ခံယူပြီးချိန်မှစ၍ ဒါနပါရမီ,

သီလပါရမီ, နေက္ခမ္မပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာန်ပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ-ဟူသော မူလပါရမီဆယ်ပါး၊ မိမိ၏မျက်စိ,နား,နှာ, ခြေ,လက်အင်္ဂါစသော ကိုယ်အင်္ဂါကြီးငယ်အသွယ်သွယ်တို့ကို ငဲ့ကွက်ခြင်းမရှိ စွန့်လွှတ်လှူဒါန်းခြင်းဟူသော ဒါနဥပပါရမီစသော ဥပပါရမီဆယ်ပါး၊ မိမိအသက်ကိုပင် စွန့်လွှတ်လှူဒါန်းခြင်းဟူသော ဒါနပရမတ္ထပါရမီစသော ပရမတ္ထပါရမီဆယ်ပါး။

ဤပါရမီဆယ်ပါး အပြားသုံးဆယ်နှင့်တကွ ပစ္စည်းဥစ္စာ၊ ပြည်ရွာတိုင်းကား စသည်များကို စွန့်လွှတ်လှူဒါန်းခြင်း မနပရိစ္စာဂ၊ ကိုယ်အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို ငဲ့ကွက်ခြင်းမရှိ စွန့်လွှတ်လှူဒါန်းခြင်း အင်္ဂပရိစ္စာဂ၊ သားသမီးတို့ကို စွန့်လွှတ်လှူဒါန်းခြင်း ပုတ္တပရိစ္စာဂ၊ ဇနီးမယားတို့ကိုစွန့်လွှတ်လှူဒါန်းခြင်း ဘရိယပရိစ္စဂ၊ အသက်ကိုပင် စွန့်လွှတ်လှူဒါန်းခြင်း ဇီဝိတပရိစ္စာဂဟူသော စွန့်ခြင်းကြီးငါးပါးတို့ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး စွမ်းစွမ်းတမံ လွန်လွန်ကဲကဲ ဖြည့်ဆည်းကြိုးကုတ်အားထုတ်ပြုကျင့်ခြင်းဟူသော 'ဗုဒ္ဓတ္ထစရိယ'၊ လောကသားသတ္တဝါအမျိုးတို့၏အကျိုးစီးပွားတို့ကို ဘဝပေါင်းများစွာ သယ်ပိုးရွက်ဆောင်ပြုကျင့်ခြင်းဟူသော 'လောကတ္ထစရိယ'၊ မိမိဆွေမျိုးများနှင့် မိမိနှင့်အမျိုးတူသတ္တဝါတို့၏ အကျိုးစီးပွားတို့ကို ဘဝပေါင်းများစွာ သယ်ပိုးရွက်ဆောင်ပြုကျင့်ခြင်းဟူသော 'ဉာတတ္ထစရိယ'တို့ကို လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး စွမ်းစွမ်းတမံ လွန်လွန်ကဲကဲ ဖြည့်ဆည်းကြိုးကုတ် အားထုတ်ပြုကျင့်တော်မူခဲ့ပါပေသည်။

ဤသို့ ဗုဒ္ဓတ္ထစရိယ, လောကတ္ထစရိယ, ဉာတတ္ထစရိယတို့ကို လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး စွမ်းစွမ်းတမံ လွန်လွန်ကဲကဲ ဖြည့်ဆည်းကြိုးကုတ် အားထုတ်ပြုကျင့်တော်မူခဲ့တဲ့အတွက်

ဗောဓိပင်ခြေ ပလ္လင်ပွေ့၌ မိမိသူတစ်ပါး သတ္တဝါများစွာတို့၏မရေမတွက်နိုင်အောင် များလှစွာသော ရှေးဘဝခန္ဓာ ဖြစ်စဉ်ပေါင်းမြောက်မြားစွာတို့ကို ခန္ဓာပင်စည်မျိုးမည်နှင့်တကွ ကောင်းစွာအောက်မေ့သိမြင်နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ စုတေခါနီးသတ္တဝါ ပဋိသန္ဓေနေပြီးစသတ္တဝါ ကံအားလျော်စွာလားရောက်ရမည့်သတ္တဝါများနှင့် အကြီးအသေး အနီးအဝေး အကြမ်းအနု စသော ရူပါရုံမျိုးစုံ၊ သစ်ပင်တောတောင် တံတိုင်းနံရံတို့ဖြင့်ဖုံးလွှမ်းခြားကွယ်နေသည့် ရူပါရုံမျိုးတို့ကိုပင် နတ်မျက်စိအသွင်ထိုးဖောက်သိမြင်နိုင်သော 'ဒိဗ္ဗစက္ခုဉာဏ်'၊ ကာမာသဝ,ဘဝါသဝ,ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝ တည်းဟူသော ကိလေသာအာသဝေါတရားလေးပါးတို့ကို အကြွင်းမဲ့ကုန်ခမ်းအောင် ဝါသနာနှင့်တကွ ပယ်သတ်တော်မူနိုင်သော အာသဝက္ခယဉာဏ်တည်းဟူသော ဉာဏ်တော်ကြီးသုံးပါးနှင့် သိစရာမှန်သမျှ မကျန်ရအောင် ရှိသမျှဉာဉ်သုံ အလုံးစုံသောတရားတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလိုအစုံအလင် အကုန်အစင် ဟုတ်တိုင်းမှန်စွာ သိစွမ်းတော်မူနိုင်ခြင်း၊ ဝေနေယျသတ္တဝါတို့၏ အာသယ, အနုသယ, အဇ္ဈာသယစရိုက်နှင့်ဣန္ဒြေရင့်,မရင့်တို့ကို သိစွမ်းတော်မူနိုင်ခြင်း၊ မည်သည့်သတ္တဝါကိုမည်သို့သောတရားမျိုးဟောရမည်ဟု တရားဟောပုံနည်းမျိုးစုံကို သိစွမ်းတော်မူနိုင်ခြင်းဟူသော အစွမ်းသုံးပါးနှင့်ပြည့်စုံသည့် သဗ္ဗညုတဉာဏ်တော်ကြီးကိုရရှိတော်မူ၍ မာရ်ငါးပါးကိုအောင်မြင်တော်မူကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်။

ဘုရားဖြစ်တော်မူပြီးသည့်နောက် မိမိရရှိတော်မူခဲ့သော မဟာကရုဏာသမာပတ္တိဉာဏ်တော်၊ အစွမ်းသုံးပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုတဉာဏ်တော်၊ ဗုဒ္ဓစက္ခုဘုရားမျက်လုံးတော်အစုံဟုဆိုရသော အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တ ဉာဏ်တော်ကြီးများနှင့် အနာဝရဏဉာဏ်၊ ယမကပါဋိဟာရိယဉာဏ်၊ ဒေသနာဉာဏ်တော်ကြီးများကိုအသုံးပြုတော်မူကာ (၂၄)သချေ ကုဋေ(၆၀) မိုလ်ခြေ

တစ်သိန်းသောသတ္တဝါတွေကို မဂ်တရားဖိုလ်တရားရစေပြီး နိဗ္ဗာန်သို့ ပို့ဆောင်ပေးတော်မူခြင်းဟူသော လောကတ္ထစရိယကိုလည်း ပြုကျင့်တော်မူခဲ့ပါပေသည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၊ မယ်တော်သန္တုသိတနတ်သား၊ မိထွေးတော်ပဇာပတိဂေါတမီ၊ ကြင်ယာတော်ယသောဓရာဒေဝီ၊ နှမတော်ဇနပဒကလျာဏီ၊ သားတော်ရာဟုလာ၊ ညီတော်နန္ဒမင်းသား၊ အာနန္ဒာမင်းသား၊ အနုရုဒ္ဓါမင်းသား၊ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ မဟာနာမ်၊ စသော သာကီဝင်မင်းမျိုးများနှင့် ကောလိယသာကီဝင်မင်းသား(၂၅၀)၊ ကပိလဝတ် သာကီဝင်မင်းသား(၂၅၀) စသော သာကီဝင်မင်းမျိုး ဆွေတော်မျိုးတော်အပေါင်းတို့ကို မဂ်တရားဖိုလ်တရားရစေပြီး နိဗ္ဗာန်သို့ ပို့ဆောင်ပေးတော်မူခြင်းဟူသော ဉာတတ္ထစရိယကိုလည်း ပြုကျင့်တော်မူခဲ့ပါပေသည်။

ဤကဲ့သို့ လောကတ္ထစရိယ၊ ဉာတတ္ထစရိယတို့ကို လေးသင်္ချေငါးဝါ ကာလပတ်လုံး ပုရေဘတ္တကိစ္စ၊ ပစ္ဆာဘတ္တကိစ္စ၊ ပုရိမယာမကိစ္စ၊ မၛ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမကိစ္စဟူသော ဗုဒ္ဓကိစ္စငါးပါး အားလျော်စွာ နေ့မအားညမအား ကြိုးစားအားထုတ်တော်မူသော ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် လောဘ, ဒေါသ, မောဟစသော တစ်ထောင့်ငါးရာ ကိလေသာရန်သူအပေါင်းတို့ကို ထောင်းထောင်းကျေညက် အရဟတ္တ မဂ်ဉာဏ်ဖြင့် အငွေ့အသက်ပင်မကျန်ရအောင် ဝါသနာနှင့်တကွ အကြွင်းမဲ့ပယ်သတ်တော်မူနိုင်သောကြောင့် 'အရဟံ' ဂုဏ်တော်။

သိစရာမှန်သမျှ မကျန်ရအောင် ရှိသမျှညသုံ့ အလုံးစုံသောတရား တို့ကို သဗ္ဗညုတဉာဏ်အား စွမ်းပကားဖြင့် မိမိအလိုလို အစုံအလင် အကုန်အစင် ဟုတ်တိုင်းမှန်စွာသိမြင်တော်မူနိုင်သောကြောင့် 'သမ္မာ သမ္ဗုဒ္ဓ' ဂုဏ်တော်။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် ဟူသော ဝိဇ္ဇာသုံးပါး၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်,

အာသဝက္ခယဉာဏ်, ဝိပဿနာဉာဏ်, စေတောပရိယဉာဏ်, မနော မယိဒ္ဓိဉာဏ်, ဒိဗ္ဗသောတဉာဏ်, ဣဒ္ဓိဝိဓဉာဏ်–ဟူသော ဝိဇ္ဇာရှစ်ပါး၊ ဣန္ဒြိယသံဝရသီလ၊ ဘောဇနေမတ္တညုတာ၊ ဇာဂရိယာနုယောဂ၊ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဝီရိယနှင့် သုတ, ပညာ ခုနစ်ဖြာသော သူတော် ကောင်းတရား၊ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ဟူသော ဈာန်လေးပါးဟူသော စရဏ(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူ သောကြောင့် 'ဝိဇ္ဇာစရဏသမ္ပန္နော'ဂုဏ်တော်။

လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ကြီးခြင်းငါးပါး၊ စရိယသုံးဖြာတို့ကို စွမ်းစွမ်းတမံ လွန်လွန်ကဲကဲ ဖြည့်ဆည်းကြိုးကုတ် အားထုတ်ပြုကျင့်တော်မူ၍ မိမိ သူတစ်ပါး သတ္တဝါအများတို့၏ အကျိုးစီးပွားတို့ကို စွမ်းစွမ်းတမံ လွန်လွန်ကဲကဲ ဖြည့်ဆည်းကြိုးကုတ် အားထုတ်ပြုကျင့်တော်မူသော အားဖြင့် ကောင်းသောကြွလာတော်မူခြင်းရှိသည်ဖြစ်၍ ကျိုးရှိဟုတ်မှန် သူတစ်ပါး နှာခံလိုမနှာခံလို ကောင်းသောစကားကိုသာ (၄၅)ဝါပတ်လုံး ဟောကြားပြောကြားတော်မူပြီး ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူ သောကြောင့် 'သုဂတ'ဂုဏ်တော်။

သတ္တလောက, သင်္ခါရလောက, ဩကာသလောက– ဟူသော လောကသုံးပါးတို့၏အကြောင်းအရာအဖြစ်အပျက်တို့ကို ကောင်းစွာ သိမြင်တော်မူသောကြောင့် 'လောကဝိဒူ'ဂုဏ်တော်။

မယဉ်ကျေးသေးသော လူ, နတ်, ဗြဟ္မာ, တိရစ္ဆာန်, သတ္တဝါတို့ကို ယဉ်ကျေးအောင်ဆုံးမတော်မူရာ၌ ပြိုင်ဘက်မရှိ တုဘက်ကင်းတော်မူ သောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်။

နတ်,လူ,ဗြဟ္မာ,သတ္တဝါအပေါင်းတို့အား လောကီလောကုတ္တရာ **ကြီးပွားရာကြီးပွား**ကြောင်း တရားကောင်းများနှင့် နိဗ္ဗာန်ရောက်ကြောင်း တရား**ကောင်း** တရားမှန်တို့ကို လမ်းညွှန်ပြသ ဆိုဆုံးမတော်မူ၍

ဖြုဟ္ဂါ,နတ်,လူ သုံးဘုံသူတို့၏ ဆရာတစ်ဆူဖြစ်တော်မူသောကြောင့် သတ္တာဒေဝမနုဿာနံဂုဏ်တော်။

ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ–ဟူသော သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်သိတော်မူသည့်အပြင် ဝေနေယျသတ္တဝါတို့အား သိစေတော်မူသောကြောင့် ဗုဒ္ဓဂုဏ်တော်။

ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ=ဟူ ဘုန်းခြောက်ဆူနှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါဂုဏ်တော်– စသောဂုဏ်တော်အနန္တနှင့်ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား ဖြစ်တော်မူပါပေသည်ဟု ပုတီးမပါဘဲ အောက်မေ့ဆင်ခြင် နှလုံးသွင်းရမည်။

ဤကဲ့သို့ အရဟံဂုဏ်တော်ကို စိပ်ပုတီးတစ်ပတ် ပွားများလိုက်၊ ပုတီးလွတ် နှလုံးသွင်းအောက်မေ့ပွားများလိုက်ဖြင့် ပုတီးလေးပတ်ပြည့်သည်အထိ လေးကြိမ်ပွားများရမည်။

ပုတီးလွတ်ပွားများရာ၌ ဂုဏ်တော်အကြောင်းအရာတို့ကို တော်တော်နှင့်မကျေညက်နိုင်သဖြင့် မိမိ၏စိတ်သည် ပြင်ပသို့မထွက်နိုင်ဘဲ ဂုဏ်တော်ကို မှန်အောင်ပွားများနေရ၍ သမာဓိပိုမိုအားကောင်းကာ အကုသိုလ်စိတ်များကြားမဝင်ဘဲရှိသောကြောင့် ဤပွားများနည်းကို အထူးဂရုစိုက်၍ ပွားများသင့်ကြပါသည်။

## အရ–ဟံဂုဏ်တော်ပွားနည်း

အရဟံ–ဂုဏ်တော်ကို ပုတီး၊ ပုတီးလွတ် လေးပတ်လေးကြိမ် ပွားများပြီးသည့်အခါ၊ အရ–ဟံဂုဏ်တော်ကို ပုတီး၊ ပုတီးလွတ် သုံးပတ်၊ သုံးကြိမ် ယခုဆိုလတ္တံ့အတိုင်း ဆက်လက်ပွားများရမည်။

ပွားများပုံမှာ–

အရ–ဟံ= လောဘ,ဒေါသ,မောဟစသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော ရန်သူအပေါင်းကို ထောင်းထောင်းကြေညက် အရဟတ္တမဂ်ဉာဏ်ဖြင့် အငွေ့

အသက်မကျန်ရအောင် ဝါသနာနှင့်တကွ ပယ်သတ်တော်မူ
နိုင်သော မြတ်စွာဘုရား။

ဟု စိတ်ကနှလုံးသွင်းအောက်မေ့ပြီး ပုတီးတစ်လုံးချရမည်။

**အရ–ဟံဂုဏ်တော်ကို ပုတီးလွတ်ပွားနည်း**

ဤနည်းဖြင့် ပုတီးတစ်ပတ်ပြည့်သွားသည့်အခါ ပုတီးမပါဘဲ ဤသို့ နှလုံးသွင်းကာ အောက်မေ့ပွားများရမည်။

ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာကြီးများပင် လောဘ, ဒေါသ, မောဟ စသော တစ်ထောင့်ငါးရာကိလေသာရန်သူအပေါင်းကို ထောင်းထောင်းကြေညက် အရဟတ္တမဂ်ဉာဏ်ဖြင့် အငွေ့အသက်မကျန်ရအောင် ဝါသနာနှင့်တကွ ပယ်သတ်တော်မမူနိုင်ကြ။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကသာ ကိလေသာရန်အပေါင်းတို့ကို အငွေ့အသက်ပါမကျန်အောင် ဝါသနာနှင့်တကွ ပယ်သတ်တော်မူနိုင်ပါပေသည်။

ထို့ကြောင့် တဏှာ,အရတိ,ရဂါ ဆိုသော မာရ်နတ်မင်းကြီး၏ သမီးတော်သုံးယောက်တို့သည် သူတို့ကိုယ်သူတို့ တစ်လောကလုံးတွင် အချောမောဆုံး အလှပဆုံးဖြစ်အောင် ဖန်ဆင်းကြပြီး ဘုရားရှင်ထံတော်မှောက်သို့ သွားရောက်ကြကာ 'လိုသမျှအာရုံတွေကို အကုန်ပေးပါမယ်'ဟု ပြောကြားလျှောက်ထားကြပြီး၊ သူတို့နှင့်ပျော်ပါးဖို့ ဘုရားရှင်ကို သွေးဆောင်ဖြားယောင်းကြတဲ့အခါ ဘုရားရှင်က သူတို့ စကားကို စိတ်မဝင်စား၊ မျက်စိတော်ကိုပင် ဖွင့်ကြည့်တော်မမူဘဲ ဖလသမာပတ်ကိုသာ ဝင်စားနေတော်မူပါတယ်။ မာရ်နတ်၏သမီးသုံးယောက်တို့ဟာ လက်မလျှော့ကြသေးဘဲ ပျိုရွယ်နုနယ်သူ မိန်းကလေးများအသွင်ဖန်ဆင်းပြီး တစ်ကြိမ်၊ သားမဖွားရသေးသော မိန်းမများ အသွင်ဖန်ဆင်းပြီး တစ်ကြိမ်၊ တစ်သားမွေးတစ်သွေးလှတဲ့ မိန်းမများအသွင် ဖန်ဆင်းပြီး တစ်ကြိမ်၊ နှစ်ကြိမ်သားဖွားပြီးသည့်မိန်းမများအသွင် ဖန်ဆင်း

ပြီး တစ်ကြိမ်၊ မိန်းမလတ်များအသွင်ဖန်ဆင်းပြီး တစ်ကြိမ်၊ မိန်းမကြီးများအသွင်ဖန်ဆင်းပြီး တစ်ကြိမ်အားဖြင့် ခြောက်ကြိမ် ခြောက်ခါက် သွားရောက်ကြပြီး ရေးနည်းအတိုင်း သူတို့နှင့် ပျော်ပါးဖို့ ဘုရားရှင်ကိုသွေးဆောင်ဖြားယောင်းကြပေမယ့် ဘုရားရှင်ဟာ သူတို့ကို လုံးဝလက်မခံဘဲ ငြင်းဆန်ဖယ်ရှား တော်မူနိုင်ခဲ့ပါပေသည်။

မာဂဏ္ဍီဆိုတဲ့ ပုဏ္ဏားကြီးဟာလည်း သူ၏သမီးချော ကလေးဖြစ်တဲ့ မာဂဏ္ဍီခေါ်သော ပုဏ္ဏားပျိုမကလေးကို အလှဆင်နိုင်းပြီး ဘုရားရှင်ထံတော်မှောက်သို့ အရောက်ခေါ် သွားကာ ဘုရားရှင်ထံ လက်ထပ်ထိမ်းမြားယူဖို့အပ်နှံတဲ့အခါ မြတ်စွာဘုရားက 'စက်ဆုပ်ရွံရှာဖွယ် ကျင်ကြီးကျင်ငယ် အညစ်အကြေးအသွယ်သွယ်တွေမရှိ၊ ပကတိသန့်စင် အလှ ထိပ်တင်တွေဖြစ်ကြတဲ့ မာရ်နတ်ရဲ့သမီးတော်သုံးယောက်တို့ အခါခါအခေါက်ခေါက်လာရောက်ကြပြီး သူတို့နဲ့ပျော်ပါးဖို့ သွေးဆောင်ဖြားယောင်းကြတုံးကပင် ငါဘုရားလက်မခံခဲ့ဘူး အခုလို စက်ဆုပ်ရွံရှာဖွယ် ကျင်ကြီးကျင်ငယ် အညစ်အကြေး အသွယ်သွယ်တွေနဲ့ပြည့်နှက်နေတဲ့ သင့်သမီးချောကလေး မာဂဏ္ဍီရဲ့ခန္ဓာကိုယ်ကို ငါဘုရား ခြေဖျားနဲ့တောင် မတို့ချင် ပါဘူး'လို့ ရက်ရက်စက်စက်မိန့်မြွက်ပြောကြား ဖယ်ရှားတော် မူနိုင်ခဲ့ပါပေသည်။

ဟု အောက်မေ့နှလုံးသွင်းရမည်။

ဤကဲ့သို့ ပုတီးနှင့်ပွားလိုက်၊ ပုတီးလွတ်ပွားလိုက်နည်းအားဖြင့် သုံးပတ်သုံးကြိမ် နှလုံးသွင်းပွားများရမည်။

**အ–ရဟံဂုဏ်တော်ပွားနည်း**

အရ–ဟံဂုဏ်တော်ကို ပုတီး၊ ပုတီးလွတ် သုံးပတ်သုံးကြိမ် ပွားများပြီးသည့်အခါ 'အ–ရဟံ'ဂုဏ်တော်ကို ပုတီး၊ ပုတီးလွတ်

သုံးပတ်သုံးကြိမ် ယခုဆိုလတ္တံ့သောနည်းအတိုင်း ဆက်လက်အောက်မေ့ပွားများရမည်။

ပွားများပုံမှာ–

အ–ရဟံ = ရာဂ, ဒေါသ, မောဟတို့ ကင်းပြီးသောကြောင့် ဆိတ်ကွယ်ရာ၌ မကောင်းမှုကိုပြုတော်မမူ (ရှာနသမာပတ်, ဖလသမာပတ်တို့ကိုဝင်စားတော်မူလေ့ရှိသော) မြတ်စွာဘုရား။

ဟု စိတ်ကအောက်မေ့နှလုံးသွင်းပြီး ပုတီးတစ်လုံးချရမည်။

## ပုတီးလွတ်ပွားများနည်း

ဤနည်းဖြင့် ပုတီးတစ်ပတ်ပြည့်သွားသောအခါ ပုတီးမပါဘဲ ဤသို့ နှလုံးသွင်းကာ အောက်မေ့ပွားများရမည်။

မာရ်နတ်မင်းကြီးသည် ခုနစ်နှစ်တာကာလပတ်လုံး ဘုရားရှင်နောက်တော်က တကောက်ကောက်လိုက်ပြီး ဘုရားရှင်အပေါ်မှာ အပြစ်ရှာခဲ့ရာ အပြစ်တစ်စုံတစ်ရာကိုမျှ မတွေ့ရှိရဘူး။ ဤသို့ သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ အပြစ်ဟူသမျှ လုံးဝကင်းစင်ပတဲ့အတွက် ဝိသုဒ္ဓိနတ်ကိုယ်တော်မြတ်ကြီးဖြစ်တော်မူပါပေတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတစ်ဆူဟာ အာယုကပ်တစ်ကပ်လုံး (ဝါ–သက်တမ်းကုန်ဆုံးတော်မူသည့်အထိ) အခြားတရားစကားတွေကို မဟောကြား မပြောကြားဘဲ အခြားဘုရားရှင်တစ်ဆူ၏ ဂုဏ်တော် ကျေးဇူးတော်တွေကိုချည်းသာ ချီးကျူးဟောကြား ပြောကြားတော်မူနေမယ်ဆိုရင် အာယုကပ်ကုန်ဆုံးသွားသော်လည်း(ဝါ)သက်တမ်းကုန်ဆုံးသွားသော်လည်း အချီးကျူးခံတော်မူရတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေသည် ကုန်ဆုံးနိုင်ဖွယ်ရာမရှိ၊ ဤကဲ့သို့လျှင် ဘုရားရှင်များသည် ချီးကျူးလို့မကုန် အနန္တ

ဂုဏ်ရှင် အသခေျ်ယျဂုဏ်ရှင် အပ္ပမေယျဂုဏ်ရှင်များဖြစ်တော်မူကြပါပေသည်-ဟု အောက်မေ့နှလုံးသွင်းရမည်။

ဤကဲ့သို့ ပုတီးနှင့်ပွားလိုက်၊ ပုတီးလွတ်ပွားလိုက် နည်းအားဖြင့် သုံးပတ်သုံးကြိမ် အောက်မေ့ပွားများရမည်။ ဤသည်တို့မှာ အရှင်အာနန္ဒာမထေရ်မြတ်၏ ဗုဒ္ဓါနုဿတိဘာဝနာပွားများနည်းကို နည်းမှီ၍ ပွားများသော ဗုဒ္ဓါနုဿတိဘာဝနာပွားများနည်းများ ဖြစ်ပါသည်။ ဤပွားနည်း၌ ပုတီး(၁၀)ပတ် (ဂုဏ်တော်တစ်ထောင်)ဖြစ်၍ ပုတီးလွတ်မှာလည်း (၁၀)ကြိမ်ပွားများရသည်။

ဤပွားနည်းများအတိုင်း အားထုတ်ပွားများပါလျှင် ထူးခြားသော ခံစားမှုများ ထူးခြားသောအတွေ့များကို တွေ့ရှိခံစားကြရမည်။ ဘုရားဂုဏ်တော်များကို အောက်မေ့ပွားများနေစဉ် ကြက်သီးထလောက်အောင် ဝမ်းမြောက်မှုပီတိများဖြစ်ပေါ်လာခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးလာခြင်း စသည်တို့ကို တွေ့ထိခံစားရတတ်ပေသည်။

**ဗုဒ္ဓါနုဿတိဘာဝနာ၏ စွမ်းအင်များ**

ဤဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ ပွားများနေသော ယောဂီပုဂ္ဂိုလ်၏စိတ်အစဉ်သည် ထိုပွားနေချိန်၌ ဘုရားရှင်၏ဂုဏ်တော်များကို ဖြောင့်ဖြောင့်မတ်မတ် အာရုံပြုနေသည့်အတွက် ထိုစိတ်အစဉ်တွင် ရာဂ,ဒေါသ,မောဟ စသည့်ကိလေသာတရားဆိုးများ မလွှမ်းမိုးမဝင်ရောက်နိုင်ရကား စိတ်အစဉ် သန့်ရှင်းဖြူစင်နေပေသည်။

ဤသို့ ရာဂ-စသား နီဝရဏတရားဆိုးများကို ပယ်ခွာထား၍ ကမ္မဋ္ဌာန်းသို့ ဖြောင့်တန်းစွာစိတ်ကိုထားရှိသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဘုရားဂုဏ်တော်များသို့ညွတ်ကိုင်းသော ကြံစည်မှု=ဝိတက်၊ ထပ်ကာထပ်ကာ ဆင်ခြင်မှုဝိစာရတို့ မပြတ်ဖြစ်၍နေကြ၏။ မြတ်စွာဘုရား၏ဂုဏ်တော်များကို အဖန်တလဲလဲကြံစည်နေသော အဖန်တလဲလဲ သုံးသပ်ဆင်ခြင်နေသော ယောဂီပုဂ္ဂိုလ်သန္တာန်၌ နှစ်သိမ့်

ဝမ်းမြောက်မှု=ပီတိတရားဖြစ်ပွားလာ၏။ ထိုအခါ နှစ်သိမ့်ဝမ်းမြောက်မှု ပီတိကြောင့် ကိုယ်စိတ်နှစ်ပါးပူပန်မှုကင်းသွား၍ ငြိမ်းအေးမှုဖြစ်လာ၏။ ထိုငြိမ်းအေးမှုဖြစ်လာသူအား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလာ၏။ ချမ်းသာလာသူ၏စိတ်သည်လည်း ဘုရားဂုဏ်တော်ဟူသော အာရုံတစ်ခုတည်း၌ ငြိမ်သက်စွာ တည်နေလေတော့၏။

ဤသို့သောအစဉ်ဖြင့် မဟာကုသိုလ်စိတ်၏စိတ္တက္ခဏာတစ်ခုတည်း၌ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့သည် တစ်ပြိုင်နက်ဖြစ်ပေါ်လာကြ၏။ သို့သော် ထိုဈာန်သည် ဘုရားဂုဏ်တော်တို့၏နက်နဲခြင်း များပြားလှခြင်းတို့ကြောင့် အပ္ပနာသို့ ရောက်သော ဈာန်မဟုတ်ချေ။ အပ္ပနာဈာန်၏အနီး၌ဖြစ်သော ဥပစာရဈာန်မျှသာ ဖြစ်ပေသည်။ ဤသို့ ဗုဒ္ဓါနုဿတိဘာဝနာသည် အပ္ပနာဈာန်၏အနီး၌ဖြစ်သည့် ဥပစာရဈာန်အထိရနိုင်ပေသည်။

**သမထမှဝိပဿနာသို့**

ဤဗုဒ္ဓါနုဿတိဘာဝနာကား နီဝရဏတရားများကို ပယ်ခွာ ငြိမ်းအေးစေနိုင်သော သမာဓိဦးစီးသောကြောင့် သမထဘာဝနာဖြစ်သည်။ ထိုဘာဝနာဖြင့် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဥပစာရဈာန်အထိသာရနိုင်သည်။ ထိုသမထဘာဝနာကိုအခြေခံ၍ ဝိပဿနာဘာဝနာသို့ကူးပြောင်းပွားများလျှင် ပါရမီအားလျော်စွာ မဂ်ဖိုလ်တရားများကိုရနိုင်၏။

ဝိပဿနာဆိုသည်မှာ ခဏမစဲ အမြဲတမ်းဖြစ်ပျက်နေကြသည့် မိမိ၏ရုပ်တရား နာမ်တရားတို့ကို အမြဲမရှိ အနိစ္စ၊ ဆင်းရဲအစု ဒုက္ခ၊ အတ္တမဟုတ် အနတ္တဟု ရှုမြင်နိုင်သောဉာဏ်ဖြစ်သည်။ ထိုဉာဏ်ကို ထပ်ကာတလဲလဲ ကြိမ်ဖန်များစွာဖြစ်ပွားစေခြင်းကို ဝိပဿနာဘာဝနာ ဟုခေါ်သည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သီဟိုဠ်ကျွန်း၌ 'ဖုဿဒေဝ' မည်သော မထေရ်ကြီးတစ်ပါးသည် စေတီရင်ပြင်တော်ကို တံမြက်

လှည်းလေ့ရှိ၏။ တစ်နေ့တွင် တံမြက်လှည်းထား၍ သန့်ရှင်းနေသော ရင်ပြင်တော်ကိုကြည့်ကာ သက်တော်ထင်ရှားမြတ်ဘုရားကို အာရုံမှန်း၍ ရွှင်လန်းသောပီတိဖြစ်နေ၏။ ထိုအခါ မာရ်နတ်သည် တောင်ပေါ်က မျောက်ညိုကြီးယောင်ဆောင်၍ နွားချေးတွေယူကာ ရင်ပြင်တော်ပေါ်၌ ဖြန့်ကြဲသွား၏။ မထေရ်ကြီးမှာ ဘုရားကိုရှေ့ဆက်၍ အာရုံမပြုနိုင်တော့ဘဲ ထပ်မံ တံမြက်လှည်းပြီး ပြန်သွားရ၏။

ဒုတိယနေ့၌လည်း ဗုဒ္ဓမြတ်စွာကို အာရုံပြုနေချိန်မှာပင် မာရ်နတ်သည် နွားအိုကြီးဟန်ဆောင်လာကာ နွားချေးယိုချသွားပြန်၏။ ထို့ကြောင့် တံမြက်လှည်းပြီး ပြန်သွားရပြန်သည်။

တတိယနေ့တွင်လည်း ဘုရားရှင်ကိုအာရုံပြုနေချိန်ဝယ် မာရ်နတ်သည် အလွန်အရုပ်ဆိုးသည့်ယောကျ်ားယောင်ဆောင်ကာ တံမြက်လှည်းထားသောနေရာ၌ ခြေဒရွတ်ဆွဲလျက်သွားပြန်၏။ ထိုအခါ မထေရ်ကြီးက 'ဒီနေရာပတ်ဝန်းကျင်တစ်ယူဇနာအရပ်မှာ ဒီလောက်အရုပ်ဆိုးတဲ့ တစ်စုံတစ်ယောက်သောသူကိုမျှ မတွေ့ဖူးပါ၊ သူဟာ ကေန် မာရ်နတ်ဖြစ်ရမည်'ဟုစဉ်းစားမိပြီး၊ 'သင်ဟာ မာရ်နတ်လား'ဟု မေးလိုက်သတဲ့။

မာရ်နတ်က ဟုတ်မှန်ကြောင်းဝန်ခံသည့်အခါ 'အသင်ဟာ အလွန်တန်ခိုးကြီးပါတယ်။ သက်တော်ထင်ရှားမြတ်ဘုရားကို ဖူးလိုက်ရတဲ့အတွက် ဘုရားရှင်ရဲ့ပုံတော်နှင့်တူအောင်ဖန်ဆင်းပြစမ်းပါ'ဟု တောင်းပန်ပြောကြားသည်။ မာရ်နတ်က 'အတော်အတန်တူအောင်တော့ ပြနိုင်ပါရဲ့' ဟုပြောပြီး ဗုဒ္ဓပုံတော်နှင့်တူအောင် စွမ်းနိုင်သမျှဖန်ဆင်းပြလေသည်။

ဖုဿဒေဝမထေရ်ကြီးသည် မာရ်နတ်ဆင်းပြသော ဘုရားပုံတော်ကိုကြည့်ကာ 'ရာဂ, ဒေါသ, မောဟ မကင်းသေးတဲ့ ဒီမာရ်နတ်ရဲ့ အတုပုံသည်ပင် ဤမျှလောက်တင့်တယ်သေးလျှင်၊ ရာဂ, ဒေါသ, မောဟ ကိလေသာအညစ်အကြေးများကင်းစင်၍ ကြည်လင်သန့်ရှင်းသော ဗုဒ္ဓ၏ရုပ်အဆင်းတော်ကား အဘယ်မှာမသပ္ပာယ်ဘဲရှိအံ့နည်း'ဟု

နှလုံးသွင်းကာ ဗုဒ္ဓမြတ်စွာကိုအာရုံမှန်းစဉ် တစ်ကိုယ်လုံး ပီတိတွေ စိမ့်ဝင်လာလေသည်။ ထိုအခါ အလွန်ထင်ရှားနေသော ပီတိကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု ဝိပဿနာရှုလေရာ (ခါတိုင်းလည်း ဘုရား အာရုံကို ဝိပဿနာဖြင့်ထုံလေ့ရှိသောကြောင့်)ထိုနေရာမှာပင် တရား တက်၍ အရဟတ္တမဂ်,အရဟတ္တဖိုလ်တိုင်အောင် တရားပေါက်သွား သည်-ဟု ပရိဝါအဋ္ဌကထာ၌မိန့်ဆိုထား၏။

ထို့ကြောင့် ကျမ်းဂန်များ၌-

'အကြင် ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်းတန်ခိုးအစွမ်း ကြောင့် နီဝရဏကင်း၏။ နုသော့ပီတိဖြစ်လာ၏။ ထိုမှတစ်ဆင့် အားကြီးသောပီတိဖြစ်လာပြီး ထိုအနုအရင့်အဆင့်ဆင့်သော ပီတိကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာတင်၍ ရှုမှတ် ပွားများလျှင် မြင့်မြတ်သောအရဟတ္တဖိုလ်သို့ရောက်၏'-ဟု မိန့်ဆိုထားခြင်းဖြစ်သည်။

**မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးနည်း**

ဤ၌ သမထမှဝိပဿနာသို့ တစ်ဆင့်တက်၍အားထုတ်နည်းကို မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ မိန့်ဆိုချက်အတိုင်း ဖော်ပြ ဦးအံ့။

ထိုဘုရားဂုဏ်တော်လျှင်အာရုံရှိသော သမာဓိကို အရင်း ခံ၍ ဝိပဿနာဉာဏ်သို့တက်လျက် မဂ်သို့ရောက်အောင် ပွားများစီးဖြန်းနည်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆိုတိုင်း ဤသို့ မှတ်အပ်၏။ ထိုဘုရားဂုဏ်တော်လျှင် အာရုံရှိသော သမာဓိ ပြဋ္ဌာန်းခြင်းရှိသော စိတ်,စေတသိက်ကိုအာရုံပြု၍ 'ဤ စိတ်, စေတသိက်တရားစုသည် အာရုံသို့ရှေးရှုညွတ်ခြင်းလက္ခဏာ ရှိသော နာမ်တရားတည်း။ ဤနာမ်၏တည်ရာ ဤနာမ်စေခိုင်း တိုင်း သွားလာပြုမူတတ်သော အကောင်အထည်ရုပ်ဒြပ်သည် အချမ်းအပူ ဓားလက်နက် စသည်တို့ကြောင့် ဖောက်ပြန်

ပျက်စီးသောလက္ခဏာရှိသော ရုပ်တရားတည်း။ ဤကား ရုပ်တရားတည်း၊ ဤကား နာမ်တရားတည်း။ ရုပ်လည်း တခြား၊ နာမ်လည်း တခြားတည်းဟု အဖန်တလဲလဲဆင်ခြင်၍ မြေဘုတ်ဘီလူး ပူးဝင်သော လူသေကောင်သည် ထ၍ သွားလာပြုမူသော်လည်း တခြားစီဖြစ်သကဲ့သို့ နာမ်ရုပ်(၂)ပါး ကို တခြားစီဟုထင်မြင်လျှင် နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပေါ် လာ၏။ သတ္တသညာ, ဇီဝသညာ (သတ္တဝါကောင်၊ အသက် ကောင်)ပျောက်၏။ ယောကျ်ား,မိန်းမ ဟူသော အမှတ်သညာ ကင်းကွာလေတော့သည်။

ဤနာမ်ရုပ်အစုသည် ရှေးဘဝကပြုခဲ့ဖူးသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ဤဘဝစားသောက်သောအာဟာရ စသည်တို့ကြောင့် ဖြစ်၍တည်၍နေ၏ဟု အကြောင်းကို မြင်လျှင် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာ၏။

ထမင်းဟင်းချက်ပြုတ်ရာ၌ အောက်ကမီးထိုးခြင်းကြောင့် အထက်၌ဆူပွက်ဝေဖိတ်ရကား မီးကိုနုတ်လျှင် အဆူအပွက် အဝေအဖိတ် ငြိမ်းချုပ်သကဲ့သို့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ- စသောအကြောင်းကြောင့် ဖြစ်ပေါ်တည်နေ သော နာမ်ရုပ်သည် အကြောင်းတရားတို့၏အရှိန်အစော် အဟုန် အားနည်းဘော်ကုန်လျှင် ချုပ်ပျောက်၏ဟု မြင်သော အခါ အမြဲမရှိ ဆင်းရဲ၏၊ အစိုးမရ အနိစ္စ, ဒုက္ခ, အနတ္တပါ တကားဟု လက္ခဏာရေးသုံးပါးထင်လာ၍ အတိတ်ခန္ဓာ ငါးပါးတို့သည် ချုပ်ငြိမ်းသွားကြကုန်ပြီ။ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တတို့ဖြစ်ကုန်၏။ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့သည် ချုပ် ငြိမ်းဆဲ ဖြစ်ကုန်၏။ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တတို့ ဖြစ်ကုန်၏။ အနာဂတ်ခန္ဓာငါးပါးတို့သည် ချုပ်ငြိမ်းကြလိမ့် ဦးမည်။ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တတို့ ဖြစ်ကုန်၏

စသည်ဖြင့် သုံးသပ်ဆင်ခြင်၍ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ၊ ဘင်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ၊ မုဉ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမဉာဏ်ဟူသော ဝိပဿနာဉာဏ်ဆယ်ချက် အဆက်ဆက်ဖြင့် အစဉ်အတိုင်းတက်၍ မဂ်, ဖိုလ် အထွတ်သို့ရောက်သည်ရှိသော် အခြံအရံအဖော်သဟဲနှင့်တကွသော သမုဒယသစ္စာ တဏှာလောဘ ကုန်ပြတ်သည်ဖြစ်၍ ရဟန္တာစုတိ၏အခြားမဲ့၌ ပဋိသန္ဓေအသစ်မဖြစ်သောကြောင့် ခန္ဓာကိုယ်လက်စသိမ်းရကား အဆုံးမရှိသော အနန္တသံသရာဝဋ် ဒုက္ခခပ်သိမ်း တစ်ခါတည်း ချုပ်ငြိမ်းအေးမြရာ နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရလေသတည်း-ဟု လမ်းညွှန်တော်မူထားပေသည်။

*

## အခန်း (၆)

## ဗုဒ္ဓါနုဿတိပွားများရကျိုးများ

ဘုရားဂုဏ်တော်များကိုအာရုံပြု၍ အောက်မေ့ပွားများသော ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးတရားများကား အလွန်များပြားလှပါသည်။ လောကီလောကုတ္တရာ စုံလှပေသည်။

ရှေးဦးစွာ ပါဠိတော်များ၌ ဘုရားရှင်ဟောကြားထားသည့် အကျိုးတရားများကို တင်ပြပါမည်။ ဆက္ကအင်္ဂုတ္တိုပါဠိတော်လာ မဟာကစ္စာနသုတ်၊ အနုတ္တရိယသုတ်တို့၌ ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများသောပုဂ္ဂိုလ်အား–

၁။ ရာဂ, ဒေါသ, မောဟ စသောကိလေသာအညစ်အကြေးတို့မှ စင်ကြယ်၏၊

၂။ စိုးရိမ်ပူဆွေးရခြင်း(သောက)၊ ဟစ်အော်ငိုကြွေးရခြင်း(ပရိဒေဝ) တို့ကို လွန်မြောက်နိုင်၏။ ယင်းတရားတို့ မဖြစ်ပွားနိုင်၊

၃။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတို့မှ ကင်းငြိမ်း၏၊

၄။ မဂ်ပေါက်ဖိုလ်ဝင် ဖြစ်နိုင်၏၊

၅။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏၊

–ဟု ဟောကြားထား၏။

ထိုသုတ်များ၌ ဗုဒ္ဓါနုဿတိစသော အနုဿတိတရား ခြောက်ပါးတို့သည် အိမ်မှုကိစ္စများလှသည့်အတွက် ကုသိုလ်ပြုရန် ကြပ်တည်းကျဉ်းမြောင်းလှသည့် အိမ်ထောင်သားမွေးတို့အဖို့ နိဗ္ဗာန်ရောက်ကြောင်း အခွင့်ကောင်းကြီးဖြစ်သည်ဟု ဟောကြားထား၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် အခြားကမ္မဋ္ဌာန်းမှတစ်ဆင့်တက်၍ ဝိပဿနာကမ္မဋ္ဌာန်းကို ပြောင်းလဲအားထုတ်လျှင် မဂ်ပေါက်ဖိုလ်ဝင်

နိဗ္ဗာန်မြင်နိုင်ပေသည်။ ထို့ကြောင့် ဤအကျိုးတရားများကို ဟောကြားတော်မူခြင်းဖြစ်သည်။

ထေရာပဒါန်ပါဠိတော်၊ သုဘူတိထေရအပဒါန်၌ ပဒုမုတ္တရမြတ်စွာဘုရားသည် သုဘူတိမထေရ်လောင်း ကောသိယရသေ့ကြီးအား-

၁။ သမထဘာဝနာ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် အတုမရှိ အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများပါလော့၊ ဤဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသောကြောင့် သင်၏စိတ်အလိုဆန္ဒ ကြံသမျှသည် ပြည့်ဝပြည့်စုံပေလိမ့်မည်။ (စိတ်ကြံသမျှလောက် ပြီးမြောက်အောင်မြင်နိုင်မည်။)

၂။ အနှစ်သုံးသောင်းတိုင်တိုင် နတ်ပြည်၌ပျော်မွေ့ရမည်။ နတ်တို့သေဌ်နင်း သိကြားမင်းကြီး အကြိမ်ရှစ်ဆယ်ပြုလုပ်ရမည်။ လူ့လောက၌ စကြဝတေးမင်း အကြိမ်တစ်ထောင်ဖြစ်မည်။ ပဒေသရာဇ်မင်းကား မရေမတွက်နိုင်အောင်ဖြစ်မည်။

၃။ ဘဝကြီးဘဝငယ် အသွယ်သွယ်တို့၌ ကျင်လည်ရသည့်အခါ၌လည်း ပစ္စည်းဥစ္စာအလွန်ကြွယ်ဝချမ်းသာသည့် မဟာဘောဂသူဌေးကြီးဖြစ်လိမ့်မည်။ သင်၏ရရှိထားသော ပစ္စည်းဥစ္စာများသည်လည်း ယုတ်လျော့ခြင်းမရှိ အကြိတ်အခဲ အမြဲတည်ရှိနေမည်။

ဤသည်တို့ကား ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးတရားတို့ပေတည်းဟု ဟောကြားတော်မူခဲ့သည်။

ထိုပဒုမုတ္တရဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးတရားတို့ကို ရရှိခံစားခဲ့ရကြောင်း သုဘူတိရဟန္တာမထေရ်မြတ်ကြီး ပြန်လည်ဟောကြားတော်မူခဲ့ပေသည်။

**ပဒုမုတ္တရဘုရားရှင်ဟောကြားသောအကျိုးများ**

ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ သုဘူတိမထေရ်လောင်း ကောသိယမည်သောရသေ့ကြီးသည် ဟိမဝန္တာ၏မနီးမဝေးတွင်ရှိ နိသဘတောင်တွင် တစ်ပါးတည်းသီတင်းသုံးနေ၏။ တစ်ချိန်တွင် ပဒုမုတ္တရဘုရားရှင်သည် ကောသိယရသေ့ကြီးထံသို့ ကြွရောက်လာ ခတော်မူပြီး ရသေ့ကြီးခင်းလှူထားသည့် ပန်းခင်းမြက်ပေါ်တွင် ခုနစ်နေ့ ခုနစ်ည သီတင်းသုံးတော်မူ၏။ ထို့နောက် ဘုရားရှင်သည် ရသေ့ကြီး အား–

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာနမနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿသိ မာနသံ–

–စသည်ဖြင့် ဗုဒ္ဓါနုဿတိဘာဝနာ၏အကျိုးတရားတို့ကို ဟောကြား ပြီး ဗျာဒိတ်ပေးတော်မူခဲ့ပါသည်။

ပဒုမုတ္တရဘုရားရှင် ဟောကြားခဲ့သည့် အကျိုးတရားများမှာ ဗုဒ္ဓါနုဿတိဘာဝနာသည် သမထဘာဝနာကမ္မဋ္ဌာန်းလေးဆယ်တို့တွင် အမြတ်ဆုံးဘာဝနာကမ္မဋ္ဌာန်းဖြစ်၏။ ထိုဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများပါ။ ဤဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခဲ့လျှင် သင်၏စိတ်အလိုဆန္ဒ တောင့်တကြံစည်မှုမှန်သမျှ ပြည့်ဝပေလိမ့်မည်။ ကမ္ဘာပေါင်းသုံးသောင်းကာလပတ်လုံး နတ်ပြည်မှာ ပျော်မွေ့ရမည်။ နတ်တို့ကိုအစိုးရသော သိကြားမင်းအကြိမ်ပေါင်း (၈၀)ဖြစ်မည်။ လူတို့ ပြည်တွင် စကြဝတေးမင်း အကြိမ်တစ်ထောင်ဖြစ်မည်။ ပဒေသရာဇ် မင်းအဖြစ်ကား ဤရွေ့ဤမျှ ဂဏန်းချ၍ မရေတွက်နိုင်အောင်ဖြစ်မည်။ ဖြစ်လေရာရာ ဘဝကြီးဘဝငယ်အသွယ်သွယ်တို့၌ သုံးစွဲ၍မကုန်နိုင် သည့် ကြီးကျယ်သောစည်းစိမ်ဥစ္စာများကို ရရှိခံစားရမည်။ ရရှိသည့် စည်းစိမ်ဥစ္စာများသည်လည်း ယုတ်လျော့သွားခြင်းမရှိဘဲ အကြိတ်အခဲ အမြဲတည်နေမည်။ ဤသည်မှာ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရကျိုးများ ဖြစ်သည်။

ဤမျှသာမကသေး၊ ကမ္ဘာတစ်သိန်းကာလပတ်လုံး အပါယ်လေးပါးသို့ လုံးဝမလားရောက်ရဘဲ ကမ္ဘာတစ်သိန်းလွန်မြောက်သောအခါ ဂေါတမဘုရားရှင်ပွင့်တော်မူလာ၍ ဘုရားရှင်၏သာသနာတော်၌ ကုဋေရှစ်ဆယ်သောဥစ္စာတို့ကို စွန့်လွှတ်ကာ ရဟန်းပြုမည်။ မကြာမီ သုဘူတိမည်သော ပဋိပဏ္ဍိပ္ပဒါပတ္တရဟန္တာဖြစ်မည်ဟု ပဒုမုတ္တရဘုရားရှင်က သုဘူတိမထေရ်လောင်း ကောသိယရသေ့ကြီးအား ဗျာဒိတ်ပေးတော်မူခဲ့သည်။

ပဒုမုတ္တရဘုရားရှင် ဗျာဒိတ်ပေးတော်မူခဲ့သည့်အတိုင်း ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများရကျိုးများကို ရရှိခံစားခဲ့ရကြောင်း အရှင်သုဘူတိရဟန္တာမထေရ်ကြီး ပြန်လည်ဟောကြားသည်ကို သုဘူတိထေရအပဒါန်၌ လေ့လာတွေ့ရှိရ၏။

**အနုဿတိဋ္ဌာနစသောသုတ်များလာအကျိုးများ**

၁။ ရဟန်းတို့ မြင့်မြတ်သောတပည့်သာဝကသည် ဣတိပိ သော ဘဂဝါ အရဟံ-စသည်ဖြင့် ဘုရားရှင်၏ဂုဏ်တော်များကို အောက်မေ့ပွားများနေငြားအံ့။ ထိုအချိန်တွင် ထိုပုဂ္ဂိုလ်၏သန္တာန်၌ ရာဂထကြွသောင်းကျန်းသော စိတ်လည်းမရှိ၊ ဒေါသထကြွ သောင်းကျန်းသော စိတ်လည်းမရှိ၊ မောဟထကြွ သောင်းကျန်းသောစိတ်လည်း မရှိ၊ ထိုပုဂ္ဂိုလ်၏စိတ်သည် ကာမဂုဏ်တရားငါးပါးတို့မှ လွတ်မြောက်၍ ဖြောင့်မတ် ဖြူစင်သောစိတ်သာ ဖြစ်နေ၏ဟု အနုဿတိဋ္ဌာနသုတ်၌ ဟောကြားထား၏။

၂။ ရဟန်းတို့၊ အချို့သောသူသည် အလွန်သက်ဝင်ယုံကြည်သောသဒ္ဓါဖြင့် ဘုရားရှင်၏ဂုဏ်တော်များကိုဖြစ်စေ၊ တပည့်သာဝကသံဃာ၏ ဂုဏ်တော်များကိုဖြစ်စေ အောက်မေ့ငြားအံ့၊ ထိုအောက်မေ့ခြင်းသည် အောက်မေ့ခြင်းဟူသမျှတွင် အမြတ်ဆုံး အကျိုးအရှိဆုံး အောက်မေ့ခြင်းဖြစ်၏။ ဤအမြတ်ဆုံး အောက်မေ့ခြင်းဖြစ်သော

ဗုဒ္ဓါနုဿတိဘာဝနာဖြင့် သတ္တဝါအားလုံးတို့၏စိတ်သည် ရာဂ, ဒေါသ, စသော ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်နိုင်၏။ စိုးရိမ်ပူဆွေးရခြင်း သောက၊ ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝတို့ကို ကျော်လွှားလွန်မြောက်နိုင်၏။ ဖြစ်ပေါ်နေသောကိုယ်ဆင်းရဲမှု (ကာယိက ဒုက္ခ)၊ စိတ်ဆင်းရဲမှု(စေတသိကဒုက္ခ)အားလုံးတို့ ချုပ်ငြိမ်းကွယ်ပျောက် နိုင်၏။ နောက်ဆုံး အရိယမဂ်ကိုရရှိရောက်ရှိပြီး နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ပေသည်ဟု ဆက္ကအင်္ဂုတ္တိုရ်ပါဠိတော်၊ အနုတ္တရိယသုတ်၌ ဖတ်ရှု ရ၏။

၃။ ရဟန်းတို့၊ သင်တို့သည် လူသူကင်းပြတ် တောတောင် အရပ်၌ဖြစ်စေ၊ လူသူကင်းရှင်း သစ်ပင်ရင်း၌ဖြစ်စေ၊ မြို့ရွာတွန်သံ မဆူညံဘဲ အသံတိတ်ချိန် ဆိတ်ငြိမ်ရာအရပ်၌ဖြစ်စေ၊ ရောက်ရှိနေ သည့်အခါ ဘုရားဂုဏ်တော်ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ အမှတ်ရကြကုန်လော့။ သံဃာတော်၏ဂုဏ်တော်ကို အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရကြကုန်လော့။

ရဟန်းတို့ ဤသို့ အံ့ချီးမကုန် ဘုရားရှင်၏ကျေးဇူးဂုဏ်ကိုဖြစ်စေ၊ တွက်ရေမကုန် တရားတော်၏ကျေးဇူးဂုဏ်ကိုဖြစ်စေ၊ များလှဖုံဖုံ အရိယာသံဃာတော်မြတ်တို့၏ ကျေးဇူးဂုဏ်ကိုဖြစ်စေ၊ အခါခါ အထပ်ထပ် သဒ္ဓါဟုန်ဓာတ်ဖြင့် အောက်မေ့အမှတ်ရကြကုန်သော သင်တို့၏သန္တာန်၌ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြက်သီး မွေးညင်းထခြင်းစသော ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ် ဟူသမျှသည် မုချမဖြစ်ပေါ်နိုင်တော့အံ့-ဟု သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ သက္ကသံယုတ်၊ ဓဇဂ္ဂသုတ်၌ မြတ်စွာဘုရားဟောကြား ထား၏။

**ဝိသုဒ္ဓိမဂ်လာအကျိုးများ**

ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ယောဂီ ပုဂ္ဂိုလ်သည်-

၁။ မြတ်စွာဘုရားကို အလွန်ရိုသေ၍ ဘုရားစကားတော်ကို အလွန်လိုက်နာ၏။

၂။ ဂုဏ်တော်များကိုသိရ၍ မြတ်စွာဘုရားအပေါ်၌ အရိယာ ပုဂ္ဂိုလ်အလား ကြည်ညိုသဒ္ဒါပွား၏။ အသက်ကြီးသော် လည်း မေ့လျော့မှုမဖြစ်နိုင်လောက်အောင် သတိကောင်း၏။ အလွန်နက်နဲသည့်ဘုရားဂုဏ်တော်များ၌ ဉာဏ်ကျက်စား နေရသည့်အတွက် အသိဉာဏ်တိုးတက်ထက်မြက်လာ၏။ ကြီးကျယ်သောကုသိုလ်တရားများ ဖြစ်ပွားရ၏။

၃။ နှစ်သက်ဝမ်းမြောက်မှု အနုအရင့် ပီတိတရားများ အဖြစ် များ၏။

၄။ ကြောက်မက်ဖွယ်ကောင်း ဘေးအန္တရာယ်အပေါင်းနှင့် ကြုံတွေ့ရစေကာမူ ထိုဘေးအန္တရာယ်တို့ကို မကြောက်မရွံ့ ရဲဝံ့စွာခံနိုင်၏။

၅။ ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခမှန်သမျှကို သည်းခံနိုင်စွမ်း ရှိ၏။

၆။ ဘုရားရှင်နှင့်အတူတကွနေရသည်ဟူသော အမှတ်သညာ မျိုး ရှိနေ၏။ (မည်သည့်နေရာသွားသွား ဘုရားရှင်နှင့်အတူ ပါနေသည်ဟု မှတ်ထင်၏)။

၇။ ဗုဒ္ဓါနုဿတိဖြင့်အမြဲထုံထားသဖြင့် ဗုဒ္ဓါနုဿတိ၏ ကိန်း အောင်းရာဖြစ်သည့် ယောဂီ၏ခန္ဓာကိုယ်သည် စေတီအိမ် (ဝါ) ဂန္ဓကုဋီတိုက်ကဲ့သို့ဖြစ်၏။ အပူဇော်ခံထိုက်၏။

၈။ ယောဂီ၏စိတ်သည် ဘုရားအဖြစ်၌ ညွတ်၏၊ (ဝါ)ဘုရား ဖြစ်လိုစိတ် ပေါ်လာ၏။

၉။ မိမိရှေ့တွင် ဘုရားရှင်အစဉ် သီတင်းသုံးနေသကဲ့သို့ရှိ၍ မကောင်းမှုတစ်စုံတစ်ခုကိုပြုလုပ်ရန် ရှက်ရွံ့လျက်ရှိ၏။

၁၀။ ဝိပဿနာတက်၍ အထက်မဂ်ဖိုလ်တိုင်အောင် ထိုးထွင်း မသိလျှင်လည်း နောင်ဘဝတွင် သုဂတိဘဝသို့ရောက်ရန် သေချာ၏။

ဤသို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဗုဒ္ဓါနုဿတိပွားရကျိုး(၁၀)မျိုးတို့ကို မိန့်ဆိုထား၏။

**ထေရထေရီပါဠိအဋ္ဌကထာလာအကျိုးများ**

ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများအားထုတ်သောယောဂီသည်-

၁။ စေတီအိမ်နှင့်တူ၍ သူတစ်ပါးတို့၏ရှိခိုးပူဇော်မှုကိုခံထိုက်ခြင်း၊

၂။ စိတ်တည်ကြည်ရရှင့်ခြင်း၊

၃။ မတွေမဝေ သေရ၍ သုဂတိဘဝသို့ လားရောက်ရခြင်း၊

၄။ နောင် ဘုရားနှင့်တွေ့သည့်အခါ ဘုရားဟောတရားကို သိလွယ်ခြင်း၊

၅။ မြတ်သောအမျိုး၌ ဖြစ်ရခြင်း၊

၆။ သူတစ်ပါးတို့၏ အရိုအသေပြုမှုကိုခံရခြင်း၊

၇။ ဥပမိရုပ်သွင်လက္ခဏာ ကိုယ်အင်္ဂါကောင်းနှင့် ပြည့်စုံခြင်း၊

၈။ လှပသော အဆင်းရှိခြင်း၊

၉။ ကိုယ်အနံ့ ကြိုင်သင်းခြင်း၊

၁၀။ ခံတွင်းအနံ့ မွှေးကြိုင်ခြင်း၊

၁၁။ ဉာဏ်ပညာကြီးခြင်း၊

၁၂။ နက်နဲသော ဉာဏ်ပညာရှိခြင်း၊

၁၃။ ထက်မြက်သော ဉာဏ်ပညာရှိခြင်း၊

၁၄။ လျင်သော ဉာဏ်ပညာရှိခြင်း၊

၁၅။ ရွှင်သော ဉာဏ်ပညာရှိခြင်း၊

၁၆။ ဆန်းကြယ်သော ဉာဏ်ပညာရှိခြင်း၊

၁၇။ စကားကောင်းကိုပြောဆိုနိုင်ခြင်း (ဝါ) စကားပြောကောင်း ခြင်း-

-ဟူသော အကျိုးများကိုရရှိနိုင်သည်ဟု ထေရထေရီပါဠိတော်နှင့် အဋ္ဌကထာများ၌ လာရှိပေသည်။

ဤဂုဏ်တော်ပွားကျိုး(၁၇)မျိုးကို ရှေးပညာရှင်များက အောက်ပါ အတိုင်း လင်္ကာစီကုံးခဲ့ပေသည်။

စေတီအတူ၊ စိတ်မူတည်ကြည်။ ရောက်မည်နတ်ရွာ၊
တွေ့ခါသိလွယ်၊ မြတ်နွယ်အမျိုး၊ ရိုကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊
ဆင်းလှစွာနှင့်၊ ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊ ကြီးမူ
ပညာ၊ နက်စွာထက်ရှင်၊ လျင်မြန်ဆန်းကြယ်၊ ကောင်းကြွယ်
စကား၊ ဆိုနိုင်ငြားသည်၊ ဘုရားဂုဏ်တော်ပွားကျိုးတည်း။

ထို့ပြင် မိလိန္ဒပဉှာပါဠိတော်၊ ဗုဒ္ဓဂုဏာသတိပဋိလာဘပဉှာ-၌ အနှစ်တစ်ရာကာလပတ်လုံး အကုသိုလ်မကောင်းမှုကိုပြုလုပ်ခဲ့စေကာမူ သေခါနီးကာလ၌ ဘုရားဂုဏ်တော်တစ်ပါးကို အောက်မေ့ သတိရခဲ့ ပါလျှင် ထိုသူသည် နတ်ပြည်တို့၌ဖြစ်နိုင်၏ဟု ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးတရားကို မိန့်ကြားထားပေသည်။

## နဂါးဘေးမှလွတ်သည့်အလမ္ပာယ်ဆရာ

ဤ၌ ဗုဒ္ဓါနုဿတိဘာဝနာကြောင့် ကောင်းကျိုးရကြသည့် အကျိုးပြဝတ္ထုများကို ပြဆိုပါမည်။

ကဿပဘုရားရှင်သာသနာတော် ထွန်းလင်းနေစဉ်အခါ၌ အလမ္ပာယ်ဆရာတစ်ယောက်သည် မြွေရှာသွားရာ မိုးချုပ်သွားသဖြင့် အနီးအနားရှိရွာတစ်ရွာ၌ ဝင်အိပ်၏။ ထိုရွာ၌နေသောသူတို့ ညအခါ ရွတ်ဖတ်သရဇ္ဈာယ်ကြသည့် ဘုရားဂုဏ်တော်များအသံကို ကြားရ၍ မှတ်သားထားလိုက်၏။

နံနက်မိုးသောက် အလင်းရောက်သည့်အခါ မြွေရှာထွက်စဉ် နဂါးမင်းကိုတွေ့၍ မြွေထင်မှတ်သဖြင့် ဖမ်းမည်ပြု၏။ နဂါးမင်း အမျက် ထွက်၍လိုက်လေရာ အလမ္ပာယ်ဆရာခမျာ ကြောက်ကြောက်လန့်လန့်

ဖြင့် ထွက်ပြေးရရှာ၏။ ယင်းသို့ထွက်ပြေးစဉ် ကျောက်တုံးတစ်တုံးကို တိုက်မိ၍ လဲလေရာ အလွန်ကြောက်လှသဖြင့် ညက ကြားဖူးမှတ်ဖူး ခဲ့သည့် ဘုရားဂုဏ်တော်များကို ရွတ်ဖတ်လိုက်လေသည်။

ထိုအခါ နဂါးမင်းသည် မလိုက်တော့ဘဲ ရွှေပန်းသုံးပွင့်ကို ပေး လိုက်သတဲ့။ တစ်ပွင့်ကို ငါ၏ကိုယ်စား စေတီတော်ကို ပူဇော်ပါ။ တစ်ပွင့်ကို သင့်အတွက်ပူဇော်ပါ။ နောက်ဆုံးတစ်ပွင့်နှင့် သင်၏အသက် မွေးမှုပြုပါဆိုပြီး လွှတ်လိုက်၏။ အလမ္ဗာယ်ဆရာလည်း နဂါးမင်း ဆိုသည့်အတိုင်းပြု၍ အလမ္ဗာယ်ဆရာဘဝကို စွန့်လွှတ်ပြီး ကုသိုလ် ကောင်းမှုပြုကာနေတော့သည်ဟု ဆိုပေသည်။

**ဖုတ်ဘေးမှလွတ်သည့်ကုန်သည်ကြီး**

သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ)၌ အနုရာဓမြို့နှင့် မနီးမဝေးတွင် မဟာတိတ္တခေါ်သော ရွာကြီးတစ်ရွာရှိသတဲ့။ ထိုရွာ၌ နန္ဒဝါဏိဇ္ဇ ဇနီးမောင်နှံတို့သည် ရတနာသုံးပါးကို အလွန်ကြည်ညို ဆည်းကပ် ကြ၏။ သို့သော် ဗုဒ္ဓါနုဿတိဘာဝနာကို ဥပစာရရောက်လောက် အောင် ပွားများနေမှုမျိုးတော့မရှိသေးချေ။

တစ်နေ့တွင် နန္ဒဝါဏိဇ္ဇကုန်သည်က ဇနီးသည်အား အိမ်၌ ထားခဲ့ပြီး လှေတစ်စင်းဖြင့် ကုန်ရောင်းကုန်ဝယ်သွားခဲ့သည်။ သီဟိုဠ် ဘုရင်က မဟာတိတ္တရွာကြီးကိုအပိုင်စားပေးထားသည့် သီဝအမတ်ကြီး သည် မြစ်ဆိပ်ဆင်းပြီး ကြည့်မည်ဆိုသဖြင့် ရွာသူရွာသားများက လမ်းများတွင် တံခွန်ကုက္ကားများစိုက်ထူ ရေအိုးတည် စသည်ဖြင့် မြစ်ဆိပ်အထိ ကောင်းစွာပြုပြင် တန်ဆာဆင်ထားကြသည်။

ရွာစားကြီးသီဝအမတ်သည် ကောင်းကောင်းမွန်မွန် ဝတ်စား ဆင်ယင်ကာ နောက်လိုက်နောက်ပါအခြွေအရံများနှင့် ရထားစီးပြီး မြစ်ဆိပ်သို့ဆင်းလာရာ နန္ဒကုန်သည်၏အိမ်တံခါးနားအရောက်တွင် အိမ်အပေါ်ထပ်လေသာပြတင်းမှ ထွက်ကြည့်နေသည့် နန္ဒ၏ဇနီးချော

ကို ရုတ်တရက်မြင်လိုက်၏။ ထိုအခါ အမတ်ကြီးသည် နန္ဒ၏ဇနီးအား စွဲလမ်းချစ်ခင် မေတ္တာသက်ဝင်သွား၏။ အနားက အခြွေအရံများကို 'ဒါ ဘယ်သူ့သမီးလဲ၊ သူ့မှာ လင်သားရှိသလား'ဟု မေးလိုက်၏။ အခြွေအရံများက 'နန္ဒကုန်သည်ရဲ့ဇနီးပါ။ သူ့ယောက်ျားကုန်ရောင်း ကုန်ဝယ် ထွက်နေပါတယ်'ဟု ပြန်ပြောကြ၏။

အမတ်ကြီးသည် အိမ်ပြန်ရောက်သည့်အခါ ပြောတတ်ဆိုတတ်ရှိသည့် မိန်းမတစ်ယောက်ကို ငွေတစ်ထောင်လက်ဆောင်ပေးပြီး သွေးဆောင်ဖြားယောင်းခိုင်းလိုက်သည်။သို့သော် နန္ဒ၏ဇနီးက ငြင်းပယ်လိုက်သည်။ ဒုတိယအကြိမ် ငွေနှစ်ထောင်၊ တတိယအကြိမ်တွင် ငွေသုံးထောင်၊ စတုတ္ထအကြိမ်တွင် ငွေလေးထောင် လက်ဆောင်ပေးစေကာ ထိုမိန်းမကိုပင် အောင်သွယ်ခိုင်းလိုက်သည်။ သို့သော် အောင်မြင်မှုမရခဲ့ပေ။

ထိုအခါ အမတ်ကြီးသည် လူသေကောင်ကြီးကို ဖုတ်သွင်းတတ်သည့် 'ဘူတဝဇ္ဇ'ခေါ် ဆရာနှင့် တိုင်ပင်သည်။ ထို့နောက် ညသန်းခေါင်ယံအချိန်တွင် သုသာန်သို့သွားကြပြီး လတ်ဆတ်နေသေးသည့် လူသေကို အစာကျွေးကာ ဂါထာမန္တရားမန်းမှုတ်ထားသောရေနှင့် ဖြန်းလိုက်၏။ ထိုအခါ လူသေကောင်ကြီး ထလာလေရာ 'ကုန်သည် နန္ဒရှိသည့်နေရာကို လိုက်သွားပြီး ဒီသန်လျက်နဲ့ ဖက်ဖြတ်သတ်ခဲ့ရမယ်'ဟု အမိန့်ပေးစေခိုင်းလိုက်၏။ ဖုတ်သွင်းထားသည့် လူသေကောင်ကြီးသည် သန်လျက်ကိုစွဲယူပြီး ကုန်သည်နန္ဒရှိရာသို့ လိုက်လေသည်။ နန္ဒ၏လှေတွင် အတူပါလာကြသည့် လှေသားများသည် လှိုင်းတံပိုးကြီးများကိုကျော်ဖြတ်ကာ နန္ဒရှိရာသို့ သန်လျက်ကြီးကိုင်စွဲပြီး လာနေသည့် ဖုတ်ကောင်ကြီးကိုတွေ့မြင်ကြ၍ လန့်ပြီးအော်ဟစ်ကြသတဲ့။

ကုန်သည်နန္ဒက 'မိတ်ဆွေတို့၊ မာရ်ငါးပါးကိုအောင်မြင်တော်မူသော မြတ်စွာဘုရား ဗောဓိပင်အောက်ရွှေပလ္လင်တော်ပေါ်မှာ သီတင်း

သုံးနေသည့်ပုံကို စိတ်ထဲမှာထင်လာအောင် နှလုံးသွင်းကြ၊ ဂုဏ်တော်ကိုးပါးကို တစ်ပါးပါးပွားများနေကြပါ'ဟု သတိပေးတိုက်တွန်းပြီး မိမိကိုယ်တိုင်လည်း ဘုရားဂုဏ်တော်ကို ပွားများလျက်နေသည်။

ဖုတ်သွင်းလွှတ်လိုက်သည့် လူသေကောင်ကြီးသည် လေ့နားသို့ပင် မကပ်နိုင်သဖြင့် လှည့်ပြန်လာခဲ့ရသည်။ သီဝအမတ်ကြီးနှင့် ဖုတ်သွင်းဆရာတို့က သုံးကြိမ်သုံးခါ ဖုတ်သွင်းလွှတ်သော်လည်း လေ့နားသို့ မကပ်နိုင်သဖြင့် သုံးကြိမ်လုံးပြန်လာခဲ့ရသည်။ နောက်ဆုံးအကြိမ်၌မူ ဖုတ်ကောင်ကြီးသည် ကိုင်စွဲထားသည့် သန်လျက်ဖြင့် ဆရာနှင့် သီဝအမတ်ကြီးတို့၏လည်ပင်းကို ခုတ်ဖြတ်လိုက်လေတော့၏။

ဤသို့ နန္ဒကုန်သည်နှင့်အပေါင်းပါတို့သည် ဗုဒ္ဓါနုဿတိဘာဝနာ တန်ခိုးကြောင့် ဖုတ်ဘေးမှလွတ်မြောက်ခြင်းအကျိုးကို ရရှိခဲ့ကြသည်။

## ရေပေါ်လျှောက်နိုင်သောမင်းမိဖုရားများ

ကျွန်ုပ်တို့ ဗုဒ္ဓရှင်တော်မြတ်ဘုရားလက်ထက်တော်က ကုက္ကုရဝတီ မင်းနေပြည်၌ မဟာကပ္ပိနမင်း မင်းပြု၏။ ထိုမင်း၏မိဖုရားကြီးမှာ အနောဇာဒေဝီဖြစ်၏။ မင်းကြီးသည် သူ၏ မြင်းစီးသူရဲကောင်း သုံးယောက်ကို သုံးယူဇနာတိုင်အောင်သော အရပ်သို့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာများ ထွန်းပေါ်,မထွန်းပေါ် စုံစမ်းရန် နေ့စဉ်စေလွှတ်လေ့ရှိသည်။ သို့သော် သတင်းကောင်းကို တစ်ခါမျှမကြားရ၍ နေ့စဉ် အားမရ ဖြစ်နေရသည်။

တစ်နေ့တွင်မူ အမတ်တစ်ထောင်နှင့်အတူ မြင်းကိုယ်စီဖြင့် ဥယျာဉ်တော်သို့သွားနေစဉ် ခရီးပန်းလာပုံရသော ကုန်သည်ငါးရာတို့ မြို့ဆီသို့ လာနေသည်ကို တွေ့၍ အခေါ်လွှတ်လိုက်သည်။ ကုန်သည်တို့ ရှေ့တော်မှောက်သို့ရောက်လျှင် 'မောင်မင်းတို့..၊ ဘယ်အရပ်ကလာခဲ့ကြသလဲ၊ မောင်မင်းတို့၌ ဘာသတင်းထူးများပါသလဲ'ဟု မေးတော်မူလိုက်သည်။ 'အရှင်မင်းမြတ်၊ သာဝတ္ထိမြို့မှလာခဲ့ကြပါသည်၊ ဗုဒ္ဓမြတ်စွာ

ပွင့်နေသည့် သတင်းထူးပါလာပါသည်'ဟု သံတော်ဦးတင်လိုက်ကြသည်။

ထိုအခါ ဘုရင်ကြီးမှာ 'ဗုဒ္ဓ'ဆိုသည့်အသံကို ကြားလိုက်ရသည့်ခဏ၌ပင် တစ်ကိုယ်လုံးပီတိဖုံးသွားပြီး ရွှင်လန်းဝမ်းမြောက်လွန်းရကားမေ့သကဲ့သို့ဖြစ်သွားသတဲ့။ သတိရသည့်အခါ 'အမောင်တို့ ဘာပြောလိုက်ကြသလဲ'ဟုမေးပြန်ရာ၊ 'မင်းမြတ်၊ ဗုဒ္ဓမြတ်စွာပွင့်နေပါပြီ'ဟုလျှောက်တင်ပြန်ရာ ရှေ့ကကဲ့သို့ပင် မေ့သွားပြန်၏။ ဤသို့ဖြင့်သုံးကြိမ်တိုင်တိုင်မေ့ပြီး လေးကြိမ်မြောက်မှပင် စိတ်ကိုမေ့မသွားအောင်ထားနိုင်လေတော့၏။

'အမောင်တို့...၊ ဗုဒ္ဓပွင့်တော်မူကြောင်း သတင်းကောင်းကြားရသည့်အတွက် ကျေးဇူးတရား ကြီးမားလှပါပေသည်။ အမောင်တို့အားဆုငွေတစ်သိန်းချီးမြှင့်မည်။ နောက်ထပ် ဘာသတင်းထူးများပါပါသေးသလဲ'ဟုမေးပြန်ရာ၊ 'မင်းကြီး၊ တရားရတနာလည်းဖြစ်ပေါ်နေပါပြီ'ဟုသံတော်ဦးတင်ကြရာ ရှေ့ကကဲ့သို့ပင် သုံးကြိမ်တိုင်တိုင် ပီတိအဟုန်ကြောင့် မေ့သွားပြီး၊ လေးကြိမ်မြောက်တွင်မှ မမေ့တော့ဘဲရှိရာ၊ကုန်သည်တို့အား နောက်ထပ်အသပြာတစ်သိန်း ဆုချတော်မူသည်။

'နောက်ထပ် ဘာသတင်းထူးပါသေးသလဲ'ဟု တတိယအကြိမ်မေးသည့်အခါ 'ထိုတရားအတိုင်းကျင့်၍ တရားထူးရကြသော အရိယာသံဃာတော်လည်း ပေါ်နေပါပြီ'ဟု သံတော်ဦးတင်ကြပြန်ရာ၊ ရှေ့ကအတိုင်းပင် ပီတိအဟုန်ဖြင့် သုံးကြိမ်တိုင်အောင်မေ့၍ လေးကြိမ်မြောက်တွင် ဆုတော်ငွေတစ်သိန်း ပေးပြန်လေသည်။

ထို့နောက် မြတ်ဗုဒ္ဓထံတော်သို့အရောက်သွားကြရန် ဆုံးဖြတ်ကြပြီး အနောဇာဒေဝီထံသို့ 'ဤသူတို့အား ဆုတော်ငွေသုံးသိန်းပေးရန်' စာရေးပေးပြီး ဖြစ်ကြောင်းကုန်စင်ကို အနောဇာဒေဝီအား သံတော်ဦးတင်လိုက်ကြရန် မှာကြားလျက် ယူဇနာ ၁၂၀ (၁၂၀ × ၈ မိုင် = ၉၆၀ မိုင်)ဝေးသော သာဝတ္ထိမြို့သို့ မြင်းကိုယ်စီဖြင့် ခရီးနှင်ကြလေသည်။

ဤသို့ ခရီးနှင်ကြရာ၌ ရှေးဦးစွာ ရေအနက် တစ်ဂါဝုတ်၊ **အကျယ်နှစ်ဂါဝုတ်ရှိသော အပရဏ္ဏာမြစ်ကိုတွေ့၍ လှေလည်းမရှိ ဖောင်လည်း** မပါသောကြောင့် ဗုဒ္ဓဂုဏ်တော်ကိုအာရုံပြုကာ မြစ်အတွင်းသို့ မြင်းတို့ကိုနှင်လေရာ ခွာကိုမျှရေမစွတ်ဘဲ တစ်ဖက်ကမ်းသို့ ရောက်ကြသည်။ ထို့နောက် ယူဇနာဝက်အနက်အကျယ်ရှိသော နီလဝါဟိနီမြစ်ကို တွေ့ကြပြန်ရာ တရားဂုဏ်တော်ကိုအာရုံပြု၍လည်းကောင်း၊ နောက်အနက်အကျယ်တစ်ယူဇနာရှိသော စန္ဒဘာဂါမြစ်ကိုတွေ့ပြန်ရာ အရိယသံဃာဂုဏ်ကိုအာရုံပြု၍လည်းကောင်း မြင်းများကိုနှင်ကြရာ ခွာကိုမျှရေမစွတ်ဘဲ တစ်ဖက်ကမ်းသို့ရောက်ကြသည်ချည်း ဖြစ်ကြသည်။

စန္ဒဘာဂါမြစ်ကိုကူးပြီးသောအခါ ခပ်လှမ်းလှမ်းကပင် ညောင်ပင်အောက်၌ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် သပ္ပာယ်စွာ အသင့်ကြိုနေတော်မူသော ဗုဒ္ဓမြတ်စွာကိုဖူးမြင်ရသော် 'ကောန်မှုချ ဗုဒ္ဓရှင်တော်ပဲ' ဟုဆိုးဖြတ်၍ မြင်းပေါ်မှဆင်းကြပြီး မဟာကပ္ပိနမင်းကြီးသည် အမတ်တစ်ထောင်နှင့်အတူ ဗုဒ္ဓမြတ်စွာ၏အနီးသို့ ရိုသေစွာချဉ်းကပ်ကြလေသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားတော်ကို နာယူကြရာ တရားတော်အဆုံး၌ သောတာပန်တည်ကြပြီး ဧဟိဘိက္ခုရဟန်းတော်များ ဖြစ်သွားကြလေသည်။

အနောဇာဒေဝီမိဖုရားလည်း မင်းကြီးထံမှပို့လိုက်သည့် သတင်းအရ အကြောင်းစုံသိရသည့်အခါ သတင်းပို့သူအား မင်းကြီးထက်သုံးဆတက်ပြီး သတင်းတစ်ခုကို သုံးသိန်းကျဖြင့် ကိုးသိန်းဆုချတော်မူ၏။ ထို့နောက် အမတ်ကတော်တစ်ထောင်တို့နှင့်အတူ အာဇာနည်မြင်းရထားကိုယ်စီဖြင့် မင်းကြီးတို့နောက်သို့လိုက်ကြ၏။ မဟာကပ္ပိနမင်း**အမတ်တို့ကဲ့သို့**ပင် ရတနာသုံးပါး၏ဂုဏ်တော်ကို အာရုံပြုကာ **မြစ်ကြီးသုံးစင်းတို့ကို** ကျော်ဖြတ်နိုင်ခဲ့ကြပြီးနောက် ဘုရားရှင်ထံတော်မှောက်သို့ ရောက်သွားကြ၏။

သို့ရာတွင် မင်းကြီးနှင့်အမတ်တစ်ထောင်တို့ကို ဘုရားရှင်က မမြင်ရအောင် တန်ခိုးတော်ဖြင့်ကွယ်ထား၍ မတွေ့မြင်ကြရချေ။ ဘုရားရှင်ကိုလျှောက်ထားကြသည့်အခါ 'ထိုင်ကြဦး၊ ဒီနေရာမှာပဲ တွေ့ရလိမ့်မယ်'ဟု မိန့်တော်မူပြီး တရားဟောတော်မူရာ အနောဇာဒေဝီနှင့်အမတ်ကတော်တစ်ထောင်လုံး သောတာပန်တည်ကြ၍ မူလက သောတာပန်ဖြစ်ပြီးကြသည့် မင်းအမတ်တို့အားလုံး ပဋိသမ္ဘိဒါပတ္တ ရဟန္တာများ ဖြစ်သွားကြသည်။ အနောဇာဒေဝီနှင့် အမတ်ကတော် တစ်ထောင်တို့လည်း သာဝတ္ထိမြို့သို့သွား၍ ဥပ္ပလဝဏ်ထေရီထံ၌ ဘိက္ခုနီပြုကြလေသည်။

ဤ၌ မင်းအမတ်တို့ကိုမမြင်အောင် တန်ခိုးတော်ဖြင့် ကွယ်ထားခြင်းမှာ အနောဇာဒေဝီနှင့် အမတ်ကတော်တို့ ဖန်ရည်စွန်းသည့် သင်္ကန်းကိုဆင်မြန်းထားပြီး ဦးပြည်းခေါင်းတုံးဖြစ်နေကြသည့် မင်းအမတ်တို့ကိုမြင်ရလျှင် စိတ်တည်ငြိမ်မှုမရဘဲဖြစ်သွား၍ မဂ်ဖိုလ်ကို ရနိုင်စွမ်းရှိမည်မဟုတ်သောကြောင့် သာသနာတော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်သည့် အစလသဒ္ဒါတည်ပြီးသည့်အခါမှသာ ထိုရဟန်းတော်တို့ကို ပြသခြင်းဖြစ်ပေသည်။

ဤသို့ ဘုရားဂုဏ်ကို အာရုံပြုပွားများခြင်းဟူသော ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ကြောင့် မြစ်ကြီးသုံးစင်းကို မြင်း,မြင်းရထားများဖြင့် မြေပြင်အလား ကူးသွားနိုင်သည့်အပြင် မဂ်ဖိုလ်ရကြသည့်အထိ ကြီးမားသောအကျိုးတရားများ ရရှိကြသည်ကိုပင် အပဒါန်ပါဠိတော်၊ မဟာကပ္ပိနထေရအပဒါန်၌ တွေ့ရှိရသည်။

## ခြေတစ်လှမ်းကုဋေတစ်သန်းတန်သောသူဌေးကြီး

အနာထပိဏ်သူဌေးကား ဗုဒ္ဓဘာသာဝင်များနှင့်ရင်းနှီးပြီးဖြစ်၏။ အနာထပိဏ်ဆိုလျှင် မသိသူအလွန်ရှား၏။ ဗုဒ္ဓဘာသာဝင် ကလေးငယ်များကစပြီး သိကြ၏။ သာဝတ္ထိမြို့တွင် ဘုရားရှင်သီတင်းသုံးတော်မူရန်

ဖေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းသူဖြစ်၍ ဘုရားကျောင်းဒါယကာကြီးအဖြစ် သိကြခြင်းဖြစ်သည်။

သူဌေးကြီးသည် ကျောင်းဒကာမဖြစ်မီက သာဝတ္ထိနှင့် ရာဇဂြိုဟ် ကုန်ကူးသန်းရောင်းဝယ်နေ၏။ ရာဇဂြိုဟ်မြို့သို့ ရောက်သည့်အခါ မောင်လှယ်နှမလှယ် သမီးယောက်ဖတော်စပ်သူ ရာဇဂြိုဟ်သူဌေး ထံတွင် တည်းခိုလေ့ရှိ၏။ ရာဇဂြိုဟ်သူဌေးကလည်း အနာထပိဏ် သူဌေးလာသည့်သတင်းကိုကြားသည်နှင့်တစ်ပြိုင်နက် မြို့ပြင်ထွက်ကာ ကြိုဆိုလေ့ရှိသည်။

ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်၌ ဒုတိယဝါကပ် ပြီးသည့်အချိန်၌ အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်သို့ကုန်ရောင်းထွက်ခဲ့သည်။ ရာဇဂြိုဟ် မရောက်မီ တစ်ယူဇနာအကွာတွင် မိမိလာကြောင်း ရာဇဂြိုဟ်သူဌေးထံ သတင်းပို့ခဲ့သည်။ သို့သော် ရာဇဂြိုဟ်သူဌေးမှာ ဆွမ်းကိစ္စအတွက် စီမံနေရသဖြင့် ရှေးကကဲ့သို့ အနာထပိဏ်သူဌေးကို ထွက်မကြိုဆိုနိုင် ခဲ့ရှာပေ။ အိမ်ထဲရောက်မှသာ နှုတ်ဆက်စကားပြောနိုင်ခဲ့သည်။

ရာဇဂြိုဟ်သူဌေးသည် စီမံဖွယ်ကိစ္စများပြီးစီး၍ အတော်မိုးချုပ်မှ အနာထပိဏ်သူဌေးအနီး ထလာသောအခါ၊ အနာထပိဏ်သူဌေးက အလုပ်ကိစ္စများရသည့်အကြောင်းကို မေး၏။ နက်ဖြန်နံနက်တွင် ဗုဒ္ဓအမှူးရှိသောသံဃာတော်များကို ဆွမ်းကပ်ဖို့ကိစ္စရှိ၍ စီမံနေရကြောင်း ပြောသည့်အခါ 'ဗုဒ္ဓ'ဟူသောအသံကိုကြားရ၍ အနာထပိဏ်သူဌေး၏ တစ်ကိုယ်လုံး ခုဒ္ဒကာပီတိအစ ဖရဏာပီတိအဆုံး ပီတိငါးမျိုးလုံး လွှမ်းဖုံးသွားရကား မေ့သကဲ့သို့ဖြစ်သွား၏။ နောက်မှ 'သူဌေးကြီး၊ ဗုဒ္ဓလို့ပြောလိုက်ပါသလား'ဟု ထပ်မေးမြန်း၏။ 'ဗုဒ္ဓ'ဟူသော အဖြေ စကားကြောင့် ပီတိများထပ်တလဲလဲဖြစ်ပွား၍ သုံးကြိမ်တိုင်အောင် ထပ်၍ထပ်၍မေးလေသည်။ အနာထပိဏ်သူဌေးကြီးကား ဗုဒ္ဓမြတ်စွာ၏ ကျောင်းဒကာဖြစ်ဖို့ရန် ကမ္ဘာတစ်သိန်းအထက် ပဒုမုတ္တရရှင်တော် ဘုရားထံဆုပန်ခဲ့သူ ကျောင်းဒကာလောင်းဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓ

ဟူသော အသံသည်ပင် နားခံလို့အလွန်အရသာရှိလောက်အောင် **တတ်နိုက်ရကား ပီတိအတွေ့ဖြင့် မေ့သလိုဖြစ်ကာ သုံးကြိမ်တိုင်အောင် ထပ်၍မေးရခြင်းဖြစ်ပေသည်။**

ဗုဒ္ဓမြတ်စွာအကြောင်းကိုကြားရ၍ ချက်ချင်းပင် မြတ်စွာဘုရားထံတော်ပါးသို့သွားလိုလှသော်လည်း ရာဇဂြိုဟ်သူဌေးက 'မိုးချုပ်ပြီဖြစ်၍ မသွားသင့်ကြောင်း' ပြောကြားသည့်အတွက် ဘုံခုနစ်ဆင့်ရှိသောပြာသာဒ်ထက်သို့တက်ကာ အိပ်ရာဝင်ရ၏။ အိပ်ရာတွင် လဲလျောင်းလျက် နှုတ်မှ 'ဗုဒ္ဓ'၊ 'ဗုဒ္ဓ' ဟုရွတ်ဆိုပွားများရင်း ခေတ္တအိပ်ပျော်သွားခဲ့၏။ ညဉ့်ဦးယံလွန်ချိန်လောက်တွင်ပြန်နိုးလာပြီး မြတ်စွာဘုရား၏ဂုဏ်တော်များကို အဖန်ဖန်တလဲလဲဆင်ခြင်အောက်မေ့နေရာ ဘုရားရှင်၏အလွန်အားကြီးသော ကြည်ညိုခြင်း(ဗလဝသဒ္ဓါ)များ တဖွားဖွားဖြစ်ပွားလာ၏။ ထို့မှတစ်ဆင့် ကြည်နူးဝမ်းမြောက်ခြင်းပီတိများ ဖြစ်ပွားလာ၍ ပီတိကြောင့် မိမိကိုယ်မှအလင်းရောင်များပေါ်ထွက်လာရကား မိုးလင်းပြီဟုထင်မှတ်ကာ သုံးကြိမ်တိုင်အောင်ထ၍ လကိုကြည့်မိသတဲ့။

နောက်ဆုံးကြည့်ရာ၌ကား မိုးသောက်ချိန်ဖြစ်၍ အနည်းငယ်မှောင်နေသော်လည်း မိမိကိုယ်ရောင်ဖြင့် 'ကောင်းကောင်းလင်းပြီ' ဟုထင်ကာ ဘုံခုနစ်ဆင့်မှဆင်းလာခဲ့သည်။ အလိုလိုပွင့်ပြီးဖြစ်နေသည့် ဘုံခုနစ်ဆင့်ပြာသာဒ်ရှိ တံခါးခုနစ်ပေါက်ကိုလွန်မြောက်၍ လမ်းမကြီးအတိုင်းလျှောက်လာပြီး နတ်တို့ဖွင့်ထားသည့် မြို့တံခါးမှထွက်လိုက်ရာ ညဉ့်အချိန်တွင် သေဆုံး၍ မြို့ရိုးပေါ်မှ အပြင်ဘက်သို့ပစ်ချထားသော သူသေကောင်ကို တက်နင်းမိ၏။ အခြားသူသေကောင်တစ်ခုကိုလည်း ခြေဖမိုးဖြင့် တိုက်မိ၏။ ယင်ကောင်များ ဝေါကနဲထပျံရစ်ဝဲကြ၍ အပုပ်နံ့သည် သူဌေးကြီး၏နှာခေါင်းတွင်းသို့ တိုးဝင်လာ၏။ ထိုအခါ သူဌေးကြီးမှာ ကြောက်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းများ ဖြစ်လာကာကိုယ်မှအရောင်များ ကွယ်ပျောက်သွားသဖြင့် ပြန်မှောင်သွားလေ၏။

**ထိုအခါ ကြောက်လာသဖြင့် ရှေ့မတိုးဝံ့တော့ဘဲ 'ပြန်လှည့်ဦးမည်'ဟု ကြံမိလိုက်သည်နှင့်တစ်ပြိုင်နက် တရားရပြီးသည့် သချိုင်းစောင့်သိဝကခေါ် နတ်ဘီလူးက 'အို...သူဌေးကြီး၊ ဆင်ပေါင်းတစ်သိန်း၊** မြင်းပေါင်းတစ်သိန်း၊ အဿတိုရ်မြင်းက,သော ရထားပေါင်းတစ်သိန်း၊ ပတ္တမြားနားချောင်း သွယ်ပျောင်းစုံလင် တန်ဆာဆင်မြန်းထားသည့် အမျိုးသမီးပျိုတစ်သိန်း၊ ဤလေးသိန်းလေးလီ အခြံအရံပါသော စည်းစိမ်ကြီးကိုရခြင်းသည် ယခုအခါ ဘုရားရှင်ကိုဖူးမြော်ရန်နှင့် တရားတော်ကို နာယူရမည်ဟု ရည်ရွယ်မှန်းထား ကျောင်းတော်သို့ အရောက်သွားသည့် ခြေတစ်လှမ်း၏ (ဝါ)ခြေတစ်လှမ်း၌ ဖြစ်ပွားသည့် ကုသိုလ်စေတနာ၏ တစ်ဆယ့်ခြောက်စိတ် ဆယ်ခြောက်ပြန်စိတ်၍ တစ်စိတ်လောက်ကမျှ (ဝါ)နှစ်ရာ့ငါးဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကမျှ(၁၆×၁၆=၂၅၆)အဖိုးမထိုက်တန်ပါ။ အို–သေဌေးကြီး၊ ရှေ့သို့သာ သွားပါ။ နောက်ပြန်လှည့်ရန်မကြံပါနှင့်'ဟု အားပေးစကားပြောကြားလိုက်သည်။

ဤသို့ နတ်က အားပေးစကားပြောကြားလိုက်သည့်အခါ သူဌေးကြီးမှာ ကြောက်စိတ်ပျောက်ကာ ဗုဒ္ဓအာရုံရောက်မြဲရောက်ရကား ကိုယ်မှ အရောင်လည်း တောက်မြဲတောက်လာပြန်၏။ ထို့နောက် လူသေကောင်များကိုနင်းမိပြန်၍ ကြောက်ပြန်ရကား ကိုယ်ရောင်လည်း ပျောက်သွားပြန်၏။ ထိုအခါ နတ်က ထပ်၍အားပေးမြန်သောကြောင့် အကြောက်လည်းပျောက်၊ ကိုယ်ရောင်လည်းတောက်လာပြန်၏။ ဤသို့ သုံးကြိမ်တိုင်တိုင်ဖြစ်ပြီးမှ ဗုဒ္ဓမြတ်စွာသီတင်းသုံးတော်မူရာ သီတဝန တောအုပ်သို့ ဆိုက်ရောက်သွား၏။ ရှင်တော်ဗုဒ္ဓမှာ မိုးသောက်အားကြီး လင်းလုနီးကာလဝယ် လွင်တီးခေါင်၌ လူးလာတုံ့ခေါက် စင်္ကြံသျှောက်နေတော်မူဆဲဖြစ်သည်။

**သူဌေးကြီးလည်း** ဘုရားရှင်ထံသို့ချဉ်းကပ်သွားရင်းပင် 'ဤလောက၌ တိတ္ထိဆရာကြီးတို့ကလည်း သူတို့သာ ဘုရားများဖြစ်ကြ

သည်ဟု ပြောနေကြ၏။ ငါ-ဘယ်ပုံဘယ်နည်းဖြင့် ဘုရားစစ်၊ ဘုရားမှန် ကေန်ဖြစ်ကြောင်း သိရမလဲ၊ ငါရဲ့ အနာထပိဏ်ဆိုတဲ့ နာမည်ကိုတော့ သိကြတယ်။ ငါ့မိဘမှည့်ထားတဲ့ သုဒတ္တဆိုတဲ့ နာမည်ကိုတော့ ငါမှတစ်ပါး အခြားမည်သူမျှ မသိကြ။ အကယ်၍ ဘုရားစစ် ဘုရားမှန် ကေန်ဖြစ်ခဲ့လျှင် မြတ်စွာဘုရားဟာ သုဒတ္တ အမည်ကို ခေါ်တော်မူမှာပဲ' အကြံဖြစ်ပေါ်၏။

ဗုဒ္ဓမြတ်စွာသည် သူဌေးကြီးချဉ်းကပ်လာနေသည်ကို မြင်တော်မူ၍ စင်္ကြံတော်မှဆင်းသက်ပြီး ခင်းထားပြီးသောနေရာ၌ ထိုင်နေတော်မူကာ အနီးသို့ရောက်လာသည့်သူဌေးကြီးကို (သူ၏အကြံကို ကြိုတင်သိရှိပြီးဖြစ်သည့်အတိုင်း) 'သုဒတ္တ၊ လာခဲ့လော'ဟု ခေါ်တော်မူလေရာ၊ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး၊ 'ဗုဒ္ဓအစစ်ပါပဲ'ဟု ဆုံးဖြတ်၍ ခြေတော်အစုံတို့ကို မြတ်မြတ်နိုးနိုး ရှိခိုးဦးတိုက်လေသည်။

ထို့နောက် 'မြတ်စွာဘုရားရှင်တော်၊ မြတ်ဘုရားသည် လွန်ခဲ့သည့် ညဉ့်က ချမ်းချမ်းသာသာကျိန်းစက်တော်မူရပါရဲ့လားဘုရား'ဟု မေးလျှောက်ရာ၊ ဘုရားရှင်က 'သဗ္ဗဒါ ဝေ သုခံ သေတိ'အစရှိသော ဂါထာဖြင့် ဖြေကြားတော်မူပါသည်။ အဓိပ္ပာယ်မှာ 'ငါးဖြာအာရုံ ကာမဂုဏ်တို့၌ ခုံမင်တွယ်တာ အာသာကင်းပြတ် မလိမ်းကျံ မကပ်ငြိတော့သောသူသည် မကောင်းမှုဟူသမျှကိုမှုတ်ချအပ်ပြီးဖြစ်၍ အပူခပ်သိမ်း အေးငြိမ်းလေပြီ။ ကိလေသာဆိုဘိ ဥပဓိလည်း မရှိတော့။ ထိုပုဂ္ဂိုလ်မျိုးကား စင်စစ်မသွေ အမြဲတမ်း ချမ်းချမ်းသာသာကျိန်းစက်ရပေ၏'ဟုဖြစ်သည်။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် သူဌေးကြီးအား ဒါနတရား၊ သီလတရား စသည်ဖြင့် တရားစဉ်အတိုင်းဟောကြားပြီး နောက်ဆုံး၌ သစ္စာလေးပါးတရားကိုပြတော်မူလိုက်ရာ သူဌေးကြီးသည် သောတာပန် တည်သွားလေသည်။

ဤဝတ္ထု၌ ဘုရားဂုဏ်တော်ကိုအောက်မေ့၍ သွားသူ၏ ခြေတစ်လှမ်းသာမဟုတ်၊ ဝင့်ဆင်းရဲမှလွတ်မြောက်လိုသော ရည်ရွယ်ချက်ဖြင့် စေတီတော်ကိုရှိခိုးမည်၊ ပန်းနံ့သာတို့ဖြင့်ပူဇော်မည်၊ တရားနာမည်၊ ဆွမ်းပူဇော်မည်၊ သံဃာတော်များကိုပင့်၍ အလှူလုပ်မည်၊ သီလသိက္ခာဆောက်တည်မည်၊ သရဏဂုံဆောက်တည်မည် စသည်ဖြင့် ကြံစည်စဉ်းစား နှလုံးသွင်းသောသူတို့၏ ခြေတစ်လှမ်း တစ်လှမ်းသည်လည်း (ဝါ) ခြေတစ်လှမ်း တစ်လှမ်း၌ဖြစ်ပေါ်သော ကုသိုလ်စေတနာသည်လည်း ကုဋေတစ်သန်းတန်ကြောင်း သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ သုဒတ္တသုတ်အဖွင့်တွင် မိန့်ဆိုထားပေသည်။

## မီးမလောင်သည့်မိဖုရားကြီး

ကောသမ္ဗီပြည်၊ ဝေဿမိတ္တာမိဖုရားကြီးကို ပစ္စန္တရာဇ်မင်းက အတင်းအဓမ္မဆောင်ယူ၍ မိဖုရားမြှောက်သည်။ ဝေဿမိတ္တာမိဖုရားကြီးက မိဖုရားအမြှောက်မခံသဖြင့် ပစ္စန္တရာဇ်မင်းသည် အမျက်ထွက်စိတ်ဆိုးကာ မိဖုရားကြီး၏ ခြေလက်တို့ကို ကြိုးများဖြင့် တုပ်ချည်ပြီး မီးပုံကြီးထဲသို့ ပစ်ချစေလေသည်။

မိဖုရားကြီးသည် ဘုရားဂုဏ်တော်ကိုအာရုံပြုကာ နှလုံးသွင်းအောက်မေ့သဖြင့် မီးမလောင်ကျွမ်းဘဲ အကြိမ်တစ်ရာ စင်၍ထားသော စန္ဒကူးရေဖြင့်လိမ်းကျံထားဘိသကဲ့သို့ အေးမြချမ်းသာလျက်ရှိလေသည်။ ထိုအခါ ပစ္စန္တရာဇ်မင်းသည် အလွန်ကြောက်ရွံ့ကုန်လှုပ်သွားကာ မိဖုရားကြီးအားတောင်းပန်၍ မယ်တော်အရာ၌ထားကာ ချီးမြှောက်ပြုစုလေသည်ဟု မဓုရတ္ထဝိလာသိနီဝတ္ထု၌လာရှိသည်။

## ဘီလူးဘေးမှလွတ်ခဲ့သူမိစ္ဆာဒိဋ္ဌိသူငယ်

ဗုဒ္ဓမြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဗုဒ္ဓဘာသာဝင်သူငယ်နှင့် မိစ္ဆာဒိဋ္ဌိသူငယ်တို့သည် ရာဇဂြိုဟ်ပြည်၌ ဂုဠ်ငင်း(ဂေါ်လီလုံး) ကစားဖော်ကစားဖက် သူငယ်ချင်းများဖြစ်ကြသည်။

ဗုဒ္ဓဘာသာဝင်သူငယ်က ဂုညင်း(ဂေါ်လီလုံး)ကစားသည့်အခါ ဘုရားဂုဏ်တော်ကိုအောက်မေ့ဆင်ခြင်ပြီး 'နမောဗုဒ္ဓဿ' (ဘုရားရှင်အား ရှိခိုးပါ၏)ဟု ဆိုဆိုပြီး ကစား၏။ မိစ္ဆာဒိဋ္ဌိသူငယ်ကမူ တိတ္ထိတို့၏ဂုဏ်ကိုရည်မှန်းပြီး 'နမော အရဟန္တာနံ' (ရဟန္တာတို့အား ရှိခိုးပါ၏)ဟု ဆိုဆိုပြီး ကစား၏။ (သူတို့၏တိတ္ထိဆရာကြီးများကို ရဟန္တာဟု သူတို့ခေါ်ကြ၏)။ ကစားပွဲတွင် ဗုဒ္ဓဘာသာဝင်သူငယ်ကချည်းနိုင်၏။ မိစ္ဆာဒိဋ္ဌိသူငယ်သည် ရှုံးဖန်များသည့်အခါ ဗုဒ္ဓဘာသာသူငယ်၏အပြုအမူကိုကြည့်ပြီး 'သူဟာ ဒီလိုဆင်ခြင်အောက်မေ့ပြီး ဒီလိုဆိုပြီး ကစားတဲ့အတွက် ငါ့ကိုနိုင်ခြင်းဖြစ်တယ်၊ ငါလည်း သူ့လိုလုပ်မည်'ဆိုကာ နမောဗုဒ္ဓဿ ဟူသောဗုဒ္ဓါနုဿတိကို အလေ့အကျင့်ပြုထားသတဲ့။

တစ်နေ့တွင် မိစ္ဆာဒိဋ္ဌိသူငယ်သည် သူ့ဖခင်နှင့်အတူ လှည်းစီးကာ တောသို့ထင်းခုတ်ထွက်သွား၏။ ထင်းခုတ်ရာမှပြန်လာသောအခါ မြို့ပြင်ရှိသုသာန်တစ်ခုအနီး၌ ခေတ္တလှည်းဖြုတ်၍ ထမင်းစားနေစဉ် လွှတ်ထားသည့်နွားနှစ်ကောင်းလုံး အခြားနွားများနှင့်အတူ မြို့တွင်းသို့ဝင်လိုက်သွားကြသည်။ ဖခင်သည် ထမင်းစားပြီးနောက် နွားများကိုမတွေ့သဖြင့် မြို့တွင်းအထိဝင်ရောက်ရှာဖွေ၍ နွားများပြန်ဆွဲလာစဉ်မြို့တံခါးပိတ်သွားသဖြင့် မြို့ပြင်သို့ပြန်မထွက်နိုင်ဘဲရှိလေသည်။

မိစ္ဆာဒိဋ္ဌိသားငယ်ကလေးမှာ ဖခင်ပြန်အလာကို စောင့်မျှော်ရင်းမိုးချုပ်လာသည့်အခါ လှည်းအောက်သို့ဝင်ကာ တစ်ယောက်တည်းမောမောပန်းပန်းဖြင့် အိပ်ပျော်သွားခဲ့သည်။ ရာဇဂြိုဟ်မြို့ကား သားရဲဘီလူးတို့ပေါများသည့်မြို့ဖြစ်၏။ သူငယ်အိပ်ပျော်နေသည့်နေရာမှာလည်း သုသာန်အနီးဖြစ်၏။

ထိုအရပ်၌ရှိသော မိစ္ဆာအယူရှိသည့်ဘီလူးနှင့် သမ္မာအယူရှိသောဘီလူးနှစ်ဦးတို့သည် ထိုအိပ်ပျော်နေသည့်သူငယ်ကို တွေ့သွားကြ၏။ မိစ္ဆာဒိဋ္ဌိဘီလူးက 'ဒီကလေးဟာ တို့အစာပဲ၊ ဒီကလေးကိုစားကြစို့'ဟု ပြောလိုက်သောအခါ 'မသင့်တော်ပါဘူး၊ ဒီသူငယ်ကလေးကို မစားချင်

ပါနဲ့'ဟု သမ္မာဒိဋ္ဌိဘီလူးက တားမြစ်၏။ သို့သော် တားမရ၊ မိစ္ဆာဒိဋ္ဌိဘီလူးသည် သူငယ်ကလေး၏ခြေတို့ကို သွားဆွဲ၏။ သူငယ်သည် ဗုဒ္ဓါနုဿတိ၌ အလေ့အကျက်များသည့်အတွက် ဘီလူးဆွဲလျှင်ဆွဲချင်း 'နမော ဗုဒ္ဓဿ'ဟု ယောင်ယမ်းမြည်တမ်းလိုက်၏။ မိစ္ဆာဒိဋ္ဌိဘီလူးများ အလွန်ထိတ်လန့်ကြောက်ရွံ့သွားပြီး သူငယ်ကိုလွှတ်ကာ နောက်ဆုတ်ရပ်လိုက်၏။ သမ္မာဒိဋ္ဌိဘီလူးက 'ငါတို့ဟာ မပြုလုပ်ထိုက်၊ မပြုလုပ်ကောင်းတဲ့အမှုကိစ္စကို ပြုလုပ်မိပြီ၊ ထိုသူငယ်အား ဒဏ်ဆောင်မှုကို ပြုလုပ်မှတော်မယ်'ဟုဆိုပြီး သူငယ်ကိုစောင့်ရှောက်ကာ ရပ်နေသည်။

ထိုအခါ မိစ္ဆာဒိဋ္ဌိဘီလူးသည် မြို့ထဲသို့ဝင်ပြီး မင်းကြီး၏စားဖွယ်ဘောဇဉ်ထည့်သည့် ရွှေခွက်တွင် ဘောဇဉ်အပြည့်ထည့်ကာ ယူဆောင်လာ၏။ ဘီလူးနှစ်ယောက်တို့သည် သူငယ်ကိုနှိုးပြီး မိဘနှစ်ပါးသဖွယ် ဘောဇဉ်ကို ကျွေးမွေးကြ၏။ ရွှေခွက်တွင် ဖြစ်ကြောင်းကုန်စင် အကြောင်းအရာအကွရာတို့ကိုရေးထိုးပြီး 'မင်းကြီးသာ ဤအကွရာတို့ကိုမြင်စေသတည်း'ဟု အဓိဋ္ဌာန်ပြုထားခဲ့ကြသည်။ ရွှေခွက်ကို လှည်းပေါ်တင်၍ တစ်ညလုံးစောင့်ရှောက်ပြီးမှ ထွက်ခွာသွားကြသည်။

နံနက်မိုးလင်းလာချိန်တွင် 'မင်းနန်းတော်မှ ခိုးသူတို့ ဘောဇဉ်ထည့်ထားတဲ့ ရွှေခွက်ဘဏ္ဍာကို ခိုးသွားကြသတဲ့'ဟု ကောလာဟလဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် မြို့တံခါးများကိုပိတ်ပြီး မြို့ထဲ၌ ရှာဖွေရာ မတွေ့ရှိသဖြင့် မြို့ပြင်ထွက်ကာ ဟိုဟိုဒီဒီရှာဖွေကြသည်။ ထိုအခါ ထင်းလှည်းပေါ်၌ ရွှေခွက်ကိုတွေ့ရှိသွားကြရာ 'ဒီကလေး ရွှေခွက်သူခိုး'ပဲဟု သူငယ်ကိုဖမ်းဆီးခေါ်ဆောင်ကာ မင်းကြီးရှေ့တော်သို့ ပို့ဆောင်ကြ၏။

မင်းကြီးသည် ရွှေခွက်တွင်းရှိသောအကွရာစာလုံးများကိုတွေ့မြင်ဖတ်ရှုပြီး 'အမောင်...ဒီကိစ္စဟာဘာယ်လိုဖြစ်တာလဲ'ဟုမေးသည့်အခါ၊ 'အရှင်မင်းကြီး...အကျွန်ုပ်မသိပါ၊ ကျွန်ုပ်သိတာကတော့ အကျွန်ုပ်ရဲ့ မိဘနှစ်ပါး လာရောက်ကြပြီး ညဘက်မှာ အစားအသောက်များ

ကျွေးမွေးပြီး ကျွန်ုပ်ကိုစောင့်ရှောက်နေကြပါတယ်၊ အကျွန်ုပ်လည်း **မိခင်ဖခင်ကျေးဇူးရှင်တွေ စောင့်ရှောက်နေတာပဲဆိုပြီး စိတ်ချလက်ချ အိပ်ပျော်သွားပါတယ်၊ ကျွန်ုပ်သိတာတော့ ဤမျှလောက်ပင်ဖြစ်ပါ** သည်'ဟု ပြန်လည်ဖြေကြား၏။

ထိုခဏ၌ သူငယ်၏မိဘနှစ်ပါးတို့သည် ထိုစစ်မေးရာဌာနသို့ ရောက်လာကြ၏။ မင်းကြီးသည် ထိုအဖြစ်အပျက်ကိုသိရှိရသောအခါ ထိုသားအမိသားအဖသုံးယောက်တို့ကို ဘုရားရှင်ထံခေါ်ဆောင်သွား၍ ဖြစ်ကြောင်းကုန်စင် လျှောက်တင်ကာ 'မြတ်စွာဘုရား၊ ဗုဒ္ဓါနုဿတိသည်သာ အစောင့်အရှောက်ဖြစ်နိုင်ပါသလား၊ သို့မဟုတ် ဓမ္မာနုဿတိစသည်တို့သည်လည်း အစောင့်အရှောက်ဖြစ်နိုင်ပါသေးသလားဘုရား' ဟုလျှောက်ထားရာ မြတ်စွာဘုရားက 'ဗုဒ္ဓါနုဿတိသည်သာ အစောင့်အရှောက်ဖြစ်နိုင်သည် မဟုတ်၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ ကာယဂတာသတိ၊ ကရုဏာဘာဝနာ၊ မေတ္တာဘာဝနာတို့သည်လည်း အစောင့်အရှောက်အကာအကွယ်ပေးနိုင်ကြသည်။ ဤတရားခြောက်မျိုးဖြင့် စိတ်ကိုကောင်းစွာပွားများထားကြသူအဖို့ အခြားသောအစောင့်အရှောက်အကာအကွယ်နှင့် မန္တန်ဆေးဝါးတို့ကို ပြုလုပ်နေစရာမလို' စသည်ဖြင့် ဗုဒ္ဓါနုဿတိဘာဝနာစသော တရားခြောက်မျိုးကို ဂါထာ (၆)ပုဒ်တို့ဖြင့် အကျယ်ဟောကြားတော်မူသည်။

ဒေသနာတော်အဆုံးတွင် သားအမိသားအဖသုံးယောက်လုံး သောတာပန်တည်သွားကြသည်။ နောက်ပိုင်းတွင် သုံးယောက်လုံး ရဟန်းပြုကြပြီး ရဟန္တာဖြစ်သွားကြသည်ဟု ဓမ္မပဒအဋ္ဌကထာ၊ ဒါရုသာ ကဋိကပုတ္တဝတ္ထု၌လာရှိသည်။

ဤဝတ္ထု၌ ရွတ်ဆိုသူမှာ မိစ္ဆာဒိဋ္ဌိသူငယ်ဖြစ်သည်။ ရွတ်ဆိုသည့် ဘုရားရှိခိုးမှာလည်း ကစားပွဲနိုင်ရန် ရည်ရွယ်လေ့ကျင့်ထားသည့် ဘုရားရှိခိုးဖြစ်သည်။ ရွတ်ဆိုခြင်းမှာလည်း ဘုရားရှင်၏ဂုဏ်တော်ကို ရည်မှန်းအာရုံပြု၍ ရွတ်ဆိုသည်မဟုတ်၊ အိပ်နေရင်း ယောင်ယမ်း

မြည်တမ်း ရွတ်ဆိုခြင်းသာဖြစ်သည်။ ဤသို့ဖြစ်လျက်ပင် ဘီလူး ဘေးမှ လွတ်မြောက်ခြင်း၊ ဘီလူး၏ပူဇော်မှုကိုခံရခြင်း အကျိုးတရား များကို ခံစားရသေး၏။ ဗုဒ္ဓဘာသာဝင်များအဖို့ ဂုဏ်တော်ကိုရည်မှန်း၍ စီးဖြန်းပွားများပါမူကား ဤရွေ့ဤမျှ ဂဏန်းချ၍မရလောက်အောင် အကျိုးတရားများကို ရရှိကြမည်ဖြစ်ပါသည်။

## ဘုရားဖူးကြည်ညိုရုံမျှဖြင့် နတ်ပြည်ရောက်သူမဋ္ဌကုဏ္ဍလီ

ဘုရားလက်ထက်တော်က သာဝတ္ထိပြည်တွင် အဒိန္နပုဗ္ဗက မည်သည့် ပုဏ္ဏားကြီးတစ်ဦးရှိသတဲ့၊ သူသည် အလှူအတန်းကို ဝါသနာ မပါ၊ ပေးကမ်းလှူဒါန်းရမှာကို အလွန်ကြောက်၏။ သူသည် မည်သည့် ပစ္စည်းကိုမျှ မလှူဒါန်း မပေးကမ်းဖူးပေ။ ထို့ကြောင့် သူ့ကို အဒိန္နပုဗ္ဗက ဟု သိမှတ်ခေါ်ဝေါ်ကြသည်။ (အဒိန္နပုဗ္ဗက = ရှေးက မပေးမကမ်း မလှူဒါန်းဖူးသူ)။

သူ၌ သားတစ်ယောက်ရှိ၏။ အလွန်ချစ်သည်၊ အလွန်ကြင်နာ သည်။ ထို့ကြောင့် သူသားကို ရွှေနားတောင်းကြီးများ ဝတ်ဆင်ပေး ထားသည်၊ သို့သော် သူသည် အလွန်နှမြောတွန့်တိုသူ ကပ်စေးနဲသမား ဖြစ်သောကြောင့် နားတောင်းကို ပန်းတိမ်မှာအပ်လျှင် အခကြေးငွေ ပေးရမည်စိုး၍ မိမိကိုယ်တိုင်ပင် ရွှေများထုထောင်းပြီး ပြောင်ပြောင်ချောမွေ့ သော နားတောင်းတစ်စုံကို ပြုလုပ်ဝတ်ဆင်ပေးသည်။ ထို့ကြောင့် ထိုပုဏ္ဏားကြီး၏သားကို 'မဋ္ဌကုဏ္ဍလီ' ဟုခေါ်ကြသည်။ [မဋ္ဌ = ပြောင်ပြောင် ချောသော + ကုဏ္ဍလီ = နားတောင်းဝတ်ဆင်ထားသူ]။

မဋ္ဌကုဏ္ဍလီသူငယ် တစ်ဆယ့်ခြောက်နှစ်သားအရွယ်တွင် အသား ဝါသော ပဏ္ဍုရောဂါဖြစ်လာ၏။ ပုဏ္ဏေးမကြီးက သားငယ်ကို ဆေး ဆရာဖြင့် ဆေးကုသပေးရန် ပုဏ္ဏားကြီးအားပြောကြားသော်လည်း ပုဏ္ဏားကြီးမှာ ဆေးကုခကုန်မည်စိုးသောကြောင့် သူပင်ကုမည်ဟု ပြော၏။

ထို့နောက် ပုဏ္ဏားကြီးသည် သမားတော်ကြီးများထံသို့သွားပြီး 'ဒီလိုရောဂါမျိုးကို ဘယ်လိုဆေးဝါးမျိုးဖြင့် ဆရာတို့ကုသကြပါသနည်း'ဟု ဆေးနည်းမေးမြန်းပြီး သမားတော်ကြီးများက ဖြစ်သလို ပြောလိုက်ကြသည့်ဆေးဝါးများဖြင့် သားငယ်ကိုကုသပေး၏။ပုဏ္ဏားကြီး ကုသနေစဉ်မှာပင် သူငယ်၏ရောဂါမှာ တဖြည်းဖြည်းတိုးတက်ကာ နောက်ဆုံး ကုသ၍မရတော့သည့်အခြေအနေသို့ ရောက်လာ၏။ အင်အား လည်း ဆုတ်ယုတ်လာ၏။

ထိုအခါမှပင် ပုဏ္ဏားကြီးသည် သမားတော်ကြီးတစ်ယောက်ကို သွားခေါ်ပြီး ပြသ၏။ သမားတော်ကြီးသည် သူငယ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် 'ကျွန်ုပ်မှာ ကိစ္စတစ်ခုရှိပါသေးတယ်၊ အခြားသမားတော် ကြီးတစ်ယောက်ကိုခေါ်ပြီး ကုသပါ'ဟုဆိုကာ ထွက်ခွာသွား၏။ ပုဏ္ဏား ကြီးသည် သူ့သား သေတော့မည်ကိုသိရှိသွားပြီး 'သားအားကြည့်ရှုရန် လူတွေလာကြလျှင် အိမ်တွင်းရှိပစ္စည်းဥစ္စာတွေကို လူတွေမြင်သွား ကြမယ်၊ သားကို အိမ်ပြင်ထုတ်ထားမှတော်မယ်'ဟုကြံပြီး သားကို ချီပိုးကာ အိမ်ဦးအပြင်မှာ စောင်းသိပ်ထားသည်။

ဗုဒ္ဓမြတ်စွာသည် ပြုလုပ်တော်မူမြဲဖြစ်သည့် ဗုဒ္ဓကိစ္စအတိုင်း နံနက်မိုးသောက်ယံအချိန်တွင် ဗုဒ္ဓစက္ခုခေါ် ဘုရားမျက်လုံးတော်အစုံ ဖြင့် လောကကြီးကို ကြည့်တော်မူသည့်အခါ မဋ္ဌကုဏ္ဍလီသူငယ်ကို မြင်တော်မူ၏။ ထိုအခါ မဋ္ဌကုဏ္ဍလီသူငယ်ထံ ကြွတော်မူခြင်းဖြင့် အကျိုးရှိ,မရှိကိုဆင်ခြင်တော်မူရာ ဤသူငယ်သည် ငါဘုရား၌ကြည်ညို သောစိတ်ဖြင့် တာဝတိံသာနတ်ပြည်တွင် ယူဇနာသုံးဆယ်ကျယ်၍ နတ်သမီးတစ်ထောင်အခြံအရံရှိသောရွှေဗိမာန်၌ နတ်သားဖြစ်လိမ့်မည်၊ နောက်ဆုံးတွင် မဋ္ဌကုဏ္ဍလီနတ်သားနှင့်ဖခင်ပုဏ္ဏားကြီးတို့ သောတာပန် ဖြစ်ကြမည်၊ ဤသူငယ်ကိုအကြောင်းပြု၍ များစွာသောလူတို့ တရား ထူးရကြမည်'ဟု သိမြင်တော်မူသည်။

နံနက်လင်းသောအခါ ဘုရားရှင်သည် ကိုယ်လက်သုတ်သင်တော်မူပြီး ရဟန်းအပေါင်းခြံရံတော်မူကာ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူရာ အဒိန္နပုဗ္ဗကပုဏ္ဏားကြီး၏အိမ်တံခါးဝသို့ ဆိုက်ရောက်တော်မူလာ၏။ ထိုအချိန်တွင် မဋ္ဌကုဏ္ဍလီသူငယ်မှာ အိမ်တွင်းဘက်သို့ မျက်နှာမူနေသည်ဖြစ်၍ မြတ်စွာဘုရားသည် ရောင်ခြည်တော်ကို လွှတ်တော်မူလိုက်သည်။ မဋ္ဌကုဏ္ဍလီသည် ဒီအရောင်ကား ဘာရောင် ဘာလိမ့်ဟု လမ်းဘက်သို့လှည့်စောင်းပြီးကြည့်ရာ ဘုရားရှင်ကို ဖူးမြင်လိုက်ရသည်။

ထိုအခါ 'ငါသည် မိုက်မဲလှတဲ့ဖခင်ကြီးကြောင့် ဤကဲ့သို့သော ဘုရားရှင်ထံ ဆည်းကပ်ပြီး ဝေယျာဝစ္စပြုခွင့် ဒါနပြုခွင့် တရားနာယူခွင့်တို့ကို လက်လွှတ်ခဲ့ရပြီ၊ ယခုတော့ လက်နှစ်ဖက်တို့ဖြင့် လက်အုပ်ချီမိုး ရှိခိုးခြင်းကိုပင်မပြုနိုင်တော့ပြီ၊ စိတ်ဖြင့်ကြည်ညိုရုံမှတစ်ပါး အခြားပြုဖွယ်ကိစ္စ ငါ့မှာမရှိတော့'ဟု စဉ်းစားကာ စိတ်ဖြင့်သာလျှင် ကြည်ညိုလိုက်၏။ ဘုရားရှင်ကား 'ဤသူငယ်မှာ ဤမျှသော စိတ်၏ကြည်ညိုခြင်းမျှဖြင့် သင့်လျော်လျောက်ပတ်ပြီ'ဟု နှလုံးသွင်းကာ ဆက်လက်ကြွသွားတော်မူသည်။ မြတ်စွာဘုရားအား မမြင်ရသည့်ခဏ၌ပင် ဘုရားရှင်အားကြည်ညိုသောစိတ်ဖြင့် မဋ္ဌကုဏ္ဍလီ ကွယ်လွန်၍ တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ကျယ်ပြန့်သော ရွှေဗိမာန်တွင် နတ်သားသွားဖြစ်သည်။

အဒိန္နပုဗ္ဗကပုဏ္ဏားကြီးက သား၏အလောင်းကို မီးသင်္ဂြိုဟ်ပြီး နေ့တိုင်းသင်္ချိုင်းသို့သွားကာ 'တစ်ဦးတည်းသောငါ့သား ဘယ်ရောက်နေသလဲ၊ တစ်ဦးတည်းသောငါ့သား ဘယ်ရောက်နေသလဲ'ဟု ပြောဆိုမြည်တမ်း ငိုကြွေးနေရှာ၏။ မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိ၏စည်းစိမ်ချမ်းသာကိုကြည့်ဆင်ခြင်သည့်အခါ မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ကြောင့် ဒီစည်းစိမ်ချမ်းသာကို ရရှိခြင်းဖြစ်ကြောင်းသိရှိ၍ 'ဒီငါ့ဖခင်ပုဏ္ဏားကြီးဟာ ငါမကျန်းမာဖြစ်တုန်းကတော့ ဆေးမကုသေးဘဲ

သေမှ သုသာန်သွားပြီးငိုနေရှာတယ်။ ဒီပုဏ္ဏားကြီးကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားအောင် လုပ်သင့်တယ်’ဟု ကြံစည်၏။

ထို့နောက် မဋ္ဌကုဏ္ဍလီသူငယ်အသွင်ဖြင့်ဆင်းလာကာ သုသာန်၏ မနီးမဝေးတွင် လက်မောင်းနှစ်ဖက်ကိုပင့်မြှောက်ချီပြီး ငိုကြွေးလျက် ရပ်နေသည်။ ပုဏ္ဏားကြီးသည် ထိုသူငယ်ကို အမှတ်မထင်တွေ့မြင် ရသည့်အခါ ‘ပန်းနားတောင်းတို့ကို ပန်ဆင်၍ အမွှေးနံ့သာတို့ကို လိမ်းကျံထားသည့် အမောင်လုလင်၊ သင်သည် သုသာန်တောကြီး၏ အလယ်၌ အဘယ်သို့သောဆင်းရဲသို့ရောက်ရှိ၍ လက်နှစ်ဖက်ကို မြှောက်ယှက်ကာ ငိုကြွေးနေပါသလဲ’ဟု လှမ်းမေးလိုက်ရာ၊ လုလင်က ‘အို–ပုဏ္ဏားကြီး၊ ကျွန်ုပ်မှာ အရောင်တလက်လက်ထွက်သော ရွှေ ရထားအိမ်တစ်ခုရှိပါတယ်။ ထိုရထားအိမ်အတွက် ဘီးနှစ်ဘီး လိုနေပါ တယ်၊ ထိုဘီးတွေမရတဲ့ဆင်းရဲဒုက္ခကြောင့် ကျွန်ုပ်သေရပါလိမ့်မယ်’ ဟု ပြန်ဖြေ၏။

ထိုအခါ ‘အမောင်လုလင်၊ ရွှေဘီးကိုပဲလိုချင်သလား၊ သို့မဟုတ် ပတ္တမြားဘီးကိုပဲ၊ သို့မဟုတ် ကြေးဘီးကိုပဲ၊ သို့မဟုတ် ငွေဘီးကိုပဲ လိုချင်ပါသလား၊ လိုချင်တဲ့ဘီးကို ငါ့အားပြောကြားပါ။ ငါ့သားနှင့်တူတဲ့ သင့်အတွက် ဘီးနှစ်ဘီးကို ရစေရမည်’ဟု ပုဏ္ဏားကြီးကပြောသောအခါ ‘ဒီပုဏ္ဏားကြီးဟာ သားအစစ်ကိုတော့ ဆေးကုသမပေးခဲ့ဘဲ သားနှင့် တူသည့် ငါ့ကိုမြင်တဲ့အခါမှ ငိုကြွေးပြီး ရွှေဘီးအစုံစသည်ကို ပြုလုပ် ပေးမယ်ဟု ဆိုဘိ၏။ ရှိစေတော့၊ ထိုပုဏ္ဏားကြီးကို တရားရအောင် ပြုလုပ်မည်ဟုကြံစည်ကာ ကျွန်ုပ်ကို ‘ဘယ်လောက်ကြီးတဲ့ ဘီးအစုံ ပြုလုပ်ပေးမလဲ’ဟု မေးလိုက်သည်။

ပုဏ္ဏားကြီးက ‘အမောင်လုလင်လိုချင်သလောက် ကြီးမားတဲ့ ဘီးအစုံကို ပြုလုပ်ပေးပါမယ်’ဟု ပြောသောအခါ ‘အို ပုဏ္ဏားကြီး၊ ကောင်းကင်၌လှည့်လည်နေကြတဲ့ လ, နေဆိုတဲ့ ညီနောင်နှစ်ပါးတို့ကို အထင်အရှားတွေ့နေကြရပါတယ်။ အဲဒီ လ, နေအစုံဟာ ကျွန်ုပ်ရဲ့

ရွှေရထားအတွက် တင့်တယ်လိုက်ဖက်တဲ့ ဘီးအစုံဖြစ်ပါတယ်။ ထို ဘီးအစုံကို ကျွန်ုပ်အားပေးပါ'ဟု ပြန်လည်ပြောကြား၏။

ထိုအခါ 'အို အမောင်လုလင်၊ သင်ဟာ အလွန်မိုက်မဲလှဘိ၏။ မတောင့်တသင့်တဲ့ လ,နေတို့ကို တောင့်တ၏။ သင် သေသာ သေ သွားမည်၊ လ,နေတို့ကိုမရဟု ငါထင်သည်'ဟု ပုဏ္ဏားကြီးကပြောကြား သည့်အခါ– 'ပုဏ္ဏားကြီး၊ လနှင့်နေတို့သည် ခရီးစဉ်နှစ်ခု၌လှည့်လည် သွားလာနေသည်ကိုလည်း တွေ့နေရ၏။ သူတို့၏ ဖြူသောအဆင်း၊ ဝါရွှေသောအဆင်းတို့ကိုလည်း မြင်နေရ၏။ သေဆုံးသွားသည့် သင်၏ သားကိုမူကား မမြင်မတွေ့ရပေ။ ဤသုသာန်တွင် မျက်စိဖြင့်မြင်ရသည့် လ,နေတို့ကိုလိုချင်တောင့်တပြီး ငိုကြွေးနေသူ ကျွန်ုပ်နှင့် လုံးဝမမြင်ရ မတွေ့ရတော့သော သားကိုတောင့်တပြီး ငိုကြွေးနေသူ ပုဏ္ဏားကြီးတို့ နှစ်ဦးတွင် အဘယ်သူသည် ပို၍မိုက်မဲပါသလဲ'ဟု အချက်ကျကျ ပြန်မေးလိုက်သည်။

လုလင်၏မေးခွန်းကြောင့် ပုဏ္ဏားကြီးမှာ အမြင်မှန်ရသွား၍ 'ဤ သူငယ်သည် သင့်တင့်လျောက်ပတ် ကောင်းမြတ်မှန်ကန်သည့် စကား ကို ဆိုပေသည်'ဟု တရားရပြီး 'အမောင်လုလင်၊ သင်သည် ထောပတ် ဆီဖြင့် ညီးညီးပြောင်ပြောင်တောက်လောင်နေသည့်မီးကို ရေစင် ရေကောင်းဖြင့် သွန်းလောင်းငြိမ်းသတ်လိုက်ဘိသကဲ့သို့ ငါ၏သန္တာန်၌ ဖြစ်ပေါ်နေသော သားငယ်အတွက် ရတက်မအေး တငွေ့ငွေ့ ပူဆွေး နေခြင်းကို တရားတည်းဟူသောရေစင်ရေကောင်းဖြင့် သွန်းလောင်း ငြိမ်းသတ်လိုက်ပေပြီ။ ငါ၏နှလုံးသားတွင် စူးဝင်နေသည့် နှလုံးမငြိမ် စိုးရိမ်ပူဆွေးနေခြင်းဟူသော ငြောင့်တံသင်းကို နှုတ်ပစ်ဖယ်ရှားလိုက် ပေပြီ။ ငါ့မှာ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းအေးမြသွားပေပြီ။ ပူပန်ခပ်သိမ်း ကြောင့်ကြငြိမ်းသွားပြီး ယနေ့မှစပြီး ငါသည် မပူဆွေးတော့ပါအံ့၊ မငိုကြွေးတော့ပါအံ့'ဟု ဝန်ခံစကားပြောကြား၏။

ထို့နောက် ပုဏ္ဏားကြီးသည် 'သင်ဟာ ဘယ်သူပါလဲ၊ စတုမဟာရာဇ်နတ်လား၊ ဂန္ဓဗ္ဗနတ်သား၊ သိကြားမင်းကြီးပဲလား၊ ဘယ်သူ့သားဖြစ်ပါသလဲ'ဟု ထပ်ဆင့်မေးခွန်းများကို ဆက်တိုက်မေးလိုက်သည်။ 'ပုဏ္ဏားကြီး၊ အကျွန်ုပ်ကား အခြားသူမဟုတ်ပါ၊ သင်ယခုရည်မျှော်ပြီး ငိုကြွေးမြည်တမ်းနေရသော သင်၏သား မဋ္ဌကုဏ္ဍလီပင် ဖြစ်ပါသည်။ အကျွန်ုပ်မှာ တစ်စုံတစ်ခုသောကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်သို့ရောက်ခဲ့ပါတယ်'ဟု လုလင်က ပြန်လည်ဖြေကြားလိုက်သည်။

'အို...ငါ့သား၊ ဖခင်တို့မှာ ဘာမှလည်းမလှူ၊ ဥပုသ်လည်း မစောင့်ကြဘဲ ဘယ်လိုကံကြောင့် နတ်ပြည်သို့ရောက်ရပါသလဲ'ဟု မေးသည့်အခါ၊ မဋ္ဌကုဏ္ဍလီနတ်သားက သူ့အား အိမ်ပြင်သို့ထုတ်ထားချိန်တွင် မြတ်စွာဘုရားကိုဖူးမြင်လိုက်ရ၍ ကြည်ညိုတဲ့စိတ်ဖြင့် လက်အုပ်ချီမိုးရှိခိုးခဲ့တဲ့ကုသိုလ်ကံကြောင့် ဒီလို တာဝတိံသာနတ်ပြည်၌ နတ်သားလာဖြစ်ရကြောင်း ရှင်းလင်းပြောကြားလိုက်သည်။

ပုဏ္ဏားကြီးက 'အို...နတ်သား၊ အလွန်အံ့ဩဖွယ်ကောင်းလှပါတကား။ ငါသည် ယနေ့မှစပြီး မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ပါတော့မယ်'ဟုပြောသည့်အခါ၊ 'အို...ဖခင်ပုဏ္ဏားကြီး၊ ယနေ့ပဲ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါ၊ ငါးပါးသီလကို မကျိုးမပေါက်ရအောင် စောင့်ရှောက်ထိန်းသိမ်းပါ'ဟု တိုက်တွန်းပြောကြားသည်။ ပုဏ္ဏားကြီးကလည်း 'ပြုလုပ်ပါမည်'ဟု ဝန်ခံလိုက်သည်။

ထို့နောက် မဋ္ဌကုဏ္ဍလီနတ်သားသည် 'ဖခင်ပုဏ္ဏားကြီး၊ ဖခင်ကြီး၏အိမ်၌ ပစ္စည်းဥစ္စာတွေ များစွာရှိပါတယ်၊ ဘုရားရှင်ထံချဉ်းကပ်ပြီး အလှူဒါနကို ပေးပါ၊ တရားတော်ကို နာကြားပါ၊ အမေးပုစ္ဆာကို မေးလျှောက်ပါ'ဟု တိုက်တွန်းပြောကြားပြီး ထိုနေရာ၌ပင် ပျောက်ကွယ်သွားလေသည်။

အဒိန္နပုဗ္ဗကပုဏ္ဏားကြီးသည် အိမ်သို့ လျင်မြန်စွာပြန်သွားပြီး ပုဏ္ဏေးမကြီးနှင့်တိုင်ပင်ကာ ထိုနေ့၌ပင် ဘုရားအမှူးရှိသောသံဃာတော်များအား ဆွမ်းပင့်ကပ်သည်။ ထိုဆွမ်းကျွေးပွဲသို့ ဗုဒ္ဓဘာသာဝင်မဟုတ်သူရော ဟုတ်သူရော လာရောက်ကြသည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သူများက 'ဒီကနေ့ ရဟန်းကြီးဂေါတမကို ပုစ္ဆာမေးပြီး ညှဉ်းပန်းနှိပ်စက်သည်ကို သွားကြည့်မယ်'ဟူသောရည်ရွယ်ချက်နှင့် လာကြသကဲ့သို့၊ ဗုဒ္ဓဘာသာဝင်များကလည်း 'ဒီကနေ့ ဘုရားရှင်ရဲ့တင့်တယ်စမွယ်ခြင်းကို သွားရောက်ဖူးမြော်ကြမယ်' ဟူသော ရည်ရွယ်ချက်ဖြင့် လာရောက်ကြခြင်းဖြစ်သည်။

ဘုရားရှင်ဆွမ်းဘုဉ်းပေးတော်မူပြီးသည့်အခါ 'အို အရှင်ဂေါမ၊ အရှင်တို့အား လှူဒါန်းပူဇော်မှုကိုလည်း မပြု၊ တရားကိုလည်း မနာ၊ ဥပုသ်လည်းမစောင့်ပါဘဲ စိတ်ကြည်ညိုရုံသက်သက်ဖြင့် နတ်ပြည်ကို ရောက်နိုင်ပါသလား'ဟု ပုဏ္ဏားကြီးက မေးလျှောက်လိုက်၏။

'ပုဏ္ဏားကြီး၊ ဘာကြောင့် ငါ့ကို ဒီမေးခွန်းကို မေးရတာလဲ။ သင့်သား မဋ္ဌကုဏ္ဍလီကိုယ်တိုင် ငါဘုရားကိုကြည်ညိုစိတ်ကြောင့် သူနတ်ပြည်မှာဖြစ်ရတဲ့အကြောင်း သင့်ကိုပြောပြီးပြီမဟုတ်လား'ဟု မိန့်ကြားသောအခါ၊ ပုဏ္ဏားကြီးက 'အရှင်ဂေါတမ၊ ဘယ်တုန်းက ပြောပါသလဲ'ဟု မေးလျှောက်ပြန်ရာ၊ ဘုရားရှင်က 'သင် သုသာန်သွားပြီး ငိုကြွေးနေတုန်း ပြောတယ်မဟုတ်လား'ဟု မိန့်ကြားပြီး၊ သားအဖနှစ်ယောက် အပြန်အလှန်ပြောပုံတို့ကို ဇာတ်စုံခင်း၍ ရှင်းလင်းဟောကြားတော်မူသည်။ ထို့နောက် 'ပုဏ္ဏားကြီး...၊ အမှန်အားဖြင့် ငါ၌ကြည်ညိုတဲ့စိတ်ကြောင့် နတ်ပြည်မှာဖြစ်ကြတာဟာ တစ်ရာလည်းမက၊ နှစ်ရာလည်းမက၊ ရေတွက်လို့တောင်မရဘူး'ဟု ဆက်လက်မိန့်ကြားတော်မူသည်။

ထို့နောက် မြတ်စွာဘုရားသည် ဤမိန့်ကြားချက်များနှင့်ပတ်သက်၍ ဆွမ်းကျွေးပွဲလာပရိသတ်တို့ ယုံမှားသံသယဖြစ်နေကြသည်ကို သိရှိ

တော်မူသဖြင့် 'မဍ္ဍုကဏ္ဍာလီနတ်သားသည် ဗိမာန်နှင့်အတူ ရောက်လာ စေသတည်း' ဟု အဓိဋ္ဌာန်ပြုတော်မူလိုက်သည်။ ထိုအဓိဋ္ဌာန်ပြုသည့် ခဏာ၌ပင် မဍ္ဍုကဏ္ဍာလီနတ်သားသည် နတ်တန်ဆာများဖြင့် ရောက် လာပြီး ဗိမာန်မှဆင်းသက်ကာ ဘုရားရှင်ကိုရှိခိုး၍ တစ်ခုသောအရပ်၌ ရပ်နေသည်။ ထိုအခါ ဘုရားရှင်က 'သင်သည် ဤနတ်စည်းစိမ်ကို အဘယ်ကုသိုလ်ကံကြောင့်ရသလဲ' ဟုမေးတော်မူရာ 'မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်ဘုရားတို့၌ ကြည်ညိုစိတ်ဖြစ်ခဲ့သောကြောင့် ဤနတ်စည်းစိမ်ကိုရခြင်းဖြစ်ပါသည်ဘုရား' ဟု နတ်သားက ပြန်ကြား လျှောက်ထား၏။

ဆွမ်းကျွေးလာပရိသတ်အပေါင်းတို့သည် နတ်သားကို ဝိုင်းအုံ ကြည့်ရှုကြပြီး 'အို...အချင်းတို့ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူး တော်တို့ကား လက်ဖျစ်တီး၍ အံ့ချီးဖွယ်ကောင်းပေစွတကား။ အဒိန္န ပုဗ္ဗက မည်သော ပုဏ္ဏားကြီးရဲ့သားပင်လျှင် အခြားတစ်စုံတစ်ခုသော ကောင်းမှုမပြုဘဲ မြတ်စွာဘုရား၌ကြည်ညိုစိတ်ဖြစ်ရုံမျှဖြင့် ဤလို စည်းစိမ်မျိုးကိုရတုံဘိ၏တကား' ဟု ဝမ်းပန်းတသာ ချီးကျူးပြောကြား ကြ၏။

ထိုအခါ မြတ်စွာဘုရားက ပရိသတ်အား 'ကုသိုလ်, အကုသိုလ်မှုကို ပြုကြရာ၌ စိတ်သာရှေ့သွားခေါင်းဆောင်ဖြစ်ပုံကို 'မနောပုဗ္ဗင်္ဂမာဓမ္မာ' အစရှိသောဂါထာကို ဟောကြားတော်မူရာ ဂါထာတော်အဆုံး၌ မဍ္ဍုကဏ္ဍာလီနတ်သားနှင့် ဖခင်ပုဏ္ဏားကြီးတို့နှစ်ယောက်လုံး သောတာပန် တည်၍ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့ တရားထူးရကြသည်။

ကံအကျိုးပေးကား အလွန်ဆန်းကြယ်လှ၏။ ဤမဍ္ဍုကဏ္ဍာလီ ဝတ္ထု၌ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် မဍ္ဍုကဏ္ဍာလီသူငယ်မှာ ဘုရားရှင်ကို ဖူးမြင်ရ၍ ကြည်ညိုစိတ်ကလေးဖြစ်ရုံမျှဖြင့် တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ကျယ်သော ရွှေဗိမာန်ကြီး၌ နတ်သမီးတစ်ထောင်

ခြံရံကာ နတ်စည်းစိမ်ကိုခံစားရ၏။ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးတို့ဖြင့် နှစ်ခြိုက်စွာ ဘုရားရှင်အား တစ်သက်လုံး ကြည်ညိုဆည်းကပ်ခွင့်ရ၍ ဗုဒ္ဓါနုဿတိဘာဝနာကို အစဉ်အမြဲပွားများသူတို့အား အဘယ်ဆို ဖွယ်ရာရှိအံ့နည်း?၊ အတိုင်းမသိအကျိုးတရားများကို ရရှိနိုင်ကြမည် ဖြစ်ပေသည်။

# အခန်း ( ၇ )

# မြန်မာနိုင်ငံမှကိုယ်တွေ့ဝတ္ထုများ

## ဘေးအမျိုးမျိုးမှလွတ်လာသူဦးအောင်ညိန်း

ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရကျိုးနှင့် ပတ်သက်၍ ကျမ်းဂန်နှင့် မြန်မာသမိုင်းလာ အကျိုးပြဝတ္ထုများကိုတင်ပြပြီးနောက် ယခု မြန်မာနိုင်ငံမှ မျက်မှောက်ခေတ်ကိုယ်တွေ့ဝတ္ထုအချို့ကို ဤနေရာတွင် မှတ်တမ်းတင်ပါမည်။

ရှေးဦးစွာတင်ပြမည့်ကိုယ်တွေ့အဖြစ်အပျက်မှာ ဟိုပင်မြို့ တိုင်းရင်းမြန်မာသမားတော်ကြီးဦးအောင်ညိန်း၏ ကိုယ်တွေ့ဝတ္ထုဖြစ်ပါသည်။

ဦးအောင်ညိန်းကား ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ အုပ်ရစ်ခုံရွာဇာတိဖြစ်၏။ ဖခင်မှာ တောင်သူလယ်သမားမျိုးရိုးဖြစ်၍ လယ်လုပ်ငန်းဖြင့် အသက်မွေးသူ တောင်သူလယ်သမားကြီးဖြစ်၏။ ဗေဒင်ပညာနှင့် ဆေးဝါးမန္တန် လောကီပညာရပ်များကို အလွန်ဝါသနာပါသည်။ ဦးအောင်ညိန်း၏မိဘနှစ်ပါးလုံး ရတနာသုံးပါးကို အထူးကြည်ညိုလေးစား၍ သားသမီးများကိုလည်း ရတနာသုံးပါးကိုလေးစားကြည်ညိုကြရန် အမြဲဆုံးမတိုက်တွန်းလေ့ရှိ၏။

သားအကြီးဆုံးဖြစ်သည့်ဦးအောင်ညိန်းမှာ အခြားသားသမီးများထက်ပို၍ ဗုဒ္ဓဝေယျာဝစ္စများကို ဆောင်ရွက်သည်။ ဗုဒ္ဓဂုဏ်တော်များကို ကျက်မှတ်၍ ယုံကြည်စွာ ရွတ်ဆိုပွားများသည်။ ကံ,ကံ၏အကျိုးကို ယုံကြည်သူဖြစ်၍ ဒါန,သီလ,ဘာဝနာကုသိုလ်များကိုလည်း အခါအားလျော်စွာ ကြိုးစားအားထုတ် ပြုလုပ်လေ့ရှိသည်။ သာသနာရေးကို အလွန် ဝါသနာပါသည့်အတိုင်း သာသနာတော်စည်ပင်ပြန့်ပွားရေးကို တတ်နိုင်သမျှအားပေးသည်။

ဖခင်ကြီး၏အသုံးအမအတိုင်း အစားအသောက်များကို ဦးဦး ဖျားဖျား စားသောက်လေ့မရှိဘဲ ဘုရားကိုဆွမ်းတော်ကပ်၍ မိဘကို ဦးချပူဇော်ပြီးမှ စားသောက်လေ့ရှိသည်။ အိပ်ရာဝင်အိပ်ရာထတွင် အမြဲတမ်းဘုရားရှိခိုး၍ ဂုဏ်တော်များရွတ်ဖတ်ပွားများကာ ပုတီးစိပ်လေ့ ရှိပါသည်။ ဖခင်ကြီးသင်ကြားပေးထားသည့် 'ဂုဏ်တော်ကိုးပါး ကိုးဒွာန ပွားများပုတီးစိပ်နည်း'ကို စိပ်လေ့ရှိသည်။

ဂျပန်ခေတ်တွင် ဦးအောင်ညိန်းတို့မြို့နယ်များတွင် ဂျပန်စစ်တပ် များ လာရောက်စခန်းချသော်လည်း ဂျပန်စစ်သားများကို ဦးအောင်ညိန်း နီးနီးကပ်ကပ် မမြင်ဖူးသေးပေ။ တစ်နေ့တွင် သူငယ်ချင်းတစ်ယောက်က ဂျပန်စစ်တပ်တွင်အလုပ်လုပ်နေသည့် သူ့မိတ်ဆွေနှင့် သွားတွေ့ရန် လာခေါ်သည်။ ဦးအောင်ညိန်းမှာ မလိုက်လိုကြောင်း အတန်တန် ငြင်းသော်လည်း သူငယ်ချင်းက ဇွတ်အတင်းခေါ်သဖြင့် လိုက်သွားခဲ့ မိသည်။

ဂျပန်စစ်တပ်များမှာ ကသာခရိုင်၊ ကောလင်းမှ ပင်လယ်ဘူးသို့ သွားသော ကားလမ်းဘေးရှိ ကျွန်းတောကြီးတစ်ခုထဲတွင် စခန်းချ နေကြ၏။ ကောလင်းမြို့မှ ခုနစ်မိုင်ခန့်ဝေး၏။ လာခေါ်သူ သူငယ်ချင်း သည် ဂျပန်စကားမတတ်ဘဲ အစောင့်ဂျပန်စစ်သားအနီးသို့သွားပြီး သူ့မိတ်ဆွေ ရှိ၊ မရှိ ဗမာလို မေး၏။ ဂျပန်ကလည်း ဗမာစကား နားမလည်၊ သူတို့ကလည်း ဂျပန်စကားနားမလည်ကြသဖြင့် ခဏ အကြာတွင် ဂျပန်စစ်သားမှာဒေါပွလာပြီး သူတို့နှစ်ယောက်ဗိုက်ကို လှံစွပ်တပ်သေနတ်ကြီးဖြင့်ချိန်ထား၏။ ထို့နောက် နှစ်ယောက်လုံးအား ဖမ်းဆီးခေါ်ဆောင်ပါတော့သည်။ ဦးအောင်ညိန်းက 'မင်းကြောင့် ငါတို့တော့သေရတော့မှပဲ'ဟုအပြစ်တင်ရင်း ဂျပန်စစ်သားခေါ်ရာသို့ လိုက်သွားကြရသည်။

ကျွန်းတောကြီးအလယ်ရှိ ဂျပန်စစ်ရုံးသို့ရောက်သွားသည့်အခါ ဂျပန်စစ်ဗိုလ်အနီးတွင် အခြားဂျပန်စစ်သားများနှင့် မြန်မာတောခေါင်း

တစ်ယောက် ဂျပန်စကားပြန်လုပ်နေသည်ကို တွေ့ကြရ၏။ ဂျပန်စစ်ဗိုလ်ကြီးက မျက်နှာထားတင်းတင်းဖြင့် သူတို့အားကြည့်နေပါသည်။ ဦးအောင်ညိန်းမှာ ဂျပန်စစ်သား ခေါ်လာချိန်မှစပြီး ဘုရားကိုအာရုံပြုကာ ဗုဒ္ဓဂုဏ်တော်ကိုးပါးကို တတွတ်တွတ်ရွတ်ဆိုလာခဲ့သည်။ ဂျပန်စစ်ဗိုလ်ကြီးက သူတို့အား စစ်ဆေးမေးမြန်းသည့်အခါ တောခေါင်းကြီးက မြန်မာလိုပြန်ပေးပါသည်။ ထိုအခါ ဦးအောင်ညိန်းက စိတ်ကူးဉာဏ်တစ်ကွက် လက်ကနဲဝင်လာကာ သူငယ်ချင်းမပြောမီ 'ကျွန်တော်တို့ ကြက်သွန်, အာလူး, ဖရုံသီးများ ဂျပန်စစ်တပ်ကိုရောင်းချချင်လို့ လာမေးတာပါ'ဟု ပြန်ပြောလိုက်မိ၏။ တောခေါင်းကြီးက ဂျပန်လို ပြန်ပြောပြသည့်အခါ ဂျပန်စစ်ဗိုလ်ကြီး၏မျက်နှာမှာ ပြုံးရွှင်လာပါတော့သည်။

ထို့နောက် စကားပြန်မှတစ်ဆင့် ဂျပန်စစ်ဗိုလ်ကြီးနှင့် ဦးအောင်ညိန်းတို့ ကြက်သွန်, အာလူး, ဖရုံသီး အရောင်းအဝယ်ကိစ္စများကို ပြောကြသည်။ နောက်ဆုံးတွင် ဂျပန်စစ်ဗိုလ်ကြီးသည် သူတို့နှစ်ယောက်အား အလွန်ဖော်ရွေရင်းနှီးစွာပြောဆိုဆက်ဆံပြီး အသီးအနှံများကို မြန်မြန်လာပို့ရန် မှာကြားသည်။ သူတို့အားလည်း စစ်တပ်ဂိတ်ပေါက်အထိ လိုက်ပို့ပေးသည်။ စောစောက သူတို့အား ဖမ်းဆီးခေါ်ဆောင်သွားသည့် ဂျပန်စစ်သားကပင် သူတို့ကို အားရဝမ်းသာ နှုတ်ဆက်လိုက်သည်ဟုဆို၏။

နောက်နှစ်ရက်အကြာတွင် သူတို့ပြောခဲ့သည့်အတိုင်း အာလူး, ကြက်သွန်, ဖရုံသီး စသည့်သီးနှံများကို လှည်းများဖြင့်တင်ဆောင်၍ ရောင်းချကြသည်။ သူတို့သည် ထိုနေ့မှစ၍ ဂျပန်စစ်တပ်သို့ သီးနှံစုံပေးသွင်းရသည့် ဂျပန်ခေတ် ကုန်စိမ်းကန်ထရိုက် မမျှော်လင့်ဘဲ ဖြစ်ခဲ့ကြရသည်။ ဦးအောင်ညိန်း၏သူငယ်ချင်းကမူ ဦးအောင်ညိန်းအား အကြံဉာဏ်အလွန်ကောင်းသူဟု ချီးကျူးစကားပြောကြားသည်။ ဦးအောင်ညိန်းအနေဖြင့်မူ အကြံကောင်းခြင်းထက် ရတနာသုံးပါးနှင့်

သူ မပြတ်ရွတ်ဖတ် ပွားများနေသည့် ဗုဒ္ဓဂုဏ်တော်မြတ်ကိုးပါး၏ ဂုဏ်ကျေးဇူးပဲဟု စွဲမြဲယုံကြည်သည်ဟု ဆိုပေသည်။

ဤသို့ ဦးအောင်ညိန်းတို့ ဂျပန်စစ်တပ်သို့ သီးနှံများပေးသွင်းနေရာ တစ်နေ့တွင် ကုန်ပစ္စည်းဖိုးငွေများထုတ်ယူရန် ဂျပန်စစ်ဗိုလ်ကြီးထံသွားရသည်။ ဂျပန်စစ်ဗိုလ်နှင့် နှုတ်ဆက်စကားပြောနေစဉ် သူတို့ခေါင်းပေါ်သို့ လေယာဉ်ပျံများပျံဝဲလာပါသည်။ လေယာဉ်ပျံကြီးနှစ်စင်းမှာ သူတို့ခေါင်းပေါ်တွင်ပျံဝဲပြီး စက်သေနတ်များဖြင့် တရစပ်ပစ်ခတ်ပါတော့သည်။ ဦးအောင်ညိန်းမှာ နီးရာကျွန်းပင်ကြီးတစ်ပင်ခြေရင်းတွင် ပြားနေအောင်ဝပ်ရင်း ပါးစပ်မှ ဂုဏ်တော်ကိုးပါးကို မပြတ် ရွတ်ဖတ်နေပါသည်။ စက်သေနတ်ကျည်ဆန်များမှာ ဦးအောင်ညိန်း၏အနီးတွင် တပြွန်းပြွန်းကျနေပါ၏။ ကျွန်းပင်ကြီးမှအကိုင်းများမှာ တဖြောင်းဖြောင်းကျိုးကျပြီး အချို့ကျွန်းပင်ကြီးများ ပြုတ်ကျသည်အထိ ပြင်းထန်ပါသည်။ ထိုနေ့က ဂျပန်စစ်သားအတော်များများ ထိခိုက်သေဆုံးကြပါသည်။ ဦးအောင်ညိန်းကိုယ်ပေါ်သို့ ကျည်ဆန်တစ်စမှ ကျရောက်ထိမှန်ခြင်း မရှိခဲ့ပေ။ ဦးအောင်ညိန်းအဖို့ ဗုဒ္ဓဂုဏ်တော်ကိုးပါးကို ပို၍ပို၍ ယုံကြည်အားကိုးလာသည်ကို ဆိုသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်၌ ဦးအောင်ညိန်းတို့နယ်တစ်ဝိုက်တွင် စစ်အတွင်းက လက်နက်များပြန့်ကြဲလျက်ရှိရာ လူဆိုးဓားပြများ ထကြွသောင်းကျန်းလျက်ရှိသည်။ ရွာတိုင်းအိမ်တိုင်းပင် ဓားပြရန်ကို ကြောက်ရွံ့၍ ကောင်းကောင်းမအိပ်ရဲကြပါ။ ဦးအောင်ညိန်းတို့ မိသားစုမှာ နေ့စံညခံဆိုသကဲ့သို့ ညညတွင် အိမ်မှာမအိပ်ရဲဘဲ ချောင်ကြိုချောင်ကြားသွား၍ ပုန်းအိပ်ကြရသည်။

၁၃၁၂-ခုနှစ်၊ နယုန်လ၊ သန်းကောင်ကျော်(၁)နာရီအချိန်တွင် သေနတ်ကိုယ်စီကိုင်ထားသည့် ဓားပြ(၁၀)ယောက်ခန့်သည် ဦးအောင်ညိန်းတို့အိမ်ကို ဝင်တိုက်ကြသည်။ အထင်ကြီးပြီး ဝင်တိုက်ကြခြင်းဖြစ်သည်။ ဓားပြများလည်း အိမ်ပတ်ပတ်လည်ဝိုင်း၍ သေနတ်များဖြင့်

တရကြမ်းပစ်ခတ်ကာ အိမ်တံခါးကိုဖွင့်ခိုင်းပါသည်။ အိမ်တံခါး ဖွင့်မပေးလျှင် မီးရှို့မည်ဟု ကြိမ်းဝါးသဖြင့် အိမ်တံခါးဖွင့်ပေးလိုက်ရာ မိခင်ကြီးနှင့် သားသမီးငါးယောက်ကို ကြိုးနှင့်ချည်နှောင် ဖမ်းဆီး ရိုက်နှက်၍ ပစ္စည်းတောင်းကြသည်။

ဖခင်ကြီးမှာ အိမ်တွင်မရှိပါ။ ဦးအောင်ညိန်းနှင့်ညီမငယ် မတင်စိန် တို့မှာ အိမ်ပေါ်ရှိမီးဖိုချောင်မှာ ဝင်ပုန်းနေကြသည်။ ဓားပြများသည် မိခင်ကြီးထံတွင် ပစ္စည်းတောင်းသူကတောင်း၊ အိမ်ပေါ်တက်ပြီး တစ် အိမ်လုံးအနှံ့အပြား အိတ်သွန်ဖာမှောက် ရှာဖွေသူက ရှာဖွေကြ၏။ ဦးအောင်ညိန်းတို့ပုန်းနေသည့် မီးဖိုချောင်ဘက်သို့ ဓားပြများ မရောက် လာကြသဖြင့် သက်သာရာရပါ၏။ သူတို့အိမ်နှင့် မနီးမဝေးက အိမ် တစ်အိမ်ကိုလည်း တစ်ချိန်တည်းဓားပြတိုက်ပြီး မီးကျည်ဖြင့်ပစ်ဖောက် ကာ အိမ်ကိုမီးရှို့လိုက်ကြသည်။ ဦးအောင်ညိန်းမှာ မီးဖိုချောင်မှတစ်ဆင့် ကျပ်ခိုးစင်ပေါ်တက်၍နေသည်။ ထို့နောက် စိတ်မလုံသဖြင့် ကျပ်ခိုး စင်ပေါ်မှဆင်းပြီး စဥ့်အိုးကြားတွင် ဝင်နေလိုက်သည်။

ဓားပြများမှာ ပစ္စည်းလည်းမရ၊ တစ်ဖက်အိမ်ကလည်း မီးလောင်နှင့် ဒေါပွပွဖြင့် အိမ်ဘက်သို့ သေနတ်ဖြင့်အချက်ပေါင်းများစွာ ပစ်ခတ် သွားကြသေး၏။ ဓားပြများထွက်ခွာသွားမှ ဦးအောင်ညိန်းသည် သူ ပုန်းနေခဲ့သည့်နေရာသို့သွားကြည့်ရာ သေနတ်ကျည်ရာအပေါက်များ တွေ့ရသတဲ့။ သူသာ ထိုနေရာမှာ ဆက်၍ပုန်းနေမိပါက သေနတ်မှန် မည်မှာ သေချာ၏။ တစ်ဖက်က အိမ်မီးလောင်သွားသည်ကို ဆင်း ကြည့်ရာ ထိုအိမ်နှင့်နီးကပ်နေသော ဦးအောင်ညိန်းတို့အိမ်ထရံမှာ မီးအရှိန်ဟပ်၍ ကျွမ်းလုနီးပါးပင်ဖြစ်နေပါသည်။ သူတို့အိမ်သို့ မီးမကူး ခြင်း၊ မိသားစုများထိခိုက်မှုမရှိခြင်းတို့မှာ ဦးအောင်ညိန်းနှင့် သူ၏ ဖခင်ကြီးတို့ နေ့စဉ်ရွတ်ဖတ်ပွားများနေကြသည့် ဗုဒ္ဓဂုဏ်တော်များနှင့် ပရိတ်တော်တို့၏တန်ခိုးဂုဏ်ကျေးဇူးတော်ကြောင့်ပင် ဖြစ်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ဦးအောင်ညိန်းတို့မိသားစုမှာ ရှေ့ကထက်

ရတနာသုံးပါးကို ပိုမိုဆည်းကပ်၍ ဗုဒ္ဓဂုဏ်တော်များကို ထာဝစဉ် မြဲမြဲစွာ ရွတ်ဖတ်ပွားများကြသည်။

မြန်မာသက္ကရာဇ် ၁၃၃၀–ပြည့်နှစ်၊ ဝါခေါင်လပြည့်နေ့ဖြစ်သည်။ ထိုအချိန်တွင် ဦးအောင်ညိန်းမှာ အိမ်ထောင်ကျပြီး တိုင်းရင်းဆေးဆရာကြီးတစ်ယောက် ဖြစ်နေပေပြီ။ သူသည် ထိုနေ့တွင် ဘယဆေးများဝယ်ရန် မန္တလေးမြို့သို့ ခရီးထွက်ခဲ့ပါသည်။ မန္တလေးတွင် ဆေးများဝယ်ပြီး ပြန်ရန်ရက်တွင် မြစ်ကြီးနားမီးရထားလမ်း၌ ကိုးထောင်ဘို့၊ ချပ်သင်း၊ ဘုံချောင်း စသည့် ဘူတာများရှိရာ ရထားလမ်းများတွင် မိုးရွာသွန်းပြီး ရေလွှမ်းနေသဖြင့် ရထားလမ်းပိတ်နေသည်။

သူကဲ့သို့ပင် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင်၊ နမ်မား စသည့်မြို့များမှ ခရီးသည်များလည်း မန္တလေးမြို့တွင်သောင်တင်နေကြသည်။ ဦးအောင်ညိန်းအဖို့ မီးရထားလမ်း ကောင်းသည့်အထိစောင့်နေပါက အချိန်ကုန်ငွေကုန်ဖြစ်မည်ကြောင့် လေကြောင်းခရီးဖြင့်ပြန်ရန် စီစဉ်ရသည်။ သို့သော် မြစ်ကြီးနားလေယာဉ်မှာ သူ့ရက်နှင့်သူထွက်သည့်အတွက် အခက်ကြုံကြရပြန်သည်။ နောက်တစ်နေ့တွင် ယူဘီအေလေယာဉ်ရုံးသို့သွားကြရာ ကံကောင်းထောက်မသဖြင့် မြစ်ကြီးနားသို့ အထူးလေယာဉ်ထွက်ပေးမည့်အကြောင်း သိကြရရာ ဝမ်းသာအားရ လက်မှတ်များဝယ်ကြရပါသည်။

နောက်တစ်နေ့နံနက်(၈)နာရီတွင် မြစ်ကြီးနားခရီးသည်များ ချမ်းမြသာစည်လေဆိပ်မှ အထူးလေယာဉ်ဖြင့် မြစ်ကြီးနားသို့ထွက်ခဲ့ကြသည်။ ဦးအောင်ညိန်းကား အလွန်ရိုးသားသည့် တိုင်းရင်းဆေးဆရာဖြစ်၏။ သူသည် လေယာဉ်ကို တစ်ခါမျှမစီးဘူးပါ။ မြင်ရုံသာ မြင်ဖူးသူ ဖြစ်ပါသည်။ သူများတက်သလိုတက်၊ သူများထိုင်သလို ထိုင်ရပါသည်။ လေယာဉ်ပျံစ,ထွက်သည်နှင့် 'လေယာဉ်ပျံ ပျက်ကျပါက မသက်သာ၊ မော်တော်ကား မီးရထားတို့ကဲ့သို့ ရပ်ထားလို့မရ' စသည်ဖြင့် တွေးတောစဉ်းစားမိပြီး စိုးရိမ်စိတ်များဖြစ်ပေါ်လာမိသည်။

ထို့ကြောင့် မြတ်စွာဘုရားကိုအာရုံပြုပြီး ပွားနေကျ ဂုဏ်တော်ကိုးပါးကိုသာ အနုလုံပဋိလုံ အပြန်အလှန်ရွတ်ဖတ်ပွားများနေပါသည်။ လေယာဉ်ထွက်ခွာ၍ နာရီဝက်ခန့်အကြာတွင် လေယာဉ်စီးခရီးသည်များ ထိတ်ထိတ်ပျာပျာလှုပ်ရှားလာကြပါသည်။ အကျိုးအကြောင်းကို ဦးအောင်ညိန်းက မေးကြည့်ရာ လေယာဉ်စက်တစ်လုံးချွတ်ယွင်းသွား၍ ပန်ကာတစ်လုံးသာလည်တော့ကြောင်း၊ ဗန်းမော်လေယာဉ်ကွင်းသို့ အမြန်ဆုံးဆင်းရန် စီစဉ်နေကြောင်းတို့ကို လေယာဉ်မှူးထံမှတစ်ဆင့် သိရကြောင်း ပြောပြသည်။ သူသည် ဘုရားဂုဏ်တော်များကိုသာ အာရုံစိုက်ပွားများလာ၍ မသိလိုက်ရသော်လည်း ခရီးသည်များမှာ မျက်နှာပျက်၍ ကြောက်ရွံ့ထိတ်လန့်နေကြသည်။

ပန်ကာနှစ်လုံးကိုအားပြု၍မောင်းနှင်သွားလာနေသော လေယာဉ်ပျံမှာ ပန်ကာတစ်လုံးပျက်ပြီး တစ်လုံးနှင့်သွားနိုင်၍ တော်သေး၏။ ကျန်တစ်လုံးပါဆက်၍ပျက်ပါက ခရီးသည်များ၏ကံကြမ္မာမှာ မတွေးဝံ့တော့ပေ။

ဦးအောင်ညိန်းသည် မျက်စိနှစ်လုံးကိုပိတ်ပြီး ဂေါတမဘုရားရှင်ကိုယ်တော်ကိုအာရုံပြုကာ 'လေယာဉ်ပေါ်တွင်ပါသည့်ခရီးသည်အားလုံး ဘေးရန်ကင်းကြပါစေ' ဟု မေတ္တာပို့သသည်။ ဗုဒ္ဓ၏ဂုဏ်တော်ကိုးပါးကိုလည်း ပါးစပ်မှမရွတ်တော့ဘဲ စိတ်ဖြင့်သာ အာရုံယူကာ ပွားများနေပါသည်။ 'လေယာဉ်ပေါ်တွင်ပါလာသည့် ခရီးသည်များ ဘေးရန်ကင်းကွာ လိုရာခရီးသို့ချောမောစွာရောက်ကြပါစေ' ဟု မေတ္တာပို့ရင်း ငြိမ်နေစဉ် သူ့ရင်ထဲမှာ အေးကနဲခံစားလိုက်ရပြီး ခရီးသည်များဝမ်းသာအားရ ပြောဆိုလှုပ်ရှားသံများကို ကြားသိလိုက်ရ၏။

ထိုအခါ သူမျက်စိဖွင့်ကြည့်လိုက်ရာ လေယာဉ်ပျံကြီးမှာ ဗန်းမော်လေယာဉ်ကွင်းသို့ ချောမောစွာဆင်းသက်ပြီးဖြစ်နေသည်ကို တွေ့ရသည်။ ထိုအခါ ဦးအောင်ညိန်းအဖို့ စိတ်အေးချမ်းမြေ့စွာ သက်ပြင်းချနိုင်ပါတော့သည်။ မကြာမီ မန္တလေးမှရောက်လာသည့် လေယာဉ်

တစ်စင်းဖြင့် ခရီးသည်အားလုံးကို တင်ဆောင်ကာ မြစ်ကြီးနားသို့ ထွက်ခွာခဲ့ရာ ညနေ(၃)နာရီတွင် မြစ်ကြီးနားသို့ ဘေးမသီရန်မခ ဆိုက်ရောက်ခဲ့သည်ဟု ဦးအောင်ညိန်းကဆိုပါသည်။

တိုင်းရင်းဆေးဆရာကြီးဦးအောင်ညိန်းက 'ရတနာသုံးပါး၊ မိဘ ဆရာသမားတို့၏ဂုဏ်ကျေးဇူးတော်တို့ကို မမေ့မလျော့ ပွားများ အားထုတ်ခြင်းနှင့် ဗုဒ္ဓ၏ ကိုးပါးသောဂုဏ်တော်မြတ်ကို အစဉ်မပြတ် ပွားများအားထုတ်မှုတို့ကြောင့် ဤကဲ့သို့ သူ့ဘဝခရီးတစ်လျှောက်တွင် တွေ့ကြုံခဲ့ရသည့် ဘေးအန္တရာယ် အခက်အခဲအားလုံးကို ချမ်းသာစွာ ကျော်လွှား လွတ်မြောက်ခဲ့ရခြင်းဖြစ်သည်'ဟု အားပါးတရ ယုံယုံ ကြည်ကြည် ပြောကြားပါသည်။

သူသည် ဂုဏ်တော်ကိုးပါးကိုဒွာန ပွားများပုတီးစိပ်နည်းကို ကိုးပါး လုံးဖြစ်စေ၊ တစ်ပါးစီခွဲ၍ဖြစ်စေ နေ့စဉ်မပျက်မကွက် ပုတီးစိပ်ခဲ့သည်မှာ အသက်(၁၇)နှစ်သားအရွယ်မှ ယခု အသက်(၆၀)ကျော်အထိဖြစ်သည်။ သူ၏လိုအင်ဆန္ဒမှန်သမျှ ချောမောအောင်မြင်ခဲ့သည်သာများလေသည်။ အချိန်ရှိသမျှ ဗုဒ္ဓဂုဏ်တော်များကိုပွားများ၍ သတ္တဝါများ ကျန်းမာ ချမ်းသာ၍ ဘေးရန်ကင်းရှင်းကြစေရန် တတ်နိုင်သမျှမေတ္တာပို့သလျက် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး နေရောင်လရောင်ပမာ ထွန်းလင်းဖြာရန် အမြဲပင်ကြိုးစားနေကြောင်း ပြောပြသည်ဟု သိရှိရပေသည်။

## ရောဂါဘေးနှင့်သေဘေးမှလွတ်မြောက်သူ

ပွင့်ဖြူမြို့မှ မောင်ရဲမှန်း၏ဖခင်ကြီးတွင် ဆီးရောဂါခံစားရသည်မှာ သုံးနှစ်ကြာခဲ့ပေပြီ။ ခေတ်ပေါ်အနောက်တိုင်းဆေးအမျိုးမျိုး၊ တိုင်းရင်း ဆေးအမျိုးမျိုးတို့ဖြင့်ကုသသော်ငြားလည်း ရောဂါမှာရှင်းရှင်းမပျောက်၊ သက်သာလိုက် ပြန်ဖြစ်လိုက်ရှိနေသည်။ သူ့ဖခင်ကြီး၏အသက်မှာ (၆၃)နှစ်ရှိပြီဟု ဆိုပါသည်။

ဆေးဝါးအမျိုးမျိုးဖြင့်ကုသသော်လည်း ရောဂါမပျောက်ခြင်းမှာ ရှေ့ဝိပါက်ကြမ္မာကြောင့်ဖြစ်မည်ဟု ဖခင်ကြီးက ယူဆထားသည်။

ထို့ကြောင့် ဆေးရုံတက်ပြီးကုသရန်ပြောသော်လည်း မရပေ။ အသက်လည်းကြီးနေပြီဖြစ်၍ ဘယ်ကိုမျှသွား၍ မကုသလိုတော့ကြောင်း၊ အိမ်၌ပင် အေးအေးဆေးဆေးစွာပြုပြင်၍နေလိုကြောင်း၊ ဘုရား,တရား,သံဃာ တည်းဟူသော ရတနာမြတ်သုံးပါး၏ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့၍ တရားရှုမှတ်ခြင်းဖြင့်လည်းကောင်း၊ ဘုရားဂုဏ်တော်ပုတီးစိပ်၍သော်လည်းကောင်း၊ ရောဂါဝေဒနာကိုကုစား၍ ဒုက္ခသစ္စာရှုမှတ်ကာသာနေလိုကြောင်း ပြောသည်။

မောင်ရဲမုန်း၏ဖခင်ကြီးမှာ ကျန်းမာရေးကောင်းစဉ်အခါကပင် ဘဝတွင်တွေ့ကြုံရသမျှအခက်အခဲများကို မိသားစုအား အသိမပေး၊ စိတ်ဆင်းရဲမှုမဖြစ်စေဘဲ တစ်ဦးတည်း သိုသိပ်လျှို့ဝှက်စွာ ဖြေရှင်းတတ်သူဖြစ်သည်။ မိသားစုအား မည်သည့်အခါမျှ စိတ်ဆင်းရဲမှုကို မဖြစ်စေလိုသူဖြစ်သည်။ ယခုလို ရောဂါဝေဒနာခံစားရသောအခါ၌လည်း မိသားစုများရှေ့တွင် မည်သို့မျှ မဖြစ်သလိုဟန်ဆောင်၍ နေပြလေ့ရှိသည်။ သားသမီးများက စိုးရိမ်၍ ဆေးခန်းသွားရန်၊ ဆေးရုံတက်ရန်ပြောသည့်အခါတိုင်း 'အဖေ့ရောဂါက ဘာမှဖြစ်လောက်တာမဟုတ်ပါဘူး၊ တော်တော်ကြာကောင်းသွားမှာပါ၊ ဘာမှ စိုးရိမ်စရာမရှိပါဘူး၊ ဘုရားကုအနေနှင့် ကုသိုလ်ပြုလိုက်ရင် ပျောက်သွားမှာ၊ အဖေ့မှာ ရတနာမြတ်သုံးပါးဆိုတဲ့ ဆေးစွမ်းကောင်းရှိနေတာပဲ' ဟူ၍ ပြောလေ့ရှိပါသည်။

မောင်ရဲမုန်း၏ဖခင်သည် ရှေ့နှစ်ပေါင်းများစွာကပင် ဘုရားဂုဏ်တော်ကိုးပါးကို အမြဲရွတ်ဆိုပွားများသူဖြစ်၏။ ရောဂါဝေဒနာခံစားနေရသောအခါများတွင် နေ့စဉ်အချိန်မလပ်မေတ္တာပို့သခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဂုဏ်တော်ကိုးပါးပုတီးစိပ်ပွားများခြင်းတို့ကိုသာ မပြတ်ပြုနေတတ်ပါသည်။ ဤသို့ဖြင့် သူ့ဖခင်ကြီး၏ဆီးရောဂါမှာ သိသိသာသာသက်သာမှုရလာပါသည်။ 'ရတနာမြတ်သုံးပါး၏အစွမ်းပဲ' ဟု သူ့ဖခင်ကြီးက ယုံကြည်စွာပြောကြားသည်ဟု ဆိုပါသည်။

ထိုအချိန်တွင် သူ့ဖခင်ကြီးသည် ရတနာမြတ်သုံးပါးနတ်၏ ဂုဏ်ကျေးဇူးကို အထူးအလေးအမြတ်ထားကာ တရားရှုမှတ်ခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း စသည်တို့ဖြင့် စရဏတရားကိုမြှင့်တင်ကျင့်ကြံ ပွားများလျက်သာနေပါသည်။ ၁၃၅၇-ခုနှစ်၊ တော်သလင်းလတွင် သူ့ဖခင်ကြီးတွင် ရုတ်တရက်အဖျားဝင်လာသည်။ အဖျားကကြီးပြီး ပျောက်လုဆဲဆဲဖြစ်နေသော မူလဆီးရောဂါလည်း ပြန်ပေါ်လာ၏။ ဆီးနည်း၍ဆီးပူဆီးကိုက်ဖြစ်လာသည်။

အဖျားကလည်းကြီး၊ ဆီးရောဂါလည်းထလာသဖြင့် ဝေဒနာကိုအလူးအလဲခံရရှာပါသည်။ ဝေဒနာကိုခံစားရင်း ညသန်းခေါင်လောက်တွင် သတိမေ့သွားခဲ့ပါသည်။ ထိုအချိန်တွင် လူမည်းကြီးတစ်ဦးသည် ဖခင်ကြီး၏အိပ်ရာထဲသို့ဝင်လာပြီး လက်တစ်ဖက်ကို အတင်းအကြပ်ဆုပ်ကိုင်ကာ သူနှင့်လိုက်ခဲ့ရန်ခေါ်ပါသည်။ သူ့ဖခင်ကြီးက မလိုက်လိုကြောင်း ဖွတ်ငြင်းပါသည်၊ လူမည်းကြီးကလည်း မရမက ဖွတ်အတင်းဆွဲခေါ်နေသည်။ ထိုအခါ သူ့ဖခင်ကြီးသည် ဘုရားဂုဏ်တော်ကိုးပါးကိုစိတ်ကအာရုံပြုကာ ပွားများ၏။ ဂုဏ်တော်တစ်ခေါက်ပြီးဆုံးသည်အထိလူမည်းကြီးက ဆုပ်ကိုင်ထားသည့်လက်ကို မလွှတ်သေးပေ၊ တွေဝေစွာဆုပ်ကိုင်ထားဆဲပင်။ ဖခင်ကြီးကလည်း ဘုရားဂုဏ်တော်ကိုသာဆက်လက်ပွားများ ရွတ်ဖတ်နေလေသည်။

ဂုဏ်တော်နှစ်ခေါက်အပြီးတွင် လူမည်းကြီးသည် ဆုပ်ကိုင်ထားသည့်လက်ကို လွှတ်လိုက်၏။ သို့သော် အနီး၌ တွေဝေစွာရပ်နေသေး၏။ သူ့ဖခင်ကြီးမှာ အထူးအားတက်လာကာ ဂုဏ်တော်ကိုသာ မပြတ်ရွတ်ဖတ် သရဇ္ဈာယ်နေပါသည်။ ဂုဏ်တော်သုံးခေါက်အရောက်တွင် လူမည်းကြီးသည် ဖခင်ကြီးအနီးမှ အရှေ့တည့်တည့်အရပ်သို့ အတင်းထွက်ပြေးသွားပါတော့သည်။ ဖခင်ကြီးကား အထူးအားရဝမ်းသာစွာဂုဏ်တော်များကို အလေးအမြတ်ထားကာ ရွတ်ဆိုနေဆဲပင် ဖြစ်ပါသည်။

မကြာမီ ဖခင်ကြီး၏နှုတ်ခမ်းများသည် တဆတ်ဆတ်လှုပ်ရှား နေရာမှ မျက်လုံးများဖွင့်ကြည့်လာပါသည်။ သတိပြန်ရလာပါသည်။ နံနက်မိုးလင်းသောအခါ သူ့ဖခင်ကြီး၏ အဖျားရောဂါမှာ ကျဆင်းသွားကာ ဆီးပူဆီးကိုက်လည်း ပျောက်သလောက် သက်သာသွားခဲ့ပါသည်။ ဆေးဝါးများဖြင့်ဆက်လက်ကုသရာ နှစ်ရက်အကြာတွင် အဖျားရောဂါရော ဆီးရောဂါပါ ပျောက်ကင်းသွားပါတော့သည်။

သတိမေ့သွားစဉ် လူမည်းကြီးလာခေါ်သည့်အကြောင်းအရာတို့မှာ သူ့ဖခင်ကြီး သတိပြန်ရစဉ် ပြန်လည်ပြောကြား၍ သိရခြင်းဖြစ်ပေသည်။ သူ့ဖခင်ကြီးမှာ ယခင်ကထက် ဆတက်တိုးကာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၍ ဘုရားဂုဏ်တော်ကိုးပါးကို ပုတီးစိပ်ခြင်းဖြင့် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလျက်ရှိကြောင်း၊ ရတနာသုံးပါးဟူသော ဆေးစွမ်းကောင်းက သူ့ဖခင်ကြီး၏အသက်ကို ကယ်ဆယ်လိုက်၍ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကား အထူးကြီးမားလှကြောင်း သားဖြစ်သူ ပွင့်ဖြူမြို့မှ မောင်ရဲမွန်က ရေးသားထားပေသည်။

### မိဖုရားစောလုံ၏ ဗုဒ္ဓါနုဿတိစွမ်းအင်

မြန်မာနိုင်ငံ၌ ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်တွင် ဖြစ်ပါသည်။ ဥဇနာမင်းကြီး နတ်ရွာစံသည့်အခါ အမတ်ကြီးရာဇသင်္ကြံ ခေါင်းဆောင်သော အမတ်တို့က သားကြီးသီဟသူကိုဖမ်းပြီး သားတော်ငယ် မင်းခွေးချေးကို သက္ကရာဇ် ၆၁၇-ခုနှစ်တွင်နန်းတင်ကြ၏။ မင်းခွေးချေး နန်းတက်သည့်အခါ 'နရသီဟပတေ့'ဟူသော အမည်ကို ခံယူတော်မူ၏။

ထိုမင်းကား ဘုရားသခင်ဗျာဒိတ်ရသည့်သူဖြစ်၍ ဘုန်းတန်ခိုးကြီး၏၊ ဘီလူးအဖြစ်မှလာသူဖြစ်သောကြောင့်လည်း အမျက်စောင်မာန်ပြင်း၏။ အစားအသောက်ကြူး၏။ လောဘသဏ္ဍာရကြီး၏။ ပွဲတော်တည်သည့်အခါ အနည်းဆုံး ဟင်းခွက်ပေါင်းသုံးရာရှိရသည်ဟုဆို၏။ တစ်ချိန်က တရုတ်တို့ရန်ကြောင့် ပုသိမ်သို့ထွက်ပြေးတိမ်းရှောင်နေရစဉ်

ပွဲတော်တည်သည့်အခါ စားတော်သည်တို့က ဟင်းခွက်သုံးရာ မရနိုင်ကြ၍ ဟင်းခွက်(၁၅၀)သာရပြီး စားတော်ပြင်ဆက်သည်ကို ‘ငါ ဆင်းရဲလှ၏’ဟု မျက်နှာတော်ကို ဖျင်လက်ဖုံး၍ငိုတော်မူသည်ဟု မှန်နန်းရာဇဝင်တော်ကြီး၌ဆို၏။

ထိုမင်း၌ မိဖုရားကြီးကား မိဖုရားစောတစ်ပါးသာဖြစ်၏။ မိဖုရားငယ်တို့ကား စောလုံ၊ စောနန်း၊ ရှင်သား၊ ရှင်မောက်၊ ရှင်ရွှေဟု ငါးပါးရှိ၏။ ဤမိဖုရား ငါးပါးတို့သည် မင်းကြီးကို အလှည့်ကျ စားတော်ဆက်ကြရ၏။ ကိုယ်လုပ်မောင်းမသုံးထောင်ရှိ၏။ မင်းကြီးမှာ အနာရောဂါကင်းသူဖြစ်၍ ချေခြင်း သမ်းခြင်းမျှပင် မရှိဘူးချေ။ ထို့ကြောင့် မင်းကြီးရှေ့တော်တွင် မချေရမသမ်းရ၊ ချေသမ်းခဲ့လျှင် အမျက်တော်ရှတော်မူသည်-ဟုဆို၏။

နရသီဟပတေ့မင်းကြီးကား အပျော်အပါးလည်းကြူး၏။ နွေလရောက်သည့်အခါ ရေဖျန်းကစားလေ့ရှိ၏။ ထိုအခါတွင် နန်းတော်မှမြစ်ဆိပ်အထိ အရိပ်ကြီးစွာပြုလုပ်ပြီးလျှင် လူမမြင်ရအောင်ကာရံပြီးမှမြစ်ဆိပ်တွင်လည်း မင်းတဲလုံခြုံစွာဆောက်၍ မိဖုရား၊ မောင်းမမိဿတို့နှင့် တဲတန်းဉမင်ဖြင့်ကြွတော်မူကာ ရေကစားတော်မူလေ့ရှိသည်။ ရေကစားသည့်နေ့တစ်နေ့တွင် မောင်းမငယ်တစ်ယောက်အား မိဖုရားစောလုံကို မျက်စိ,မျက်နှာ,ဦးဆံတို့ကိုပါ ရွှဲရွှဲစိုစိုအောင် မင်းကြီးကကျီစယ်ကာ ရေပက်ခိုင်းသည်။

မိဖုရားစောလုံသည် ထိုသို့ကျီစယ်သည်ကို သည်းမခံနိုင်ရှာဘဲအရှက်ကြီးရှက်၍ အမျက်ကြီးမျက်ကာ ဘုရင်ကြီးအပေါ်တွင် စိတ်အနာကြည်း နာသွားခဲ့သည်။ ထို့ကြောင့် မင်းကြီး၏စားတော်၌ ဆေးထည့်ပြီးမိဖုရားငယ်ရှင်မောက်အား ‘စောမောက်၊ ငါနေမကောင်း၊ ငါ့ကိုယ်စားမင်းကြီးကိုစားတော်ဆက်ပါချေ’ဟု စားတော်ဆက်ခိုင်း၏။ မင်းကြီးသည်စားတော်ခေါ်အုံ့ဆဲဆဲတွင် အောက်ကခွေးခေါ်၍ စားတော်မခေါ်သေးဘဲစားတော်ကို ခွေးအားကျွေး၏။ ခွေးမှာ စားပြီးသည်နှင့်တစ်ပြိုင်နက်

သေသွား၏။ မင်းကြီးသည် ရှင်မောက်ကိုမေးစစ်တော်မူရာ 'မိဖုရား စောလုံက သူနေမကောင်းဖြစ်နေသည်၊ သူ့ကိုယ်စား စားတော်ဆက် ပါ'ဟုစေခိုင်း၍ စားတော်ဆက်ရကြောင်း လျှောက်ထား၏။

မင်းကြီးသည် စောလုံကိုခေါ်တော်မူ၍စစ်မေးတော်မူရာ မိဖုရား စောလုံက 'ဟဲ့-ပန်းပွတ်သည်မြေး၊ နင့်ကို ငါလုပ်ကျွေးမွေးမြူ၍ ငါ့ကို နင်သူကောင်းပြုလျှင် ဤသို့မိဖုရားအဖြစ်ရောက်ပြီးမှ ငါ့အား အများတကာရှေ့တွင် တစ်ကိုယ်လုံးရွံရှုံစိုအောင် မောင်းမငယ်ကို ရေနှင့် ပက်ခိုင်းတဲ့အတွက် နင့်ကိုငါမုန်း၍သတ်သည်'ဟု မကွယ်မထောင့် ဖြောင့်ဖြောင့်ပင် သံတော်ဦးတင်လိုက်သတဲ့။

မင်းကြီးသည် ပန်းဘဲတစ်ထောင်ကိုခေါ်တော်မူ၍ သံကျပ်စင် ပြုလုပ်ကာ မိဖုရားစောလုံကို 'သံကျပ်တင်လေ'ဟု အမိန့်ချမှတ်လိုက် သည်။ မိဖုရားစောလုံသည် မင်းကြီး၏အမိန့်ကို သိရှိရသည့်အခါ သူသတ်တို့ကို တံစိုးလက်ဆောင်ရွှေငွေများစွာပေး၍ ခုနစ်ရက်ကြာ အောင် သံကျပ်စင်ကိုလုပ်စေသည်။ သံကျပ်စင်လုပ်နေသည့် ခုနစ်ရက် နေ့ညပတ်လုံး သီတင်းသီလဆောက်တည်၍ အဘိဓမ္မာတရားတော်ကို နာသည်။ ဣတိပိသောဘဂဝါ၊ သွာက္ခာတော၊ သုပ္ပဋိပန္နော အစရှိသော ရတနာသုံးပါး၏ဂုဏ်တော် ကျေးဇူးတော်များကို အောက်မေ့လျက် ပုတီးစိပ်သည်။

ခုနစ်ရက်စေ့၍ သံကျပ်စင်ကြီးပြီးစီးသည့်အခါ သူသတ်သမား တို့က လျှောက်ပတ်ချေင်သောစကားဖြင့် 'အရှင်မြောက်သားတော် အမျက်တော်ကြီးလှသည်။ လာတော်မူလော့'ဟု ခေါ်ကြ၏။ ထိုအခါ မိဖုရားစောလုံသည် ရတနာသုံးပါးဂုဏ်ကိုအောက်မေ့လျက် ပုတီးစိပ် ကာ ရဲရဲတောက်လောင်နေသည့် သံကျပ်စင်ထက်သို့ တက်သည်။ မိဖုရားစောလုံ သံကျပ်စင်ပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် ရဲရဲညီးညီး တောက်လောက်နေသည့်မီးကြီးသည် ရုတ်ချည်းငြိမ်း၍သွား၏။

ဤကဲ့သို့ ရတနာသုံးပါးတို့၏ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုကာ ပုတီးစိပ်ပွားများနေသည့်အတွက် သုံးကြိမ်သုံးခါ မီးများငြိမ်းပြီးသည့်အခါ 'ငါသည် ခဏခြင်းကျွမ်း၍ပျောက်ပါစေ၊ ငါတောင်းသည့်ဆုအတိုင်းပြည့်ပါစေ'ဟု အဓိဋ္ဌာန်ပြုလိုက်မှ မီးလောင်ကျွမ်းကာ သေဆုံးသွားရလေသည်။

မှန်နန်းရာဇဝင်လာ မိဖုရားစောလုံ၏အကြောင်းအရာအရ ဗုဒ္ဓါနုဿတိဘာဝနာ၏စွမ်းအင်ကြောင့် ရဲရဲညီးညီးတောက်လောက်ပြီးနေသည့် မီးလျှံကြီးငြိမ်းသွားသည်ကို သိရသည်။ တစ်ကြိမ်သာမဟုတ်၊ သုံးကြိမ်တိုင်တိုင် မီးငြိမ်းရသည်။ ဘာဝနာပွားသူ မိဖုရားစောလုံကိုယ်တိုင် အဓိဋ္ဌာန်ပြုမှ လောင်ကျွမ်းသွားရသည်။

ဤသည်တို့ကိုကြည့်လျှင် ဗုဒ္ဓါနုဿတိဘာဝနာ၏စွမ်းအင်မှာ ပို၍ပို၍ ယုံကြည်စရာကောင်းလှပေသည်။ အထူးသတိပြုစရာကောင်းသည်မှာ မိဖုရားစောလုံ၏ သီတင်းသီလဆောက်တည်ပုံ၊ အဘိဓမ္မာတရားတော်နာကြားပုံ၊ ရတနာသုံးပါးဂုဏ်တော်များကို ပုတီးစိပ်၍ပွားများပုံတို့ကိုထောက်ထားလျှင် မိဖုရားစောလုံသည် ဤကုသိုလ်ကောင်းမှုတို့ကို ယခုလိုအရေးကြုံမှ စ,လုပ်ခြင်း၊ ရှေးအခါကပင်ထိုဗုဒ္ဓါနုဿတိဘာဝနာ စသောကုသိုလ်မှုကိုပြုလုပ်လေ့ရှိကြောင်း ခန့်မှန်းနိုင်သည်။ စိပ်ပုတီးကလည်း သက်သေခံလျက်ရှိပေသည်။

သမထဘာဝနာကုသိုလ်မျိုးမှာ 'ဘာဝနာ'ဆိုသည့်အတိုင်း ကြိမ်ဖန်များစွာ နှစ်ရှည်လများ ပွားများထားမှသာ အထုံရကာ(ဝါ)သမာဓိအားကောင်းကာ အစွမ်းသတ္တိထက်မြက်တတ်သည့်သဘောရှိသည်။ ယခုလို ဘာမျှအသိမရှိသည့် အဝိဉာဏကမီးကြီးကို ငြိမ်းစေနိုင်သည့်အစွမ်းသတ္တိမှာလည်း ခဏတာပွားများလိုက်သည့် ဘာဝနာအစွမ်းသတ္တိမဟုတ်၊ အချိန်ကြာမြင့်စွာ ထုံထားပွားများထားသည့် ဗုဒ္ဓါနုဿတိဘာဝနာ၏စွမ်းအင်ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာကိုအချိန်မှန် အကြိမ်မှန် အားထုတ်ပွားများသင့်ကြပေသည်။

အထူးသဖြင့် မိဖုရားစောလုံသည် ခုနစ်ရက်လုံးဂုဏ်တော်များကို စိပ်ပုတီးဖြင့် ပွားများသည်။ သံကျုပ်စင်သို့တက်ရာ၌ပင် ဂုဏ်တော်များကို စိပ်ပုတီးဖြင့် ပွားပြီးတက်သည်ဟု မှန်နန်းရာဇဝင်တော်ကြီး၌ မှတ်တမ်းတင်ထားသဖြင့် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ စိပ်ပုတီးဖြင့် ဂုဏ်တော်ပွားမှုသည် ပုဂံခေတ်(နောက်ပိုင်း)ကပင် ရှိနေပြီးဖြစ်ကြောင်း မှတ်သားရမည်ဖြစ်သည်။

*

# အခန်း ( ၈ )

# ဂုဏ်တော်အကျိုးများ

## ဂုဏ်တော်တစ်ပါးစီ၏ အကျိုးများ

ရှေးကျမ်းဂန်တတ်ဆရာတော်ကြီးများ ရေးသားခဲ့သည့် ဘုရားဂုဏ်တော်တစ်ပါးစီ၏အကျိုးများကို ရေးသားဖော်ပြပါမည်။

၁။ 'အရဟံ' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွ ပူးတွဲ၍ ပုတီးစိပ်ပွားများဆင်ခြင်ပါလျှင် လာဘ်လာဘပေါ်များနိုင်၏။ ဥစ္စာစီးပွား တိုးတက်နိုင်၏။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းနိုင်၏။ ကျက်သရေမင်္ဂလာ တိုးတက်လာနိုင်၏။ သူတစ်ပါးတို့၏ရိုသေလေးစားမှုကိုခံရတတ်၏။

၂။ 'သမ္မာသမ္ဗုဒ္ဓေါ' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွ ပူးတွဲ၍ ပုတီးစိပ်ပွားများဆင်ခြင်ပါလျှင် အသိဉာဏ်ပညာတိုးပွားနိုင်၏။ အကြံသစ်ဉာဏ်သစ်များ၊ အကြံကောင်းဉာဏ်ကောင်းများရလာနိုင်၏။ ဉာဏ်ပညာထက်မြက်လာနိုင်၏။

၃။ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့် တကွပူးတွဲ၍ ပုတီးစိပ်ပွားများဆင်ခြင်ပါလျှင် အတတ်ပညာတိုးတက် အောင်မြင်နိုင်၏။ အကြံအစည်အောင်မြင်နိုင်၏။ စာမေးပွဲများကို အောင်မြင်နိုင်၏။

၄။ 'သုဂတော' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီးစိပ်ကာပွားများဆင်ခြင်ပါလျှင် သူတစ်ပါးတို့ ချစ်ခင်လေးစားကြည်ညို တတ်၏။သွားလေရာရာအရပ်တို့၌ မျက်နှာပွင့်လင်း၏။ အပြိုင်အဆိုင် စကားပြောဆိုပါက မိမိကအနိုင်ရတတ်၏။ မိမိပြောသမျှအောင်မြင်၏။

၅။ 'လောကဝိဒူ' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီးစိပ်ကာပွားများဆင်ခြင်ပါလျှင် လောက၌ ထင်ရှားကျော်စောသည့် ပညာရှိဖြစ်တတ်၏။ ကြံစည်သမျှ အလွယ်တကူအောင်မြင်နိုင်၏။

သူတစ်ပါးတို့၏အကြံအစည်များကို မှန်းဆသိမြင်နိုင်၏။ ဂုဏ်သတင်း ပျံ့သင်းကျော်စောတတ်၏။

၆။ 'အနုတ္တရော ပုရိသဒမ္မသာရထိ'ဂုဏ်တော်ကို အနက် အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီးစိပ်ကာ ပွားများဆင်ခြင်ပါလျှင် ပြိုင်ဘက်ကင်းသည့် ထူးထူးချွန်ချွန်လူရည်ချွန်ဖြစ်နိုင်၏။ သူတစ်ပါးတို့ နိုင်ထက်စီးနင်းမပြုနိုင်၊ ပြိုင်ဆိုင်ရာတွင် အနိုင်ရတတ်၏။ လူဆိုး နတ်ဆိုးတို့ဘေးရန်မှ ကင်းဝေးနိုင်၏။

၇။ 'သတ္ထာဒေဝမနုဿာနံ'ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့် တကွပူးတွဲ၍ ပုတီးစိပ်ကာ ပွားများဆင်ခြင်ပါလျှင် ဩဇာအာဏာ ထက်မြက်နိုင်၏။ သူများအပေါ် မိမိပြောဆိုသည့်စကား အောင်မြင်တတ်၏။ လူအများ၏အစဉ်ထာဝရကြည်ညိုလေးစားမှု ကူညီမှုတို့ကိုရရှိနိုင်၏။

၈။ 'ဗုဒ္ဓေါ'ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီး စိပ်ကာ ပွားများဆင်ခြင်ပါလျှင် မိမိကြုံတွေ့နေရသည့်ပြဿနာကို တစ်ခဏချင်း ဖြေရှင်းလိုက်နိုင်၏။ အကြံထူးဉာဏ်ထူး ပညာထူး များကို ရနိုင်၏။ သူများ၏အကြံအစည်ကို သိရှိနိုင်၏။

၉။ 'ဘဂဝါ'ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီး စိပ်ကာ ပွားများဆင်ခြင်ပါလျှင် ဘုန်းကံကြီးခြင်း၊ အသက်ရှည်ခြင်း၊ လူချစ်လူခင်ပေါခြင်း၊ အခြွေအရံပေါများခြင်း၊ ရာထူးတိုးတက်ခြင်း၊ မိမိစကားကိုနားထောင်ကြခြင်း၊ တော်လှန်ပုန်ကန်သူမရှိခြင်း စသည့် အကျိုးများကို ရရှိနိုင်သည်ဟု ဆိုပေသည်။

## ဆောင်ပုဒ်တေးထပ်ကဗျာ

အရဟံ-မပြတ်ပွား လာဘ်များ၍တိုးသရေ။
သမ္မာသမ္ဗုဒ္ဓ-ပွားလေလျှင် ထက်မြက်ပေ ဉာဏ်သွား။
ဝိဇ္ဇာစရဏသမ္ပန္နော-ကြံဖန်ရာ ပြီးချက်ကများ။
သုဂတ-ပြောဆိုရာမှာ ကိုယ်ကသာ နိုင်သား၊
လောကဝိဒူ-မှာ တတ်စုံပွားပါလို့၊ ဒြပ်ဂုဏ်ထွားနှံ့ဖြာ။

နဗ္ဗုရာ–ဆိုးသူကွင်းပါရ၊ ပြိုင်ဘက်ကင်း ဖြစ်ရမှန်စွာ။
သတ္ထာ–ပွား ကောင်းအာဏာ၊ ပေါင်းသဟာ ကူညီရလို့။
ဗုဒ္ဓေါ–ပ သူ့စိတ်ကမှု သိလိမ့်မည်ဟူ။
ဘဂဝါ–က ဘုန်းကံလှူသည် ပုန်ကန်သူမရှိပါလေး။

ဤဆောင်ပုဒ်တေးထပ်ကဗျာကား ဗုဒ္ဓဓမ္မပဒေသာ(ပထမတွဲ)တွင် ရွှေပြည်ရှင်ဦးသုန္ဒရ ရေးသားထားသည့် တေးထပ်ကဗျာဖြစ်သည်။

## ဂုဏ်တော်များကိုအခါနှင့်ပွားများရကျိုးလင်္ကာ

မြတ်စွာဘုရား၊ ဂုဏ်ကိုးပါးကို၊ ရွတ်ပွားမပျက်၊ ခေါက်ရေတွက်နှင့်၊ ကျိုးဆက်တွဲဘက်၊ ပြဆိုချက်ကား– နံနက်အိပ်ရာ၊ ထသောခါ၌၊ ရွတ်ပါစေလို၊ တစ်ခေါက်ဆိုက၊ ကိုယ်စိတ်နှစ်ဖြာ၊ လွှန်ချမ်းသာ၏။ ဆောင်ရာကိစ္စ၊ နှစ်ခေါက်ကျမှု၊ မုချအောင်မြင်။ အိပ်ရာဝင်တွင်၊ ရွတ်လျှင်သုံးခေါက်၊ ရန်မျိုးပျောက်လိမ့်။ ထို့နောက်နိုးတိုင်း၊ လေးခေါက်ပိုင်းမူ၊ ဝိုင်းဝိုင်းချစ်သူ၊ ပေါများဟူ၏။ လူနာကိုတွေ့၊ ငါးခေါက်စေ့အောင်၊ ရွတ်လေ့ပြုရာ၊ ပျောက်ရောဂါတည်း။

မြစ်ပါချောင်းပေါက်၊ ကူးတို့မြောက်သော်၊ ခြောက်ခေါက်ရွတ်လစ်၊ ရေမနစ်ပါ။ စေးပျစ်တောတောင်၊ လူခေါင်ခေါင်သို့၊ မရှောင်သွားရာ၊ ခုနစ်ခါပင်။ ကောင်းစွာဆိုရွတ်၊ ရန်ဘေးလွတ်လိမ့်။ မကျွတ်မိစ္ဆာ၊ နတ်များစွာနှင့်၊ ဝေးကွာစေလို၊ ရှစ်ခေါက်ဆိုက၊ ထိုထိုနတ်ဆိုး၊ မကပ်ရိုးတည်း။ ဆေးမျိုးသိဒ္ဓိ၊ တင်လိုရှိမူ၊ မန်းဘိတန်တန်၊ ကိုးခေါက်ပြန်က၊ သုံးရန်ဆေးဘက်၊ တန်ခိုးထက်၏။ ရောဂါစက်စပ်လျဉ်း၊ ထုံးနည်းကို၊ ဖြည့်တင်းဆယ်ခါ၊ **မန်းမှုတ်ကာဖြင့်**၊ ကိုယ်မှာပွတ်လိမ်း၊ ဘေးမျိုးငြိမ်း၏။ **မတိမ်းစေရ**၊ လိုက်နာကြရန်၊ ရေးကအမှာ၊ စာညွှန်းလာသည်၊ မြတ်စွာဂုဏ်ကိုး၊ ပွားရိုးတည်း။

ဤသည်မှာ ရှေးကပညာရှင်ကြီးများ စီကုံးရေးသားခဲ့ကြသည့် ဘုရားဂုဏ်တော်ကိုးပါးကို အခါအားလျော်စွာ ရွတ်ဆိုပွားများနည်း လက်ာဖြစ်ပါသည်။ ဤသို့ တေးထပ်နှင့်လင်္ကာပါ ရွတ်ဆိုပွားများ နည်းများကို စာရေးသူ ရှေ့ပိုင်းတွင်တင်ပြခဲ့သည့် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများနည်းအတိုင်း အချိန်ပေး၍ စနစ်တကျမပွားများနိုင်သူ ဗုဒ္ဓဘာသာ ဝင် လူငယ်များအတွက် ရေးသားတင်ပြလိုက်ခြင်းဖြစ်ပေသည်။

**နိဂုံး**

ဤဆိုအပ်ပြီးသောစကားအစဉ်ဖြင့် စတုရာရက္ခတရားလေးပါး တို့တွင် အဝင်အပါဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာခန်းကို–

၁။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ရူပကာယဂုဏ်တော်၊ နာမကာယ ဂုဏ်တော်၊ ကျေးဇူးတော်များအပိုင်း၊

၂။ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများနည်းအပိုင်း၊

၃။ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရကျိုးများအပိုင်း

ဟူ၍ အပိုင်းအားဖြင့် သုံးပိုင်းပိုင်းကာ မကျဉ်းမကျယ် တင်ပြခဲ့ရ ပေပြီ။

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ဗုဒ္ဓါနုဿတိပွားများရကျိုး များအပိုင်းလာ အကျိုးတရားများကိုရရှိခံစားနိုင်ကြရန် ဗုဒ္ဓရှင်တော် ဘုရားအား ပို၍ပို၍ ကြည်ညိုသဒ္ဓါဖြစ်ပွားစေနိုင်သည့် ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များအပိုင်းကို အကြိမ်ကြိမ်ဖတ်ရှုလေ့လာပြီး ကိုယ်ပိုင်အချိန်တစ်ချိန် သတ်မှတ်ကာ ဗုဒ္ဓါနုဿတိဘာဝနာပွားများ နည်းအပိုင်းလာအတိုင်း ဗုဒ္ဓါနုဿတိကို အချိန်မှန်အကြိမ်မှန် ပွားများ သောအားဖြင့် ဘာဝနာကုသိုလ်ထူးကို ဆည်းပူးအားထုတ်သင့်ကြ ပေသည်။ ။

မေ္ဘာစရိယဦးအေးနိုင်(ဘီအေ)

မကြာမီ ဖခင်ကြီး၏နှုတ်ခမ်းများသည် တဆတ်ဆတ်လှုပ်ရှား နေရာမှ မျက်လုံးများဖွင့်ကြည့်လာပါသည်။ သတိပြန်ရလာပါသည်။ နံနက်မိုးလင်းသောအခါ သူ့ဖခင်ကြီး၏ အဖျားရောဂါမှာ ကျဆင်းသွားကာ ဆီးပူဆီးကိုက်လည်း ပျောက်သလောက် သက်သာသွားခဲ့ပါသည်။ ဆေးဝါးများဖြင့်ဆက်လက်ကုသရာ နှစ်ရက်အကြာတွင် အဖျားရောဂါရော ဆီးရောဂါပါ ပျောက်ကင်းသွားပါတော့သည်။

သတိမေ့သွားစဉ် လူမည်းကြီးလာခေါ်သည့်အကြောင်းအရာတို့မှာ သူ့ဖခင်ကြီး သတိပြန်ရစဉ် ပြန်လည်ပြောကြား၍ သိရခြင်းဖြစ်ပေသည်။ သူ့ဖခင်ကြီးမှာ ယခင်ကထက် ဆတက်တိုးကာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၍ ဘုရားဂုဏ်တော်ကိုးပါးကို ပုတီးစိပ်ခြင်းဖြင့် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလျက်ရှိကြောင်း၊ ရတနာသုံးပါးဟူသော ဆေးစွမ်းကောင်းက သူ့ဖခင်ကြီး၏အသက်ကို ကယ်ဆယ်လိုက်၍ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကား အထူးကြီးမားလှကြောင်း သားဖြစ်သူ ပွင့်ဖြူမြို့မှ မောင်ရဲမွန်က ရေးသားထားပေသည်။

## မိဖုရားစောလုံ၏ ဗုဒ္ဓါနုဿတိစွမ်းအင်

မြန်မာနိုင်ငံ၌ ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်တွင် ဖြစ်ပါသည်။ ဥဇနာမင်းကြီး နတ်ရွာစံသည့်အခါ အမတ်ကြီးရာဇသင်္ကြံ ခေါင်းဆောင်သော အမတ်တို့က သားကြီးသီဟသူကိုဖမ်းပြီး သားတော်ငယ် မင်းခွေးချေးကို သက္ကရာဇ် ၆၁၈–ခုနှစ်တွင်နန်းတင်ကြ၏။ မင်းခွေးချေး နန်းတက်သည့်အခါ 'နရသီဟပတေ့'ဟူသော အမည်ကို ခံယူတော်မူ၏။

ထိုမင်းကား ဘုရားသခင်ဗျာဒိတ်ရသည့်သူဖြစ်၍ ဘုန်းတန်ခိုးကြီး၏၊ ဘီလူးအဖြစ်မှလာသူဖြစ်သောကြောင့်လည်း အမျက်စောင်မာန်ပြင်း၏။ အစားအသောက်ကြူး၏။ လောဘသက္ကာရကြီး၏။ ပွဲတော်တည်သည့်အခါ အနည်းဆုံး ဟင်းခွက်ပေါင်းသုံးရာရှိရသည်ဟုဆို၏။ တစ်ချိန်က တရုတ်တို့ရန်ကြောင့် ပုသိမ်သို့ထွက်ပြေးတိမ်းရှောင်နေရစဉ်

ပွဲတော်တည်သည့်အခါ စားတော်သည်တို့က ဟင်းခွက်သုံးရာ မရနိုင်ကြ၍ ဟင်းခွက်(၁၅၀)သာရံပြီး စားတော်ပြင်ဆက်သည်ကို 'ငါ ဆင်းရဲလှ၏'ဟု မျက်နှာတော်ကို ဖျင်လက်ဖုံး၍ငိုတော်မူသည်ဟု မှန်နန်းရာဇဝင်တော်ကြီး၌ဆို၏။

ထိုမင်း၌ မိဖုရားကြီးကား မိဖုရားစောတစ်ပါးသာဖြစ်၏။ မိဖုရားငယ်တို့ကား စောလုံ၊ စောနန်း၊ ရှင်သား၊ ရှင်မောက်၊ ရှင်ရွှေဟု ငါးပါးရှိ၏။ ဤမိဖုရား ငါးပါးတို့သည် မင်းကြီးကို အလှည့်ကျ စားတော်ဆက်ကြရ၏။ ကိုယ်လုပ်မောင်းမသုံးထောင်ရှိ၏။ မင်းကြီးမှာ အနာရောဂါကင်းသူဖြစ်၍ ချေခြင်း သမ်းခြင်းမျှပင် မရှိဘူးချေ။ ထို့ကြောင့် မင်းကြီးရှေ့တော်တွင် မချေရမသမ်းရ၊ ချေသမ်းခဲ့လျှင် အမျက်တော်ရှတော်မူသည်-ဟုဆို၏။

နရသီဟပတေ့မင်းကြီးကား အပျော်အပါးလည်းကြူး၏။ နွေလရောက်သည့်အခါ ရေဖျန်းကစားလေ့ရှိ၏။ ထိုအခါတွင် နန်းတော်မှ မြစ်ဆိပ်အထိ အရိပ်ကြီးစွာပြုလုပ်ပြီးလျှင် လူမမြင်ရအောင်ကာရံပြီးမှ မြစ်ဆိပ်တွင်လည်း မင်းတဲလုံခြုံစွာဆောက်၍ မိဖုရား၊ မောင်းမမိဿတို့နှင့် တဲတန်းဥမင်ဖြင့်ကြွတော်မူကာ ရေကစားတော်မူလေ့ရှိသည်။ ရေကစားသည့်နေ့တစ်နေ့တွင် မောင်းမငယ်တစ်ယောက်အား မိဖုရားစောလုံကို မျက်စိ,မျက်နှာ,ဦးဆံတို့ကိုပါ ရွှဲရွှဲစိုစိုအောင် မင်းကြီးက ကျီစယ်ကာ ရေပက်ခိုင်းသည်။

မိဖုရားစောလုံသည် ထိုသို့ကျီစယ်သည်ကို သည်းမခံနိုင်ရှာဘဲ အရှက်ကြီးရှက်၍ အမျက်ကြီးမျက်ကာ ဘုရင်ကြီးအပေါ်တွင် စိတ်အနာကြီး နာသွားခဲ့သည်။ ထို့ကြောင့် မင်းကြီး၏စားတော်၌ ဆေးထည့်ပြီး မိဖုရားငယ်ရှင်မောက်အား 'စောမောက်၊ ငါနေမကောင်း၊ ငါ့ကိုယ်စား မင်းကြီးကိုစားတော်ဆက်ပါချေ'ဟု စားတော်ဆက်ခိုင်း၏။ မင်းကြီးသည် စားတော်ခေါ်အံ့ဆဲဆဲတွင် အောက်ကခွေးခေါ်၍ စားတော်မခေါ်သေးဘဲ စားတော်ကို ခွေးအားကျွေး၏။ ခွေးမှာ စားပြီးသည်နှင့်တစ်ပြိုင်နက်

သေသွား၏။ မင်းကြီးသည် ရှင်မောက်ကိုမေးစစ်တော်မူရာ 'မိဖုရား စောလုံက သူနေမကောင်းဖြစ်နေသည်၊ သူ့ကိုယ်စား စားတော်ဆက် ပါ'ဟုစေခိုင်း၍ စားတော်ဆက်ရကြောင်း လျှောက်ထား၏။

မင်းကြီးသည် စောလုံကိုခေါ်တော်မူ၍စစ်မေးတော်မူရာ မိဖုရား စောလုံက 'ဟဲ့-ပန်းပွတ်သည်မြေး၊ နင့်ကို ငါလုပ်ကျွေးမွေးမြူ၍ ငါ့ကို နင်သူကောင်းပြုလျှင် ဤသို့မိဖုရားအဖြစ်ရောက်ပြီးမှ ငါ့အား အများတကာရှေ့တွင် တစ်ကိုယ်လုံးရွံရှာအောင် မောင်းမငယ်ကို ရေနှင့် ပက်ခိုင်းတဲ့အတွက် နင့်ကိုငါမုန်း၍သတ်သည်'ဟု မကွယ်မထောင့် ဖြောင့်ဖြောင့်ပင် သံတော်ဦးတင်လိုက်သတဲ့။

မင်းကြီးသည် ပန်းဘဲတစ်ထောင်ကိုခေါ်တော်မူ၍ သံကျုပ်စင် ပြုလုပ်ကာ မိဖုရားစောလုံကို 'သံကျုပ်တင်လေ'ဟု အမိန့်ချမှတ်လိုက် သည်။ မိဖုရားစောလုံသည် မင်းကြီး၏အမိန့်ကို သိရှိရသည့်အခါ သူသတ်တို့ကို တံစိုးလက်ဆောင်ရွှေငွေများစွာပေး၍ ခုနစ်ရက်ကြာ အောင် သံကျုပ်စင်ကိုလုပ်စေသည်။ သံကျုပ်စင်လုပ်နေသည့် ခုနစ်ရက် နေ့ညပတ်လုံး သီတင်းသီလဆောက်တည်၍ အဘိဓမ္မာတရားတော်ကို နာသည်။ ဣတိပိသောဘဂဝါ၊ သွာက္ခာတော၊ သုပ္ပဋိပန္နော အစရှိသော ရတနာသုံးပါး၏ဂုဏ်တော် ကျေးဇူးတော်များကို အောက်မေ့လျက် ပုတီးစိပ်သည်။

ခုနစ်ရက်မြောက်၍ သံကျုပ်စင်ကြီးပြီးစီးသည့်အခါ သူသတ်သမား တို့က လျှောက်ပတ်ချင်သောစကားဖြင့် 'အရှင်မြောက်သားတော် အမျက်တော်ကြီးလှသည်။ လာတော်မူလော့'ဟု ခေါ်ကြ၏။ ထိုအခါ မိဖုရားစောလုံသည် ရတနာသုံးပါးဂုဏ်ကိုအောက်မေ့လျက် ပုတီးစိပ် ကာ ရဲရဲတောက်လောင်နေသည့် သံကျုပ်စင်ထက်သို့ တက်သည်။ မိဖုရားစောလုံ သံကျုပ်စင်ပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် ရဲရဲညီးညီး တောက်လောက်နေသည့်မီးကြီးသည် ရုတ်ချည်းငြိမ်း၍သွား၏။

ဤကဲ့သို့ ရတနာသုံးပါးတို့၏ဂုဏ်တော်ကျေးဇူးတော်များကို အာရုံ ပြုကာ ပုတီးစိပ်ပွားများနေသည့်အတွက် သုံးကြိမ်သုံးခါ မီးများငြိမ်းပြီး သည့်အခါ 'ငါသည် ခဏခြင်းကျွမ်း၍ပျောက်ပါစေ၊ ငါတောင်းသည့် ဆုအတိုင်းပြည့်ပါစေ'ဟု အဓိဋ္ဌာန်ပြုလိုက်မှ မီးလောင်ကျွမ်းကာ သေဆုံး သွားရလေသည်။

မှန်နန်းရာဇဝင်လာ မိဖုရားစောလုံ၏အကြောင်းအရာအရ ဗုဒ္ဓါနုဿတိဘာဝနာ၏စွမ်းအင်ကြောင့် ရဲရဲညီးညီးတောက်လောက်ပြီး နေသည် မီးလျှံကြီးငြိမ်းသွားသည်ကို သိရသည်။ တစ်ကြိမ်သာမဟုတ်၊ သုံးကြိမ်တိုင်တိုင် မီးငြိမ်းရသည်။ ဘာဝနာပွားသူ မိဖုရားစောလုံ ကိုယ်တိုင် အဓိဋ္ဌာန်ပြုမှ လောင်ကျွမ်းသွားသည်။

ဤသည်တို့ကိုကြည့်လျှင် ဗုဒ္ဓါနုဿတိဘာဝနာ၏စွမ်းအင်မှာ ပို၍ ပို၍ ယုံကြည်စရာကောင်းလှပေသည်။ အထူးသတိပြုစရာကောင်း သည်မှာ မိဖုရားစောလုံ၏ သီတင်းသီလဆောက်တည်ပုံ၊ အဘိဓမ္မာ တရားတော်နာကြားပုံ၊ ရတနာသုံးပါးဂုဏ်တော်များကို ပုတီးစိပ်၍ ပွားများပုံတို့ကိုထောက်ထားလျှင် မိဖုရားစောလုံသည် ဤကုသိုလ် ကောင်းမှုတို့ကို ယခုလိုအရေးကြုံမှ စ,လုပ်ခြင်း၊ ရှေးအခါကပင် ထိုဗုဒ္ဓါနုဿတိဘာဝနာ စသောကုသိုလ်မှုကိုပြုလုပ်လေ့ရှိကြောင်း ခန့်မှန်းနိုင်သည်။ စိပ်ပုတီးကလည်း သက်သေခံလျက်ရှိပေသည်။

သမထဘာဝနာကုသိုလ်မျိုးမှာ 'ဘာဝနာ'ဆိုသည့်အတိုင်း ကြိမ်ဖန် များစွာ နှစ်ရှည်လများ ပွားများထားမှသာ အထုံရကာ(ဝါ)သမာဓိ အားကောင်းကာ အစွမ်းသတ္တိထက်မြက်တတ်သည့်သဘောရှိသည်။ ယခုလို ဘာမျှအသိမရှိသည့် အစိညာဏကမီးကြီးကို ငြိမ်းစေနိုင်သည့် အစွမ်းသတ္တိမှာလည်း ခဏတာပွားများလိုက်သည့် ဘာဝနာအစွမ်း သတ္တိမဟုတ်၊ အချိန်ကြာမြင့်စွာ ထုံထားပွားများထားသည့် ဗုဒ္ဓါနုဿတိ ဘာဝနာ၏စွမ်းအင်ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာကို အချိန်မှန် အကြိမ်မှန် အားထုတ်ပွားများသင့်ကြပေသည်။

အထူးသဖြင့် မိဖုရားစောလုံသည် ခုနစ်ရက်လုံးဂုဏ်တော်များကို စိပ်ပုတီးဖြင့် ပွားများသည်။ သံကျပ်စင်သို့တက်ရာ၌ပင် ဂုဏ်တော်များကို စိပ်ပုတီးဖြင့် ပွားပြီးတက်သည်ဟု မှန်နန်းရာဇဝင်တော်ကြီး၌ မှတ်တမ်းတင်ထားသဖြင့် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ စိပ်ပုတီးဖြင့် ဂုဏ်တော်ပွားမှုသည် ပုဂံခေတ်(နောက်ပိုင်း)ကပင် ရှိနေပြီးဖြစ်ကြောင်း မှတ်သားရမည်ဖြစ်သည်။

# အခန်း ( ၈ )

# ဂုဏ်တော်အကျိုးများ

## ဂုဏ်တော်တစ်ပါးစီ၏ အကျိုးများ

ရှေးကျမ်းဂန်တတ်ဆရာတော်ကြီးများ ရေးသားခဲ့သည့် ဘုရားဂုဏ်တော်တစ်ပါးစီ၏အကျိုးများကို ရေးသားဖော်ပြပါမည်။

၁။ 'အရဟံ' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွ ပူးတွဲ၍ ပုတီးစိပ်ပွားများဆင်ခြင်ပါလျှင် လာဘ်လာဘပေါ်များနိုင်၏။ ဥစ္စာစီးပွားတိုးတက်နိုင်၏။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းနိုင်၏။ ကျက်သရေမင်္ဂလာတိုးတက်လာနိုင်၏။ သူတစ်ပါးတို့၏ရိုသေလေးစားမှုကိုခံရတတ်၏။

၂။ 'သမ္မာသမ္ဗုဒ္ဓေါ' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွ ပူးတွဲ၍ ပုတီးစိပ်ပွားများဆင်ခြင်ပါလျှင် အသိဉာဏ်ပညာတိုးပွားနိုင်၏။ အကြံသစ်ဉာဏ်သစ်များ၊ အကြံကောင်းဉာဏ်ကောင်းများရလာနိုင်၏။ ဉာဏ်ပညာထက်မြက်လာနိုင်၏။

၃။ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီးစိပ်ပွားများဆင်ခြင်ပါလျှင် အတတ်ပညာတိုးတက်အောင်မြင်နိုင်၏။ အကြံအစည်အောင်မြင်နိုင်၏။ စာမေးပွဲများကိုအောင်မြင်နိုင်၏။

၄။ 'သုဂတော' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီးစိပ်ကာပွားများဆင်ခြင်ပါလျှင် သူတစ်ပါးတို့ ချစ်ခင်လေးစားကြသည်။ တတ်၏။သွားလေရာရာအရပ်တို့၌ မျက်နှာပွင့်လင်း၏။ အပြိုင်အဆိုင်စကားပြောဆိုပါက မိမိကအနိုင်ရတတ်၏။ မိမိပြောသမျှအောင်မြင်၏။

၅။ 'လောကဝိဒူ' ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီးစိပ်ကာပွားများဆင်ခြင်ပါလျှင် လောက၌ ထင်ရှားကျော်စောသည့် ပညာရှိဖြစ်တတ်၏။ ကြံစည်သမျှ အလွယ်တကူအောင်မြင်နိုင်၏။

သူတစ်ပါးတို့၏အကြံအစည်များကို မှန်းဆသိမြင်နိုင်၏။ ဂုဏ်သတင်း ပျံ့သင်းကျော်စောတတ်၏။

၆။ 'အနုတ္တရော ပုရိသဒမ္မသာရထိ'ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီးစိပ်ကာ ပွားများဆင်ခြင်ပါလျှင် ပြိုင်ဘက်ကင်းသည့် ထူးထူးချွန်ချွန်လူရည်ချွန်ဖြစ်နိုင်၏။ သူတစ်ပါးတို့ နိုင်ထက်စီးနင်းမပြုနိုင်၊ ပြိုင်ဆိုင်ရာတွင် အနိုင်ရတတ်၏။ လူဆိုးနတ်ဆိုးတို့ဘေးရန်မှ ကင်းဝေးနိုင်၏။

၇။ 'သတ္ထာဒေဝမနုဿာနံ'ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့် တကွပူးတွဲ၍ ပုတီးစိပ်ကာ ပွားများဆင်ခြင်ပါလျှင် သြဇာအာဏာ ထက်မြက်နိုင်၏။ သူများအပေါ် မိမိပြောဆိုသည့်စကား အောင်မြင်တတ်၏။ လူအများ၏အစဉ်ထာဝရကြည်ညိုလေးစားမှု ကူညီမှုတို့ကိုရရှိနိုင်၏။

၈။ 'ဗုဒ္ဓေါ'ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီးစိပ်ကာ ပွားများဆင်ခြင်ပါလျှင် မိမိကြုံတွေ့နေရသည့်ပြဿနာကို တစ်ခဏချင်း ဖြေရှင်းလိုက်နိုင်၏။ အကြံထူးဉာဏ်ထူး ပညာထူးများကို ရနိုင်၏။ သူများ၏အကြံအစည်ကို သိရှိနိုင်၏။

၉။ 'ဘဂဝါ'ဂုဏ်တော်ကို အနက်အဓိပ္ပာယ်နှင့်တကွပူးတွဲ၍ ပုတီးစိပ်ကာ ပွားများဆင်ခြင်ပါလျှင် ဘုန်းကံကြီးခြင်း၊ အသက်ရှည်ခြင်း၊ လူချစ်လူခင်ပေါခြင်း၊ အခြွေအရံပေါများခြင်း၊ ရာထူးကိုးတက်ခြင်း၊ မိမိစကားကိုနားယောင်ကြခြင်း၊ တော်လှန်ပုန်ကန်သူမရှိခြင်း စသည့် အကျိုးများကို ရရှိနိုင်သည်ဟု ဆိုပေသည်။

## ဆောင်ပုဒ်တေးထပ်ကဗျာ

အရဟံ–မပြတ်ပွား လာဘ်များ၍တိုးသရေ။
သမ္မာသမ္ဗုဒ္ဓ–ပွားလေလျှင် ထက်မြက်ပေ ဉာဏ်သွား။
ဝိဇ္ဇာစရဏသမ္ပန္နော–ကြံဖန်ရာ ပြီးချက်ကများ။
သုဂတ–ပြောဆိုရာမှာ ကိုယ်ကသာ နိုင်သား၊
လောက–မှာ တတ်စုံပွားပါလို့၊ ဒြပ်ဂုဏ်ထွားနှံ့ပြာ။

နုတ္တရာ–ဆိုးသူကွင်းပါရ၊ ပြိုင်ဘက်ကင်း ဖြစ်ရမှန်စွာ။
သတ္ထာ–ပွား ကောင်းအာဏာ၊ ပေါင်းသဟာ ကူညီရလို့။
ဗုဒ္ဓေါ–ပ သူ့စိတ်ကမူ သိလိမ့်မည်ဟူ။
ဘဂဝါ–က ဘုန်းကံလူသည် ပုန်ကန်သူမရှိပါလေး။

ဤဆောင်ပုဒ်တေးထပ်ကဗျာကား ဗုဒ္ဓမ္မပဒေသာ(ပထမတွဲ)တွင် မှုပြည်ရှင်ဦးသုန္ဒရ ရေးသားထားသည့် တေးထပ်ကဗျာဖြစ်သည်။

## ဂုဏ်တော်များကိုအခါနှင့်ပွားများရကျိုးလင်္ကာ

မြတ်စွာဘုရား၊ ဂုဏ်ကိုးပါးကို၊ ရွတ်ပွားမပျက်၊
ခေါက်ရေတွက်နှင့်၊ ကျိုးဆက်တွဲဘက်၊ ပြဆိုချက်ကား–
နံနက်အိပ်ရာ၊ ထသောခါ၌၊ ရွတ်ပါစေလို့၊ တစ်ခေါက်ဆိုက၊
ကိုယ်စိတ်နှစ်ဖြာ၊ လွှန်ချမ်းသာ၏။ ဆောင်ရာကိစ္စ၊ နှစ်ခေါက်
ကျမူ၊ မချအောင်မြင်။ အိပ်ရာဝင်တွင်၊ ရွတ်လျှင်သုံးခေါက်၊
ရန်မျိုးပျောက်လိမ့်။ ထို့နောက်နိုးတိုင်း၊ လေးခေါက်ပိုင်းမူ၊
ဝိုင်းဝိုင်းချစ်သူ၊ ပေါများဟူ၏။ လူနာကိုတွေ့၊ ငါးခေါက်
စေ့အောင်၊ ရွတ်လေ့ပြုရာ၊ ပျောက်ရောဂါတည်း။

မြစ်ပါချောင်းပေါက်၊ ကူးတံ့မြောက်သော်၊ ခြောက်
ခေါက်ရွတ်လစ်၊ ရေမနစ်ပါ။ စေးပျစ်တောတောင်၊
လူခေါင်ခေါင်သို့၊ မရှောင်သွားရာ၊ ခုနစ်ခါပင်။ ကောင်းမွှာ
ဆိုရှုတ်၊ ရန်ဘေးလွတ်လိမ့်။ မကျွတ်မိစ္ဆာ၊ နတ်များမွှာနှင့်၊
ဝေးကွာစေလို၊ ရှစ်ခေါက်ဆိုက၊ ထိုထိုနတ်ဆိုး၊ မကပ်ရိုး
တည်း။ ဆေးမျိုးသိဒ္ဓိ၊ တင်လိုရှိမူ၊ မန်းဘိတန်တန်၊
ကိုးခေါက်ပြန်က၊ သုံးရန်ဆေးဘက်၊ တန်ခိုးထက်၏။
ရောစွက်စပ်လျဉ်း၊ ထုံးနည်းကို၊ ဖြည့်တင်းဆယ်ခါ၊
မန်းမှုတ်ကာဖြင့်၊ ကိုယ်မှာပွက်လိမ်း၊ ဘေးမျိုးငြိမ်း၏။
မတိမ်းစေရ၊ လိုက်နာကြရန်၊ ရေးကအမှာ၊ စာညွှန်းလာ
သည်၊ မြတ်စွာဂုဏ်ကိုး၊ ပွားရိုးတည်း။

ဤသည်မှာ ရှေးကပညာရှင်ကြီးများ စီကုံးရေးသားခဲ့ကြသည့် ဘုရားဂုဏ်တော်ကိုးပါးကို အခါအားလျော်စွာ ရွတ်ဆိုပွားများနည်း လင်္ကာဖြစ်ပါသည်။ ဤသို့ တေးထပ်နှင့်လင်္ကာပါ ရွတ်ဆိုပွားများ နည်းများကို စာရေးသူ ရှေ့ပိုင်းတွင်တင်ပြခဲ့သည့် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများနည်းအတိုင်း အချိန်ပေး၍ စနစ်တကျမပွားများနိုင်သူ ဗုဒ္ဓဘာသာ ဝင် လူငယ်များအတွက် ရေးသားတင်ပြလိုက်ခြင်းဖြစ်ပေသည်။

**နိဂုံး**

ဤဆိုအပ်ပြီးသောစကားအစဉ်ဖြင့် စတုရာရက္ခတရားလေးပါး တို့တွင် အဝင်အပါဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာခန်းကို-

၁။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ရူပကာယဂုဏ်တော်၊ နာမကာယ ဂုဏ်တော်၊ ကျေးဇူးတော်များအပိုင်း၊

၂။ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများနည်းအပိုင်း၊

၃။ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရကျိုးများအပိုင်း

ဟူ၍ အပိုင်းအားဖြင့် သုံးပိုင်းပိုင်းကာ မကျဉ်းမကျယ် တင်ပြခဲ့ရ ပေပြီ။

(ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ဗုဒ္ဓါနုဿတိပွားများရကျိုး များအပိုင်းလာ အကျိုးတရားများကိုရရှိခံစားနိုင်ကြရန် ဗုဒ္ဓရှင်တော် ဘုရားအား ပို၍ပို၍ ကြည်ညိုသဒ္ဓါဖြစ်ပွားစေနိုင်သည့် ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များအပိုင်းကို အကြိမ်ကြိမ်ဖတ်ရှုလေ့လာပြီး ကိုယ်ပိုင်အချိန်တစ်ချိန် သတ်မှတ်ကာ ဗုဒ္ဓါနုဿတိဘာဝနာပွားများ နည်းအပိုင်းလာအတိုင်း ဗုဒ္ဓါနုဿတိကို အချိန်မှန်အကြိမ်မှန် ပွားများ သောအားဖြင့် ဘာဝနာကုသိုလ်ထူးကို ဆည်းပူးအားထုတ်သင့်ကြ ပေသည်။ )။

(ဓမ္မာစရိယဦးအေးနိုင်(ဘီအေ))

လူတိုင်းပွားများနိုင်သော

# ဗုဒ္ဓါနုဿတိဘာဝနာ
# သိကောင်းစရာအဖြာဖြာ


**ဆရာကြီးဦးအေးနိုင်** (ဓမ္မာစရိယ၊ ဘီအေ)

အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ(ရွှေတံဆိပ်ရ)

အဋ္ဌကထာပြန်အကျော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ

အငြိမ်းစား လ/ထညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန

အကြံပေးပုဂ္ဂိုလ်၊ သာသနာရေးဝန်ကြီးဌာန